# မျှော်လင့်ခြင်းစေတမန်များ

Ellen G. White ရေးသားသည့် "Messenger of Hope" စာအုပ်ကို
ဦးစောဗစ်တာရွှေက "မျှော်လင့်ခြင်းစေတမန်များ" အမည်ဖြင့်
မြန်မာပြန်ဆိုသည်။

# စကားချီး

ဘုရားသခင်ပေးတာဝန်ကိုတုံ့ပြန်သည့်အနေဖြင့် ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့အသင်းတော်သည် ဥပုတ်နေ့နှင့်ခရစ်တော်ယေရှုဒုတိယအကြိမ်ကြွဆင်းလာမည့်အမှန်တရားသတင်းစုံကို စာပေဖြင့်ပုံနှိပ်ဖြန့်ဝေလျက် စိတ်အားကြီးစွာကြွေးကြော်နေပါသည်။ အသင်းတော်၏နှစ်ပေါင်းတစ်ရာကျော်ထာဝရဧဝံဂေလိတရားပြန့်ပွားရေးလှုပ်ရှားမှုတွင် ကမ္ဘာအနှံ့သို့တတိယကောင်းကင်တမန်သတင်းစကားကိုကြွေးကြော်ရာ၌ စာပေကဏ္ဍသည် အင်အားကြီးလှပါ၏။

ယခုနှစ်များတိုင်အောင် ပုံနှိပ်ထုပ်ဝေဖြန့်ချိသောစာအုပ်ကြီး၊ ငယ်အပေါင်းတို့သည် အယ်လင်၊ဂျီ၊ ဝိုက် ၏ကလောင်နှင့်မကင်းပါချေ။ ဤကဲ့သို့အမှန်တရားနှင့်ပြည့်ဝသောစာအုပ်စာစောင်များပုံနှိပ်ထုတ်ဝေဖြန့်ချိရောင်းချသောအလုပ်ကို ဧဝံဂေလိသာသနာပြုသကဲ့သို့ချီးမြှင့်သတ်မှတ်ထားပါ၏။ ထိုစာအုပ်စာပေတို့ကိုဖြန့်ချိရောင်းချသောသူကို ခရစ်ယာန်ဓမ္မစာပေလှည့်လည်ရောင်းချသူဧဝံဂေလိသာသနာအမှုတော်ဆောင်အဖြစ်ရှုမြင်မှတ်ယူရပါမည်။

ဓမ္မစာပေဖြင့် ခရစ်ယာန်သာသနာပြုခြင်းနှင့်ပတ်သက်၍ မစ္စစ်ဝှိုက်သည် (၁၉၀၂)ခုနှစ်အတွင်း အကြံပြုလွှာများစွာကိုရေးသားခဲ့ပါ၏။ ထိုစာစောင်များကိုစုစည်း၍ “ဓမ္မစာပေအမှုတော်ဆောင်လက်စွဲ” အမည်ဖြင့်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ၎င်းနောက် ဤသာသနာလုပ်ငန်းမှာကြီးထွားလာသဖြင့် (၁၉၂၀)ခုနှစ်တွင်ခရစ်ယာန်ဓမ္မစာပေအမှုတော်မြတ်၌ပိုမိုပီပြင်၍မြတ်နိုးဖွယ်ကောင်းသည့် “ဓမ္မစာပေဧဝံဂေလိအမှုတော်ဆောင်” အမည်ဖြင့် စာအုပ်ထွက်ပေါ်လာပါသည်။ ဤစာအုပ်ငယ်ကို ဘာသာစကားအမျိုးပေါင်းများစွာဖြင့် ပုံနှိပ်ထုတ်ဝေကာ နေရာအနှံ့ဖြန့်ချိခဲ့ပါသည်။

# စကားချီး

ထိုမှလွန်သော် စကားကြောင်းထပ်နေသည်များကိုနုတ်ပယ်လိုသဖြင့်လည်းကောင်း၊ ခေါင်းကြီးပိုင်းနှင့်ခေါင်းစဉ်ငယ်များကိုစနစ်တကျစီစဉ်လိုသဖြင့်လည်းကောင်း၊ အယ်လင်၊ ဂျီ၊ ဝှိုက် စာအုပ်များ၊ လစဉ်ထုတ်ဆောင်းပါးများ၊ စုဆောင်းစာမူများမှအရေးကြီးလိုအပ်ရာအကြံပြုချက်များကိုထပ်မံ၍ထည့်သွင်းလိုသဖြင့်လည်းကောင်း ဤစာအုပ်ကိုပြုစုရခြင်းဖြစ်ပါသည်။ ဤစာအုပ်ကို စာရေးသူမစ္စစ်ဝှိုက်သေဆုံးပြီးနောက်ပိုင်းတွင် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

စာရှုသူသည် ဤစာအုပ်ကိုအစမှသည်အဆုံးတိုင်အောင်ဖတ်ရှုရာ၌ “ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရောင်းချသူများ” “လက်ကမ်းစာစောင်ငယ်နှင့်သာသနာအဖွဲ့အစည်း” “ခရစ်ယာန်ဓမ္မစာပေဝေကိုယ်စားလှယ်” ဟူသောအသုံးအနှုန်းမျိုးကိုမြင်ရပါလိမ့်မည်။ ဤအခေါ်အဝေါ်များကားအယ်လင်၊ ဂျီ၊ ဝှိုက်အသက်ရှင်စဉ်အချိန်ကာလတွင် သုံးစွဲနေကျစကားဖြစ်၍ စာရှုသူတို့ကောင်းစွာသဘောပေါက်နားလည်ပါလိမ့်မည်။

သို့ဖြစ်၍ ခရစ်ယာန်ဓမ္မစာပေများဖြန့်ချိရောင်းချခြင်းဖြင့်ဧဝံဂေလိတရားဟောလုပ်ငန်းကို အင်အားဖြည့်ပေးကြကုန်သော ဧဝံဂေလိအမှုတော်ဆောင်တို့သည် ဤ “မျှော်လင့်ခြင်းစေတမန်များ” စာအုပ်ပါလမ်းညွှန်အကြံပြုချက်များနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကိုခံရသဖြင့် သခင့်အစေကိုခံရာ၌ ပိုမို၍ထိရောက်အောင်မြင်ပြီး လုပ်ငန်းခွင်တွင်မွေ့ လျော်ကြပါစေကြောင်း စိတ်ကောင်းစေတနာဖြင့်ဆန္ဒပြုမေတ္တာပို့လျက်–

အယ်လင်၊ ဂျီ၊ ဝှိုက် စာပေတိုက်မှအုပ်ထိန်းသူများ

# မာတိကာ

## အပိုင်း (၁)

## ဓမ္မစာပေဖြန့်ချိခြင်းဧဝံဂေလိလုပ်ငန်း


အခန်း ၁။ ကျွန်ုပ်တို့၏စာပေနှင့်လုပ်ငန်းသဘော------ ၃

အခန်း ၂။ ဒုတိယနေရာတွင်မရှိသောအလုပ်တစ်ခု------ ၁၀

အခန်း ၃။ ဓမ္မစာပေဖြင့် ဧဝံဂေလိအမှုတော်ဆောင်ရန်
ဖိတ်ခေါ်ခြင်း ---------------------- ၂၅

အခန်း ၄။ ဓမ္မစာပေဧဝံဂေလိအမှုတော်ဆောင်များကို
ရွေးချယ်ခြင်း------------------ ၃၉

အခန်း ၅။ ဓမ္မစာပေဖြန့်ချိရောင်းချခြင်းဧဝံဂေလိလုပ်ငန်းနှင့်
ကျွန်ုပ်တို့၏ကျောင်းသားလူငယ်များ----- ၄၅

အခန်း ၆။ ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတစ်ခု------ ၅၂


## အပိုင်း (၂)

## အရည်အချင်းပြည့်သောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်


အခန်း ၇။ ထာဝရဘုရားသခင်ထံတော်သို့ လုံးလုံးလျားလျားအပ်နှံ
ထားခြင်း---------------------------- ၇၀

အခန်း ၈။ ပြင်ဆင်မှုအပြည့်အဝရှိခြင်း--------------- ၈၃

အခန်း ၉။ အကျင့်ဓလေ့၊ အနေအထိုင်နှင့်
ဝတ်စားဆင်ယင်မှုတွင်ပုံစံနမူနာဖြစ်ပါ---------- ၉၁

အခန်း ၁၀။ အသံနေအသံထားနှင့် စကားအရာတွင်
နှစ်သက်ဖွယ်ဖြစ်ခြင်း--------------------- ၁၀၄

မာတိကာ

အခန်း ၁၁။ လုပ်ငန်းခွင်တွင်အားစိုက်ထုတ်မှုရှိပါ——————— ၁၁၂
အခန်း ၁၂။ အချိန်များများယူ၍ဆုတောင်းခြင်း ———————— ၁၁၈

အပိုင်း (၃)

အားမာန်နှင့်ပြည့်ဝသောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်

အခန်း ၁၃။ ရှောင်းချရန်နေရာများ ——————————————— ၁၂၆
အခန်း ၁၄။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်နှင့်ငွေရေး
ကြေးရေးကိစ္စ———————————————————— ၁၃၆
အခန်း ၁၅။ အခြားသောဧဝံဂေလိဓမ္မဝန်ဆောင်များနှင့်
တွဲဖက်လုပ်ကိုင်ခြင်း ————————————————— ၁၄၆

အပိုင်း (၄)

ထာဝရဘုရားသခင်နှင့်မဟာမိတ်ဖွဲ့ခြင်း

အခန်း ၁၆။ ထာဝရဘုရားသခင်၏ဝိညာဉ်တော်လမ်းပြ
ပို့ဆောင်ခြင်း ————————————————————— ၁၅၄
အခန်း ၁၇။ ကောင်းကင်တမန်များအဖော်ပြုခြင်း——————— ၁၆၃
အခန်း ၁၈။ အခက်အခဲတိုင်းအတွက်ကူညီပေးခြင်း ———— ၁၆၈

အပိုင်း (၅)

အမှန်တရားနှင့်ပြည့်ဝသောစာအုပ်စာပေများ

အခန်း ၁၉။ သတင်းစကားပေးသောစာအုပ်စာပေများ ———— ၁၈၀
အခန်း ၂၀။ အရေးကြီးသတင်းစကားပါဝင်သောစာအုပ်များ ——— ၁၈၅

မာတိကာ


အခန်း ၂၁။ ကျန်းမာရေးပညာပေးစာအုပ်များ ------- ၁၉၄

အခန်း ၂၂။ အချိုးညီမျှစွာထိန်းသိမ်းခြင်း --------- ၂၀၀

အခန်း ၂၃။ ကျွန်ုပ်တို့၏စာနယ်ဇင်းခရစ်ယာန်သာသနာ ၂၁၃

အခန်း ၂၄။ သြဇာလွှမ်းမိုးမှုကျယ်ပြန့်သော ကျွန်ုပ်တို့၏
စာအုပ်စာပေများ ---------------- ၂၁၆

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်၏ဆုလာဘ် ၂၂၈

# အပိုင်း (၁)

# ဓမ္မစာပေဖြန့်ချိခြင်းဧဝံဂေလိလုပ်ငန်း

အခန်း ၁

# ကျွန်ုပ်တို့၏စာပေနှင့်လုပ်ငန်းသဘော

## ပုံနှိပ်ရန်အစပြုခြင်း

၁၈၄၈ ခုနှစ်၊ နိုဝင်ဘာလတွင်ကျင်းပခဲ့သော **DORCHESTER, USA** အစည်းအဝေးတွင် တံဆိပ်ခတ်ခြင်းသတင်းကောင်းကိုကြွေးကြော်ရန် အကျွန်ုပ်မြင်ခြင်းရရှိခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ခရစ်ယာန်သာသနာခရီးလမ်းကြောင်းပေါ်တွင် ထွန်းလင်းနေသောရောင်ခြည်ဦးကို စာပေအလင်းအဖြစ်သို့ပြောင်းလဲနားလည်ရန် ယုံကြည်သူညီအစ်ကိုတော်များကို အကျွန်ုပ်တိုက်တွန်းခဲ့ပါသည်။

မြင်ခြင်းရရှိပြီးသည့်နောက် ခင်ပွန်းသည်ဂျိမ်းဝှိုက်အား ကျွန်မတွင်သင့်အတွက်သတင်းကောင်းတစ်ခုရှိကြောင်း၊ ထိုသတင်းကိုစာရွက်အနည်းငယ်ဖြင့်ပုံနှိပ်၍ လူများထံသို့ဖြန့်ဝေရမည်ဖြစ်ကြောင်း ၊ ပထမပိုင်းတွင်ရွက်ရေအားနည်းသော်လည်း ဖတ်ရှုသူများလေလေ၊ အလှူတော်ငွေများများပေးကာ ပုံနှိပ်ထုတ်ဝေမှုအောင်မြင်လာမည်ဖြစ်ကြောင်း၊ နောက်ဆုံးတွင်ကမ္ဘာကိုပတ်နေသည့်အလင်းတန်းကြီးအဖြစ်သို့မြင်ခဲ့ရသည့်မြင်ခြင်းအတိုင်းဖြစ်မည်ဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။

## သမ္မတရားကိုရှင်းလင်းကြည်လင်စေခြင်း

ကျွန်ုပ်တို့၏ပုံနှိပ်တိုက်မှထုတ်ဝေလိုက်သော စာအုပ်စာပေတို့သည် ဝိညာဉ်ရေးဆိုင်ရာအခြေခံယုံကြည်ချက်များဖြစ်သောကြောင့် ဖတ်ရှုလေ့လာရာတွင် ရှင်းလင်း၊ ရိုးသား၊ ပြေပြစ်မှုရှိရပါမည်။ ဘယ်နေရာမဆိုလူတို့သည် တစ်ဖက်မဟုတ်တစ်ဖက်တွင်ရှိ၏။ ဖြောင့်မတ်ခြင်းနှင့်သမ္မာတရားအောင်လံအောက်တွင် ဘက်တော်သားများရှိသလို၊ အာဏာတန်ခိုးကိုမက်မောသောဖေါက်ပြန်ရေးအောင်လံအောက်တွင်ခိုလှုံနေသူများလည်းရှိလေ၏။ ယခုခေတ်ကာလတွင် ထာဝရဘုရား၏သတင်းစကားကို လောကသားတို့အားပေးသိရာ၌ ထင်ရှားပြတ်သား၍ ဩဇာတန်ခိုးနှင့်လွှမ်းခြုံရပါမည်။ သို့မှသာ သမ္မာတရားကိုခေါင်းချင်းဆိုင်၊ နှလုံးသားချင်းအပ်၍ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စေ့စေ့လေ့လာသတိပြုရှာဖွေလာကြပေလိမ့်မည်။ တစ်ချိန်ကမှားမှန်းမသိမှားခဲ့သည်များ၊ အမှားကိုအမှန်ဟုထင်မှတ်ခဲ့မိသည်များ၊ မသေချာသည်များကိုဆွေးနွေးလေ့လာလိုပါ သော်လည်း အချိန်မပေးနိုင်၍ဂရုမမူမိသည်များ စသည်တို့သည် ယခုကဲ့သို့အရေးကြီးမြင့်မြတ်သောအချိန်ကာလတွင် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုအရှိအတိုင်း၊ နှုတ်၍လည်းမပယ်၊ ထပ်၍လည်းမထည့်၊ သန့်ရှင်းသောဝိညာဉ်တော်၏စောင့်မမှုဖြင့် ထိုသူတို့ကိုရှင်းပြနားလည် စိတ်သဘောထိတွေ့စေရပါမည်။

ကျွန်ုပ်တို့၏စာအုပ်စာပေများ၏အရေးကြီးဦးတည်ချက်မှာ ထာဝရဘုရားသခင်ကိုချီးမြှောက်ဖို့ပင်ဖြစ်၏။ ကိုယ်တော်၏စံနှုန်းဖြင့် လောကသားတို့အား သမ္မာတရားအလင်းကိုဆောင်ကြဉ်းကြပါစို့လားမိတ်ဆွေ။

## သမ္မတရားအလင်းကိုပုံနှိပ်ထုတ်ဝေခြင်း

၁၉၀၇ ခုနှစ်၊ မတ်လ ၂ ရက်နေ့ညတွင် အကျွန်ုပ်မြင်မြတ်ရရှိခဲ့ပါသည်။ မြင်တွေ့ရပုံကိုတင်ပြပြောဆိုရသော် ကျွန်ုပ်တို့ထုတ်ဝေလိုက်သောစာစောင်ငယ်များ၏တန်ဖိုးရှိပုံနှင့် ထိုစာစောင်ငယ်များကိုအသင်းတော်များမှ ညီအစ်ကိုမောင်နှမများက ကြိုးစား၍ဖြန့်ဝေကြပါသည်။

ထပ်မံ၍သတိပေးနှိုးဆော်ခံရသည်မှာလည်း ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်များသည် စာပေအလင်း၊ သမ္မတရားအလင်းကိုမပြတ်ထုတ်ဝေဖြန့်ဖြူးရပါမည်။ အကြောင်းမှာ ကမ္ဘာနှင့်အဝှမ်းရှိအသင်းတော်များသည် ယခုတွင် ဝိညာဉ်ရေးအားဖြင့် အမှောင်ဖုံးလွှမ်းနေ၏။ ဘုရားတရားမသိ၊ နားမလည်ခြင်းက နေရာယူနေ၏။ မကောင်းမှုအင်အားစုများသည် အားဖြည့်တင်းလျက်နေ၏။ စာတန်ကလည်း မိမိဘက်တော်သားများအား "ကြည့်နေ၊ ငါသည်ကမ္ဘာလောကကြီးတစ်ခုလုံးကိုငါ့သို့ပန်းများဖြစ်စေအံ့" ဟုကြွားဝါပြောဆိုနေ၏။ စာတန်နှင့်ဘက်တော်သားတို့သည် ကြီးမားသောရှုံးကြားမှုနှင့်အိပ်ပျော်လျက်နေသောအသင်းတော်ကြီးကို လွှမ်းမိုးရန်ကြိုးစား၏။ ခရစ်ယာန်အသင်းတော်များတို့သည်လည်း ကမ္ဘာကြီးကိုမပြုပြင်နိုင်ကြ။ မိမိတို့ကိုယ်နှိုက်ကတစ်ကိုယ်ကောင်းသဘော၊ မာန်မာနသဘောနှင့်ပြည့်ဝနေ၏။ အသို့လျှင်တစ်ပါးသူတို့အား ပို၍မြင့်သောဝိညာဉ်ရေးစံနှုန်းကိုတိုး၍ ဘုရားသခင်၏တန်ခိုးတော်၌ ပြောင်းလဲခြင်းရှိစေနိုင်ပါမည်နည်း။

### သတင်းစကားကိုလျင်မြန်စွာပေးဝေနိုင်သောနည်းလမ်း

ယနေ့အတွက်အမှန်တရားကိုလောကသားတို့အား လျင်မြန်စွာပေးဝေသိနားလည်စေနိုင်သောနည်းလမ်းကား စာအုပ်စာပေဖြန့်ချိခြင်း

ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏စာအုပ်စာပေတို့သည် ကလေးလူကြီးအားလုံး အတွက် အကျင့်ကောင်းကိုတည်ဆောက်ခိုင်မြဲမှုအားကောင်းစေရုံမျှမက ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်ဖော်ပြမှုများပါဝင်သဖြင့် ထိုသခင်ကိုယုံကြည်ခြင်း၌ အားကောင်းစေပါသည်။

ယခုခေတ်တွင် ခေတ်မီတွေးခေါ်ယူဆမှုများပြားလာသည်နှင့်၏ အမှု ဩဝါဒလေတိုက်၍မပါသွားရန်အတွက် ထာဝရဘုရားသည် ထိုဝိညာဉ်တော်သက်သေခံချက်စာစောင်အားဖြင့် ဘုရားသခင်၏ သားသမီးများကိုမယိုင်မလဲ မားမားမတ်မတ်ရပ်တည်စေပါ၏။

ကျွန်ုပ်တို့၌ ထာဝရဘုရား၏နှုတ်ထွက်တရားတော်ကိန်းအောင်း နေသည်ဆိုင်သောအထောက်အထားမှာ အသက်တာတွင် မိမိကိုယ်ကို ငြင်းပယ်ခြင်းသာဖြစ်၏။ မိမိယုံကြည်ချက်ကိုအပြောင်းအပြက်မလုပ် သင့်ပါ။ ကိုယ်တော်သာလျှင် ကျွန်ုပ်တို့၏ပုံပမာဖြစ်တော်မူ၏။ ကောင်းကင်ဘုံမင်းသားအဖြစ်ကိုစွန့်၍ ခမည်းတော်ဘုရားသခင်၏ စကားတော်ဖြောင့်မှန်ကြောင်းဖော်ပြနေသည့်အနေဖြင့် မိမိအသက်တာကို ငြင်းပယ်လျက် ပူဇော်ဆက်ကပ်သွားခဲ့ပါ၏။ သို့ဖြစ်၍ အကျွန်ုပ်တို့ သည် သခင့်ခြေတော်ရာကိုလျှောက်နင်းရန် ကြိုးစားအားထုတ်ကြပါစို့။ ဤနည်းဖြင့် လောကသားတို့သည် တရားတော်နေမင်း၏ရောင်ခြည်ဦး အနှစ်သာရကို ကျွန်ုပ်တို့အားဖြင့်ရရှိကြပါစေကုန်။

## ထာဝရဘုရားနှင့်တွေ့ဆုံရန်ပြင်ဆင်ခြင်း

ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်များမှ ထုတ်ဝေဖြန့်ချိလိုက်သောစာပေ များသည် ထာဝရဘုရားနှင့်တွေ့ဆုံခြင်းငှာ လူတို့ကိုပြင်ဆင်ပေးလေ သည်။ ဂျူးလူမျိုးအတွက် နှစ်ခြင်းဆရာယောဟန်ထမ်းဆောင်ခဲ့သော

လုပ်ငန်းနည်းတူ ကျွန်ုပ်တို့သည်လည်း လောကသားတို့အတွက် ကမ္ဘာအနှံ့ခရစ်ယာန်သာသနာဖြန့်ကြရန်ဖြစ်ပါသည်။ ဘုရားသခင့်တပည့်တော်ပုရောဖက်ယောဟန်က သတိပေးသတင်းစကားကိုစတင်ဟောကြားလိုက်သည်နှင့် လောကသားတို့၏ဇာတိအတွေးများပျက်ပြယ်သွားရလေသည်။ သူ့အားဖြင့်ဖေါက်ပြန်သူများသည် ထာဝရဘုရားသခင်ဆီသို့ပြန်လာခဲ့ပါ၏။ အမှန်တရားကိုရဲရဲဝံ့ဝံ့သက်သေခံခြင်းအားဖြင့်တရားအမှားများလုံးပါးပျောက်ကွယ်သွားရလေ၏။ " နောင်တရကြလော့၊ ကောင်းကင်နိုင်ငံတော်တည်လုနီးပြီ" (မဿဲ ၃း၂) ဆိုသည့်ကြွေးကြော်မှုသည် ရှင်ယောဟန်၏သတင်းစကားပင်ဖြစ်၏။အလားတူသတင်းစကားကို ယနေ့ကမ္ဘာတွင် ဓမ္မစာပေအမှုတော်ဆောင်များဆောင်ကြဉ်းပို့ဆောင်နေ့ကြသည်မဟုတ်ပါလော။

ကျယ်ကျယ်ပြန့်ပြန့်ပြောရလျှင်ကမ္ဘာအဝှမ်းရှိအသင်းတော်စာပုံနှိပ်တိုက်များသည် အခြားသောကောင်းကင်တမန်တစ်ပါး၏အလုပ်ကိုပြီးပြည့်စုံစေမည့် အေဂျင်စီများဖြစ်ကြပါသည်။ ထိုကောင်းကင်တမန်ကား ကြီးစွာသောတန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်ကဆင်းသက်လာ၏။ သူ၏ဘုန်းတော်အားဖြင့် မြေကြီးထွန်းလင်းလျက်ရှိပါသည်။

## နေရာအနှံ့သွားရမည့်စာအုပ်စာပေများ

ကျွန်ုပ်တို့၏စာအုပ်စာပေများသည် ကမ္ဘာ့နေရာအနှံ့သို့သွားရမည်။ ဘာသာစကားပေါင်းများစွာနှင့်ဘာသာပြန်ဆိုရမည်။ တတိယကောင်းကင်တမန်သတင်းစကားကို ဤနည်းဖြင့်ပျံ့နှံ့စေရမည်။ ယနေ့အတွက်အမှန်တရားကိုယုံကြည်သက်ဝင်သောသင်သည် နိုးကြားခြင်းရှိလော့၊ ထိုတရားတော်သတင်းကိုကြွေးကြော်ရန် သင်ပါဝင်ကူညီရမည်။

သင့်တာဝန်ဖြစ်၏။ ထိုစာအုပ်များမှရရှိသောဝင်ငွေအချို့ကိုပြန်လည်ပုံနှိပ်ထုတ်ဝေဖြန့်ချိရန် ထပ်မံရင်းနှီးမြှုပ်နှံရပါမည်။ ဤနည်းဖြင့် ကန်းနေသောမျက်လုံး၊ မာကျောခက်ထန်နေသောနှလုံးသားကို ကျန်းမာပကတိဖြစ်စေပါ။

ထာဝရဘုရား၏တရားတော်ကို ဓမ္မဝန်ဆောင်များအားဖြင့် မကြားနာရသေးသောနေရာများစွာရှိပါသေး၏။ ထိုနေရာမျိုးသို့ ကျွန်ုပ်တို့၏စာအုပ်စာပေ၊ လက်ကမ်းစာစောင်များရောက်ရှိနိုင်၏။ သမ္မာတရားအလင်းရှိသော ထိုစာစောင်ကြီးငယ်တို့ကို နေရာအနှံ့ရှိလူများဆီသို့ ရောက်ရှိစေရမည်။ ရေရှိရာမြေသားသို့မျိုးစေ့ကိုကြဲလော့၊ ဘယ်နေရာတွင် အပင်ပေါက်မည်ကိုသင်မသိနိုင်။

ခေတ်ကာလ၏ဆုံးခန်းသည် နီးကပ်၍လာလေပြီ။ ယနေ့အတွက် အမှန်တရား သတင်းအလင်းဆောင်သောစာအုပ်စာပေနှင့် ဝေစာတို့ကိုဖြန့်ဝေရောင်းချရမည့်အလုပ်သည် ကျွန်ုပ်တို့၏အလုပ်ပင်ဖြစ်တော့သည်။

## တိုင်းပြည်အသီးသီးနှင့်နယ်မြေတိုင်းဆီသို့

ဓမ္မစာပေတို့ကိုပွားများစေလျက် နွေဦးရာသီရော်ရွက်များကဲ့သို့ နေရာအနှံ့ကြဲဖြန့်စေရမည်။ အသံမပြုသော ဤစေတမန်တို့အားဖြင့် တိုင်းပြည်အသီးအသီး၊ နယ်မြေအသီးအသီးရှိထောင်ပေါင်းများစွာသောလူသားတို့သည် အလင်းတရားရက ငြိမ်သက်ခြင်းစည်းစိမ်ကိုခံစားရကြမည်မဟုတ်ပါလော။

ဘာသာစကားအသီးအသီးကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းထဲဝယ်

ဓမ္မစာပေဧဝံဂေလိအမှုတော်ဆောင်တို့သည် တစ်မြို့ဝင်တစ်မြို့ထွက်၊ တိုင်းပြည်တစ်ခုပြီးတစ်ခုဆီသို့ကူးပြောင်းကား ကယ်တင်ရှင်ကြွလာတော့မည့်သတင်းကောင်းကိုစာပေအားဖြင့် ကြွေးကြော်ရကြမည်။ ဤစာအုပ်ကြီးငယ်တို့ကို ဘာသာစကားပေါင်းများစွာနှင့် ဘာသာပြန်ထုတ်ဝေဖြန့်ချိရမည်။ ဧဝံဂေလိသာသနာပြုသူအမှုတော်ဆောင်အသီးအသီးကို ခရစ်တော်သခင်သည် အောင်မြင်စေမည်ဟူသောကတိတော်ကိုပေးထားလေပြီမဟုတ်လော။

ဤလောကတစ်ခွင်လုံးကိုအလင်းပေးရန်

ဤလောကကမ္ဘာကြီးသည် ဧဝံဂေလိသာသနာပြုခြင်းအမှုဖြင့် သမ္မာတရားအလင်းကိုရရှိစေရမည်။ ထိုဧဝံဂေလိသာသနာပြုလုပ်ငန်းတွင် ကျွန်ုပ်တို့၏ဓမ္မစာပေကြီးငယ်များနှင့် လက်ကမ်းစာစောင်တို့ပါဝင်ကြပါ၏။

ကျွန်ုပ်တို့၏စာအုပ်စာစောင်များအားဖြင့် ယနေ့အတွက်အမှန်တရားအလင်းကို ကမ္ဘာလောကကြီးသည်ရရှိမည်ဖြစ်၏။ သို့ဖြစ်၍ကျွန်ုပ်တို့သည် ခရစ်ယာန်သာသနာအလင်းရောင်ကို နေရာအနှံ့လင်းထိန်းစေကြပါစို့လားမိတ်ဆွေ။

---ooo---

## ဒုတိယနေရာတွင်မရှိသောအလုပ်တစ်ခု

အောင်မြင်သောဝိညာဉ်ကယ်ဆယ်ရေးခရစ်ယာန်သာသနာလုပ်ငန်း

ဓမ္မစာပေဖြန့်ချိရောင်းချရေးလုပ်ငန်းကိုစည်းကမ်းနည်းလမ်းကျနစွာ ဦးဆောင်လုပ်ကိုင်သွားပါက ထိုလုပ်ငန်းသည်ခရစ်ယာန်သာသနာ လုပ်ငန်းတွင် ထိပ်တန်းနေရာ၌ရှိနေပါသည်။ ယနေ့အတွက်အမှန်တရား၏ အရေးကြီးပုံကိုလူတို့သိနားလည်ဖို့ရန် ရည်ရွယ်လုပ်ဆောင်ပေးသော နည်းလမ်းများတွင် ဤနည်းလမ်းသည် အောင်မြင်သောနည်းစနစ်တစ်ခု ဖြစ်ပါသည်။ ဤသို့ဓမ္မစာပေကြီးငယ်ဖြင့် ခရစ်ယာန်သာသနာပြုခြင်းတွင် အမှားမရှိနိုင်ပါ။ အကြောင်းမှာ အချိန်ပြည့်ဆက်ကပ်၍ ဘုရားသခင်နှင့် လူသားအချင်းချင်းကိုချစ်ခင်မြတ်နိုးသည့်ဓမ္မဝန်ဆောင်တရားဟောဆရာ များထံမှ "ကျေးဇူးတော်တရား" ကိုမကြားသိလိုက်ရသူများအဖို့ ထိုစာအုပ် များက တရားဟောနေမည်ဖြစ်သောကြောင့်တည်း။ ထိုအကြောင့်ကြောင့် ကျွန်ုပ်တို့၏ဓမ္မစာပေများကို ကျယ်ပြန့်စွာဖြန့်ဝေဖို့လိုအပ်လှပါသည်။ ဤနည်းဖြင့် ခရစ်ယာန်တရားဟောဆရာများမသွားရောက်နိုင်သော နေရာများသို့ စာပေသတင်းရောက်ရှိမည်။ ယခုခေတ်ကမ္ဘာ့သမိုင်း၏ နောက်ပိုင်းအရေးကြီးပုံများကိုလည်း စာပေများဖြင့် လူတို့သည် သတိမူ အာရုံပြုလာကြပါလိမ့်မည်။

### ထာဝရဘုရားဘိသိက်ပေးခဲ့သောလုပ်ငန်းတစ်ခု

ကျွန်ုပ်တို့၏ဓမ္မစာပေကြီးငယ်တို့သည် လူသားတို့အတွက် အမှောင်ခွင်း၍ တရားအလင်းဆောင်မည့်ဘုရားသခင်ဘိသိက်ခံလုပ်ငန်း

၏အထောက်အကူ များဖြစ်ကြပါသည်။ သို့ဖြစ်၍ ဓမ္မစာပေအမှုတော်ဆောင်များတို့သည် လျင်မြန်သောအရှိန်အဟုန်ဖြင့် လူတို့အတွက်ဝိညာဉ်ရေးဆိုင်ရာပညာရပ်များနှင့်အလင်းတရားတိုးပွားစေရန်အလို့ငှာလုပ်ဆောင်ရပါမည်။ ကျန်အမှုတော်လုပ်ငန်း၌လည်း ဘုရားသခင်သည်ရှေ့ဆောင်၍နေ၏။ ဆက်ကပ်ဝါဝင်အသုံးတော်ခံနေသူတိုင်းသည်လည်းကမ္ဘာကြီးအား သတိပေးသတင်းစကားကြွေးကြော်ခြင်းအမှုတွင်အထောက်အကူပြုသူများဖြစ်ကြပါသည်။ အကယ်၍သာ ဓမ္မစာပေအမှုတော်ဆောင်များတို့၏ကြိုးပမ်းမှုများမပါဝင်ပါက များစွာသောအသက်ဝိညာဉ်တို့သည် ဤသတိပေးတရားစာကိုမည်သည့်အခါမျှဖတ်ကြားသိနားလည်ရမည်မဟုတ်ပါ။

## အရေးကြီးဆုံးလုပ်ငန်းတစ်ခု

အကယ်၍သာ ပိုမို၍အရေးကြီးသောခရစ်ယာန်သာသနာလုပ်ငန်းတစ်ခုရှိနေမည်ဆိုပါက ထိုအလုပ်သည် လူထုပရိသတ်ဆီသို့ကျွန်ုပ်တို့၏ဓမ္မစာပေများကိုရောက်ရှိစေခြင်းသာဖြစ်ပါသည်။ သို့မှသာ ထိုသူတို့သည်ကျမ်းစာကိုစေ့စေ့ရှာဖွေကြမည်ဖြစ်။ ခရစ်ယာန်သာသနာပြုလုပ်ငန်းဟူသည်မိသားစုများကို ကျွန်ုပ်တို့၏ဓမ္မစာပေများနှင့်မိတ်ဆက်ပေးခြင်း၊ ကျေးဇူးတော်တရားဟောကြားခြင်း၊ သူတို့နှင့်အတူ သူတို့အတွက်ဆုတောင်းမေတ္တာပို့သခြင်းနှင့် လူတို့အားအသင်းတော်ကိုကြည့်ရှုထိန်းသိမ်းတတ်ရန်ပညာသင်ပေးခြင်းတို့ဖြစ်၏။ ဤကား ကောင်းသောအလုပ်ပေတည်း။

မျှော်လင့်ခြင်းအသင်းသူအသင်းသားတိုင်းသည် ဤကဲ့သို့အရေးကြီးလှသောဓမ္မစာပေဖြန့်ချိရေးအလုပ်ကိုသတိပြုမိပါက ထိုသူတို့သည်၏ဓမ္မစာပေဖြန့်ဝေရောင်းချခြင်းအမှုကို အချိန်များစွာပေး၍ ခရစ်တော်

အတွက် သက်သေခံကြပါလိမ့်မည်။ လက်ကမ်းစာစောင်များနှင့် ဓမ္မစာအုပ်စာပေများသည် အိမ်ထောင်တိုင်းတွင်ရှိစေရမည်။ ထိုစာစောင်များက သတင်းကောင်းကိုဟောကြားရန် တာဝန်ယူသွားပါလိမ့်မည်။ သို့ဖြစ်၍ အသင်းတော်သည် ဓမ္မစာပေဖြန့်ချိရေးအလုပ်ကိုအာရုံပြုသင့်ပါ၏။ ဤကား လောကကြီးတွင်အလင်းဆောင်ရန် အသင်းတော်၏ တာဝန်တစ်ခုဖြစ်ပါသည်။ ထိုသို့ပြုမှအသင်းတော်သည် "လကဲ့သို့အေးမြလှပ၍ နေကဲ့သို့ထွန်းလင်းတောက်ပကာ အောင်လံတလူလူနှင့်ကြောက်မက်ဖွယ်တပ်မဟာကြီးပမာ ရှေ့သို့အစဉ်ချီတက်နေမည်သာတည်း။"

## စိတ်ဝင်စားမှုပြန်လည်ရှင်သန်ရန်လုပ်ဆောင်အပ်ခြင်း

ဤဓမ္မစာပေဖြန့်ချိရေးအလုပ်သည် အမြဲပင်အရေးကြီးကြောင်း ကျွန်ုပ်ကိုဘုရားသခင်ကသိမြင်နားလည်စေပါသည်။ ဤလုပ်ငန်းတွင် အမှုတော်ဆောင်နေဆဲ ဓမ္မစာပေအလုပ်အမှုတော်ဆောင်များအား အခြားသောသာသနာပြုလုပ်ငန်းတွင် ခွဲထွက်လုပ်ကိုင်ဆောင်ရွက်စေခြင်းသည် မရှိကောင်း၊ မလုပ်ကောင်းပါ။ အမှန်တကယ်ပြောင်းလဲ၍ ဆက်ကပ်ထားသောဓမ္မစာပေအမှုတော်ဆောင်သည် အခြားသောခရစ်ယာန်သာသနာပြုလုပ်ငန်းတွင်ရှိနေသူများထက် ပြည်သူလူထုထံသို့ ယနေ့အတွက်အမှန်တရားသယ်ယူပို့ဆောင်ရေးတွင် ပိုမို၍ပြီးပြည့်စုံစေပါသည်။

ထာဝရဘုရား၏နှုတ်ထွက်စကားတော်ကျမ်းစာအရပြောရပါလျှင် ခေတ်ကာလ၏အဆုံးသည်နီးပြီ။ ကမ္ဘာလောကကြီးကိုသတိပေးချိန်တန်ပြီ။ ကျွန်ုပ်တို့သည်အတိတ်ကာလနှင့်မတူ၊ တစ်မူထူးလျက် ခရစ်တော်အတွက်စွမ်းအားထုတ်ကာ ခရစ်တော်နှင့်အတူ အလုပ်လုပ်ကြရမည်။ ဤကား ဘုရားသခင်ပေးတာဝန်ဖြစ်၏။ အလင်းအိမ်ကြီးသခင်ထံတော်မှ

ကျွန်ုပ်တို့ရရှိသောအလင်းတန်းများကို လက်ဆင့်ကမ်း၍ ကမ္ဘာကြီးကို အလင်းရောင်ခြည်ဖြင့် ပတ်လည်လွှမ်းမိုးပေးရမည်။ နောက်သို့မဆုတ်၊ ရှေ့သို့တိုးကာ ပြောဟောသလိုလုပ်ဆောင်ကြရမည်။ နှောင့်နှေးခြင်း မရှိ၊ ပကတိလျင်မြန်စေရမည်။ဤဓမ္မစာပေဖြန့်ဖြူးရေးအလုပ်ကိုမနွမ်းနယ် စေရပါ။ လူတိုင်းထံသို့ဓမ္မစာပေအလင်းရောက်ရှိနိုင်ရေးသည် ဘုရား သခင်အရေး၊ ကျွန်ုပ်တို့အရေးပင်ဖြစ်ပါသည်။

## ခရစ်ယာန်သာသနာပြုခြင်းနှင့်လုံးဝညီမျှ

ဓမ္မစာပေဖြန့်ချိသူတို့သည် ပြည်တွင်းအနှံ့သွားရောက်သင့်ပါ၏။ အကြောင်းမှာလုပ်ငန်း၏အရေးကြီးပုံသည် ခရစ်ယာန်သာသနာပြုခြင်းနှင့် လုံးဝညီမျှသောကြောင့်တည်း။ နိုးကြားတက်ကြွသောဓမ္မဝန်ဆောင်နှင့် တိတ်ဆိတ်စွာသခင့်အစေခံနေသောစေတမန်နှစ်ဦးစလုံးပင် ယခုကာလ တွင် ရေးကြီးသုတ်ပျာပြီးပြည့်စုံရန်ဖြစ်သည့်လုပ်ငန်း၌ လိုအပ်လျက် ရှိပါသည်။

အသင်းတော်ပုံနှိပ်တိုက်မှထုတ်ဝေသောဓမ္မစာပေတို့ကို ဖြန့်ချိ ရောင်းချခြင်းအလုပ်သည် အရေးကြီး၍ အကျိုးအမြတ်အရဆုံးဧဝံဂေလိ သာသနာလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဓမ္မတရားပွဲမကျင်းပနိုင်သော နေရာများသို့ ကျွန်ုပ်တို့၏ဓမ္မစာပေများကိုရောက်ရှိစေပါ။ ထိုသို့ပြုသော သူသည် သက်ဝင်လှုပ်ရှား၊ နိုးကြားတက်ကြွသောဓမ္မဝန်ဆောင်တစ်ဦးကို ကိုယ်စားပြုသောသူဖြစ်၏။ ထိုသူကောင်းမျိုးတို့ကြောင့်သာ ထောင်ပေါင်း များစွာသောလူတို့သည် အမှန်တရားလင်းရောင်ခြည်၏အနှစ်သာရကို သိမြင်ခံစားခွင့်ရရှိကြသည်မဟုတ်လော။

ကျွန်ုပ်တို့၌ဖြုန်းတီးရန်အချိန်မရှိပါ။ အရေးကြီးလှသောလုပ်ငန်းသည် ကျွန်ုပ်တို့၏မျက်မှောက်တွင်ရှိနေ၏။ အကယ်၍ ကျွန်ုပ်တို့သည် ဖင့်နွဲ့နှောင့်နှေးနေပါက ကောင်းကင်ဘုံကပေးမည့်ဆုလာဘ်ကိုရရှိမည်မဟုတ်တော့ပါ။ ဤကား သေချာလှ၏။ သို့ရာတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လူတိုင်းစေ့ထံသို့ဓမ္မပေလွှာခရစ်ယာန်သာသနာပြုရန် နည်းလမ်းကြီးငယ်တို့ဖြင့် အကြံထုတ်နေသူများလည်းရှိကြပါ၏။ စာတန်ကား၊ ဓမ္မအလင်းရောင်၏အနှစ်သာရကိုမခံစားမသိမြင်နိုင်ရန် လူတိုင်းကိုအမှောင်ချထားပါသည်။ ထို့ကြောင့် တရားတော်ကိုမကြားရ၍မယုံကြည်ကြ။ ကြားရပြန်တော့လည်း ချက်ချင်းပြောင်းလဲဖို့ရန် နောက်ဆံတင်းနေသူများလည်းရှိ၏။ ထိုသူတို့သည်ကား၊ လက်ကမ်းစာစောင်ကိုဖြစ်စေ၊ ဓမ္မစာပေကိုဖြစ်စေ၊ ကြည်နှင့်ခေတ္တမျှဖတ်လိုက်ရသောသတင်းတိုထွာတို့ပင်ဖြစ်စေ၊ မိမိတို့၏အကြံအစည်နှင့်ထပ်တူထပ်မျှဖြစ်ကြောင်းသိနားလည်ရသောအခါ တစ်အုပ်လုံးကိုဖတ်ရှုလေ့လာရန်စိတ်ဝင်စားလာကြပေတော့၏။

## မိမိတို့၏တာဝန်ဝတ္တရားကိုသိနားလည်ပါ

ထာဝရအသက်နှင့်ယှဉ်သော ဘုရားသခင့်နှုတ်ထွက်စကားတော်အလင်းဆောင်သည့်ဓမ္မစာပေကြီးငယ်တို့ကို ဖြန့်ချိသောဓမ္မစာပေအမှုတော်ဆောင်သည် အခြားလောကစီးပွားရေးကိုလည်း တွဲဖက်အာရုံစိုက်လုပ်ဆောင်ပါသော် အန္တရာယ်ရှိ၏။ ကုန်သွယ်လိုစိတ်ကြီးလာသဖြင့် အမြတ်အစွန်းကိုပိုရရှိရန်ကိုသာမျှော်လင့်နေတော့၏။ ထိုအခါ ဘုရားသခင်အတွက် အစေခံမည်ဆိုသည့်သဘောထားပျောက်ကွယ်သွားတတ်၏။ သို့ဖြစ်၍ သင်သည်စစ်မှန်သောပြောင်းလဲမှုရှိပါစေ။

ကျွန်ုပ်တို့သည် မိမိတို့၏တာဝန်ဝတ္တရားများကိုသိနားလည်ရန်လိုအပ် လေပြီဟု အချိန်ကာလကိုဆိုင်းဘုတ်တင်ကြေညာမည်ဆိုက ယခုအချိန် ပင်ဖြစ်တော့၏။ စာတန်သည်ပျက်စီးနေပြီဖြစ်သောလူတို့ကိုလှည့်ဖြား မှုစုံလင်စွာဖြင့် အမှောင်ချထား၏။ ဆန်ကိုဆန်ခါနှင့်ခါချသကဲ့သို့ ယခုအချိန်တွင် အရာရာတိုင်းကိုခါချလျက်နေ၏။ ထာဝရဘုရားသခင် ကိုမျက်ခြည်မပြတ်အားကိုးနေသူများသာလျှင် ဆန်ခါတွင်တင်ကျန်နေ မည်ဖြစ်၏။ သခင်ခရစ်တော်ကြွဆင်းလာရန်အချိန်နီးကပ်လေပြီ။ အနိဋ္ဌာရုံများပတ်လည်တွေ့မြင်ရတော့မည်။ မျက်စိဖြင့်မမြင်နိုင်သော စာတန်၏တန်ခိုးအင်အားစုများသည် လူ့အသက်ကိုဖျက်ဆီးရန်ပြင်ဆင် လျက်ရှိ၏။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်ထာဝရဘုရားသခင်၌ ပုန်းကွယ်နေရာယူပါက ကျေးဇူးတော်နှင့်ကယ်တင်ခြင်းကိုရရှိပါလိမ့် မည်။ ကိုယ်တော်နှင့်အတူ နိုင်ငံတော်တွင် အမွေခံရပါလိမ့်မည်။ သို့ဖြစ်၍ တစ်ချိန်ကမလုပ်ခဲ့ဖူးသောအလုပ်ထူးကို အားထုတ်ကာလုပ် ဆောင်ကြပါစို့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆက်ကပ် လုပ်ဆောင်ကြပါစို့။ ကျွန်ုပ်တို့၌ တရားအလင်းအိမ်ကိုဖွင့်လှစ်ပေးရန် တာဝန်ရှိ၏။ သခင်ခရစ်တော်ထံအသက်ဝိညာဉ်များစွာကို ပို့ဆောင် နိုင်ရန်အခွင့်အရေးကိုရှာဖွေပါ။

ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏ရွေးချယ်ခံလူမျိုးဖြစ်သော ကြောင့် အသက်တာပြောင်းလဲရပါမည်။ သခင်ခရစ်တော်ကိန်းအောင်း သောသန့်ရှင်းခြင်းအသက်တာနှင့်နေထိုင်ကာ အမှန်တရားကိုကြွေးကြော် နေသည်မဟုတ်လော။ ဓမ္မစာပေများကိုကြဲဖြန့်ပျံ့နှံ့စေရင်း ကယ်တင်ရှင် ၏မေတ္တာတော်ကို လူတို့အားနှလုံးသားနှင့်ပြပြောနိုင်ပါသည်။ ထာဝရ ဘုရားသခင်သာလျှင် အပြစ်လွှတ်ပိုင်ခွင့်ရှိသည်။ ဤသတင်းကောင်းကို

မကြွေးကြော်က ပျက်စီးသူတို့သည် စိတ်နှလုံးမပြောင်းလဲ။ ကျွန်ုပ်တို့၏ဂရုမစိုက်မှုကြောင့်ဖြစ်သည်ဟုသက်သေထင်ရှားနေပါ၏။ ထိုသူတို့ကိုကယ်တင်ရန် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖိတ်ခေါ်လျက်နေ၏။ စာတန်ကားရွေးချယ်သူများကိုပင်လျှင် လှည့်ဖြားနိုင်ကလှည့်ဖြားလေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ယခုအချိန်တွင် အလုပ်ကိုကြိုးစားလုပ်ဆောင်၍ လှည်းနေလှေအောင်း၊ မြင်းဖောင်းမကျန်၊ မြို့မိမြို့ဖ၊ ရွာသူရွာသား၊ ခုနှစ်ရက်သားသမီးအပေါင်းတို့အား မနေ့အမြန်ယနေ့အတွက်ထာဝရဇဝံဂေလိသတင်းကောင်းကိုလက်ဆင့်ကမ်းဝေမျှဖြန့်ဖြူးကြပါစို့လား မိတ်ဆွေ။ တာဝန်ဝတ္တရားအသိစိတ်ကိုနှိုးဆော်ကြပါစို့လားမိတ်ဆွေ။

## ထာဝရဘုရားသခင်၏အမှုတော်မြတ်

ဓမ္မစာပေအမှုတော်ဆောင်သည် ရေရှိရာမြေသား(အရပ်)တိုင်းတွင်မျိုးစေ့ကိုကြဲရပါမည်။ ထာဝရဘုရားသခင်ကိုသိကျွမ်းစေသောစာအုပ်စာပေများကိုဖြန့်ချိခြင်းအလုပ်သည် ကိုယ်တော်၏အမှုတော်မြတ်ပင်ဖြစ်၏။ ထာဝရဘုရားသခင်ကိုရှာဖွေသူတို့ကို ကိုယ်တော်သည် အတွေ့ခံတော်မူမည်။ ကိုယ်တော်သခင်မိန့်တော်မူပြီမဟုတ်လော။ "ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုဆိုပါစေ။" (ဗျာ ၂၂း၁၇) ဤညွှန်ကြားချက်နှင့်အညီ အသုံးတော်ခံကြပါစို့။

## ကင်းစောင့်များနှင့်စေတမန်များ

ဓမ္မစာပေဝန်ထမ်းများအတွက် ကြီးကျယ်သောလုပ်ငန်းကိုပြီးပြည့်စုံစေရန် အချိန်သည်ရောက်ရှိလာလေပြီ။ လောကတစ်ခွင်လုံး

သည် အိပ်မောကျလျက်နေ၏။ အဓ္ဓရာယ်သို့ဦးတည်နေသောအိပ်မော ကျနေသူတို့ကိုနှိုးရန် သတိပေးခေါင်းလောင်းကို ကင်းစောင့်တို့သည် တီးခေါက်ရကြပါမည်။ အသင်းတော်များသည်လည်း မိမိတို့၏နောက် ဆုံးအချိန်ဘယ်သောအခါရောက်ရှိလာမည်ကိုမသိဘဲဖြစ်နေ၏။ တစ်ခါ တစ်ရံဂုင်းတို့သည် ဓမ္မစာပေအမှုတော်ဆောင်များတို့၏ဝီရိယစွမ်းအား ဖြင့်သာ အမှန်တရားကိုအချိန်မီသိနားလည်ခွင့်ရကြပါသည်။ သို့ဖြစ်၍ သခင်၏နာမတော်ကိုအမှီပြုလျက် အမှောင်ထုနှင့်အမှားကိုခွင်း၍ ဝမ်းမြောက်ဖွယ်ကယ်တင်ခြင်းသတင်းကောင်းကို ကြွေးကြော်ဖြန့်ဝေ သောသူတို့သည် ကိုယ်တော်၏စေတမန်များဖြစ်ကြ၏။ သခင်ခရစ်တော် ပေးသနားတော်မူသောစွမ်းအားဖြင့် ဘုရားသခင်၏ပညတ်တော်ကို ယုံကြည်နားထောင်ကြပါရန် နှိုးဆော်သောထိုသူတို့သည် ဧကန်အမှန် ကယ်တင်ခြင်းကိုခံရကြမည်။ "ထိုသူတို့သည် ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။ အဘ၏အမှုကိုဆောင်သော သားကိုအဘနမြောသကဲ့သို့ ထိုသူတို့ကိုငါနမြောမည်ဟုကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရဘုရားမိန့်တော်မူ၏။" (မာလခိ ၃း၁၇)။

ပြောင်းလဲသွားသောအသက်ဝိညာဉ်များကိုတွေ့မြင်ခွင့်ရခြင်း

ဓမ္မစာပေအမှုဆောင်များသည် ထာဝရဘုရားသခင်၏နှုတ်ထွက်စကား တော်နှင့်အတူ ရှေ့သို့ချီကာအမှုတော်မြတ်ကိုထမ်းရွက်သွားပါ။ ပညတ် တော်များကိုကျင့်သုံးသက်ရှင်သွားသောသူသည် တစ်ပါးသူတို့ကိုလည်း ထိုကဲ့သို့သွန်သင်သွားပါက ဘဝပြောင်းလဲသွားသောအသက်ဝိညာဉ် များစွာကိုတွေ့မြင်နိုင်ခွင့်ရှိပါလိမ့်မည်။ အသက်တာအမှန်တကယ် ပြောင်းလဲသွားသော ဝိညာဉ်တစ်လုံးသည် အခြားသောဝိညာဉ်များကို

လည်း သခင်ခရစ်တော်ထံလက်ဆင့်ကမ်းသယ်ဆောင်လာပေလိမ့်မည်။ ဤနည်းဖြင့်အမှုတော်မြတ်သည် နယ်သစ်ပယ်သစ်သို့တိုးချဲ့လုပ်ဆောင်နိုင်ပါလိမ့်မည်။

### သနားကြင်နာမှုတံခါးဖွင့်နေသေးသမျှအလုပ်ရှိမည်

သနားကြင်နာမှုတံခါးဖွင့်နေသေးသမျှကာလပတ်လုံး ဓမ္မစာပေအမှုတော်ဆောင်အတွက်အလုပ်ရှိမည်။ ဘာသာရေးဂိုဏ်းဂဏများသည် နိုင်ငံရေးအသွင်ပြောင်းလာ၍ ဘုရားသခင်၏သားသမီးများကိုနှိပ်ကွပ်ညှဉ်းဆဲလာသောအခါ မြွေကဲ့သို့လိမ္မာ၍ ချိုးငှက်ကဲ့သို့အဆိပ်ကင်းစွာပါးပါးနပ်နပ်နှင့်သခင့်အစေခံကြမည့်သူများကား ဓမ္မစာပေအမှုတော်ဆောင်များသာဖြစ်တော့သည်။ အကယ်၍ တစ်နေရာရာတွင်နှိပ်ကွပ်ခြင်းသည် ပြင်းထန်အံ့။ သခင်ခရစ်တော်မှာကြားခဲ့သည့်နည်းအတိုင်း၊အခြားမြို့ရွာသို့ပြေးရှောင်ရမည်ဖြစ်၏။ ဤညွှန်ကြားချက်ကိုလိုက်နာပါ။ ထာဝရဘုရားသခင်သည် မိမိ၏သားသမီးများရောက်လေရာရာတိုင်း၌ ကောင်းချီးပေးပါလိမ့်မည်။ နှိပ်စက်ညှဉ်းဆဲခြင်းကြောင့် သမ္မာတရားကြွေးကြော်ရန်ပျံ့နှံ့သွားခဲ့ပြီမဟုတ်လော။ "ငါအမှန်ဆိုသည်ကား၊ ဣသရေလမြို့ရွာရှိသမျှတို့ကို သင်တို့လှည့်လည်၍မကုန်မီ လူသားသည် ကြွလာလိမ့်မည်" (မဿဲ ၁၀:၂၃) ဟုခရစ်တော်ယေရှုကြေညာချက်ရှိလေသည်။ ကောင်းကင်ဘုံမှအသံဖြစ်သည့် "အမှုပြီးပြီ" ဟုမကြေညာသေးသရွေ့ အလုပ်လုပ်နိုင်မည့်နေရာသည်ရှိနေပါ၏။ ထိုအချိန်တွင် တရားသတင်းကြားရသူနှလုံးသားရှင်များသည် ထိုသတင်းစကားကို စေ့ငုမှုချလက်ခံယုံကြည်ကြပါလိမ့်မည်။

ကြီးမားကျယ်ပြန့်သောလုပ်ငန်းကိုအဆုံးသတ်ရပေတော့မည်။ ကြိုးစားအားထုတ်မှုတိုင်းသည် သခင်ခရစ်တော်ကိုအပြစ်ဖြေလွှတ်ပိုင်သောကယ်တင်ရှင်အဖြစ်လည်းကောင်း၊ အပြစ်ကြွေးရှိသမျှကိုယူတင်ဆောင်ရွက်သွားသောအရှင်သခင်အဖြစ်လည်းကောင်း၊ တောက်ပသောနံနက်သားမိုးသောက်ကြယ်အဖြစ်လည်းကောင်း ဖော်ပြထင်ရှားစေရပါမည်။ သို့မှသာလုပ်ငန်းပြီးဆုံးသွားသည်တိုင်အောင်း ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလောကသားတို့ရှေ့တွင် မွေးရနံ့သင့်ပျံ့နေသူများအဖြစ် ဖန်ဆင်းပြုပြင်ခန့်အပ်ထားပါလိမ့်မည်မဟုတ်လော။

## သာ၍မြင့်မြတ်သောအလုပ်ဟူ၍မရှိတော့ပြီ

ဓမ္မစာပေဖြန့်ချိရေးဧဝံဂေလိလုပ်ငန်းထက် သာ၍ကြီးမြတ်သောအလုပ်ဟူ၍မရှိတော့ပါ။အကြောင်းမှာ ထိုလုပ်ငန်းတွင်အမြင့်ဆုံးသောအကျင့် ကျင့်စဉ်တာဝန်များပါရှိသောကြောင့်တည်း။ ဤလုပ်ငန်းတွင်ပါဝင်နေသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ထိန်းချုပ်မှုအောက်တွင်ရှိနေပါသည်။ တစ်ကိုယ်ကောင်းစိတ်မရှိရပါ။ ညီအစ်ကိုချင်းချစ်မြတ်နိုးရပါမည်။ တစ်ဦးကိုတစ်ဦးယိုင်းပင်းကူညီမစရပါမည်။ ကြင်နာသနားခြင်းနှင့်ယဉ်ကျေးသိမ်မွေ့မှုရှိရမည်။ တစ်စိတ်တစ်သဘောတည်းရှိရပါမည်။ သခင်ခရစ်တော်သင်ပေးသောဆုတောင်းချက်နှင့်အညီ နေထိုင်သွားသူတို့အတွက် ဤသို့လျှင် လက်တွေ့ကျကျအသက်ရှင်အသုံးတော်ခံနိုင်ကြပါလိမ့်မည်။ တိုက်လှန်မှုကြီးကိုလည်း ခံရပ်နိုင်မည်ဖြစ်ပါ၏။ “ငါတကော” ဟာစ်သူတို့ကား၊ စာတန်၏တန်ခိုးသြဇာ၊ လှည့်ဖြားမှုများကိုလက်ခံကြသူများဖြစ်၏။ ဘုရားသခင်၏လူတို့သည် မိမိတို့၏အကျင့်အဆင့်ကို မြင့်တင်မြဲမြင့်တင်နေရကြပါမည်။

ကိုယ်တော်၏စကားတော်ကိုနားထောင်ပါက ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူတွဲဖက်လုပ်ဆောင်၍ ကြိုးစားမှုတိုင်းအတွက်အောင်မြင်ခြင်းသရဖူကိုဆောင်းပေးပါလိမ့်မည်။ အထက်မှကြွယ်ဝသောကောင်းချီးမင်္ဂလာကိုခံစားရရှိမည်မကသေး။ ဘုရားသခင်ပလ္လင်တော်နားတွင်လည်း ဘဏ္ဍာကိုဆည်းပူးသိုမှီထားနိုင်မည်ဖြစ်ပါသည်။

အကယ်၍သာရှေ့တွင် မည်သည့်အရာရှိနေပြီဆိုသည်ကို ကျွန်ုပ်တို့သိမြင်ပါက ကိုယ်တော်၏အမှုတော်မြတ်တွင်ရွှေ့ဆိုင်းဖင့်နွှဲ့ခြင်းရှိမည်မဟုတ်တော့ပါ။

ကျွန်ုပ်တို့လုပ်ရမည့်အလုပ်အတွက်ကျွန်ုပ်တို့တွင်တာဝန်ရှိပါသည်

ကျွန်ုပ်တို့သည် ဆန်ကိုဆန်ခါနှင့်ခါချသကဲ့သို့ခါချနေသောအချိန်သို့ရောက်ရှိနေလေပြီ။ ဘုရားသခင့်ပညတ်တော်တို့ကိုသိနားလည်ပါလျက်နှင့် မလိုက်လျှောက်သူများအဖို့ ဆင်ခြေပေး၍မရပါ။ ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင်ရှိနေပါလျက် ဝီရိယမစိုက်၊ ဝိညာဉ်ရေးတွင်ပျင်းရိဖင့်နွှဲ့နေပါက မိမိသဘောထားလုပ်ရပ်အတွက် မိမိ၌သာတာဝန်ရှိပါသည်။ ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်ဆိုင်သူများမှာမူကား၊ ဝိညာဉ်ကယ်ဆယ်ရေးအလုပ်တွင်အားစိုက်သင့်ပါသည်။ထိုသူတို့သည် တပည့်တော်စုအတွင်း ဘုရားသခင်၏ပညတ်ဥပဒေများနှင့်အညီ တံဆိပ်ခတ်ခံထားသင့်ပြီမဟုတ်ပါလော။

"ငါတို့အတွက်အဘယ်သူသွားမည်နည်း"

ထာဝရဘုရားသခင်သည် ကျမ်းစာအားဖြင့် ကိုယ်တော်ပေးထားသောခရစ်ယာန်သာသနာအလင်းကို ကြည်လင်တောက်ပစွာ ထွန်းလင်းရန်

ပုံစံသွင်းထားပါသည်။ ထိုတာဝန်ကို ဓမ္မစာပေအမှုတော်ဆောင်များ ပြီးပြည့်စုံစေရန် ဘုရားသခင်အလိုတော်ရှိ၏။ ကျွန်ုပ်တို့၏ရှေ့မှောက်တွင် အရေးတကြီးထမ်းရွက်ရမည့်လုပ်ငန်းသည်ရှိ၏။ အသက်ဝိညာဉ်အပေါင်းတို့၏ရန်သူစာတန်သည် ထိုအရာကိုသတိထားသိမြင်သဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဓမ္မစာပေအမှုတော်ဆောင်များကိုလမ်းလွဲစေရန်အားထုတ်ကာ နှောင့်ယှက်၏။ ထာဝရဘုရားသခင်သည်လည်း ဓမ္မစာပေအမှုတော်ဆောင်များပြန်လည်အလုပ်ဝင်ရန် ကြိမ်ဖန်များစွာဖိတ်ခေါ်လျက်နေ၏။ အစွမ်းသတ္တိရှိသမျှနှင့် မိမိတို့၌ခန့်အပ်ထားသောအလုပ်ကိုလုပ်ဆောင်ရန် သခင်အလိုတော်ရှိပါသည်။ ဤသည်ကိုအဘယ်သူသားကတုံ့ပြန်ပါမည်နည်း။ ရပ်နီးရပ်ဝေးရှိလူသားတို့ထံသို့မည်သူသည်လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံလျက် သခင်ခရစ်တော်၏မေတ္တာမျိုးပြကာ အမှုတော်ဆောင်ပါမည်နည်း။ မည်သူသည်သာယာမှုအပေါင်းတွင် အဆင်ပြေပါလျက်နှင့် လောကစည်းစိမ်ချမ်းသာကိုစွန့်လွှတ်ကာ၊ ဘုရားသခင်ကိုမသိဘဲနေထိုင်ကြသူများ၊ အယူအဆလွဲမှားတိမ်းစောင်းနေကြသူများ၊ မှောင်ရိပ်ခိုနေကြသူများထံခွဲကိုဖက်ပါလို့၊ ယနေ့အတွက်အမှန်တရားကိုရိုးစင်းစွာပြောကြားကာကြီးစွာသောယုံကြည်ခြင်းဖြင့်ဆုတောင်းလျက် တစ်အိမ်တက်ဆင်းအလုပ်ပွားရန် ကြိုးစားအားထုတ်ပါမည်နည်း။ ယခုတွင် အဘယ်သူသည်စခန်းချ၊ ကွန်းထောက်ခိုရန်နေရာမရှိ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုခံရ၍ သခင်ခရစ်တော်ကြောင့် စော်ကားကဲ့ရဲ့ခြင်းကိုခံယူကာလူအများကိုနောင်တရစိမ့်အံ့သောငှာ သမ္မာကျမ်းစာကိုဖွင့်ဖတ်လျက်ဟောပြော၊ ဝေငှ၊ ဖိတ်ခေါ်ပါမည်နည်း။

ခေတ်အဆက်ဆက်တွင် ထာဝရဘုရားသခင်၏အမှုတော်ဆောင်များရှိပါသည်။ အချိန်တန်၍ခေါ်သောအခါ တုံ့ပြန်သူတော့အမြဲရှိပါသည်။ သို့ဖြစ်၍ "ထာဝရဘုရားသခင်က ငါသည်အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဖို့အဘယ်သူသွားမည်နည်းဟုမေးတော်မူသံကိုကြားသောအခါ ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" (ဟေရှာယ ၆း၈) ဟုတုံ့ပြန်သူတော့ရှိစမြဲတည်း။ သို့ဖြစ်၍ ဓမ္မစာပေဖြန့်ချိရေးလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်သောအမှုတော်ထမ်းအပေါင်းတို့---သင်သည်ယနေ့အတွက်အမှန်တရားကိုမသိနားမလည်သေးသောအသက်ဝိညာဉ်များအတွက် သခင့်ကိုယ်စားအစေခံနေသည်ဟုစိတ်နှလုံးထဲတွင်စွဲမှတ်ပါလော့။ ဘုရားသခင်ကြွလာမည့်နေ့ရက်အတွက်လူအပေါင်းတို့ပြင်ဆင်မှုပြုကြပါစေရန် လမ်းမလမ်းကြားသို့သွား၍သတိပေးနှိုးဆော်ချက်ကိုကြွေးကြော်ကြပါလော့။ ဖြုန်းတီးဖို့ရန်အချိန်မရှိ။ ဤလုပ်ငန်းကိုကျွန်ုပ်တို့အားပေးရကြမည်။ အဘယ်သူသည်ကျွန်ုပ်တို့၏ဓမ္မစာပေကြီးငယ်များဖြင့် ခရစ်ယာန်သာသနာခရီးဆက်ပါမည်နည်း။

ထာဝရဘုရားသခင်သည် ဘုရားသခင့်တန်ခိုးတော်ကိုအားကိုးလျက်အစေခံနေသူတိုင်းအား လိုအပ်သမျှသောစွမ်းပကားကိုဝေငှပေး၏။ လိုအပ်သမျှသောစွမ်းရည်၊ ရဲစွမ်းသတ္တိ၊ လုံ့လဝီရိယ၊ ယုံကြည်ခြင်းနှင့်လိမ္မာပါးနပ်မှုတို့ကို ထာဝရဘုရားသခင်သည် ထိုသူတို့အားအဆောင်အဖြစ်ပေးအပ်ထားလေ၏။ ထိုအဆောင်များဖြင့်လူတို့သည် ဘုရားသခင်အားတုံ့ပြန်လုပ်ဆောင်ပေးကြမည်။ လောကသားတို့သည်လည်းသတိပေးစကားကိုကြားရကြမည်။ "ထာဝရဘုရားက၊ ငါသည်အဘယ်သူကိုစေလွှတ်ရမည်နည်း၊ ငါတို့အဖို့အဘယ်သူသွားမည်နည်း" ဟု

မေးသံကြားရသောအခါ "အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" ဟု ပီပြင်ပြတ်သားစွာတုံ့ပြန်သံကိုကြားရမည်ကား မလွဲဧကန်တည်း။ ထိုတုံ့ပြန်သံကိုသင်လည်းပြုပါမိတ်ဆွေ။

## နမော်နမဲ့ဆန်သောဘေးစကား

နမော်နမဲ့ဆန်သောသူတို့သည် သင်၏အလုပ်ကိုကြိုက်နှစ်သက်ပုံမရ။ အရေးမကြီးသောအလုပ်ဟုမြင်ကောင်းမြင်မည်။ အကျိုးမဲ့လုပ်ငန်းတစ်ခု၊ ကိုယ်ကျိုးစွန့်ရ၍ကျေးဇူးမရှိသောအလုပ်ဟုထင်ကောင်းထင်မည်။ သို့သော် သခင်ယေရှု၏အစေကိုခံသူတို့ကား ထိုသို့မမြင်။ လက်ဝါးကပ်တိုင်တော်အလင်းဖြင့်မြင်သောကြောင့် သခင့်ခြေတော်ရာကိုလျှောက်လှမ်းရသည်ကပဲဝမ်းမြောက်ရပေပြီ။ လုပ်ငန်းအောင်မြင်သောအခါ ပင်ပန်းမှုဟူသည်မပြောပလောက်တော့။ ကမ္ဘာပေါ်တွင်အပျော်ဆုံးလူဟုမိမိကိုယ်ကိုအောက်မေ့မိသည်ထင့်။

## ဖြုန်းတီးဖို့ရန်အချိန်မရှိ

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်သည် တာဝန်ကြီးမားသောအလုပ်ဖြစ်၏။ လုပ်ဆောင်သူတို့သိနားလည်ကြပါသည်။ ကျွန်ုပ်တို့သည် ကြီးကျယ်သောအလုပ်ပြီးမြောက်ရန် အလိုအပ်ဆုံးအချိန်တွင် အသက်ရှင်လျက်နေ၏။ ခရစ်တော်ဘုရားသခင်ပြင်ဆင်ထားသောညစာစားပွဲသို့လူများစွာကိုဖိတ်ခေါ်ရန်အချိန်လည်းဖြစ်လေသည်။ ယခုလိုအချိန်မျိုးတွင် ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်ကို စိတ်အားထက်သန်စွာဆက်ကပ်လုပ်ဆောင်သူသည် ကြီးစွာသောကောင်းချီးမင်္ဂလာကိုရရှိပေ

လိမ့်မည်။ ဖြုန်းတီးရန်အချိန်တော့မရှိပြီ။ လုပ်ငန်းအတွက်သာ
သင့်ကိုယ်ကိုတစ်ကိုယ်ကောင်းသဘောမဆန်ဘဲ ဆန္ဒကြီးစွာပေးကမ်း
လိုက်ပါ။ ဤလုပ်ငန်းသည် ဧဝံဂေလိဓမ္မသာသနာပြုခြင်းဖြစ်၏။
လူသားတို့အား ကောင်းရာညွှန်ကြားသောသတိပေးနှိုးဆော်မှုလုပ်ငန်းပင်
ဖြစ်ချေ၏။

---ooo---

## ဓမ္မစာပေဖြင့်ဧဝံဂေလိအမှုတော်ဆောင်ရန်ဖိတ်ခေါ်ချက်

အကျွန်ုပ်သည် ညစဉ်ညတိုင်းဓမ္မပရိသတ်ညီအစ်ကိုမောင်နှမများရှေ့တွင် အပြုသဘောဆောင်ကာ သက်သေခံစကားပြောကြား၍။ မျက်စိဖွင့်နားစွင့်ကာ ကျွန်ုပ်တို့၏ခရစ်ယာန်သာသနာ့စာစောင်များကို အနီးအနားရှိလူတို့ထံဝေငှဖြန့်ဖြူးရန် တောင်းပန်နေပါသည်။

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်ကို ယခုတွင်ပြန်လည်အားဖြည့်ရန်လို၏။ သခင်၏သဘောတော်နှင့်အညီ ဤအလုပ်ခွင်တွင်ပါဝင်လုပ်ကိုင်သူတို့သည် အမှန်တရားကိုဆာငတ်နေသူများ၏အိမ်တွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ပါလိမ့်မည်။ ထိုသူများအား သခင်၏ကိုယ်စားပြုအသေခံခြင်းအကြောင်းကို ပြောပြနိုင်လေသည်။ ထာဝရဘုရားသခင်သည်လည်း သင့်ကိုခွန်အားသစ်နှင့်ဖြည့်ပေး၍ ကောင်းချီးပေးလျက် သင်၏ကယ်တင်ခြင်းလုပ်ငန်းတွင် ဦးဆောင်ပေးမည်ဖြစ်ပါသည်။ သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ရှေ့တော်ပြေးလုပ်ဆောင်၍ ထာဝရဘုရားသခင်၏ဘုန်းတော်သည်လည်း သင့်အားဖြင့်ထင်ရှားပါလိမ့်မည်။

### သင်ထလော့၊ လင်းလော့

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်ကို ကျွန်ုပ်တို့သည် အရေးမစိုက်ဘဲလျစ်လျူမရှုသင့်တော့ပါ။ ဤလုပ်ငန်းကိုအမှုတော်ဆောင်တိုင်းက ပိုမို၍စိတ်ဝင်စားကြပါရန် အကျွန်ုပ်သည် မကြာခဏနှိုးဆော်မှုကိုခံရ

ပါသည်။ ကျွန်ုပ်တို့၏အသင်းတော်ထုတ်စာအုပ်စာပေများကို ကမ္ဘာအနှံ့ ဖြန့်ချိရန်အလုပ်သည် အလွန်ပင်အရေးကြီးလှပါ၏။ ထိုစာအုပ်များ သည် လူတို့၏စိတ်နှလုံးထဲတွင် သခင်ခရစ်တော်၏မနိူင်းယှဉ်နိုင်သော ကြွယ်ဝခြင်းတို့ဖြင့် ပြည့်ဝစေပါလိမ့်မည်။

ထာဝရဘုရားသခင်၏အမှုတော်မြတ်တွင် လုပ်စရာ၊ ကိုင်စရာ အမျိုးအမည်များစွာရှိ၏။ ဗိမာန်တော်ဆောက်မည်ဆိုက သစ်ခုတ်၊ သစ်ဆွဲမည့်သူလို၏။ တာဝန်အသီးအသီးကိုထမ်းဆောင်ကြရမည်။ ယဇ်ပုရောဟိတ်များလည်းရှိပါသည်။ ကျွန်ုပ်တို့၏ယုံကြည်သူညီအစ်ကို မောင်နှမတို့သည်ထ၍ အလင်းထွန်းလင်းရန်အချိန်ရောက်လာလေပြီ။ အကြောင်းမူကား ထာဝရဘုရားသခင်၏ဘုန်းတော်သည် ကျွန်ုပ်တို့ အပေါ်တွင်ထင်ရှားလျက်ရှိသောကြောင့်တည်း။အလင်းတရားကို သိမြင် ရရှိပြီးသောသူအပေါင်းတို့--- ငိုက်မျဉ်းအိပ်ပျော်ခြင်းမှနိုးထလော့။ လူအပေါင်းဆီသို့ထာဝရဧဝံဂေလိသတင်းစကားရောက်ရှိစေရမည်။ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှနှင့်ဆက်ကပ်လုပ်ဆောင်ပါလော့။ အမှုတော် မြတ်ကိုဦးထိပ်ထားကာ မျက်မှောက်ရေးရာကိုဒုတိယနေရာတွင်ထားရှိကြပါ စို့။ ပျင်းရိဖင့်နွှဲ၍ စိတ်ဓါတ်ကျဆင်းစရာအချိန်သည်မရှိ။ ကမ္ဘာအနှံ့ ခရစ်ယာန်သာသနာကိုဖြန့်ချိရပါမည်။ နေရာအနှံ့ယနေ့အတွက်အမှန် တရားအလင်းဆောင်သည့်စာအုပ်စာပေတို့သည် ရေ့သို့အစဉ်ချီ၍တိုးပွား နေရမည်မဟုတ်လော။

အဘယ်ကြောင့် ကျွန်ုပ်တို့သည် အပြည့်အဝအိပ်ရာမှမထကြ သေးသနည်း။ နိုးကြားရန်လိုအပ်လေပြီ။ အမှုတော်ဆောင်တိုင်းသည် မိမိတို့၌အထူးစပယ်ရှင်အလုပ်ရှိကြောင်းယခုတွင်သိနားလည်နိုင်ပါသည်။ အားယူ၍ရဲရင့်ခြင်းရှိလော့။ ခရစ်တော်ယေရှုသည်သင်နှင့်အတူရှိပါလိမ့်မည်။

သင်လိုအပ်သည်များကို သင်သည်ကြွယ်ဝစွာရရှိခံစားရပါလိမ့်မည်။ ကယ်တင်ရှင်ကိုချစ်သောစိတ်နှင့်အမှုတော်မြတ်ကိုထမ်းဆောင်က အချည်းနှီးသက်သက်မဖြစ်ကြောင်းကိုနားလည်ပါ။ အချိန်ကားလ၏နောက်ဆုံးပိုင်းသည် ယခုပင်ရောက်လျက်ရှိ၏။ ဘုရားသခင်ကိုမသိဘဲနေသူတို့သည် ပျက်စီးခြင်းလမ်းဆုံးသို့စိုင်းပြေးလျက်နေ၏။ မကောင်းမှုအပြစ်တို့ကားနေရာအနှံ့ပေါ်များလျက်ရှိ၏။ လူတို့သည် ဤလောက၏တစ်ခဏသောစည်းစိမ်ဘဏ္ဍာကိုသာဆည်းပူးနေ၍ ကပ်ကာလ၏နောက်ဆုံးနေ့များအတွက် လောင်စာမီးကျွမ်းခံရန် စုပုံထားနေကြလေပြီ။

## ထာဝရဘုရားသည်လူအများကိုဖိတ်ခေါ်လျက်နေ၏

နှစ်သစ်စတင်ပြီ။ သခင့်အတွက်စီမံကိန်းချမှတ်၍ စိတ်အားကြီးစွာဝီရိယဖက်၍ အမှုတော်မြတ်ထမ်းရွက်ရပါမည်။ လုပ်ငန်းတိုးတက်ဖို့လိုသည်။ အထူးသဖြင့် ဓမ္မစာပေဖြန့်ချိရောင်းချရေးလုပ်ငန်းဘဏ္ဍာသည် တိုးတက်အောင်မြင်နေရမည်။ဤကားထာဝရဘုရား၏အမှုတော်ဖြစ်၏။ စိတ်အားကြီးစွာလုံ့လစိုက်ထုတ်လုပ်ကိုင်သူအပေါင်းကို ကောင်းချီးမင်္ဂလာသွန်းလောင်းပေးလိမ့်မည်။

ထာဝရဘုရားသခင်သည် ထိုအလုပ်တွင်ပါဝင်ထမ်းရွက်ရန် လူများစွာကိုဖိတ်ခေါ်လျက်နေ၏။ ခရစ်တော်၏နာမကိုထောက်၍ သင်သည် ဤအမှုတော်မြတ်၌ပါဝင်ထမ်းရွက်ပါလော့။ထာဝရပဋိညာဉ်၏အရှင်သခင်သည် မိမိ၏တပည့်တော်များအား ကမ္ဘာ့နေရာအနှံ့ သမ္မာတရားသတင်းဖြန့်ရန် အင်အားဖြည့်ပေးလျက်ရှိနေ၏။ ကိုယ်တော်သည် ကောင်းကင်ဘုံမှအစေခံနံ့ဝိညာဉ်ကောင်းကင်တမန်များကို မိမိတပည့်တော်အမှုတော်ဆောင်များအားကူညီမစရန် စေလွှတ်တော်မူ၏။

သို့ရာတွင် ထိုသူတို့သည် လုပ်သင့်သည့်နှုန်းထားထက်လျော့နေသည် ဆိုအံ့။ ကိုယ်တော်သည် ထိုတာဝန်ကိုလက်ဆင့်ကမ်းထမ်းဆောင်ရန် မိမိအသင်းတော်၏သင်းဝင်သူတိုင်းကို ဖိတ်ခေါ်နေပြန်၏။ "ကြားသော သူ (အပေါင်း) ကလည်း၊ လာခဲ့ပါဟုဆိုပါစေ။" အသင်းသူအသင်း သားတိုင်းသည် အသက်စမ်းရေကိုငတ်သောသူအားဖိတ်ခေါ်ရပါမည်။ ဤနည်းဖြင့်သစ္စာရှိကြောင်း သက်သေထူပါ။ ကမ္ဘာအဝှမ်းသို့ဖိတ်ခေါ် စာကို ထိုသူသည်သက်သေအဖြစ်သယ်ပိုးရပါမည်။ ဤလုပ်ငန်းကြီးတွင် သင်လည်းပါဝင်မည်မဟုတ်လောမိတ်ဆွေ။

## အမျိုးသမီး၊အမျိုးသားအားလုံးပါဝင်၏

အမှုတော်မြတ်တွင် မိမိကိုယ်ကိုဆက်ကပ်လုပ်ဆောင်လိုသူတိုင်း ကို သခင်ယေရှုဖိတ်ခေါ်နေ၏။ ဤကမ္ဘာမြေကြီးသည် အလုပ်လုပ်ရန် ဥယျာဉ်ကြီးဖြစ်လေသည်။ ထာဝရဘုရား၏ရှေ့ဆောင်မှုကိုခံယူကာ ရှေ့သို့ချီကြပါစို့။ အမှုတော်မြတ်တွင် မိမိကိုယ်ကိုစုံးစုံးမြုပ်မြုပ်နှံ ကြပါစို့။ သို့ပြုလျှင် သခင်သည် ကျွန်ုပ်တို့ကိုပြောင်းလဲပေးသဖြင့် သခင့်အတွက်ဆိုလျှင် ရဲဝံ့စွာရှေ့သို့ချီ၍လုပ်ကိုင်လိုစိတ်ရှိလာပါလိမ့်မည်။

ဓမ္မစာပေဖြန့်ချိရောင်းချရေးလုပ်ငန်းသည် လူကိုအကောင်းဆုံး ဖြစ်ရန်အပြည့်အဝသွန်သင်ညွှန်ကြားထား၏။ ဖြန့်ဝေသူနှင့်ဖတ်ရှု လေ့လာသူအပေါင်းအား လက်တွေ့ဘုရားသခင့်၌မွေ့လျော်ခြင်း၏အနှစ် သာရကိုခံစားစေလေသည်။

## လူငယ်များကိုအလိုရှိသည်

ထာဝရဘုရားသခင်သည် သတင်းစကားကိုမကြားရသေးသောနေရာ ဒေသများသို့ ခရစ်ယာန်သာသနာသတင်းပျံ့နှံ့စေရန် လူငယ်များကိုတစ်အိမ်

တက်ဆင်းဧဝံဂေလိဓမ္မစာပေများကိုဖြန့်ချိစေလို၏။ ကိုယ်တော်သည် လူငယ်တို့အား အမိန့်တော်ရှိလေပြီ။ "သင်တို့သည် မိမိတို့ကိုမိမိတို့ မပိုင်ကြောင်းကိုမသိကြသလော။ သင်တို့သည်အဖိုးနှင့်ဝယ်တော်မူသော သူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသောသင်တို့၏ကိုယ်ခန္ဓာ နှင့်ဝိညာဉ်အားဖြင့် ဘုရားသခင်၏တန်ခိုးတော်ကိုထင်ရှားစေကြ လော့။" ထာဝရဘုရားသခင်၏ညွှန်ကြားချက်နှင့်အညီ အမှုတော်တွင် ပါဝင်ထမ်းရွက်သွားသူများသည် အံ့ဖွယ်ကောင်းချီးမင်္ဂလာကိုခံစားရ ပေလိမ့်မည်။ ဤလူ့ဘဝအသက်တာတွင်အကောင်းဆုံးကိုလုပ်ဆောင် သွားသောသူတို့သည် နောင်ဘဝမသေနိုင်သောအဖြစ်သို့ဝင်စားရပေ လိမ့်မည်။

လုပ်စရာအလုပ်များ၏။ လူငယ်တို့အမှုတော်မြတ်တွင်ပါဝင်ရန် ပညာပေးရမည်။ သန့်ရှင်းသောဝိညာဉ်တော်မှုတ်သွင်းသဖြင့် ရေးသား ထားသောစာအုပ်များကိုရောင်းချရန် လူငယ့်အင်အားလို၏။ ဓမ္မစာပေ အမှုတော်ဆောင်များဖြစ်လာရန် သူတို့ကိုပညာပေးရမည်။ ဤဖတ်စရာ စာအုပ်စာပေတို့သည် ခရစ်ယာန်တရားတော်ကြားနာဖို့ရန် အလှမ်း ဝေးကွာလှသောသူများထံသို့ရောက်ရှိစေရမည်။ ဤကား ဧဝံဂေလိ ဓမ္မဆရာ၏အလုပ်ပေတည်း။

သခင်ခရစ်တော်သည် ကမ္ဘာအဝှမ်းဆီသို့အမှန်တရားကို သယ်ဆောင်သွားမည့် ကိုယ်ကျိုးစွန့်ဝန်ထမ်းလူငယ်တို့အား ဖိတ်ခေါ် နေ၏။ ဝိညာဉ်ရေးတွင် ခံနိုင်ရည်ရှိသူများ၊ လုပ်ငန်းကိုပီပြင်စွာပြီး မြောက်စေနိုင်ကြသူများ၊ ခေတ်အခါက တောင့်တနေသောအားမာန် သစ်ကိုဖြည့်ဆည်းလိုကြသူများကို အသင်းတော်ကအလိုရှိနေပါသည်။ ထိုသူတို့သည် အရေအတွက်မဟုတ်၊အရည်အချင်းပြည့်သောပုဂ္ဂိုလ်များ

ဖြစ်ကြသောကြောင့် အမှားနှင့်အဆိုးကိုအကောင်းအားဖြင့် အနိုင်ယူ အောင်မြင်ကြသူများဖြစ်ကြပါ၏။ ခရစ်တူချစ်ခြင်းမေတ္တာနှင့်သခင်၏ အမှုတော်မြတ်ကို စိတ်အားထက်သန်စွာထမ်းရွက်သွားမည့်သူများဖြစ် ကြပါသည်။

## လုပ်သားများရာနှင့်ချီ၍လိုနေ၏

ထာဝရဘုရားသခင်သည် ဓမ္မစာပေဧဝံဂေလိအမှုတော်ဆောင် များတိုးပွားအံ့သောငှာ ထိုစိတ်သဘောကိုလူငယ်လူရွယ်တို့၌ နှိုးဆော် ပါစေသော်။ ဤလုပ်ငန်းအားဖြင့် ထာဝရဧဝံဂေလိသတင်းစကားမကြား သိနိုင်ကြသော ထောင်နှင့်ချီသည့်လူများထံသို့ရောက်ရှိစေရမည်။ အချိန်ကား တိုတောင်းလှ၏။

ဘယ့်အတွက်ဘယ်ကြောင့် ထာဝရဘုရားသခင်ကိုရှာဖွေဖို့ရန် ပိုမို၍စိတ်အားမထုတ်ကြပါသနည်း။ ဧကန်စင်စစ် သန့်ရှင်းသောဝိညာဉ် တော်သည် လုပ်သားများစွာတို့အပေါ်သို့သက်ရောက်ကာ သမ္မာတရား သတင်းစကားကိုတန်ခိုးပါလျက် အံ့ဖွယ်အမှုများဖြင့် ပိုမိုခိုင်လုံ စေပါလိမ့်မည်။ ကျွန်ုပ်တို့လုပ်ဆောင်ဖို့လိုသည်မှာ အသင်းတော် စာပုံနှိပ်တိုက်မှထုတ်ဝေလိုက်သော စာအုပ်စာပေအလင်းရောင်သည် နေရာအနှံ့ထွန်းလင်းရန်ဖြစ်၏။ တရားဟောဆရာများမရောက်နိုင်သော နေရာများသို့ ထိုစာပေအလင်းသည် ရောက်ရှိရလိမ့်မည်။ ဤလုပ်ငန်း သည် ကောင်းချီးအရဆုံးခရစ်ယာနသာသနာပြုလုပ်ငန်းတစ်ခုဖြစ်၏။ ဓမ္မစာပေအမှုတော်ဆောင်များသည် ထာဝရဘုရားသခင်၏သမ္မတရား အလင်းကို အိမ်တိုင်းသို့ဝင်ရောက်ရန် ကူညီပေးသော ကူဖေါ်လောင်ဖက် မိတ်ဆွေများဖြစ်ကြပါသည်။

ဓမ္မစာပေအမှုတော်ဆောင်များသည် ဓမ္မစာပေများအားဖြင့် ကမ္ဘာ့နေရာအနှံ့လွှမ်းခြုံထားသောအမှောင်ထုကိုခွင်း၍ အလင်းဆောင်မည့်သူများဖြစ်လေရာ ထိုပုဂ္ဂိုလ်များကိုအားပေးသင့်လေ၏။ ဘုရားသခင်ပေးစွမ်းရည်များ၊ အောင်မြင်မှုစွမ်းပကားများတို့ကို အဘယ်သူမျှထိမ်ဖုက်ထားခြင်းမပြုအပ်ပါ။ ထာဝရဘုရားသခင်၏အသုံးတော်ခံများအဖြစ်သခင်ယေရှုနှင့်ပူးပေါင်းကာ အပြစ်မကောင်းမှုနှင့်မှောင်မိုက်နေသော ဤကမ္ဘာကြီးအား ကောင်းကင်ဘုံအလင်းဆောင်ရန်ဖြစ်ပါသည်။

## အသင်းတော်ကိုယ်စီမှအမှုတော်ဆောင်များ

ထာဝရဘုရားသခင်သည် အသင်းတော်တိုင်းမှအသင်းသူအသင်းသားများကို မိမိ၏အမှုတော်မြတ်တွင် ဓမ္မစာပေဧဝံဂေလိအမှုဆောင်အဖြစ်ပါဝင်လုပ်ဆောင်ရန် ဖိတ်ခေါ်လျက်နေ၏။ ဘုရားသခင်သည် မိမိ၏အသင်းတော်ကိုချစ်ပါသည်။ အကယ်၍သာ အသင်းသူအသင်းသားများသည် ကိုယ်တော်၏အလိုကိုဆောင်ကလည်းကောင်း၊ အမှောင်ကမ္ဘာတွင်ရှိသူများကိုအလင်းဝေမျှရန် ကြိုးစားလုပ်ဆောင်ကလည်းကောင်း ကိုယ်တော်သည် ထိုသို့လုပ်ဆောင်သူများအား ကြီးမားသောကောင်းချီးမင်္ဂလာကိုပေးပါလိမ့်မည်။ အသင်းတော်သည် ဤကမ္ဘာလောကကြီး၏အလင်းဖြစ်သည်မဟုတ်လော။ အသင်းတော်၏သစ္စာရှိသောအစေခံလုပ်ရှားဆောင်ရွက်မှုကြောင့် မရေမတွက်နိုင်သောသန့်ရှင်းသူတို့သည် ဘုရားသခင်၏သားသမီးများအဖြစ် ထာဝရဘုန်းစည်းစိမ်ကိုခံစားရကြပါလိမ့်မည်။ ထာဝရဘုရားသခင်၏အာဏာတော်တည့်ရှိရာနေရာတိုင်းသည်လည်း ကိုယ်တော်၏ဘုန်းတန်ခိုးတော်နှင့်ပြည့်ဝနေပါလိမ့်မည်။ သို့ဖြစ်၍ ဤသို့ကိုယ်တော်အစီအစဉ်နှင့်ကတိတော်

ထားရှိပြီဖြစ်သောကြောင့် အသင်းတော်သည် အားမာန်အပြည့်နှင့် ဝိညာဉ်တော်၏သဘောဆောင်လျက် နာမတော်ကိုချီးမြှောက်ကာ ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကိုပူဇော်လျက် ကမ္ဘာအနှံ့ခရစ်ယာန်သာသနာ ဖြန့်သင့်ပြီမဟုတ်ပါလော။

## ယုံကြည်သူတိုင်းပါဝင်ရပါမည်

ယုံကြည်သူတိုင်းသည် ယနေ့အတွက်သတင်းစကားပါဝင်သော စာအုပ်စာပေ၊ ဇာစောင်၊ ဝေစာရှိသည်တို့ကိုနွေကာလရော်ရွက်များ နေရာအနှံ့ပြန့်ကျဲဝေဆာနေသကဲ့သို့ ကြဲဖြန့်ဝေငှကြပါစို့။

## အခြေခံလူတန်းစားများ

ယခုခေတ်ကာလသည် ဧဝံဂေလိသတင်းစကားဟောကြားချိန် ၏နောင်းခေတ်ဖြစ်၏။ ထိုခေတ်ကိုနိဂုံးချုပ်ရန် အသင်းတော်ရှိအခြေခံ လူတန်းစားတို့ပါဝင်ကူညီရန် အထူးလိုအပ်လာလေသည်။ သက်ကြီး ရွယ်အို၊ လူငယ်လူရွယ်တို့သည် လယ်ယာမှသော်လည်းကောင်း၊ စပျစ် ဥယျာဉ်များမှသော်လည်းကောင်း၊ စက်ရုံအလုပ်ရုံများမှသော်လည်းကောင်း ထွက်လာ၍ သခင်၏နောက်ဆုံးသတိပေးဧဝံဂေလိသတင်းစကားကို လက်ဆင့်ကမ်းကြွေးကြော်ဝေငှရန်အချိန်သည် ကျရောက်လာလေပြီ။ ထိုသူတို့သည် လောကပညာနည်းကောင်းနည်းမည်။ သို့သော် သခင် ခရစ်တော်သည် မိမိ၏ရည်ရွယ်ချက်အကောင်အထည်ဖော်နိုင်မည့် စွမ်းဆောင်ချက်ကို သူတို့၌မြင်တော်မူ၏။ ထိုသူတို့သည် အလုပ်တွင်

စိတ်ဝင်စား၍ သွန်သင်မှုကိုနည်းခံအံ့။ ကိုယ်တော်၏အမှုတော်မြတ်အတွက် သခင်သည် သူတို့အားလိုအပ်သလိုဖြည့်ဆည်းပေးတော်မူပါလိမ့်မည်။

## ဘုရားသခင်၏ကောင်းချီးမင်္ဂလာကတိတော်

အသင်းတော်၏ခရစ်ယာန်သာသနာပြုလုပ်ငန်းတွင် ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်မှထုတ်ဝေသောလက်ကမ်းစာစောင်ငယ်မှအစ၊ ဖောအုပ်စာပေကြီးငယ်အပေါင်းကိုဖြန့်ဖြူးရပါမည်။ သင်တို့၌အချိန်မရှိပါ။ အလုပ်များနေသည်ဟု အဘယ်သူမျှမထင်မှတ်စေနှင့်။ အချိန်နည်းပါကလည်း ရှင်လန်းစွာဆက်ကပ်လိုက်ပါ။ ထာဝရဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် သင့်အပေါ်သို့သက်ရောက်ပါလိမ့်မည်။ ယနေ့ကာလအချိန်မျိုးထက် ဘုရားသခင်အမှုတော်ဆောင်များစွာလိုအပ်နေသည့်အချိန်မျိုးမရှိခဲ့ပြီ။ သို့ဖြစ်၍ လူတိုင်း၏အလုပ်တွင်ပါဝင်နိုင်ရန် မိမိကိုယ်ကိုပညာပေး၊ စည်းကမ်းပေးပါ။ အသင်းတော်တိုင်းသည် ခရစ်ယာန်သာသနာဖြန့်ရပါမည်။ ဤကား လူတိုင်း၏တာဝန်ပင်မဟုတ်ပါလော။

## သင်ဘာပြောရမည်ကိုသခင်ခရစ်တော်သွန်သင်ပေးလိမ့်မည်

အများသောသူတို့သည် ဝမ်းနည်းခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်း၊ ယုံကြည်မှုအားနည်းခြင်းရှိကြပါသည်။ ထိုသူတို့သည် တစ်ပါးသူကိုအကူအညီပေးခြင်းဖြင့် ထာဝရဘုရားသခင်၌သူတို့သည် အားကြီးလာပေလိမ့်မည်။ ကျွန်ုပ်တို့၏စာအုပ်စာပေများကို ထိုသူတို့အားရောင်းချစေပါ။ သူတစ်ပါးကို ဤနည်းဖြင့် ကူညီမစသကဲ့သို့ မိမိတို့သည်လည်း

ထာဝရဘုရားသခင်၏အသုံးတော်ခံကူဖော်လောင်ဖက်မိတ်ဆွေများဖြစ်ကြောင်းမြင်တွေ့လာပေလိမ့်မည်။ သူတို့ကိုကူညီပါရန် ထာဝရဘုရားသခင်ထံအော်ဟစ်တိုင်း ထာဝရဘုရားသခင်သည် ထိုသူတို့ကိုအလင်းတရားရှာဖွေနေသူများထံသို့ပို့ဆောင်ပေးလိမ့်မည်။ သခင်ခရစ်တော်သည် သူတို့အနားတွင်ရှိ၍ ဘယ်လိုပြော၊ ဘယ်လိုလုပ်ရမည်ကိုသွန်သင်ပေးပါလိမ့်မည်။ သူတစ်ပါးကိုနှစ်သိမ့်အားပေးခြင်းဖြင့် မိမိတို့လည်း နှစ်သိမ့်မှုကိုခံစားရလေ၏။

## ကောင်းကင်တမန်များအဖော်ပြု၍လမ်းရှင်းပေးခြင်း

ခရစ်ယာန်အမှုတော်ဆောင်များသို့ အကျွန်ုပ်ပြောကြားလိုသည်မှာ ဘုရားသခင်မှာကြားထားသောသတင်းစကားပါသည့်စာအုပ်စာပေတို့ကို ကမ္ဘာအနှံ့ဖြန့်ကြဲစေပါ။ အိမ်တိုင်းသို့ရောက်ရှိစေပါ။ ယုံကြည်သူများ စုပေါင်းလျက် ထိုအမှုကိုပြုက ထိုသတင်းလျင်မြန်စွာပျံ့နှံ့သွားနိုင်၏။ ဘုရားသခင်၏ညွှန်ကြားလမ်းပြမှုကိုဝန်ခံလျက် အလုပ်ပွားလျှင်လည်းကောင်း၊ အကူအညီတောင်းခံလျှင်လည်းကောင်း သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အားကူညီပါလိမ့်မည်။ ကောင်းကင်တမန်များသည် သင့်ကိုအဖော်ပြု၍ သင်၏လမ်းခရီးကိုပြင်ဆင်ပေးပါလိမ့်မည်။

## ဆက်ကပ်ပူဇော်မှုကိုထာဝရဘုရားသခင်တောင်းဆို၏

ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိ၍ ဘုရားသခင်၏သဘောတော်ကိုထင်ရှားစေသောဓမ္မစာပေအမှုတော်ဆောင်များ၊ ဓမ္မဝန်ဆောင်ဆရာများ၊ ခရစ်ယာန်သာသနာပြုများကိုလိုအပ်နေပါ၏။ ဘုရားသခင်

နှင့်စကားပြော၍ လူတို့နှင့်အလိုတော်နှင့်အညီဆက်ဆံသောအမှုတော်ဆောင်များကိုလိုအပ်နေပါသည်။ ဧဝံဂေလိဓမ္မသာသနာအမှုတော်ဆောင်များတွင် လုပ်ငန်းစုဌာနပိုင်းဆိုင်ရာအချင်းချင်းစိတ်ဝမ်းကွဲပြားခြင်းဖြင့် ဘုရားသခင်အမှုတော်မြတ်တိုးတက်မှုထိခိုက်ပုံကို ကျွန်ုပ်မြင်တွေ့ရသဖြင့် စိတ်ထိခိုက်မိပါသည်။ သို့ဖြစ်၍ ဓမ္မစာပေဖြန့်ချိရေးအလုပ်တွင် ပါဝင်ထမ်းရွက်နေသူတို့လုပ်ငန်းကိုစွန့်ခွာမသွားကြပါရန် ကျွန်ုပ်သတိပေးလိုပါသည်။ ထာဝရဘုရားသခင်ခေါ်ယူရွေးချယ်ခြင်းခံရသူတို့သည် မိမိတို့လုပ်ဆဲဧဝံဂေလိသာသနာလုပ်ငန်းကို အခြားစီးပွားရေးလုပ်ငန်းနှင့်မရောနှောပါစေနှင့်။ ဝိညာဉ်ရေးအဆင့်ကိုမနိမ့်ကျပါစေနှင့်။ ထာဝရဘုရားသခင်သည် ယနေ့အတွက်အမှန်တရားကိုယုံကြည်ကြွေးကြော်နေသူအမှုတော်ဆောင်တိုင်းအား မိမိတို့၏ခန္ဓာ၊ ဝိညာဉ်၊ သဘောထားအားလုံးကိုဆက်ကပ်ပူဇော်၍ ပတ်ဝန်းကျင်ရှိပျက်စီးနေသောအသက်ဝိညာဉ်များကိုရှာဖွေကြပါရန် အလိုတော်ရှိလေသည်။

## မြို့နေဓမ္မစာပေအမှုတော်ဆောင်များလိုအပ်နေခြင်း

ယနေ့အတွက် သမ္မာတရားအလင်းဆောင်သောစာအုပ်စာပေကြီးငယ်တို့သည် ဓမ္မစာအုပ်တိုက်များ၊ စာပုံနှိပ်တိုက်များတွင်စုပုံ၍နေ၏။ ထိုစာအုပ်များကိုဖြန့်ချိရပါမည်။ မြို့ကြီးများရှိနေအိမ်များသို့အမှုတော်ဆောင်များသည် တစ်အိမ်တက်ဆင်းပြုက အသက်မုန့်ကိုဆာငတ်နေသူများ၊ နှစ်သိမ့်စကားကြားနာလိုသောသူများကိုတွေ့ဆုံရပါလိမ့်မည်။ ဤတွင် ဓမ္မစာပေအမှုတော်ဆောင်သည် အသက်ဝိညာဉ်များကယ်ဆယ်လိုစိတ်ရှိဖို့လိုအပ်ပါသည်။ ကျွန်ုပ်သည်တရားဟောဆရာမဟုတ်၊ တရားမဟောနိုင်ပါဟု သင့်အနေဖြင့်ပြောကောင်းပြောမည်။

ဤသို့မပြောပါနှင့်။ သင်သည်တရားဟောဆရာမဟုတ်သော်လည်း တရားဟောဆရာအလုပ်ကိုလုပ်နိုင်ပါ၏။ သင်နှင့်တွေ့ဆုံသူအား ခရစ်တော်ယေရှု၏မေတ္တာတော်အကြောင်းကြားပြောနိုင်၏။ သင်သည် ဝမ်းမြောက်ဖွယ်သတင်းဖြန့်သူဖြစ်နိုင်ပါသည်။ ဘုရားသခင်၏အကူ လက်တစ်ဖက်တော့ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ လူငယ်လူရွယ်၊ ပျိုရွယ် မောင်မယ်အပေါင်းတို့၊ သင်တို့သည်သခင့်အစေကိုခံရန် ကိုယ်တော်ခေါ် ဖိတ်နေပါသည်။ ယခုခေတ်သည် စစ်မှန်သောဧဝံဂေလိတရားငုတ်မွတ် နေချိန်မဟုတ်ပါလော။

## အမှုတော်ဆောင်များလမ်းမကြီးမှသည်လမ်းကြိုလမ်းကြားမကျန် သွားရန်လို၏

ကမ္ဘာကြီးနှင့်လောကဓါတ်တစ်ခုလုံးသည်များမကြာမီ ပျက်စီး ရတော့မည်။ ဤသည်ကိုဘုရားသခင်၏အမှုတော်မြတ်နှင့်ကင်းဝေးနေ သူတို့နှင့်တရားအလင်းမရရှိထားသူတို့ခွဲခြား၍ မမြင်နိုင်ပေ။ အမှုတော် မြတ်၌ ဆက်ကပ်ကြသူများသည် တရားတော်သတင်းဆောင်ရန် လမ်းမကြီးမှစ၍ လမ်းကြိုးလမ်းကြားသို့တိုင်သွားရောက်သက်သေခံဝေမျှ ကြရန် သင့်ပါ၏။ သင်တို့သည် ထာဝရဘုရားသခင်၏ပြောရေးဆိုခွင့် ရှိသူများဖြစ်ကြပါ၏။ ပျက်စီးနေသောသူတို့အား မေတ္တာဖြင့်သမ္မာတရား ကိုပြောကြားရပါမည်။ သခင်ခရစ်တော်သည် "လမ်းမလမ်းကြားသို့ သွား၍ တွေ့သမျှသောသူတို့ကိုပွဲသို့ဖိတ်ခေါ်ကြ" ဟုမိန့်တော်မူသော အခါ ယခုကာလလူသားတို့အတွက်ဆိုလျှင် ဓမ္မစာပေအမှုတော်ဆောင် များကိုပြောဆိုနေခြင်းအဟုတ်လော။ သို့ဖြစ်၍ ခရစ်တော်ကိုချစ်သော

စိတ်နှင့်ဓမ္မစာပေအမှုဆောင်သည်  မင်းကြီး၏ထိမ်းမြားမင်္ဂလာညစာစားပွဲသို့တက်ရောက်ကြပါရန်  နေရာအနှံ့လူအများကိုဖိတ်ခေါ်ရန်သွားလာရပါမည်။  ဖိတ်ခေါ်ခံရသူတို့တွင်  ငွေကြေးရတတ်သူများ၊ ဩဇာတန်ခိုးကြီးမားသူများတုံ့ပြန်လာကြပါလိမ့်မည်။  တချို့လည်းငြင်းပယ်ကြလိမ့်မည်။  အားလုံးမငြင်းပယ်၍  ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။

ထောင်ပေါင်းများစွာသောသူတို့သည်  မိမိတို့၏သက်ရှင်နေထိုင်သောအချိန်အခါ၏အဆုံးပိုင်းကိုသတိပြုမိကြ၏။  အမှုတော်ဆောင်များအနေဖြင့်လည်း  တစ်အိမ်တက်တစ်အိမ်ဆင်းအမှုတော်ဆောင်ရန်နှင့်လယ်ခင်းမှည့်နေပြီဖြစ်၍  ရိတ်သိမ်းသူများစွာလိုအပ်နေကြောင်းသတိထားမိ၏။  အမှန်တရားမသိသူများစွာလည်းရှိနေသေး၏။  ထိုသူတို့သည်သခင်ယေရှု၏ဖိတ်ခေါ်သံကိုကြားသိဖို့လိုအပ်ပါသည်။ဝမ်းနည်းသူတို့ရွှင်လန်းကြစေရန်၊  အားနည်းသူတို့ခွန်အားနှင့်ပြည့်ဖြိုးစေရန်၊  မြည်တမ်းသူတို့နှစ်သိမ့်မှုရှိရန်  ဧဝံဂေလိသတင်းစကားသည်  သူဆင်းရဲများထံကြွေးကြော်ရကြမည်မဟုတ်လော။

သခင်သည်  မိမိ၏စပျစ်ဥယျာဉ်တော်တွင်အမှုဆောင်နေကြသောသူတို့ကိုကြည့်ရှုလျက်  သိမြင်တော်မူ၏။  ဤတွင်  ကိုယ်တော်သည်  အသင်းတော်ကိုနိုးကြားစေလျက်  ဤအခြေအနေနှင့်ရင်းနှီးယဉ်ပါးစေရန်  အလိုတော်ရှိ၏။  ထိုလုပ်သားတို့သည်  ကိုယ့်စီးပွားကိုမရှာ၊ ခရစ်ယာန်သာသနာတော်ထွန်းကားရေးကိုကြီးပွားစေလိုကြသူများဖြစ်ကြပါ၏။

နွေဦးရာသီရော်ရွက်များကြွေသကဲ့သို့စာအုပ်များကိုပြန့်ကျဲစေလော့

ဤအလုပ်ကိုအဆုံးသတ်ရပေတော့မည်။  အဆုံးသည်နီးလာပြီ။ အချိန်ကောင်းများလွန်သွားခဲ့ပြီ။ဤစာအုပ်များကိုရပ်နီးရပ်ဝေးဖြန့်ချိရမည်။

နွှေဦးရာသီရောက်ရှက်များကဲ့သို့ပြန့်ကျဲစေပါ။ ဤအမှုကိုအဘယ်သူမျှ မဟန့်တားစေနှင့်။ ခရစ်တော်မဲ့နှင့်ဝိညာဉ်များပျက်စီးရလေပြီ။ ကိုယ်တော်ကြွလာလုနီးကြောင်း ထိုသူတို့ကိုသတိပေးကြပါစို့။ မှန်ပေ၏။ ကိုယ်တော်သည် ကောင်းကင်ဘုံမှမိုးတိမ်စီး၍ ကြွဆင်းလာတော်မူပါလိမ့်မည်။

## တစ်ဦးမဟုတ်၊ တစ်ရာရှိသင့်ပါသည်

ထာဝရဘုရားသခင်၏သိုးခြံဝင်းမှ ပျောက်ဆုံးနေသောသိုးများစွာသည် နေရာအနှံ့ပြန့်ကျဲလျက်ရှိနေကြပါ၏။ ထိုသိုးများကိုရှာဖွေရန်အလုပ်ကိုလူတို့သည် အရေးမစိုက်ဘဲလျစ်လျူရှုနေကြပါသည်တကား။ အကျွန်ုပ်ရရှိသောမြင်ခြင်းအရပြောရပါသော်၊ ဓမ္မစာပေဖြန့်ချိရောင်းချသူအမှုတော်ဆောင်တစ်ဦးရှိသောနေရာတွင် တစ်ရာရှိသင့်ပါသည်။

## အောင်မြင်ခြင်းအာမခံချက်

ဤဓမ္မစာပေဖြန့်ချိရေးဧဝံဂေလိသာသနာလုပ်ငန်းသည် ကြီးကျယ်၍ကောင်းမြတ်၏။ လုပ်ဆောင်သူကိုထာဝရဘုရားသခင်သည် လိမ္မာပါးနပ်၍ စွမ်းဆောင်နိုင်သောတန်ခိုးကိုပေး၏။ ဘုရားသခင်ပေးစွမ်းရည်များနှင့်ကျမ်းစာမူစည်းကမ်းများကိုပေါင်းစပ်ကာ ဘုန်းတော်ထင်ရှားစေက ဧကန်အမှန်အောင်မြင်ရပါလိမ့်မည်။ အရှုံးမဲ့သခင်ကိုယုံကြည်အားကိုးပါ။

---ooo---

## အမှုတော်မြတ်အတွက်ဝန်ထမ်းစိတ်ရှိကြသူများ

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်သည်ခရစ်ယာန်သာသနာ အလုပ်ဖြစ်၏။ ခရစ်ယာန်သာသနာရှုထောင့်မှကြည့်မြင်ရပါမည်။ သို့ဖြစ်၍ ဓမ္မစာပေအမှုတော်ဆောင်ကိုရွေးချယ်ခန့်အပ်ရာ၌ ခရစ်ယာန်သာသနာ ဝန်ထမ်းအသိစိတ်ရှိသူဖြစ်ရမည်။ စီးပွားရေးမဆန်ရ။ တစ်ပါးသူကို အလင်းတရားပေးရန်ဖြစ်သည်။ လုပ်ဆောင်မှုအပေါင်းတို့သည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်နှင့် အမှောင်ထုတွင်ရှိကြကုန် သောသူတို့ကို သမ္မာတရားအလင်းပေးရန်ဖြစ်၏။ ထို့ကြောင့်တစ်ကိုယ်ကောင်း သဘောမကြီးအပ်ပါ။ ကိုယ်ကျိုးမရှာအပ်ပါ။ ဂုဏ်အသရေ၊ ရာထူး ရာခံကို မျှော်မှန်းသောစိတ်နှင့်လည်းမလုပ်ရပါ။

## အမှုတော်ဆောင်များရွေးချယ်ရာတွင်သတိပြုအပ်ခြင်း

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်သည် အများကထင်မှတ်သည် ထက်ပိုမို၍အရေးကြီး၏။ ခရစ်ယာန်သာသနာ့ဓမ္မဝန်ဆောင်တရားဟောဆရာ ကိုရွေးချယ်ရာ၌ ပညာသတိရှိအပ်သကဲ့သို့တည်း။ လူငယ်လူရွယ်တို့သည် ခရစ်ယာန်သာသနာမှအကျိုးကိုရယူဖို့ထက် ခရစ်ယာန်သာသနာအကျိုးသယ် ပိုးရန် ဘာလုပ်နိုင်သည်ကို အာရုံပြုလုပ်ဆောင်သင့်သည်။ ကိုယ်ကျိုးကို ငြင်းပယ်လျက် မိမိကိုယ်ကိုဆက်ကပ်ကာ စံနှုန်းတင်၍ လူနှင့်ဘုရားသခင် ကိုချစ်သောစိတ်နှင့်အမှုတော်မြတ်ကိုထမ်းရွက်ပါ။ ဆင်းရဲခြင်းနှင့်အခက်

အခဲဟူသည်ပဓါနမဟုတ်။ အကျိုးအမြတ်ရယူဖို့သည်လည်းပဓါနမဟုတ်။ ဓမ္မစာအုပ်စာပေတို့တန်ဖိုးကြီးသတင်းကောင်းကို တစ်ပါးသူတို့ထံဝေငှ ဖြန့်ချိလိုသော စေတနာစိတ်နှင့်သာ ရဲဝံ့စွာချဉ်းကပ်လုပ်ဆောင်ပါလေ။

သက်ဆိုင်ရာတာဝန်ရှိ ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်တို့သည်လည်း ဓမ္မစာပေအမှုတော်ဆောင်ကိုရွေးချယ်ရာ၌ စနစ်ကျသင့်သည်။ ခရစ်ယာန်သာသနာတော်ကို အကောင်းဆုံး ကိုယ်စားပြုနိုင်မည့်သူကိုရွေးချယ်ရမည်။ သစ္စာရှိသောအမှုတော်ထမ်းတို့ကိုလည်း လစာကောင်းကောင်းပေးပါ။ သို့သော် ငွေနှင့်မျှားခေါ်သည်ဆိုသောအဖြစ်မျိုးမရှိစေရ။ သခင့်အစေခံလိုသော စိတ်သည် ငွေကြေးကိစ္စကြားရဖန်များသော် စိတ်နာတတ်သည်။ အောင်မြင်သောအမှုတော်ဆောင်ဖြစ်ရန် လိုအပ်သောအရည်အသွေးနှင့် ခရစ်ယာန်သာသနာပြုစိတ်ဓါတ်မျိုးသွတ်သွင်းပေးနိုင်ရန် နည်းလမ်းဆောင်ကိုပေါ့ပါးဖျတ်လတ်စေ၏။ ခရစ်ယာန်သာသနာအလင်းဆောင်ရန် တစ်အိမ်တက်တစ်အိမ်ဆင်းစာပေဖြန့်ဖြူးရမည်ကို အခွင့်အရေးတစ်ခုဟုမှတ်ယူတတ်သည်။ ထိုလုပ်ငန်း အောင်မြင်ရေးအတွက် သူသည်ပီပြင်စွာလေ့လာမည်၊ စီမံကိန်းချမည်၊ ဆုတောင်းမည်ဖြစ်၏။

## အချို့အမှုတော်ဆောင်များသည် အချင်းချင်းထက်ပိုမို၍ လိမ္မာပါးနပ်သည်

အချို့သောသူများသည် အခြားသူများထက်ပို၍ အလုပ်လုပ်ရာတွင် ကျွမ်းကျင်မှုလျင်မြန်သည်။ သို့ဖြစ်၍ လူတိုင်းသည် စာအုပ်ရောင်းသမားတစ်ဦးမဖြစ်နိုင်ပါ။ လူတချို့၌ ဤအလုပ်မျိုးအတွက် အထူးကျွမ်းကျင်လိမ္မာမှုမရှိပါ။ သို့သော် ထိုသူတို့ကိုယုံကြည်ခံယူချက်မရှိ၊

ပျင်းရိသူများဟုမမှတ်ယူအပ်ပါ။ ထာဝရဘုရားသခင်၏တောင်းဆိုချက်များသည် သဘာဝကျ၏။ အကျိုးအကြောင်းညီညွတ်၏။ အသင်းတော်သည် ပန်းမျိုးစုံနှင့်လှိုင်လှိုင်ပွင့်၍ ဝေဆာနေသောဥယျာဉ်တစ်ခုနှင့်တူ၏။ ပန်းတစ်ပွင့်စီ၌ထူးခြားသောအဆင်းရှိလေသည်။ အမျိုးအမည်ကွဲပြားခြားနားသော်လည်း ပန်းတစ်ပွင့်စီ၌ထူးဆန်းသောအဆင်းရှိသကဲ့သို့ တန်ဖိုးရှိလေ၏။

အလားတူလူတို့သည် တစ်ဦးနှင့်တစ်ဦးမတူနိုင်ကြ။ ခြားနားသောဒေသနှင့်ယဉ်ကျေးမှုရှိရာ၌ ညီညွတ်လျော်ကန်သောသူကို ထာဝရဘုရားသခင်သည် စေလွှတ်တော်မူ၏။ လူကြံစည်၍ ဘုရားသခင်နေရာချပေးသည်မဟုတ်လော။ သို့ဖြစ်၍ လူသားအချင်းချင်းတစ်ဖက်သား၏ဆန္ဒသဘောကိုကျော်လွန်ဆန့်ကျင်၍ တာဝန်ကိုမစေခိုင်းသင့်ပါ။ အကြံပြုခြင်း၊ စီမံပေးခြင်းကားသင့်လျော်မှန်ကန်ပါ၏။ သို့သော်လူတိုင်းသည် မိမိ၏အရေးနှင့်ဆန္ဒသဘောထားကိုထာဝရဘုရားသခင်ထံတင်ပြတောင်းခံရှာဖွေအပ်ပေသည်။

လူငယ်လူရွယ်တို့သည် ဘုရားသခင်၏အမှုတော်မြတ်၌ ဓမ္မဝန်ဆောင်တရားဟောဆရာအဖြစ်သော်လည်းကောင်း၊ ကျမ်းစာသင်ဆရာအဖြစ်သော်လည်းကောင်း၊ ဓမ္မစာပေဖြန့်ချိသောအမှုတော်ဆောင်အဖြစ်သော်လည်းကောင်း လွတ်လပ်စွာရွေးချယ်လုပ်ကိုင်နိုင်၏။ သူတစ်ပါးကြိုးကိုင်၍ ကရသောရုပ်သေးမျိုးမဖြစ်စေရပါ။ စက်ယန္တရားကဲ့သို့လည်း ပုံသေလည်ပတ်နေရသည်မျိုးမဖြစ်သင့်ပါ။

## နာမည်ကောင်းရသူ၊ လိမ္မာပါးနပ်၍ အမြော်အမြင်ကြီးသူများ

သာသနာပြုလိုသူများကိုနေရာအနှံ့တွင်လိုအပ်နေ၏။ ခရစ်ယာန်သာသနာမြေတိုင်းတွင်ဓမ္မစာပေအမှုတော်ဆောင်များထားရှိရပါမည်။ ထိုသူ

တို့သည် ဦးတည်ရည်ရွယ်ချက်မရှိသူများ၊ လူ့အသိုက်အဝန်းတွင်ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားသူများမဖြစ်စေရ။ သို့သော် အောင်မြင်ရလိမ့်မည်ဟူသောစိတ်ထားနှင့်လူသား။ နာမည်ကောင်းရထားသူ၊ အကင်းပါး၍အမြော်အမြင်ကြီးရင့်သူ၊ စွမ်းရည်သတ္တိနှင့်ပြည့်ဝသူများဖြစ်ရပါမည်။ ထိုလူမျိုးသည် အောင်မြင်သောဓမ္မစာပေအမှုတော်ဆောင်များဖြစ်သည်။ ထူးချွန်သူကိုတာဝန်ရှိပုဂ္ဂိုလ်များကလျှော့တွက်ကြသဖြင့်လည်းကောင်း၊ မြှောက်ပင့်ပြောဆို၍လည်းကောင်း ရိုးလုပ်ငန်း၌သာလုပ်ဖို့ကောင်းသည်ဟုဆိုကာ လယ်ပြင်၌စပါးဝင်းမှည့်နေသော်လည်း လုပ်သားအင်အားအညွန့်ချိုးလိုက်ခြင်းဖြင့် ဓမ္မစာပေအမှုတော်ကိုသေးသိမ်စေ၏။ အမှန်အားဖြင့် ထိုသူတို့သည် လိုင်စင်ရဓမ္မဆရာများဖြစ်နိုင်၍ အိမ်ထောင်မိသားစုများစွာကို ခရစ်ယာန်သာသနာပြုလည်ပတ်ခြင်းအကြိမ်ပေါင်းများစွာနှင့် ဝိညာဉ်တန်ခိုးပါလျက်လုပ်ကိုင်နိုင်၏။ သို့ရာတွင် အုပ်ချုပ်ရေးကိုင်တွယ်သူတို့၏အားနည်းမှုကြောင့် စပါးရိတ်သိမ်းစရာနယ်မြေများစွာရှိပါလျက် ရိတ်သိမ်းသူများနည်းပါးရလေသည်။ ထိုလုပ်ငန်းကိုလည်း လျစ်လျူရှုထားနိုင်ကြလေသည်။ စွမ်းရည်ထက်သောဓမ္မစာပေအမှုတော်ဆောင်နှင့်သစ္စာရှိဆက်ကပ်လုပ်ဆောင်သောဓမ္မဝန်ဆောင်တို့အား လုံလောက်သောမိသားစုစားစရိတ်ကိုထောက်ပံ့သင့်ပါသည်။ ထိုသူတို့သည် မိမိတို့၏ခရစ်ယာန်သာသနာလုပ်ငန်းခွင်တွင် ပူးပေါင်းလုပ်ဆောင်ပါသော် ခရစ်ယာန်သာသနာအကျိုးများမည်မှာ ဧကန်မုချတည်း။

## အကောင်းဆုံးစွမ်းရည်ကိုပိုင်ဆိုင်ထားကြသူများ

လူတိုင်းသည် ဓမ္မစာပေဖြန့်ချိရေးလုပ်ငန်းနှင့် မသင့်လျော်ပေ။ စွမ်းရည်ထက်မျက်၍ လုပ်ရည်ကိုင်ရည်ရှိကြသူများသည် ဤအလုပ်ကို

နားလည်သဘောပေါက်၍ စည်းကမ်းစနစ်နှင့်ဝီရိယရှိစွာလုပ်ဆောင်သွားလိုသူများသာ သင့်လျော်သောသူများဖြစ်ကြ၏။ ထိုသူတို့ကိုရွေးချယ်ပါ။ လုပ်ငန်းကိုစီမံကိန်းချ၍ သစ္စာရှိစွာအကောင်အထည်ဖော်လုပ်ဆောင်သွားပါ။ နေရာအနှံ့ရှိအသင်းတော်တိုင်းသည် ဤခရစ်ယာန်သာသနာလုပ်ငန်းကို စိတ်ဝင်စားသင့်ပါသည်။

## ဘာသာရေးအတွေ့အကြုံရှိရန်လို၏

ယနေ့အတွက်အမှန်တရားပါဝင်သောစာအုပ်စာပေတို့ကို ဖြန့်ဖြူးရောင်းချရန် ခရစ်ယာန်လူငယ်လူရွယ်များကိုသာရွေးချယ်သင့်၏။ ယုံကြည်ခံယူချက်နှင့် ဘာသာရေးအတွေ့အကြုံမရှိသူဖြစ်လျှင် ဓမ္မဒေသနာစာအုပ်များကို အဘယ်မှာလျှင် ပီပြင်စွာကိုယ်စားပြုဖြန့်ချိနိုင်မည်နည်း။ ထိုသူတို့ကိုမတရားမှုပြုသကဲ့သို့ဖြစ်သည်သာမက ဘုရားသခင်၏အမှုတော်မြတ်အတွက် ထိခိုက်မည်ဖြစ်၍မတရားပါ။ ဤအလုပ်သည်သန့်ရှင်းမြင့်မြတ်သဖြင့် သခင်ခရစ်တော်အတွက် သက်သေခံနိုင်၍ဆန္ဒရှိသူများသာ လုပ်ကိုင်သင့်လေသည်။

ဓမ္မစာပေဖြန့်ချိခြင်းအလုပ်သည်ဗဟုသုတသိမြင်မှုတိုးပွားရန်အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ ခရစ်ယာန်သာသနာလုပ်ငန်းကိုလုပ်ရန် အားပေးခြင်းခံရသူသည် စစ်မှန်သောပြောင်းလဲမှုရှိကြောင်းသေချာလောက်ပါမှ လက်ခံအသုံးပြုပါလေ။ ထိုအခါ ထာဝရဘုရားသခင်သည် ထိုသူတို့နှင့်အတူပူးတွဲအလုပ်လုပ်ပါလိမ့်မည်။

## သန့်ရှင်းမြင့်မြတ်သောအလုပ်တစ်ခု

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်သည် မြင့်မြတ်သန့်ရှင်းသော အလုပ်ဟု ဆင်ခြင်အောက်မေ့ရမည်။ စိတ်နှလုံးမဖြူစင်သူနှင့်အပြစ် လက်ဝယ်ရှိသူများကို ထိုလုပ်ငန်းတွင်ပါဝင်ထမ်းရွက်ရန် မတိုက်တွန်းရ။ ထာဝရဘုရားသခင်၏ကောင်းကင်တမန်များသည် ဆက်ကပ်မှုမရှိသော သူတို့နှင့် တစ်အိမ်တက်တစ်အိမ်ဆင်းအဖော်ပြု၍ မလိုက်နိုင်ပါ။ သို့ဖြစ်၍ ခရစ်တော်၌မတည်သေး၍ အသစ်ပြုပြင်ခြင်းကိုမခံရသေးသူများ၊ အကြံ အစည်ညစ်ညမ်းသူများတို့သည် မိမိတို့ကိုင်တွယ်လေသမျှတွင် ၎င်းတို့၏ အကျင့်ဆိုးများစွန်းထင်းကျန်ရစ်နေမည်ဖြစ်၍ ထာဝရဘုရားသခင်၏ သမ္မာတရားကို ထိုသူတို့ထံမှဖယ်ရှားသင့်လေသည်။

---ooo---

# ခမ္မစာပေဖြန့်ချိရောင်းချခြင်းဇဝံဂေလိလုပ်ငန်းနှင့် ကျွန်ုပ်တို့၏ကျောင်းသားလူငယ်များ

## ကျောင်းသားများအတွက်ထာဝရဘုရားသခင်၏စီမံကိန်း

ထာဝရဘုရားသည် တိကျသေချာသောစီမံကိန်းတစ်ခုကို ခရစ်ယာန်သာသနာကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသူကျောင်းသားများအတွက် ချမှတ်ပေး၏။ ကျောင်းသားလောကကိုလွန်၍ ဘဝတက္ကသိုလ်သို့ရှေးရှုနေကြသူများအောင်မြင်မှုရှိကြစေရန်အလို့ငှာ ကျောင်းနေစဉ်ကာလ လက်တွေ့သင်ခန်းစာများကိုသင်ကြားနိုင်၏။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပညာရေးနှင့်ကျန်းမာရေးအသိဆိုင်ရာ တိုးတက်မြင့်မားမှုရှိစေရန် တန်ဖိုးကြီးသောစာကောင်းပေမွန်တို့ကိုကိုင်တွယ်တတ်ရန်အခွင့်ပေးထားလေ၏။ ဤစာအုပ်စာပေတို့အားဖြင့် လူငယ်လူရွယ်တို့သည် နောင်တစ်ချိန်တွင်ရင်ဆိုင်ရမည့်ပြဿနာများကို ဘယ်ကဲ့သို့ကိုင်တွယ်ရမည်ကိုသိနားလည်စေ၏။ ကျောင်းသားဘဝတွင်စာပေများကိုရောင်းချတတ်ခြင်းဖြင့် ကျောင်းစရိတ်ကာမိစေသည်သာမကသေးဘဲ ဘယ်ကဲ့သို့သူတစ်ပါးနှင့်ယဉ်ကျေးသိမ်မွေ့စွာချဉ်းကပ်ကာ ပေါင်းသင်းဆက်ဆံရမည်ကိုသိနားလည်၏။ ယနေ့အတွက်အမှန်တရားကိုရှုထောင့်စုံနှင့် ဘယ်ကဲ့သို့ပြောဆိုတင်ပြရမည်ကိုလည်း သိမြင်လာ၏။ ဤသို့ကျောင်းသားဘဝတွင် စာအုပ်ရောင်း၍ ငွေကြေးကိစ္စရပ်များအောင်မြင်လာသည်နှင့်အမျှ ခွေတာစုဆောင်း၍ချုပ်တည်းခြိုးခြံတတ်လာကာ ပညာသင်

ယူပြီးသည်နှင့် ခရစ်ယာန်သာသနာပြုဆရာအဖြစ် သခင့်အတွက်အချိန်ပြည့် အစေခံသောအချိန်တွင် များစွာအကျိုးသက်ရောက်စေလိမ့်မည်ဖြစ်ပါသည်။

## ဓမ္မစာပေဖြင့်ဧဝံဂေလိအမှုတော်ဆောင်ရန် ပြင်ဆင်ပေးသောကျောင်းများ

ကျွန်ုပ်တို့၏စာသင်ကျောင်းများကို ထာဝရဘုရားသခင်က တည်ထောင်ပေး၏။ ဘုရားသခင်၏ဦးတည်ချက်နှင့်အညီလိုက်နာပါက လူငယ်လူရွယ်တို့သည် ခရစ်ယာန်သာသနာလုပ်ငန်းစုများတွင်ပါဝင် ထမ်းရွက်ရန်အတွက် ပြင်ဆင်ပြီးသားဖြစ်ပေလိမ့်မည်။ အချို့မှာ ခရစ်ယာန်သာသနာမှဆေးသူနာပြုများ၊ ဓမ္မစာပေဖြန့်ချိရောင်းချသူများ ဓမ္မဝန်ဆောင်တရားဟောဆရာများ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ဧဝံဂေလိသာသနာပြုဆရာများဖြစ်လာကြပေသည်။

## ဓမ္မစာပေဖြန့်ချိသောကျောင်းသားများအတွက်အခွင့်အရေး

နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားများစာအုပ်ရောင်းကြသည်။ သစ္စာရှိကျောင်းသားများသည် တစ်အိမ်တက်တစ်အိမ်ဆင်းစနစ်ကိုကျင့်သုံးလိုက်နာသဖြင့် အိမ်ခြေများတွင် ယနေ့အတွက် အမှန်တရားပါဝင်သော တန်ဖိုးကြီးသည့် ဖတ်စရာမှတ်စရာများစွာကို ချန်ထားနိုင်ကြလေသည်။

## ခရစ်တော်ကျောင်းတွင်ပညာဆည်းပူးခြင်း

ခရစ်တော်၏ကျောင်းတွင် ကျွန်ုပ်တို့သည် ရာသက်ပန်ကျောင်းသားများဖြစ်ကြပါ၏။ လုပ်ကိုင်နေသည့်လုပ်ငန်းတွင် ကာယစွမ်းအား

ဥာဏစွမ်းအားဟူ၍ရင်းနှီးရ၏။ ဤတွင်စိတ်နှစ်ခွမရှိလေနှင့်။ ဓမ္မစာပေဖြန့်ချိရောင်းချခြင်း၊ သိပ္ပံအတတ်၌ပညာဆည်းပူးသူသည် ကျမ်းစာသင်ပေးသူဆရာ၊ဆရာမကဲ့သို့စိတ်သဘောထားဖြူစင်၍ အကျင့်မညစ်ညမ်းရပါ။ အသက်ရှင်သောယဇ်လည်းဖြစ်၏။ ဇာတိစိတ်ကိုကြောခိုင်း၍ ဘုရားသခင်အဖြစ်တော်ကိုဆင်ခြင်အောက်မေ့ကာ တရားယူသင့်၏။ ထိုသို့ပြုလျှင် ထာဝရဘုရားသခင်၏တန်ခိုးတော်သည် သင့်ကိုမတိမ်းစောင်း၊ မရွေ့စေဘဲ အမြဲတည်နေပေလိမ့်မည်။ သင်၌အကောင်းဆုံးအရာဖြစ်သောပျိုရွယ်စဉ်ခွန်အားကို ကိုယ်တော်အားပေးဆပ်ပါ။ လေ့လာမှုကိုကျင့်သုံးနေရင်း ရှေ့ဆက်ကာအလုပ်ပွားသော် လုပ်သမျှအောင်မြင်တိုးပွားမည်သာတည်း။

## ပညာဆည်းပူးလိုလျှင်

အကျွန်ုပ်သည် ဓမ္မစာပေဖြန့်ချိရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အထူးအလင်းကိုရရှိပါ၏။ နှလုံးသားထဲဝယ်စွဲကျန်၍နေလေသည်။ ဤအလုပ်အကိုင်ဖြင့် လူသည်ပညာဗဟုသုတတိုးပွား၏။ မိမိကိုယ်ကိုအမှုတော်မြတ်တွင်ရှိစေလိုက ထိုအလုပ်သည်ဂုဏ်ရည်မြှင့်တင်ပေးလေသည်။ သခင်ခရစ်တော်ထံနည်းခံ၍ ခြေတော်ရာအတိုင်းလိုက်လျှောက်ရန်ကိုလည်း သွန်သင်ပေးသည်။ ထိုအလုပ်ကိုအမှန်တကယ်စိတ်နှလုံးနှိမ့်ချစွာလုပ်ကိုင်သောသူတို့နှင့်အတူ ကောင်းကင်တမန်များတို့သည် လိုက်ပါသွားရန်တာဝန်ရှိလေသည်။

လူငယ်လူရွယ်တို့အတွက် ဓမ္မစာအုပ်စာပေများကို တစ်အိမ်တက်ဆင်းဖြန့်ဝေရောင်းချခြင်းသည် အကောင်းဆုံးသောပညာဖြစ်၏။ ဤကဲ့သို့လုပ်ကိုင်နေစဉ် အသက်ရှင်စေသောစကားများကိုပြောကြား

ခွင့်ရ၏။ အမှန်တရားမျိုးစေ့ကိုလည်းကြဲ၏။ ကျန်သည်များကိုထာဝရ ဘုရားသခင်ကတာဝန်ယူမည်ဟုမှတ်ယူနိုင်၏။ ဤနည်းဖြင့် မိမိသည် ထာဝရဘုရားသခင်၌ ကျောက်ဆူးချထားကြောင်းသက်သေပြ၏။ ဘုရား သခင်ပေးသောအလုပ်ကို သစ္စာရှိစွာလုပ်ကိုင်နေသောကြောင့်တည်း။

## စစ်မှန်သော "အဆင့်မြင့်ပညာရေး"

စိတ်အားထက်သန်နေသူအမှုတော်ဆောင်အချင်းချင်းကို ကျွန်ုပ် တို့သည် စိတ်ဓါတ်မကျဆင်းစေသင့်ပါ။ လုပ်အားမနွမ်းပါးစေသင့်ပါ။ ခရစ်ယာန်သာသနာအမှုထမ်းရန်လူရွေးချယ်ရာတွင်လည်း အရေးမကြီးသော အရာများနှင့်အချိန်ကုန်ခံ၍ ရေးကြီးခွင့်ကျယ်မပြုသင့်ပါ။ သွန်သင်ညွှန်ကြား ရမည်ကားမှန်၏။ အရေးကြီး၏။ သို့ရာတွင် သခင်ခရစ်တော်သည် စစ်မှန်သောအသိပညာအပေါင်း၏မူလအမြစ်ဖြစ်ကြောင်းကို သတိရကြ ပါစို့။ သက်ကြီးသက်ငယ်အပေါင်းတို့သည်လည်း ထာဝရဘုရားသခင် အထံတော်၌ အသက်တာကိုဆက်ကပ်အပ်နှံလျက် သခင့်အစေကိုနှိမ့်ချ သောသဘောနှင့် သန့်ရှင်းသောဝိညာဉ်တော်အုပ်စိုးမှုအောက်တွင် ရှေ့သို့ အစဉ်အာရုံပြုလျက် အလုပ်ပွားကြပါစို့။ ကျောင်းသူကျောင်းသားတို့ သည်လည်း ရရှိသောအတတ်ပညာကို ကွင်းဆင်း၍လက်တွေ့အသုံး တော်ခံကြပါစို့။ အကယ်၍သာ ဓမ္မစာပေဖြန့်ဖြူးရောင်းချသူများသည် ဤကဲ့သို့ဘုရားသခင်ပေးစွမ်းရည်ကို လက်တွေ့ကျင့်သုံးသွားပါကလည်း ကောင်း၊ ကိုယ်တော်ထံအကြံဉာဏ်တောင်းခံပါကလည်းကောင်း မိမိတို့ ကျောင်းတော်ကြီးတွင်သင်ယူ၍မရရှိခဲ့သည်များကို ယခုတွင်လက်တွေ့ ကျကျသင်ခန်းစာများတတ်မြောက်နိုင်ကြပါလိမ့်မည်။ ဤကဲ့သို့လက် တွေ့ကျသောပညာရေးစနစ်ကို အဆင့်မြင့်ပညာရေးဟုခေါ်တွင်ရပါမည်။

## တန်ဖိုးမဖြတ်နိုင်သောအတွေ့အကြုံတစ်ခု

ကောန်အမှန်ခရစ်ယာန်သာသနာပြုလိုသူအပေါင်းသည် ထာဝရဘုရားသခင်ထံခြွင်းချက်မရှိ မိမိကိုယ်ကိုပေးအပ်ပါလိမ့်မည်။ ရှေ့ရေးကိစ္စရပ်များ၊ မသေနိုင်သောအသက်တာ၏ငြိမ်းချမ်းမှုနှင့်ပတ်သက်၍သက်သေခံပြောကြားလိုသူတို့သည် ဤဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်ဖြင့် ယင်းအခွင့်ထူးများကိုအကောင်အထည်ဖော်နိုင်ပါလိမ့်မည်။ ထိုအတွေ့အကြုံဖြင့် ခရစ်ယာန်သာသနာပြုခြင်းအခွင့်ကိုပိုမိုပီပြင်စေပါ၏။ ဘုရားသခင်၏သိုးစုများကိုထိန်းကျောင်းရန်အတွက် မိမိကိုယ်ကိုပြင်ဆင်သောသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်အကူအညီကိုရရှိ၏။ မိမိနှင့်အတူ သခင်ခရစ်တော်သည် အဖော်အဖြစ်လုပ်ငန်းတွင်ပါဝင်နေသည်ဟူသော ထင်မြင်ယုံကြည်ချက်သည်လည်း စမ်းသပ်ခြင်းအခက်အခဲနှင့်ရင်ဆိုင်ရသောအခါ လူကိုမြင့်မြတ်သန့်ရှင်းသောဝမ်းမြောက်မှုကိုဖြစ်စေ၏။ ထိုအခါအလုပ်လုပ်ရင်းဆုတောင်းတတ်လာမည်။ သည်းခံစိတ်ရှည်ခြင်း၊ ကြင်နာသနားခြင်း၊ ကူညီမစခြင်း အသိတရားပွားလာမည်။ အပြောအဆိုအကျင့်အကြံမှာလည်း နူးညံ့သိမ်မွေ့ယဉ်ကျေးကာ အကြင်နာတရားမဲ့၍ ကြမ်းတမ်းသောစကားတို့ကို မပြောလိုတော့ပါ။ ယဉ်ကျေး၍သန့်ရှင်းဖြူစင်သောစကားကိုသုံးစွဲခြင်းဖြင့် လူသည်ထာဝရဘုရားသခင်နှင့်အကျွမ်းဝင်မိတ်ဆွေဖြစ်နေကြောင်း ထင်ရှားနေပါသည်။ မမြင်နိုင်သောသန့်ရှင်းခြင်းအရှင်အား ရှိသေလေးမြတ်ကြောင်းကိုအသက်တာအားဖြင့်လည်း ပြသနိုင်ပါသည်။ ဤအသိတရားမျိုးနှင့်ရှေ့ဆက်ကာအလုပ်ပွားလျှင် တိုးတက်ကြီးပွားမည်ကားဧကန်မုချ။ ထိုသူတို့သည်အမှန်တရားသတင်းစကားကို မြင့်မြတ်သန့်ရှင်းသောသဘာဝအလှနှင့်လွှမ်းခြုံထားကြသူများဖြစ်ကြပါသည်မဟုတ်လော။

## ခရစ်ယာန်သာသနာတော်ထမ်းရွက်ရန်ပြင်ဆင်ခြင်း

ထာဝရဘုရားသခင်၏အမှုတော်ကိုထမ်းရွက်ရန် ဖိတ်ခေါ်ရွေးချယ်ခြင်းခံရသောသူတို့တွင် အချို့သည်ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်ကိုလုပ်ဆောင်ကြပါ၏။ ထာဝရဘုရားသခင်အထံတော်မှရရှိသောညွှန်ကြားချက်အရ၊ ဤအလုပ်တွင်ပါဝင်လုပ်ကိုင်ခြင်းသည် အသက်ဝိညာဉ်ရိတ်သိမ်းခြင်းအတွက် အကောင်းဆုံးပြင်ဆင်မှုတစ်ရပ်ဖြစ်ပါသည်။ အကြောင်းမှာ ထိုအမှုတော်ဆောင်တို့သည် အိမ်ထောင်မိသားစုများစွာကိုတိုက်ရိုက်တွေ့ဆုံ၍ ဘုရားသခင်၏နှုတ်ထွက်ကျမ်းစာကိုဝေငှနိုင်၏။ စကားပြောခွင့်ရသဖြင့်လည်း အမှန်တရားအလင်းကိုသက်သေခံပြောကြားနိုင်၏။ အသက်ဝိညာဉ်များကိုချစ်သောစိတ်နှင့် ခရစ်ယာန်၏နူးညံ့သိမ်မွေ့မှုကိုဖော်ပြနိုင်ရုံမျှမကဖြန့်ချိရေးအလုပ်သည် ခရစ်ယာန်သာသနာပြုလိုသောအမြင်နှင့်ဆန္ဒရှိသူတို့အတွက် အကောင်းဆုံးအတွေ့အကြုံပင်ဖြစ်ချေတော့၏။

အမှန်အားဖြင့် ဤအလုပ်သည် အခြားစီးပွားရေးလုပ်ငန်းစုများထက်ပို၍ ခက်ခဲ၏။ သို့ရာတွင် ခံယူရရှိသောသင်ခန်းစာများ၊ စည်းကမ်းနှင့်ကျွမ်းကျင်လိမ္မာမှုများတို့ကြောင့် အသက်ဝိညာဉ်များကိုကြည့်ရှုကျွေးမွေးခြင်းလုပ်ငန်းခွင်တွင် အသုံးတည့်ကြောင်းသိမြင်ရပါသည်။ ခရစ်ယာန်သာသနာလုပ်ငန်းတွင် လူမှုရေးကြမ်းတမ်းသူများ၊ ဥဘောထားတင်းမာသူများ၊ တစ်ပါးသူကိုချဉ်းကပ်ရာ၌ ဂရုမစိုက်ရိုင်းပျသူများသည် တစ်အိမ်တက်ဆင်းဓမ္မစာပေဖြန့်ချိရောင်းချခြင်းအတွေ့အကြုံမျိုးဦးစွာရှိသင့်လေ၏။

အထက်ဖေါ်ပြပါအတွေ့အကြုံမျိုးကိုထမ်းရွက်ရာ၌ ပိုမို၍စုံလင်မှုရှိရန်အတွက် ကျောင်းနေခြင်းဖြစ်သည်ဟုစွဲလမ်းမှတ်ယူသူတို့အား ပြောလိုသည်မှာ– ဝိညာဉ်ကယ်တင်ရေးလုပ်ငန်းအောင်မြင်ရေးသည် ထာဝရဘုရားသခင်ထံနေ့စဉ်နေ့တိုင်း မိမိကိုယ်ကိုဆက်ကပ်ပူဇော်ခြင်းဖြင့်သာဖြစ်နိုင်ကြောင်းသတိရပါ။ တချို့မှာဆင်းရဲ၍ ကျောင်းမနေနိုင်ပါ။ သို့သော်ထိုသူဆင်းရဲတို့သည် ဘုရားသခင်၏သားစစ်သမီးမှန်များအဖြစ်ပြောင်းလဲသွားသောအခါ မိမိပတ်ဝန်းကျင်ရှိလူများအတွက် အကျိုးဆောင်ပေးမည်ကား ငြင်းဖွယ်မရှိပြီ။ အသိပညာ၊ အတတ်ပညာနည်းပါးသော်လည်း သခင်ခရစ်တော်၏တပည့်တော်များကဲ့သို့ ကယ်တင်ရှင်ထံအနီးကပ်နည်းခံယူနိုင်လေသည်။ သခင်ကြီးခရစ်တော်ထံနည်းခံ၍ ကျမ်းစာဖတ်၊ဆုတောင်းခြင်းပြုလုပ်နေသမျှ ပြန်လည်ဆန်းသစ်စေသောတန်ခိုးအင်အားကိုဖြစ်စေမည့်သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူတို့ကိုလက်တွေ့ကျကျ အသက်ဆက်ရန်ပံ့ပိုးကူညီပေးလေ၏။

လူသည်လောကပညာကို တစ်ဖက်ကမ်းခပ်တတ်မြောက်ပါစေ။ သခင်ခရစ်တော်ထံနည်းမခံယူဘဲနေပါက ထိုသူသည်ဝိညာဉ်ရိတ်သိမ်းခြင်းလုပ်ငန်းကို ဦးဆောင်ရန်အတွက် လူမိုက်သာဖြစ်တော့၏။ သခင်၏ဖိတ်ခေါ်ချက်ကိုနူးညံ့သိမ်မွေ့စွာတုံ့ပြန်သူဖြစ်မှသာလျှင် ထိုသူနှင့်အတူဘုရားသခင်အလုပ်လုပ်နိုင်မည်ဖြစ်ပါသည် " ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့၊ ငါသည်ချမ်းသာပေးမည်။ ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည်သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူးကား၊ ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ငါ့ထန်လည်းပေါ့၏။" (ရှင်မဿဲ ၁၁း၂၈–၃၀)။

---ooo---

# အခန်း ၆
## ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတစ်ခု

### သခင်ခရစ်တော်ထံအသက်ဝိညာဉ်များယူဆောင်လာခြင်းအလုပ်

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်၏အရေးကြီးချက်တစ်ခုမှာ ပျောက်ဆုံး၍အခက်အခဲတွေ့နေသူများကိုရှာဖွေကာ သခင်ခရစ်တော်ထံ ယူဆောင်လာခြင်းဖြစ်သည်။ အမှုတော်ဆောင်များသည် သခင်ခရစ်တော် ၏ကြီးမားသောမေတ္တာတော်ကိုမပြတ်ပြောဆိုနေရမည်။ သခင့်အတွက်အစေခံ ခြင်း၏အတွေ့အကြုံထူးများကိုပြောဆိုနေရမည်။ ဝိညာဉ်ရေးနိုးကြား သူများနှင့်သက်သေခံစကားပြောခြင်း၊ ဆုတောင်းခြင်းပြုရပါမည်။ လူသားတို့အပေါ်ထားရှိသောသခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော် အကြောင်းကိုပြောဆိုရုံနှင့် ထိုသခင်ကိုမယုံကြည်သူများပင်လျှင် သင့်ကို အိမ်တွင်းသို့ဝင်ရန်ကြိုဆိုဧည့်ခံကြပေလိမ့်မည်။

ဓမ္မစာပေအမှုတော်မြတ်ကိုထမ်းရွက်လိုသူသည် ပညာတတ် လည်းဖြစ်၊ ကျောင်းသားလည်းဖြစ်သင့်ပေ၏။ သူသည်တစ်ပါးသူကို သင်ကြားပြောဆိုနေစဉ်မှာပင် မိမိကိုယ်ကိုတရားဟောဆရာဖြစ်ရန် လေ့လာသင်ကြားနာယူရပါမည်။ လုပ်ငန်းခွင်တွင်နှိမ့်ချသောစိတ်နှလုံး ဖြင့် စိတ်အားထက်သန်စွာလုပ်ဆောင်သောအခါ စိတ်ပျက်နွမ်းပါး၍ သေလုဆဲဆဲရှိသောအသက်ဝိညာဉ်များကိုပင် ကယ်တင်နိုင်သောကောင်း လုစကားပြောဆိုနိုင်ခွင့်လည်းရှိပေလိမ့်မည်။ ဤကဲ့သို့အသုံးတော်ခံရင်း နှင့်ဝိညာဉ်ခွန်အားတိုးပွားလာကာ တစ်ဖက်ပုဂ္ဂိုလ်များကိုလည်း ဤသို့ ပြောဆိုအားပေးခွင့်ရရှိလာပေလိမ့်မည်။"အထက်ကာလ၌ သင်တို့သည်

မှောင်မိုက်အတိဖြစ်ကြ၏။ ယခုမူကား၊ ဘုရားသခင်၌အလင်းဖြစ်ကြ၏။" ဧဖက် ၅း၈။ "အထက်ကသင်တို့တွင် အချို့သောသူတို့သည် ထိုသို့သောသူဖြစ်ကြသော်လည်း၊ ယခုတွင်သခင်ရယေရှု၏နာမတော်အားဖြင့်လည်းကောင်း၊ ငါတို့ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်လည်းကောင်း ဆေးကြောသန့်ရှင်းဖြောင့်မတ်ရာသို့ရောက်ကြပြီ။" (၁ကော ၆း၁၁)။

ပျိုရွယ်မောင်မယ်အပေါင်းတို့...တစ်နေ့တွင်သင်သည်ခန္ဓာကိုယ်လုပ်ဆောင်မှုအကျင့်ရှိသမျှကို သတ္တဝါအပေါင်းတို့၏အရှင်သခင်ရှေ့တော်မှောက်တွင် စာရင်းပေးရလတ္တံ့။ ထိုအခါသင်၏အကျင့်အတိုင်း အမှန်ပေါ်လာလိမ့်မည်။ စပျစ်ဥယျာဉ်သည်ကျယ်ပြောလှပေ၏။ အလုပ်သမားများအလိုရှိနေပါသည်။ သင့်ကိုထာဝရဘုရားသခင်ဖိတ်ခေါ်လျက်ရှိလေရာ အသက်ဝိညာဉ်ကယ်တင်ရေးလုပ်ငန်းမှ မရှောင်လွှဲသွားပါနှင့်။ ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်သည် ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် အောင်မြင်မှုအပေးဆုံးအလုပ်တစ်ခုဖြစ်ချေသည်။ မြည်းစမ်းကြည့်ပါလော့မိတ်ဆွေ။

## ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် သခင်ခရစ်တော်ကို ထင်ရှားဖော်ပြရန်ဖြစ်၏

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်သည် တာဝန်ကြီးမားသောဘုရားသခင့်အမှုတော်မြတ်လုပ်ငန်းတစ်ခုဖြစ်၏။ ပါဝင်ထမ်းရွက်သူနှင့်အလုပ်လုပ်ပေးသူလူထုတစ်ရပ်လုံးအတွက် အထူးအဓိပ္ပါယ်ဆောင်ပါ၏။ လုပ်ငန်းသဘာဝအရ ဧဝံဂေလိတရားပျံ့နှံ့ရေးဖြစ်ကြောင်း အမှုတော်

ဆောင်သည်သတိရလျက်တွေ့ဆုံသူဟူသမျှကို ထာဝရဘုရားသခင်သည် ကယ်တင်လိုကြောင်းနှလုံးစွဲလမ်းထားရပါမည်။ သို့ဖြစ်၍ မိမိစိတ်နှလုံးကိုသန့်ရှင်းသောဝိညာဉ်တော်လွှမ်းမိုးမှုအောက်တွင်ရှိစေရမည်။ သမ္မာကျမ်းစာနှင့်အမြဲထိတွေ့နေရမည်။ သမ္မာတရားကိုနှုတ်စကားအားဖြင့်မျိုးစေ့ကြဲရန်အခွင့်ကြုံလာသောအခါတွင်လည်း ပညာသတိရှိစွာတင်ပြပြောဆိုနိုင်ရန်အတွက် ကျေးဇူးတော်ကိုတောင်းခံရပါမည်။ သို့ပြုလျှင်ထိုစကားများဖြင့်အသက်တာ၏မွှေးရနံ့သည် လက်ဆင့်ကမ်းပျံ့နှံ့ကူးစက်ကျယ်ပြန့်သွားမည်ဖြစ်ပါ၏။

## အသက်ဝိညာဉ်များရရှိရန်မျှားပါ

ဓမ္မစာပေဖြန့်ချိရောင်းချသော ဧဝံဂေလိအမှုတော်ဆောင်များသည် အသက်ဝိညာဉ်များရရှိရန်ခရစ်ယာန်သာသနာလှေငယ်စီး၍တံငါလုပ်ကာငါးမျှားကြရမည်။ ဤလုပ်ငန်းဖြင့် ခရစ်ယာန်သာသနာပြုရန်စိတ်ဆုံးဖြတ်ကြပါစို့။ အထူးသဖြင့် စိတ်နှလုံးနူးညံ့သိမ်မွေ့နှိမ့်ချသူတို့သည် အလုပ်ကိုပို၍ပြီးပြည့်စုံစေနိုင်ပါသည်။ ဓမ္မတရားပွဲသို့မလာရောက်နိုင်သူတို့ထံ ဓမ္မစာပေအမှုတော်ဆောင်တို့သည် နှစ်ယောက်တစ်တွဲသွားရောက်တွေ့ဆုံနိုင်၏။ ထိုမှသည် မိသားစုတစ်စုပြီးလျှင်တစ်စုခရစ်ယာန်သာသနာပြုခရီးကိုဆက်နိုင်၏။ ဤနည်းဖြင့်ခရစ်တော်သခင်ကယ်တင်ရှင်အကြောင်းသတင်းကောင်းပါနိုင်ကြလေသည်။ ဘုရားသခင်၌မွေ့လျော်သောသူတို့နှင့်အတူတကွ၊ ဘုရားသခင်၏တန်ခိုးတော်ကိုချီးမွမ်းသီဆို၍ ဆုတောင်းနိုင်ကြ၏။ “ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူရှိ၏” ဆိုသော သခင်ခရစ်တော်၏အောင်မြင်ခြင်းကတိတော်ကိုလည်း မျှော်လင့်နိုင်လေသည်။ သခင်၏သဘောတော်နှင့်အညီ

လှုပ်ရှားသွားလာသော ဓမ္မစာပေအမှုတော်ဆောင်များနှင့်အတူ ကောင်းကင်တမန်တို့သည် အဖော်ပြုကြလေ၏။

ထာဝရဘုရားသခင်၏အမှုတော်မြတ်တွင် ထမ်းရွက်သူအပေါင်းတို့သည် အသက်ဝိညာဉ်ကယ်ဆယ်ရေးနှင့်လောကစီးပွားရေးလုပ်ငန်း နှစ်မျိုးကိုပူးတွဲ၍ မလုပ်ရပါ။ ဘုရားသခင်ကြွဆင်းလာချိန်ကိုလူသားတို့ ကြိုဆိုပြင်ဆင်ဖို့ရန်သာ သင်သည်အချိန်ကုန်ခံ၍ နှိုးဆော်တိုက်တွန်းပါ။ အမှန်တရားသည် ရှေ့ဆောင်အလင်းအိမ်ကဲ့သို့ထွန်းလင်းနေမည်သာ ဖြစ်၏။ အချိန်ကာလသည် တိုတောင်းလှ၏။ ဝိညာဉ်ရေးရန်သူကြီးမှုကား ဤသို့အသက်ဝိညာဉ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွင် အကျိုးကျေးဇူးမရှိဟု ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့်လုံ့လထုတ်ကာ သင့်အား ဖျက်ဆီးမည်ကိုသိထားနှင့်ပါလေ။

## လူ့အလွှာအားလုံးဆီသို့ရောက်ရှိပါစေ

လူ့အလွှာအားလုံးဆီသို့ရောက်ရှိနိုင်ရန် ထိုသူတို့ရှိသည့်နေရာသို့သင်သွားရောက်တွေ့ဆုံသင့်လေ၏။ ဘဝသစ်ဆီသို့တက်လှမ်းလိုသူများသည်နေရာအနှံ့တွင်ရှိ၍ တရားပြမည့်သူကိုစောင့်မျှော်နေကြပါသည်။ တရားဟောပလ္လင်တစ်ခုတည်းသာလျှင် လူတို့၏နှလုံးသားကိုဘုရားသခင်၏သမ္မာတရားနှင့်ထိတွေ့စေသည်မဟုတ်။ နှိမ့်ချသောစိတ်ကိုရင်း၍ ခရစ်ယာန်သာသနာပြုလိုစိတ်နှင့်လုပ်သောအလုပ်သည်လည်း သခင်၏ကတိတော်နှင့်ဆိုင်ပေ၏။ သို့ဖြစ်လေရာ တရားစကားကိုသိမြင်ဖတ်ကြားလိုသူများကို အိမ်ကြီးအိမ်ငယ်၊ တဲအိုတဲစုတ်မရွေး နေရာအနှံ့တွေ့မြင်နိုင်လေသည်။

## လမ်းမကြီးပေါ်တွင်နေထိုင်သောသူများထံ

သင်သည် ခရစ်တော်၏သက်သေခံချက်ပါစာအုပ်ကြီးငယ်တို့ကို ဤသတင်းစကားမကြားသိရသေးသောစီးပွားရေးသမားများ၊ ဧဝံဂေလိ ဓမ္မဝန်ဆောင်၊ ခရစ်ယာန်သာသနာပြုဆရာ၊ ဆရာမများဆီသို့သယ် ဆောင်ပါလေ။ ခရစ်ယာန်သာသနာသတင်းစကားသည် လမ်းမကြီး တစ်လျှောက်နေလူကုံထံဆင်ဝင်လူတန်းစားတိုင်းပြည်ခေါင်းဆောင်များ ကျောင်းဆရာ၊ ဆရာမများဆီသို့ရောက်ရှိစေရပါမည်။ ဤအမှုကိုရိုးစင်း၍ နှိမ့်ချသောနည်းလမ်းဖြင့် သတင်းစကားရောက်စေနိုင်၏။ ရိုးရိုးနေ၍ ထာဝရဘုရားသခင်ကိုချစ်သောသူတို့၏နှုတ်ထွက်စကားများအားဖြင့် ဉာဏ်ပညာထက်မြက်ရင့်ကျက်သောတိုင်းသူပြည်သားကောင်းတချို့သည် စိတ်၏လန်းဆန်းမှုကိုရယူတတ်လေသည်။ နှစ်ရှည်လများ သခင်ခရစ်တော် နှင့်အဂ္ဂပေမေတ္တာတော်ကိုကြေညာခိုင်းနေတတ်သူများပင်လျှင် ယခုတွင် ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်၏ရိုးစင်းလှသောစကားစွမ်းအား ဖြင့် မိမိတို့၏စိတ်နှလုံးတံခါးကိုဖွင့်လာပါတော့သည်။

အခြားမည်သည့်နည်းနှင့်မျှ ခရစ်ယာန်သာသနာသတင်းစကား မရောက်ရှိနိုင်သောနေရာများသို့ကျွန်ုပ်တို့၏ဓမ္မစာပေအမှုတော်ဆောင်များ၏ သခင့်အစေခံမှုဖြင့်ရောက်ရှိပျံ့နှံ့နိုင်လေ၏။ ထိုစာအုပ်စာစောင်တို့သည် သခင်၏ကယ်တင်ခြင်းသတင်းစကားကိုဆောင်နေသည်မဟုတ်ပါလော။

အကယ်စင်စစ် ထိုသူတို့သည် ထာဝရဘုရားသခင်၏ဧဝံဂေလိ ခရစ်ယာန်သာသနာပြုဆရာများဖြစ်ကြပါသည်။ တစ်အိမ်တက်ဆင်း နေရာအနှံ့၊ လမ်းကြိုလမ်းကြားရှိသမျှသောအိမ်သို့ဝင်၍ အခွင့်အခါ ကြုံသလို အိမ်ရှင်တို့နှင့်အတူ နှုတ်ထွက်စကားတော်ကိုဖွင့်ဖတ်ပါ။ တရားတော်ကိုဆာငတ်နေသူများကို သင်တွေ့ရပေလိမ့်မည်။

သို့ဖြစ်၍ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှထုတ်၍ လမ်းမကြီးသာမက လမ်းကြိုလမ်းကြားရှိသမျှသို့ ထိုသတင်းကောင်းကိုသယ်ဆောင်ဖြန့်ချိပါလော့မိတ်ဆွေ။

အများပြည်သူခရီးလမ်းဆုံပေါ်ဝယ်

ယခုကဲ့သို့ကမ္ဘာလှည့်ခရီးသည်များ ကမ္ဘာအနှံ့ခြေချင်းထပ်ရလောက်အောင် ခရီးသွားနေသောကာလတွင် ထောင်ပေါင်းများစွာသောသူတို့သည် ကျန်းမာခြင်းနှင့်သာယာမှုကိုရှာဖွေနေကြပါ၏။ ထိုသူတို့၏စိတ်အာရုံကို ဓမ္မစာပေအမှုတော်ဆောင်များဖမ်းယူနိုင်ရပေမည်။ ဤအမှုတော်ဆောင်များသည် ယနေ့အတွက် သတင်းကောင်းကိုအခါအခွင့်ကြုံလျှင်ကြုံသလို ထိုခရီးသည်များအားတင်ပြရပေမည်။ စကားပြောခွင့်ရရှိရန်မနေးပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်အကူအညီဖြင့် သင်သည်ဗတ္တိဇံဆရာယောဟန်၏သတင်းကောင်းကို ထိုသူတို့အားကြားသိစေနိုင်ပါသည်။ "နောင်တရ၍ပြောင်းလဲကြလော့။ ကောင်းကင်နိုင်ငံတော်တည်လုနီးပြီ။" ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုကြားပြောရာ၌ တန်ခိုးသတ္တိနှင့်ပီပြင်စွာကြားစေရမည်။ ဤသို့လျှင်သတင်းစကားမကြားသိသေးသူများသိရကြမည်။ အများစုမှာ ထိုသတင်းကောင်းကိုလက်ခံ၍ မိမိတို့နေအိမ်ရှိရာကမ္ဘာ့ဒေသအရပ်ရပ်သို့ပြန်လည်သယ်ဆောင်သွားမည်ဖြစ်ပါသည်။

ချုပ်တည်းမှုနည်းပါးသူကိုကူညီပါ

သင်သည်အလုပ်လုပ်နေစဉ် အစားကြူးသူနှင့်တွေ့ကြုံတတ်ပါသည်။ မကောင်းသည်ကိုသိ၍ တိုက်ဖျက်ရန်ကြိုးစားနေကြသူတို့ကို

အားပေးစကားပြောကြားပါ။ စာတန်အကြိုက်မျှော်လင့်ချက်အလင်းရောင်မကင်းမဲ့စေပါနှင့်။ ထိုသို့အပြစ်နွံမှတုန်ချည့်ချည့်နှင့်ကြိုးစားရုန်းထွက်လိုသူတို့ကို သခင်ခရစ်တော်က "ငါ့ထံသို့လာပါလေစေ" ဟုပြောနေပါသည်။ ကိုယ်တော်၏လက်တော်သည်လည်း ထိုသူအားပွေ့ပိုက်လျက်နေပါ၏။ သခင်ခရစ်တော်ပြုသကဲ့သို့ သခင့်အစေခံအသင်ဧဝံဂေလိဓမ္မစာပေအမှုတော်ဆောင်သည်လည်း နေရာအနှံ့တွင်ပြုနိုင်ပါ၏။ ယုံကြည်စိတ်ချစွာအမှုတော်ဆောင်ပါ။ ထာဝရဘုရားသခင်ဘက်၌ရပ်တည်မည့်သူများစွာရှိပါ၏။ သင်သည် ထာဝရဘုရားသခင်နှင့်အတူ ဆေးလိပ်၊ အရက်သောက်စားသူတို့ကို အကျင့်ဆိုးမှပပျောက်စေရန် ပူးတွဲလုပ်ဆောင်ပေးနိုင်၏။ ဤသို့လျှင် တိရစ္ဆာန်တမျှသိမ်ဖျင်းလှသောခန္ဓာဝိညာဉ်ပျက်စီးရာတွင်းမှ ထိုသူတို့လွတ်မြောက်နိုင်ကြပါသည်။

### စိတ်ဓါတ်ကျဆင်းသူနှင့်ဖျားနာသူအတွက်ဆုတောင်းပေးပါ

သခင်ခရစ်တော်သည် နေရာမရွေး တရားမျိုးစေ့ကိုကြဲခဲ့ပါ၏။ သခင့်အစေခံကျွန်ပ်တို့သည်လည်း သခင်ကဲ့သို့ခန္ဓာဝိညာဉ်အားအင်ချို့တဲ့နေသူတို့နှင့်ရင်းရင်းနှီးနှီးမိတ်ဖွဲ့ပေါင်းဖော်ရပါမည်။ ဤသို့လျှင်ဖျားနာနေသူ၊စိတ်ဓါတ်ကျဆင်းနေသူများစွာကို တွေ့မြင်ရပေလိမ့်မည်။ သခင်၏ထမ်းပိုးကို သင်သည်နေ့စဉ်ယူတင်၍ထမ်းပါးသော် သခင့်အတွက် အဘယ်သို့အစေခံရမည်ကို သင်သိနားလည်လည်ပါလိမ့်မည်။ စိတ်အားငယ်သူကိုနှုတ်ထွက်စကားတော်ဖတ်ကြားပေးခြင်း၊ ဖျားနာနေသူကို ဘုရားသခင်ထံဆုတောင်းပေးခြင်းမျိုးကို သင်လုပ်ဆောင်ပေးနိုင်၏။

သင်သည် လူနာနှင့်အတူဆုတောင်းနေစဉ် ကိုယ်တော်သည် အားကိုး ထိုက်၍ ချစ်ဖွယ်ကောင်းသောမိတ်ဆွေတစ်ဦးဖြစ်ကြောင်းဖေါ်ပြပါ။ ဘုရားသခင်၏သားစစ်သမီးမှန်တစ်ဦးကဲ့သို့ချိုသာ၍ မြတ်နိုးဖွယ် လက္ခဏာရပ်နှင့်ပြည့်စုံကြောင်း တစ်ပါးသူကိုသိမြင်စေပါ။ ဤအရာကို ထိုသူတို့မေ့၍မရနိုင်ပါချေ။

## ဆုတောင်းချက်တစ်ခုကိုနှုတ်တွင်ထားရှိပါမည်

ထာဝရဘုရားသခင်၏တောင်းဆိုချက်များသည် ကျွန်ုပ်တို့ရှေ့ မှောက်တွင်အမြဲရှိ၏။ ကျွန်ုပ်တို့၏ကိုယ်ထိလက်ရောက်ကျင့်ကြံလုပ် ဆောင်မှုမှန်သမျှကို ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်စာရင်းရှင်းရမည် ကား မမေ့အပ်သောအရာပင်ဖြစ်၏။ ဤသည်ကိုဓမ္မစာပေအမှုတော် ဆောင်တို့သည် နှလုံးသည်းပွတ်ထဲတွင် သိမှီထားပါ။ အကူအညီလိုအပ် နေသူကိုကူညီရာ၌ ထိရောက်မှုရှိစေရန်အမှုတော်ဆောင်သည် ဘုရား သခင်ထံတွင် အစဉ်အမြဲဉာဏ်ပညာကိုတောင်းခံပါ။ ထိုသို့ပြုက အမှန် တရားကိုယုံကြည်နားထောင်သဖြင့် ထာဝရဘုရားသခင်သည် ထိုသူကို ချီးမြှောက်တော်မူမည်။ အသက်ဝိညာဉ်တစ်လုံး၏တန်ဖိုးမဖြတ်နိုင် ကြောင်းကို အမှန်သိမြင်လာပါလမ့်မည်။ သခင်ခရစ်တော်၏ကြွယ်ဝ သောကျေးဇူးတော်ကိုလည်း နှစ်ဦးနှစ်ဖက်ခံစားသိမြင်လာပါလိမ့်မည်။ သို့ဖြစ်၍ "ဘုရားသခင်၊ အကျွန်ုပ်အား အဘယ်အမှုကိုပြုစေလိုပါ သနည်း" ဟုနှုတ်တွင်ဆုတောင်းချက်ကိုထား၍ လုပ်ငန်းစဉ်ခရီးဆက်ပါ။ ထာဝရဘုရားသခင်ရှေ့၊ ကောင်းကင်တမန်များရှေ့တွင် မိမိသည်အမှု တော်မြတ်ကိုထမ်းရွက်နေကြောင်း၊ ထာဝရဘုရားသခင်၏ထောက်ခံ

ချက်ကို အရာရာတိုင်းတွင်ရရှိလိုပါကြောင်း သဘောထားနှင့်လုပ်ဆောင်သဖြင့် အလုပ်အကိုင်မှာ အကျိုးမဲ့ဖြစ်လာလိမ့်မည်မဟုတ်ပါ။

ကျွန်ုပ်တို့အမှုတော်ကိုထမ်းရွက်ရာတွင် ငြင်းခုံမှုကိုနည်းနိုင်သမျှနည်းစေ၍ သခင်ခရစ်တော်အကြောင်းများများပြောရန်လိုအပ်သည်။ ကျွန်ုပ်တို့၏ကယ်တင်ရွေးနုတ်ရှင်ကြီးသည် ကျွန်ုပ်တို့၏ယုံကြည်မျှော်လင့်ခြင်းဗဟိုချက်ဖြစ်သည်။ မယှဉ်နိုင်သောသခင့်မေတ္တာတော်ကိုတစ်ပါးသူတို့၏နှလုံးသည်းပွတ်ထဲစွဲကျန်နေသည်အထိ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့်ထုတ်ဖော်သက်သေခံသူတို့သည် ကြီးမြတ်သန့်ရှင်းသောအလုပ်ကိုလုပ်ကိုင်နေခြင်းဖြစ်ပါသည်။ ဓမ္မစာပေဖြန့်ချိရေးတွင်လုံ့လဝီရိယရှိခြင်း၊ ကပ်တိုင်တော်အကြောင်းသစ္စရှိစွာ တစ်ပါးသူတို့ကိုသိနားလည်ခံစားစေခြင်းဖြင့် ထိုအမှုတော်ဆောင်သည် မိမိတို့၏အသုံးဝင်မှုကိုနှစ်ဆစံတင်ထားခြင်းဖြစ်လေ၏။ သို့တစေလည်း မိမိသုံးစွဲနေသည့်နည်းလမ်းကောင်းများသည် အခြားသောအမှုတော်ဆောင်အချင်းချင်းအတွက် အဆင်ပြေချင်မှပြေပေလိမ့်မည်။ တစ်ပါးသူ၏အခြေအနေပေါ်မူတည်၍ လှုပ်ရှားနေခြင်းမဟုတ်ပါလော။ ----

## သခင်ခရစ်တော်၏မေတ္တာတော်ကိုပြောကြားပါ

တစ်ပါးသူအားကျမ်းစာကဤသို့ပြောသည်၊ ထိုသို့နားလည်ရမည်ဟူ၍ သွန်သင်နေမည့်အစား သခင်ခရစ်တော်၏မယှဉ်သာသောမေတ္တာတော်အကြောင်းကို တစ်ပါးသူ၏စိတ်နှလုံးထဲစွဲကျန်နေအောင်ပြုပါ။ အမှန်တရားကိုသဘောရိုးရိုးနှင့်ရှာဖွေနေသူများရှိ၏။ ကယ်တင်ခြင်းရရန်ဘာလုပ်ရမည်မသိသောသူတို့ပေတည်း။ ထိုသူတို့ကို ထာဝရဘုရားသခင်၏မေတ္တာတော်အကြောင်းပြောကြားပါ။ ပျက်စီးသူကိုကယ်တင်ရန်

ကြီးမားသောဆက်ကပ်မှုတစ်ရပ်ကို ကပ်တိုင်ပေါ်တွင်ပြုလုပ်ပြီးစီးခဲ့ကြောင်း၊ အသင်သည် ထာဝရဘုရားသခင်ဘက်တွင်ရပ်တည်ရန် ဆန္ဒရှိဖို့လိုအပ်ကြောင်းပြောကြားပါ။ "ထိုသူ၏အလိုတော်သို့လိုက်ချင်သောသူမည်သည်ကား၊ ဤတရားတော်သည် ဘုရားသခင်၏တရားတော်ဖြစ်သလော၊ ငါသည်ကိုယ်အလိုအလျောက်ဟောပြောသလောဟုပိုင်းခြား၍သိလိမ့်မည်။" (ယောဟန် ၇း၁၇)။

## ငြင်းခုံစရာအချက်များကိုရှောင်ကြဉ်ပါ

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းလုပ်ငန်း၌ ပါဝင်ထမ်းရွက်ကြကုန်သောအမှုတော်ဆောင်တချို့တွင် အသိတရားကင်းမဲ့ကြ၏။ သို့သော်စိတ်အားထက်သန်သည်။ ထိုသူတို့သည် ပညာသတိမဲ့၍ မိမိကိုယ်ကိုကျမ်းတတ်ပုဂ္ဂိုလ်ဆရာကြီးဓမ္မဝန်ဆောင်အဖြစ်တွေးမြင်ကြသဖြင့်၎င်းတို့အတွက်တားမြစ်သင့်သည်များကိုတားမြစ်ရပေမည်။ ထာဝရဘုရားသခင်သည် မိမိ၏အမှုတော်မြတ်ကိုထမ်းရွက်ရန် လူကို "ငါတို့အဖို့အဘယ်သူသွားမည်နည်း" ဟုမေးသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူ၏စိတ်နှလုံးကိုနှိုးဆော်သဖြင့် "အကျွန်ုပ်ရှိပါ၏သခင်၊ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" ဟုတုံ့ပြန်လေသည်။ (ဟေရှာယ ၆း၈)။ သို့ရာတွင် သတိပြုရန်အချက်တစ်ခုမှာ ယဇ်ပလ္လင်ပေါ်မှမီးရဲနေသောမီးခဲဖြင့် အကျွန်ုပ်တို့၏နှုတ်ခမ်းကိုရှေးဦးစွာတို့ထိစေသင့်ပါ၏။ သို့ပြီးမှသာ သုံးစွဲပြောဆိုလိုက်သောစကားများသည်သန့်ရှင်း၍ ပညာတရားပါဝင်နေမည်ဖြစ်၏။ ထိုအခါသင်သည်လည်း ဘာပြောရမည်၊ ဘာချန်လုပ်ထားရမည်ကိုခွဲခြားသိမြင်သောပညာနှင့်ပြည့်စုံလာပေလိမ့်မည်။ ငါသိသည်၊ ငါတတ်သည်ဟူသောမောက်မာစိတ်တို့လည်းကွယ်ပျောက်

သွားလိမ့်မည်။ ကျမ်းစာသွန်သင်ချက်နှင့်ပတ်သက်၍လည်း သဘော ထားကွဲလွဲမှုများကိုမငြင်းခုံမိစေရန် သတိကြီးစွာထားရှိလာပေလိမ့်မည်။ တစ်ပါးသူတို့ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်အသိအမြင် တိုးပွားလိုစိတ်ရှိလာဖို့ရန်သာအခွင့်အခါရှာ၍ ပြောဆိုလမ်းခင်းသွားမည် ဖြစ်ပါသည်။

## အဖြေပေးရန်အဆင်သင့်ဖြစ်ပါစေ

ထာဝရဘုရားသခင်သည် သင့်အားဝိညာဉ်ကယ်တင်ရိတ်သိမ်း သူဖြစ်စေလို၏။ သို့ဖြစ်လေရာ သင်သည်လူတို့အားအသင်းတော်၏ သွန်သင်ချက်များကိုသာ အတင်းအကျပ်မသွန်သင်ပါနှင့်၊`ဖစ်သင့်သည် မှာ– "သင်တို့မြော်လင့်ခြင်း၏အကြောင်းကိုမေးမြန်းသောသူရှိသမျှ တို့အား၊ နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့်ပြန်ပြောခြင်း ငှာ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့။" (၁ပေ၊ ၃း၁၅)။ အဘယ် ကြောင့်ကြောက်ရွံ့ရပါမည်နည်း။ ပြောဆိုသုံးစွဲလိုက်သောစကားရပ်များ တွင် ခရစ်တော်၏သဘောတော်မျိုးမသက်ဝင်ဘဲ ကိုယ်ရည်သွေးလို သောသဘောထားနှင့်လုပ်ရပ်များပါဝင်ပတ်သက်နေမည်ကို စိုးရိမ် ကြောက်ရွံ့ရမည်။ သို့ဖြစ်၍ သခင်ခရစ်တော်နှင့်အခိုင်အမာဆက်သွယ်ကာ ကိုယ်တော်အတွက်သာလျှင် အမှန်တရားကိုတင်ဆက်နိုင်ကြပါစေကုန် သတည်း။

## သခင်ခရစ်တော်ကိုချီးမြှောက်ပါ

ရှင်ပေါလုလိုလုပ်ပါ၊ မျက်နှာထားပုပ်သိုးသိုးနှင့်ဖါရိရှဲများရှေ့ ဘဝင်မြင့်သောရောမအာဏာရှင်များရှေ့၊ ဆင်းရဲချမ်းသာ၊အယုတ်အမြတ်

မရွေး၊ ပညာတတ်၊ ပညာမဲ့၊ အခက်အခဲတွေ့သူ (သို့မဟုတ်) ဘဝသစ်သို့ ပြောင်းလဲသွားသောမာကေဒေါနိပြည်မှထောင်မှူးကြီးနှင့်မိသားစုများရှေ့ မှောက်တွင် ရှင်ပေါလုသည် သခင်ခရစ်တော်ကိုမြင့်တင်ချီးမြှောက်ပါ၏။ အပြစ်ကိုရှုံ့ရှာမုန်းတီး၍ အပြစ်သားကိုအသက်ပေးချစ်သောဘုရားသခင်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကိုဝေမျှခံစားနိုင်ရန်အတွက် အကျွန်ုပ်တို့ ၏အပြစ်များကို ယူတင်ဝတ်ဆောင်သွားသောဘုရားသခင်အကြောင်းကို ရှင်ပေါလုသည် ထိုသူတို့အားဟောပြောလေ၏။

ဓမ္မစာပေရောင်းချသောဓမ္မဝန်ဆောင်ခရစ်ယာန်တရားဟောဆရာ

ဥာဏ်ရည်ထက်မြက်၍ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောအမှန် တရားချစ်မြတ်နိုးသည့် ဓမ္မစာပေအမှုတော်ဆောင်သည် ရှိသေထိုက်သူတစ်ဦး ဖြစ်၏။ ထိုသူသည် ဧဝံဂေလိဓမ္မဝန်ဆောင်တစ်ဦးနှင့်ညီမျှသောရာထူး နှင့်ပြည့်စုံ၏။အသက်အရွယ်နုငယ်သောဧဝံဂေလိဓမ္မဝန်ဆောင်တို့သည် အမှန်တကယ်ပြောင်းလဲသောဧဝံဂေလိတရားဟောဆရာအဖြစ်တာဝန် ယူထမ်းရွက်သောအခါ ဓမ္မစာပေဖြန့်ချိရောင်းချသောအမှုတော်ဆောင် များကဲ့သို့ ကောင်းသောအလုပ်ကိုများစွာလုပ်ဆောင်နိုင်မည်ဖြစ်၏။ တစ်ပါး သူတို့ထံသို့ပို့ဆောင်ပေးသော ကျွန်ုပ်တို့၏စာအုပ်စာပေတို့သည် ဘုရားသခင်၏ တရားတော်မကြားနိုင်သောအခြေအနေရှိသောနေရာများသို့ဖြည့်ဆည်းပေး လေသည်။ တစ်အိမ်တက်ဆင်းသွားလာသဖြင့် တွေ့ဆုံသောသူများထံသို့ သခင်ခရစ်တော်၏အသက်တာသတင်းကောင်းကိုပျံ့နှံ့သင်းထုံစေ၏။ ဤနည်းဖြင့် တစ်ပါးသူတို့ကိုမင်္ဂလာဖြစ်စေသောသူသည်လည်း မင်္ဂလာ ရှိ၏။ သူတို့၌ယုံကြည်ခြင်းတိုးပွား၏။ ကျမ်းစာအသိများပြားလာ၏။

သခင်ခရစ်တော်အတွက် ဘယ်ကဲ့သို့အသက်ဝိညာဉ်ရိတ်သိမ်းရမည်ကို မျက်ခြည်အပြတ်မခံတော့ပေ။

သို့ဖြစ်၍ဓမ္မဝန်ဆောင်အပေါင်းတို့သည် ဘယ်အရပ်ဆီသို့သွားသည်မဆို မိမိတို့နှင့်အတူ အသင်းတော်ထုတ်စာအုပ်များပါသွားသင့်၏။ ၎င်းကိုရောင်းချ၍ဖြစ်စေ၊ ပေးကမ်း၍ဖြစ်စေ၊ မိမိရောက်သော၊ ဌည်ပတ်သောမိသားစုကိုဝေငှကျေးဇူးပြုအပ်၏။ ဤသဘောကိုရှေးဦးအမှုတော်ဆောင်များစတင်ကျင့်သုံးခဲ့၏။ ဤနည်းဖြင့် အသင်းတော်ကြီးသည် တစ်နေ့တခြားတိုးတက်ကြီးပွားလာသည်မဟုတ်လော။

ဧဝံဂေလိသတင်းစကားပျံ့နှံ့စေရေးတွင် အမှုတော်ဆောင်သည် အမှန်တရားပါဝင်သောစာအုပ်စာပေတို့ကို ပြည်သူလူထုထံသို့သယ်ဆောင်ဖြန့်ဖြူးရောင်းချသွားခြင်းသည် ဓမ္မဝန်ဆောင်တစ်ဦးကို အရည်အချင်းကျဆင်းစေသည်ဟု အဘယ်သူမျှမထင်မှတ်စေနှင့်။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် ရှင်ပေါလုအမှုတော်ဆောင်သည့်နည်းဖြစ်၏။ ရှင်ပေါလု၏သက်သေခံပြောကြားချက်ကိုမှတ်သားပါအဆွေ။ "ပေါလုက၊ ငါသည်အာရှိပြည်သို့ရောက်သောနေ့မှစ၍ ယခုတိုင်အောင် သင်တို့ရှေ့မှာအဘယ်သို့ကျင့်နေသည်ကိုသင်တို့သိကြ၏။ အလွန်နှိမ့်ချသောစိတ်ရှိလျက်၊ မျက်ရည်ကျလျက်၊ ယုဒလူတို့၏မကောင်းသောအကြံအားဖြင့်စုံစမ်းနှောင့်ယှက်ခြင်းကိုခံလျက် ဘုရားသခင်၏အမှုတော်ကို ငါဆောင်ရွက်သည်အကြောင်းအရာကို သင်တို့သိကြ၏။ သင်တို့အကျိုးပြုစုရာတစ်စုံတစ်ခုမျှ ငါမထိမ်မဝှက်။ လူစုဝေးရာ၌လည်းကောင်း၊ အိမ်များ၌လည်းကောင်း သင်တို့အားငါဟောပြော၍ဆုံးမဩဝါဒပေးသဖြင့် ဘုရားသခင့်ရှေ့တော်၌ နောင်တရခြင်းတရားကိုလည်းကောင်း၊ ငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းတရားကိုလည်းကောင်း ယုဒလူ၊

ဟောလသလူတို့အားသက်သေခံသည်အကြောင်းအရာကို သင်တို့သိကြ၏။” (တမန်တော် ၂၀း၁၈–၂၁)။ စကားအပြောအဟောကောင်းသောရှင်ပေါလု၊ ထာဝရဘုရားသခင်၏ထူးခြားသောထင်ရှားဖော်ပြမှုကိုတွေ့မြင်ခံစားရသောရှင်ပေါလု၊ သူ၌နှိမ့်ချသောစိတ်သဘောရှိ၏။ မျက်ရည်ယိုစီးရပေါင်းများသည်သာမက စုံစမ်းနှောင့်ယှက်ခြင်းများစွာကိုခံစားရလျက် တစ်အိမ်တက်ဆင်းဧဝံဂေလိသတင်းတရားကို ဟောကြားခဲ့လေသည်။

## တရားတော်ဟောကြားသကဲ့သို့အရေးကြီးလုခြင်း

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းတွင်ပါဝင်ထမ်းရွက်သောတရားဟောဆရာဓမ္မဝန်ဆောင်တစ်ဦးသည် ဥပုသ်တော်နေ့ပတ်စဉ် ဘုရားကျောင်းတွင် တရားဟောပေးဝေမျှနေသော ဆရာကြီးကဲ့သို့အရေးပါလှပါ၏။ ထာဝရဘုရားသခင်သည် သစ္စာရှိသူဓမ္မစာပေအမှုတော်ဆောင်အား သစ္စာရှိသူတရားဟောဆရာကြီးကဲ့သို့ရှုမြင်၍ အသိအမှတ်ပြုပါသည်။ ထိုသူတို့နှစ်ဦးစလုံးပင် မိမိသြဇာလွှမ်းမိုးရာနေရာ၌အလင်းဆောင်သူများဖြစ်ကြပါ၏။ ယခုတွင်သမားတော်ကြီးယေရှုခရစ်တော်နှင့်အတူ ကျွန်ုပ်တို့လူသားတိုင်း လမ်းမကြီးမှသည်လမ်းကြိုလမ်းကြားတိုင်အောင် ပူးပေါင်းလုပ်ဆောင်ကြပါရန် ထာဝရဘုရားသခင်သည် ဖိတ်ခေါ်လျက်နေ၏။ သို့ဖြစ်၍ လူသားတိုင်းသည် မိမိ၏သီးခြားလုပ်ငန်းခွင်တွင် ဘုရားသခင်အတွက် အလုပ်လုပ်နိုင်ကြလေသည်။ ထိုသို့ပြောင်းလဲပြီးဖြစ်သောအမှုတော်ဆောင်သည် ဧကန်စင်စစ် ခရစ်ယာန်သာသနာပြုဓမ္မဆရာပင်ဖြစ်ချေတော့၏။

အမှုတော်ဆောင်အချို့ရှိပါသည်။ ဓမ္မစာပေဖြန့်ချိရောင်းချခြင်း လုပ်ငန်းစနစ်ကိုသဘောကျသဖြင့် မိမိ၏လုပ်ငန်းခွင်တွင်အသုံးချသော အခါ တရားပြောဟောခြင်းထက် ပိုမို၍အလုပ်ကိုပြီးပြည့်စုံစေပါ၏။ သခင်ခရစ်တော်၏သဘောတော်ကို ထင်ရှားစေသောအခါတွင်မူကား၊ တစ်ပါးသူတို့အား ယနေ့အတွက်ထူးမြတ်သောသမ္မာတရားဆီသို့ လမ်းညွှန်ခေါ်ဆောင်သွားမည်ဖြစ်ပါသည်။

## လုပ်ငန်းခွင်တွင်ဝမ်းမြောက်ခြင်း

အကူအညီလိုအပ်နေသူကိုကူညီပေးခြင်း၊ ပျောက်သူကိုရှာဖွေ၍ ပျက်စီးသူကိုကယ်တင်ခြင်း၊ စိတ်ဓါတ်ကျဆင်းသူကိုအားပေးခြင်း၊ နာမကျန်းသူကိုအနာရောဂါမှပျောက်ကင်းစေခြင်း၊ ဝမ်းနည်းပူးဆွေးနေသူကိုနှစ်သိမ့်စကား၊ အကြင်နာစကားပြောဆိုကူညီပေးခြင်းဖြင့် သင်သည်လည်း သခင်ခရစ်တော်၏ ဝမ်းမြောက်ခြင်းမျိုးကို ခံစားသိမြင်နိုင်ပါ၏။ သခင်၏ သဘောတော်မျိုး ကျွန်ုပ်တို့၌ထားရှိလေ၊ ပတ်ဝန်းကျင်ရှိအသက်ဝိညာဉ် များကယ်ဆယ်ရေးအတွက် စိတ်အားထက်သန်စွာအလုပ်လုပ်ပေးလေ ဖြစ်ပါသည်။ အများအကျိုးကိုသယ်ပိုးဆောင်ရွက်လေ ကြီးမားသော ပျော်ရွှင်မှုကိုရရှိလေဖြစ်၏။ ထိုမှလွန်သော် သခင့်နောက်တော်သို့လိုက် ရန် မွေ့လျော်လာပါလိမ့်မည်။ ဘုရားသခင်၏အဂ္ဂပေမေတ္တာတော်ကို ရောင်ပြန်ဟပ်စေမည့် ခရစ်တော်သခင်ကယ်တင်ရှင်အကြောင်းကိုသာ အချိန်ပြည့်သက်သေခံပြောကြားလိုစိတ်ဖြစ်ပေါ်လာပေတော့မည်။

အမှန်တရားအလင်းဇုန်သို့ရောက်ရှိပြီဖြစ်သောပုဂ္ဂိုလ်များသို့ ကျွန်ုပ်မေးခွန်းမေးဖူးလေသည်။ ယခုနှစ်သစ်တွင် သင်ဘာလုပ်မည်နည်း အချင်းချင်းတစ်ဦးနှင့်တစ်ဦးရန်တုံ့မှုခြင်းဖြင့် လူ့ဘဝတွင်လူသားတို့၏

ယုံကြည်မျှော်လင့်အားထားချက်ကိုအင်အားနည်းပါးပျက်စီးစေမည်လော။ သို့တည်းမဟုတ်၊ သေလုမြောပါးဖြစ်နေသောအသက်ဝိညာဉ်များကို ရှာဖွေအားပေးရန် သင်၏အချိန်ကိုဆက်ကပ်ပါမည်လော။ ကျွန်ုပ်တို့၏ အမှုတော်ဆောင်များသည် သခင်၏အစေကိုစိတ်ပါကိုယ်ရောက်ထမ်း ရွက်မည်ဆိုပါက ညည်းတွားမြည်တမ်းခြင်းအသံမကြားရသလောက်နည်း ပါးသွားပါလိမ့်မည်။ ဝိညာဉ်နှင့်ခန္ဓာပျက်စီးစေသောအရာများထဲမှလွတ် မြောက်၍ နီးကြားတက်ကြွမှုရှိလာပေမည်။ တစ်ပါးသူအတွက်အကျိုး ဆောင်ရွက်ပေးခြင်းဖြင့် ဘုရားကျောင်းသို့အတူတကွဝတ်ပြုကြစေရန် ပြောဆိုဖိတ်ခေါ်နိုင်ခွင့်လည်း ရရှိပါလိမ့်မည်။ သူတို့၏သက်သေခံ ဟောပြောချက်များသည် အမှောင်ထုတွင်ကွယ်ပျောက်သွားမည်မဟုတ် ဘဲ ရွှင်လန်းဝမ်းမြောက်၍ သခင်ခရစ်တော်အတွက် ရဲစွမ်းသတ္တိနှင့် ပြည့်ဝလာမည်ဖြစ်သည်။ အချင်းချင်းတို့၏အခက်အခဲအားနည်းချက် အမှားများကို ယိုးမယ်ဖွဲ့တီးတိုးပြောဆိုနေမည့်အစား သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်ကိုစဉ်းစားပြောဆိုကြပေလိမ့်မည်။ ဤနည်းဖြင့် ပိုမို၍ပီပြင်သော သခင်၏အစေခံကောင်းများဖြစ်လာပေလိမ့်မည် မဟုတ်လော။

---ooo---

# အပိုင်း (၂)

## အရည်အချင်းပြည့်သောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်

## ထာဝရဘုရားသခင်ထံတော်သို့လုံးလုံးလျားလျား

## အပ်နှံထားခြင်း

### ပထမလိုအပ်ချက်

ဓမ္မစာပေဖြန့်ချိရေးအလုပ်တွင်ပါဝင်လုပ်ကိုင်နေသူတို့သည် မိမိတို့ကိုယ်ကိုထာဝရဘုရားသခင်ထံအကြွင်းအကျန်၊မရန်မထားဘဲဦးဆုံး ဆက်ကပ်အပ်နှံထားရပါမည်။ သခင်ခရစ်တော်ဖိတ်ခေါ်ခဲ့လေပြီမဟုတ် လော။ "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။ ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏ ဟုမိန့်တော်မူ၏။"

### အချိန်ကိုရွေးနုတ်ပါ

အကယ်၍သာသင်သည် တရားမျိုးစေ့ကိုမကြဲခဲ့ပါသော်လည်း ကောင်း၊ ဘုရားသခင်ပေးအခွင့်ထူးများကို သခင့်အတွက်မသုံးစွဲပါသော်

လည်းကောင်း၊ ကိုယ့်ဘာယာမှုကိုသာ ကိုယ်ရှာ၍မွေ့လျော်နေပါသော် လည်းကောင်း ယခုတွင်သင်သည် နောင်တမရသဖြင့် ထာဝစဉ်ပျက်စီး ရပေလိမ့်မည်။ ထိုကာလမရောက်မီ သင်သည်ကာလအချိန်ကိုရွေးနုတ် ပါ။ သင့်စွမ်းအားအပေါင်းကိုသခင့်အမှုတော်အတွက် အသုံးတော်ခံရန် သင်၌တာဝန်အလုပ်ရှိပေ၏။ သခင့်ထံတော်ပါးသို့ချဉ်းကပ်ပါ။ သင့်ကိုယ်မှစ၍ ပိုင်ဆိုင်မှုအားလုံးကို သခင့်ထံဆက်ကပ်အပ်နှံလိုက်ပါ။ နေ့ရက်တစ်ရက်သော်မျှ အဆုံးအရှုံးမခံလိုသောသင်သည် ဂရုမစိုက်၊ မလုပ်လိုသောအလုပ်ကို ယခုကောက်ကိုင်၍နှိမ့်ချသောစိတ်၊ ကြီးမား သောယုံကြည်ခြင်းဖြင့်ဆုတောင်းပါ။ ဘုရားသခင်ထံအကူအညီ တောင်းခံပါ။ သခင်ကိုစိတ်နှလုံးအကြွင်းမဲ့နှင့်ရှာသော်တွေ့လိမ့်မည်။ သခင်ထံမှခွန်အားနှင့် ကောင်းချီးမင်္ဂလာများစွာကိုလည်းခံစားရ ပါလိမ့်မည်။

## စိတ်နှလုံးနှိမ့်ချ၍သင်ကြားခံယူလိုစိတ်ရှိပါစေ

ထာဝရဘုရားသခင်သည် မိမိအမှုတော်မြတ်အတွက် အမှုတော် ဆောင်များကိုဖိတ်ခေါ်ရွေးချယ်ရာ၌ ထိုသူတို့သည် လောကပညာတတ် များ၊ စကားပြောကောင်းသူများ၊ ချမ်းသာကြွယ်ဝသူများဖြစ်ပါ၏လောဟု မမေးပါ။ ကိုယ်တော်မေးသည်မှာ– “သူတို့သည်ငါသွန်သင်ရာလမ်းကို လျှောက်လှမ်းနိုင်ရန် စိတ်နှလုံးနှိမ့်ချမှုရှိပါမည်လော၊ သူတို့၏နှုတ်တွင် ငါ၏စကားထည့်သွင်းပေးနိုင်မည်လော၊ ငါ့ကိုကိုယ်စားပြုနိုင်ပါမည် လော။”

အသုံးခံလိုသောသူမှန်သမျှကို ထာဝရဘုရားသခင်သည် အသုံးပြု နိုင်၏။ ထာဝရဘုရားသခင်၏သဘောတော်နှင့်ပြည့်ဝသောသူ၊ သခင်၏

ရုပ်လုံးကို မိမိ၏အသုံးတော်ခံခြင်းအလုပ်အားဖြင့် ပေါ်လွင်စေသော သူတို့သည် နောက်တော်သို့လိုက်သောသူများဖြစ်ကြ၏။ ထိုသူတို့သည် မပျက်စီးနိုင်သောအခြေခံမူစည်းမျဉ်းများနှင့် မဖျောက်ဖျက်နိုင်သော ဂုဏ်အင်္ဂါရပ်များကို လောကသားတို့အားထင်ရှားသိမြင်စေသောသူများ ဖြစ်ကြသတည်း။

## အဘယ်ကြောင့်များပြားစွာသောသူတို့ဆုံးရှုံးရပါသနည်း

ဓမ္မစာပေအမှုတော်ဆောင်သည် နေ့တိုင်းအစဉ် ထာဝရဘုရား သခင်၌ပြောင်းလဲမှုရှိရပါမည်။ သူတို့၏ဆိုစကားနှင့်လုပ်ရပ်များတို့ သည် အသက်ကယ်နိုင်သည့်ဩဇာတန်ခိုးဖြစ်ရန်လို၏။ အသက်ပေး ဆက်နိုင်သောမွှေးရနံ့ကဲ့သို့တည်း။ ဤအလုပ်တွင်ဆုံးရှုံးရသူတို့မှာ အသက်တာကိုပြောင်းလဲစေသော တရားသဘောကိုမသိ၍ ခရစ်ယာန် စစ်စစ်မဟုတ်သောကြောင့်ဖြစ်ပေသည်။ သူတို့သည် ဦးနှောက်အသိနှင့် သီအိုရီကိုသိနားလည်၏။ သို့သော် ထာဝရဘုရားသခင်ကိုကိုးစား ခိုလှုံလိုစိတ်မရှိကြပါ။

## ကြည့်ခြင်းဖြင့်ပြောင်းလဲပါ

ဓမ္မစာပေအမှုတော်ဆောင်များတို့...သင်တို့ယခုကိုင်ဆောင် နေသောစာအုပ်စာပေများတို့သည် ဗာဗုလုန်စပျစ်ရည်ခွက်ဖလားမဟုတ် ပါ။ လောကရှင်ဘုရင်တို့၏မှားယွင်းသောသွန်သင်ချက်များလည်း မပါဝင်ပါ။ သို့သော် ကယ်တင်ရွေးနုတ်ခြင်းကိုပေးသောတန်ဖိုးကြီး၍ အမှန်တရားများနှင့်ပြည့်နေသော ခွက်ဖလားသာလျှင်ဖြစ်ပါသည်။

ထိုခွက်ဖလားကိုသင်ကိုယ်တိုင်သောက်လိမ့်မည်လော။ သို့ပြုလျှင် သင်သည် သခင်ခရစ်တော်၏အလိုတော်ကိုသိမြင်ခံစားရပေလိမ့်မည်။ သခင့်ရုပ်လုံးကိုလည်း သင်ထင်ဟပ်နိုင်ပါလိမ့်မည်။ ထိုသခင်ကိုကြည့်ခြင်းဖြင့် သင့်အသက်တာအကျင့်များပြောင်းလဲလာပေမည်။ သင်သည် သခင့်ရှေ့တော်မှောက်သို့ချဉ်းကပ်၍ ကိုယ်တော်သွန်သင်သောစကားကိုပြောရဲလာလိမ့်မည်။ သင်သယ်ဆောင်နေသောစာအုပ်စာပေတို့သည် လူသားတို့အတွက် ဘုရားသခင်စီမံရာအထွတ်အမြတ်သတင်းကောင်းပါဝင်ကြောင်း သခင်က သင့်အားဖြင့်လူသားတို့ကိုသိနားလည်စေလို၏။ သင်သည် ထိုသခင်နှင့်ပုံဆောင်သောကျောက်ဆောင်ပေါ်သို့ကျသဖြင့် ကျိုးပဲ့သောအခါ သခင်၏တန်ခိုးတော်ကိုသိမြင်ခံစားလာပေလိမ့်မည်။ သင့်နှလုံးသားအိမ်တွင် ကိန်းအောင်းနေသောတရားစစ်တရားမှန်၏တန်ခိုးတော်ကိုလည်း တစ်ပါးသူတို့မြင်တွေ့၍ အသိအမှတ်ပြုလာပေလိမ့်မည်။

## သခင်ခရစ်တော်ကိုယူတင်ဝတ်ဆောင်ပါလော့

အဘယ်သူမျှ မိမိကိုယ်ကိုမိမိထားဝရဘုရားထံလုံးလုံးလျားလျားမဆက်ကပ်မအပ်နှံဘဲနှင့် အောင်မြင်သောဝိညာဉ်လယ်သမားတစ်ဦးမဖြစ်လာနိုင်ပါ။ ကျွန်ုပ်တို့တစ်ဦးစီသည် သခင်ယေရှုခရစ်တော်ကိုယူတင်ဝတ်ဆောင်ကြရမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့တစ်ဦးစီအတွက်အသိဉာဏ်၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်ရွေးနုတ်ရှင်ဖြစ်ရပါမည်။ သခင်ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ်လက်ခံယုံကြည်ခြင်းဖြင့် တစ်ပါးသူတို့ရှေ့တွင်အလင်းသစ်ကို သခင့်အတွက်ဆောင်နေခြင်းဖြစ်ပါသည်။ တစ်ပါးသူတို့လည်း သခင်ခရစ်တော်ကို

တွေ့မြင်လာ၍ မပြတ်ကြည့်ရှုခြင်းဖြင့် အသက်တာပြောင်းလဲလာသောအခါ ကျမ်းစာသွန်သင်ချက်များကိုယုံမှားစိတ်နှင့်ဆန့်ကျင်ကြတော့မည်မဟုတ်။ ကိုယ်တော်ထံသို့ချဉ်းကပ်လျက် ခွင့်လွှတ်ခြင်းတရား၊ ဖြူစင်ခြင်းတရားနှင့်ထာဝရအသက်ကို ရယူလက်ဆင့်ကမ်းကြပေလိမ့်မည်။

ခက်လှသည်မှာ မိမိကိုယ်တိုင်က မပြောင်းလဲသဖြင့်ရိုးစင်းစွာမေးလာသူကိုအဘယ်မှာလျှင် ဖြေကြားနိုင်အံ့နည်း။ အသိတရားကြွယ်ဝစေသောသခင်ခရစ်တော်၏မေတ္တာတော်ကိုလည်း သိနားလည်ခြင်းမရှိ။ အသို့လျှင် တန်ဖိုးကြီးပုံဝတ္ထုဟောင်းကိုပြန်လည်ပြောကြားနိုင်ပါမည်နည်း။ လူတို့သည် ယုံကြည်ကိုးကွယ်မှုအမှန်ကိုရရှိရန်နှင့် သခင့်နောက်တော်သို့ဘယ်မဆိုလိုက်ပါနိုင်ရန် ကျွန်ုပ်တို့ဦးဆောင်သွားရပါမည်။ သခင့်ခြေတော်ရာအတိုင်း ဦးလည်မသုန်၊မျက်ခြည်မပြတ်လျှောက်လှမ်းသွားရပေမည်။ ကောင်းကင်ဘုံသို့ခရီးတစ်ထောက်ဆက်ခြင်းပေတည်း။

## လူများစွာကိုကယ်တင်ရှင်ထံတော်သို့ဆွဲယူပါ

နာမည်ခံခရစ်ယာန်တို့သည် သခင်ယေရှုခရစ်တော်ထံတော်ပါးမှ ဝေးကွာနေလေပြီ။ ထိုသူတို့သည် မိမိကိုယ်ကိုဗဟိုချက်ထားကြ၏။ သင်သည် သခင်ခရစ်တော်ထံသို့ သူတစ်ပါးကိုပို့ဆောင်ခြင်း၌ အောင်မြင်မှုရရှိလိုပါသော် မိမိကိုယ်တိုင်သခင့်အထံတော်ပါးသို့ချဉ်းကပ်လျက်ကျေးဇူးတော်နှင့်သနားကြင်နာမှုကိုအားကိုးအမှီပြုရန်ဖြစ်သည်။ စာတန်သည် လူတကာကိုဘုရားသခင်ထံတော်မှဝေးကွာစေ၍ မိမိကိုယ်ပိုင်ကားပေါ်တွင်ချုပ်နှောင်ကာ မိမိအစေကိုသာခံရန်ဆန္ဒရှိ၏။ သို့ဖြစ်လေရာ

ကျွန်ုပ်တို့သည် လူအပေါင်းကိုကယ်တင်ရှင်ထံသို့ပို့ဆောင်ရမည် ဖြစ်ပါသတည်း။

သခင်ခရစ်တော်ထံသို့ပို့ဆောင်ခဲ့ပြီးသောအသက်ဝိညာဉ်၏လုံခြုံမှု

ဤအလုပ်အားဖြင့်သခင်ခရစ်တော်ထံတော်ပါးသို့ဆောင်ယူခဲ့သော အသက်ဝိညာဉ်ကို ထာဝရဘုရားသခင်သည် အလိုတော်နှင့်အညီ ကောင်းသည်ကိုမြင်သည့်အတိုင်းပြုပြင်သွားလေ၏။ ထာဝရဘုရားသခင် ထံတော်ပါးသို့ချဉ်းကပ်တိုးဝင်သွားသူတိုင်းအတွက် ကျေးဇူးတော်သည် လုံလောက်ပေ၏ဟုကတိတော်ရှိ၏။ သို့ဖြစ်၍ သခင်ယေရှုထံဆက်ကပ်အပ်နှံသူ၊ စိတ်နှလုံးတံခါးကိုဖွင့်လှစ်၍ သခင်ကိုဖိတ်ခေါ်သူတို့သည် လုံခြုံစွာနေရလိမ့်မည်။ ကိုယ်တော်တိုင်ပြောဆိုခဲ့လေပြီမဟုတ်လော။ “ငါသည်လမ်းခရီး၊ သမ္မာတရား၊ အသက်ဖြစ်၏။” (ယောဟန် ၁၄း၆)။ သခင်ခရစ်တော်ကိုရရှိသောသူသည် အမှန်တရားကိုရ၏။ ထိုသူသည် ကိုယ်တော်၌ပြီးပြည့်စုံခြင်းရှိပေလိမ့်မည်။

## လုံးဝရိုးသားဖြောင့်မှန်မှုရှိပါစေ

အကယ်၍သာခမ္မစာပေအမှုတော်ဆောင်သည် မိမိလုပ်ရပ်မှားယွင်းနေသော်လည်းကောင်း၊ လိမ်လည်ပြောဆိုသော်လည်းကောင်း သူသည်မိမိကိုယ်ကိုယုတ်ညံ့စေခြင်းသာဖြစ်၏။ သူသည် မိမိကိုယ်ကို သတိပြုမိသည်ဖြစ်စေ၊ မပြုမိ၍မသိသည်ဖြစ်စေ ထာဝရဘုရားသခင်သည် သူ၏လုပ်ငန်းစဉ်လှုပ်ရှားမှုအားလုံးကိုမြင်တွေ့နေ၏။ သန့်ရှင်းသောကောင်းကင်တမန်များသည် သူ၏ပြောဆိုကျင့်ကြံမှုအားလုံးကို မှတ်တမ်းတင်ချိန်တွယ်၍ မိမိလုပ်ရပ်တိုင်းအတွက် အကျိုးအပြစ်ကိုဆပ်ပေး

စီရင်ပေလိမ့်မည်။ သို့သော် သူသည်သိလျက်နှင့်အမှားလုပ်ပါက သူ၏စိတ်အာရုံနှင့်အကျင့်ကိုသူသာလျှင် သိမ်ဖျင်းစေ၏။ တစ်ကြိမ်မှားရုံနှင့်အကျင့်ဆိုးမဖြစ်ပါ။ သို့သော်အပြစ်သွေးဆောင်မှုတစ်ခုပြီး နောက်တစ်ခုသို့ လွယ်လွယ်ကူကူနှင့်ကူးပြောင်းလုပ်ဆောင်တတ်စေပါသည်။ ယင်းမှသည် လုပ်ငန်းအတွင်းဆင်ဝှေ့ရန်ရှောင်ပြောဆိုတတ်ခြင်းနှင့် မရိုးသားမှုသည် အကျင့်ဆိုးအသွင်သို့ကူးပြောင်းသဖြင့် သူ့ကိုယုံကြည်စိတ်ချ၍မရနိုင်တော့ပေ။

အိမ်ထောင်စုများစွာနှင့် အသင်းတော်အတွင်းမမှန်ကန်မှုများစွာရှိနေပါသည်။လူငယ်လူရွယ်တို့သည် ပြင်ပအမြင်အားဖြင့် ရိုးသားမှန်ကန်မှုရှိပုံရ၏။ သို့သော် စိတ်တွင်း၌ကားယုတ်ညံ့လှပေ၏။ ထုံးဖြူသုတ်ထားသောသင်္ချိုင်းဂူကဲ့သို့တည်း။ လူသည် စိတ်နှလုံးယုတ်မာ၍အပြစ်နှင့်စွန်းထင်းနေပုံအတိုင်း ကောင်းကင်ဘုံတရားရုံးတွင် မှတ်တမ်းရှိနေလေ၏။ လူအသီးအသီး၏ပြောဆို၊ ကျင့်ကြံ၊ ပြုမူလုပ်ရှားမှုတိုင်းကို ကောင်းကင်ဘုံမှတ်တမ်းစာအုပ်တွင် ရေးသားထားသကဲ့သို့ မိမိ၏စိတ်အာရုံတွင်လည်း စွဲကပ်တည်နေလျက်ရှိလေရာ ၎င်းတို့သည်အကြိမ်ပေါင်းများလတ်သော် အတိတ်ကာလ၏ခံစားရာစိတ်ခိုင်မာမှုကိုဖြစ်စေပါသည်။

ဤသို့လျှင် ထိုသူတို့၏အကျင့်ပျက်ပြားမှုများကို ကောင်းကင်တဲတော်တွင် ချိန်တွယ်သဖြင့် ထာဝရဘုရားသခင်၏နေ့ရက်ကြီး၌အလေးချိန်လျော့နေကြောင်းကြေညာလိုက်သောအခါ ယခုအချိန်တွင်နားမလည်နိုင်သောကပ်ဆိုးကြီးသည် သူတို့၌ကျရောက်ပေလိမ့်မည်။ သို့ဖြစ်၍အစွန်းအထင်းမရှိ၊ တန်ဖိုးကြီးမားသောအမှန်တရားနှင့်အညီအသက်ရှင်လှုပ်ရှားနေခြင်းသည် မိမိ၏အကျင့်အပိုင်းတစ်ပိုင်းပင်ဖြစ်ချေ၏။

## အသက်တာတွင်ဖြူစင်မှုရှိခြင်း

သင်သည် အဘယ်မည်သောလမ်းကိုရွေးချယ်လင့်ကစား အသက်ဘာဘဝခရီးလမ်းသည် အခက်အခဲ၊စိုးရိမ်စရာများနှင့်တော့မကင်းနိုင်ပါ။ အမှုတော်ဆောင်များသည် အဘယ်မည်သောခရစ်ယာန်သာသနာလုပ်ငန်းအဖွဲ့ခွဲတွင်ပါဝင်လုပ်ဆောင်သည်မဆို၊ မိမိသည် အပေါ်ယံသဘောထားနှင့်ထာဝရအသက်ရရှိရေးစိတ်ဝင်စားမှုတွင် အာရုံမစိုက်တော့ပါက သူတို့၌ကြီးမားသောဆုံးရှုံးမှုပင်ဖြစ်၏။ ဤတွင်သွေးဆောင်ဖြားယောင်းသူသည် ယင်းဟာကွက်ကိုမြင်တွေ့သွားလေပြီ။ သင့်ဘဝခရီးလမ်းတွင် ကျော့ကွင်းထောင်ကား မရေရာသောလမ်းများသို့တိမ်းချော်သွားစေလိမ့်မည်။ သို့ဖြစ်၍ ဖြူစင်သောအခြေခံစည်းကမ်းနှင့်အညီ နေထိုင်သောယုံကြည်သူဘုရားသခင့်သားသမီးများသာလျှင် လုံခြုံမှုရှိပါလိမ့်မည်။ ဒါဝိဒ်မင်းကြီးကဲ့သို့ "အကျွန်ုပ်သည်ခြေမချော်ရပါမည်အကြောင်း အကျွန်ုပ်၏ခရီးစဉ်ကို ကိုယ်တော်၏လမ်းပေါ်သို့ပဲ့ပြင်စောင့်မတော်မူပါ" ဟုသူတို့ဆုတောင်းကြပါလိမ့်မည်။ လူသည်တစ်ကိုယ်ကောင်းဆန်သောသဘောနှင့်စိတ်နှလုံးညစ်ညမ်းမှုကို မပြတ်မလပ်နှိမ်နင်းရပေမည်။ အပြစ်သားတို့သည် မိမိတို့၏ခရီးလမ်းတွင် ဘေးမရှိကြီးပွားကြပုံကို တွေ့မြင်ရလေ့ရှိသော်လည်း အကြင်သူသည် ထာဝရဘုရားသခင်ကိုမေ့ပျောက်အံ့။ တစ်နာရီ၊ တစ်စက္ကန့်အတွင်း ထိုသူသည် အန္တရာယ်ခရီးလမ်းပေါ်တွင်ရှိနေလေ၏။ ထိုသူတို့သည် အခက်အခဲဆင်းရဲခြင်းများကို သတိမမူမိကောင်းဖြစ်မည်။ သို့သော် သတိပြုမိသည်ကား၊ အပြစ်လုပ်ရပ်များသည် အကျင့်တစ်ခုကဲ့သို့ဖြစ်လာ၍ သံဘောင်ထဲတွင်သူတို့ကိုချုပ်နှောင်ထားသဖြင့် အပြစ်နှင့်ယဉ်ပါး

ကြသူများဖြစ်လာကြပေ၏။ ဤသည်ကိုထာဝရဘုရားသခင်သည်
မုန်းတီး၍ ထိုသူတို့ကိုကောင်းချီးမင်္ဂလာမပေးနိုင်တော့ပေ။

အပြစ်နှင့်မရောစပ်ပါနှင့်

လူငယ်လူရွယ်တချို့သည် မိမိတို့ကိုယ်ကို ကောင်းကင်ဘုံနှင့်အဆက် ဖြတ်လျက် ဓမ္မစာပေအမှုတော်ဆောင်များဖြစ်နေကြ၏။ သူတို့သည် စုံစမ်း သွေးဆောင်ခြင်းလမ်းမပေါ်တွင်ရပ်တန့်နေလျက် မိမိတို့ကိုယ်ကိုရဲရင့် ကြောင်းပြသနေကြ၏။ တစ်ပါးသူတို့၏အမှားများကိုလည်း ရယ်မောနေကြ၏။ ထိုသူတို့သည် အမှန်တရားကိုသိ၍ အပြုအမူဆင်ခြင်ရန် နားလည်ကြပါသည်။ ဤကဲ့သို့သောအခြေအနေတွင် သူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းနောက်သို့ လွယ်လွယ်နှင့်ပါသွားနိုင်၏။ ကျဆုံး နိုင်၏။ သို့သော် ထာဝရဘုရာသခင်ကို သူတို့အားမကိုးကြပါ။ စာတန်၏လှည့်ဖြားမှုမာယာထောင်ချောက်တွင် ၎င်း၏ရုပ်သေးများသာ ဖြစ်နေကြပါတော့သည်တကား။

ကျွန်ုပ်တို့၏တရားလိုကြီးစာတန်၌ တပည့်လက်သားများစွာ ရှိ၏။ ထိုသူတို့သည် အစားဆာသောခြင်္သေ့ကြီးပမာ အသက် ဝိညာဉ်များစွာကိုဖျက်ဆီးရန် မပြတ်ရှာဖွေနေ၏။ ထိုသူတို့ကိုရှောင် ကြဉ်ပါ။ မိတ်ဆွေစစ်သဏ္ဍာန်ဟန်ဆောင်နေပါသော်လည်း သူတို့သည် သင့်ကိုအပြစ်လမ်းတွင် မကောင်းမှု၌ကျင်လည်ရန် စဉ်းလဲဉာဏ်နှင့် မိတ်ဆက်ပေးလိမ့်မည်။ သူတို့သည် သင့်ကိုနှုတ်ခမ်းဖြင့်မြှောက်ပင့် ပြောဆို၍ ကူညီစောင့်မမည်ဟုကတိပြုကြသော်လည်း သူတို့၏ခရီးလမ်း သည် ငရဲပြည်၌ဆုံး၏။ သူတို့ပေးသောအကြံပြုချက်ကို သင်နားထောင် ပါက သင်၏ဘဝအသက်တာသည် တိမ်းစောင်းသွားနိုင်၏။

သင်သည်ဝိညာဉ်ရေးကိုယ်ခံပစ္စည်းတစ်ခုကို အသိစိတ်မှပယ်ရှားပစ်အံ့။ သင်၌အပြစ်လုပ်လိုစိတ်နှင့်အကျင့်ငယ်လေးတစ်ခုပေါ်လာနိုင်၏။ ကြီးမားသောတာဝန်ပိုင်း၏အမှုငယ်လေးတစ်ခုကို ဂရုမစိုက်လိုသည့်သဘောပေါ်လာနိုင်၏။ ဤကဲ့သို့သောအမှုငယ်မှစတင်၍စာတန်ကြီး၏အစေခံကျွန်ဘဝသို့ စုံးစုံးမြုပ်သွားတတ်လေသည်။ ထိုအခါ ထာဝရဘုရားသခင်ကိုချစ်၍ အမှုတော်ဆောင်သည်ဟူသောသဘောလည်း ပျောက်ကွယ်တတ်လေ၏။ သင်သည်လည်း တစ်စတစ်စနှင့်ဝိညာဉ်ရေးကျဆင်းသွားလေရာ "အကျပ်ကိုင်မှုကိုပြုသောသူတို့၊ ငါ့ထံမှထွက်သွားကြလော့" ဟူသော ဘုရားသခင်၏အမိန့်တော်ဆင့်ဆိုသံကို သင့်နားနှင့်ကိုယ်တိုင်ကြားရသည်တိုင်အောင် သင်၏ပျက်စီးခြင်းအဖြစ်ကို သင်ဘယ်သောအခါမျှမသိမြင်လိုက်ဘဲရှိနေပါလိမ့်မည်။

## ဆိုးညစ်သောအပေါင်းအသင်းများကိုရှောင်ကြဉ်ပါ

ကျွန်ုပ်သည် လူငယ်တချို့အကြောင်းကိုလျောက်ပတ်စွာမေတ္တာနှင့်ပြောဆိုသွန်သင်နေကြောင်း ကာယကံရှင်တို့သိကြပါ၏။ ထိုသူတို့သည်မိမိတို့၏လျှို့ဝှက်လုပ်ရပ်များကို မိဘများ၊ မိတ်ဆွေကောင်းများထံမှထိမ်ဝှက်နိုင်လျှင် ထိမ်ဝှက်နိုင်မည်။ သို့သော် ထာဝရဘုရားသခင်ရှေ့တော်၌ ဖုံးကွယ်၍မရပါ။ ဤလူငယ်တို့တွင်အပြောတစ်မျိုး၊ အလုပ်တခြားနှင့် မိမိကိုယ်ကိုလှည့်ဖြားနေကြပါ၏။ ထိုသူတို့တွင် မိမိကိုယ်ကိုကယ်နုတ်ဖို့ရန် ကြိုးစားနေကြသူများလည်းရှိ၏။ ထိုသူတို့ကို ယေရှုဘုရားသခင်ကူညီမစတော်မူပါစေသော်။ ပျို့ရွယ်မောင်မယ်အပေါင်းတို့... သင်သည် သန့်ရှင်းမြင့်မြတ်သောထာဝရဘုရားသခင်၏အမှုတော်မြတ်နှင့်မသင့်လျော်သောအပေါင်းအသင်းဝင်တို့နှင့် တစ်နာရီခန့်မျှ

အချိန်မဖြုန်းလေနှင့်။ သင့်မိဘများရှေ့၊ သခင်ခရစ်တော်နှင့်ကောင်းကင်တမန်များရှေ့တွင် ရှက်ဖွယ်ကောင်းသောအမှုတစ်ခုကိုမျှ တစ်ပါးသူတို့ရှေ့တွင်မပြုလုပ်ပါနှင့်။

တချို့သောသူတို့ပြောပေလိမ့်မည်။ ဤသတိပေးတားမြစ်စကားသည် ခုနစ်ရက်နေ့ဥပုသ်စောင့်သူများအတွက်မဟုတ်။ သို့ဆိုသည့်တိုင် လူတိုင်းမိမိ၏အခြေအနေမှန်ကို ဤမျှဖော်ပြရုံနှင့်သိနေလေပြီ။ ကောင်းကင်တမန်မသိ၊ ဘုရားသခင်မသိဟူသည်မရှိကြောင်း သတိပြုပါ။ အပြစ်ကိုပြု၍ထိခိုက်မှုကင်းသောအရာမရှိနိုင်ပါ။ သင့်လုပ်ရပ်တိုင်းသည် သင့်အကျင့်တည်ဆောက်ခြင်းကိုဖြစ်စေသကဲ့သို့ ၎င်းသည်လည်း တစ်ပါးသူတို့အပေါ်ကြီးမားသောဩဇာလွှမ်းမိုးမှုကိုဖြစ်စေ၏။ သင်သည် ထာဝရဘုရားသခင်နှင့်ဆိုင်၍ အဖိုးနှင့်ဝယ်ယူခြင်းခံရသူဖြစ်ကြောင်း၊ သင့်လုပ်ရပ်မှန်သမျှအတွက် စာရင်းစစ်ဝင်သဖြင့် သင်၌ရှိသောဘုရားသခင်ပေးစွမ်းရည်များကို ဘယ်ကဲ့သို့အသုံးချကြောင်းထုချေလွှာတင်သွင်းပြောဆိုရပေမည်။ ဓမ္မစာပေအမှုတော်ဆောင်စာအုပ်ရောင်းသမား၏လက်သည် အပြစ်နှင့်မစွန်းထင်းစေရပါ။ စိတ်နှလုံးသည်လည်း ထာဝရဘုရားသခင်နှင့်မှန်ကန်နေရပေမည်။ သို့မဟုတ်ပါက သမ္မာတရားကိုရှုတ်ချသကဲ့သို့ဖြစ်ပါသည်။ ခရစ်ယာန်သာသနာပြုနေသူတို့သည် ထာဝရဘုရားသခင်၏ရှေ့ဆောင်လမ်းပြမှုကိုလိုအပ်ပါ၏။ ထိုသူတို့သည် တာထွက်ကောင်း၍ မိမိခရီးကြောင်းပေါ်တွင်တိတ်ဆိတ်စွာနှင့်ခိုင်မာစွာလျှောက်လှမ်းသွားရပေမည်။ ဤအဖြစ်၌ဆုံးဖြတ်ပြီးသားဖြစ်ရမည်။ သို့မဟုတ်က လုံ့လဝီရိယကြီးသော စာတန်သည် သူတို့ကိုအောင်မြင်ပါလိမ့်မည်။

## ထာဝရဘုရားသခင်အားအမြဲမပြတ်ကိုးစားလော့

အကြင်အမှုတော်ဆောင်သည် မိမိလုပ်ငန်းစဉ်တွင် စုံစမ်းနှောင့်ယှက်ခြင်းနှင့်အခက်အခဲဆင်းရဲများစွာကိုတွေ့ကြုံရအံ့။ ထာဝရဘုရားသခင်ကို အားကိုးခြင်းဖြင့် ယင်းအတွေ့အကြုံများတွင် ရင့်ကျက်၍နေကြောင်းသိမြင်ပါလေ။ ထိုသူသည် အချိန်နာရီတိုင်း ထာဝရဘုရားသခင်ကို အားကိုးရပါမည်။

ထိုသို့အခက်အခဲကြုံတွေ့ရသည်ကာလနှုတ်ဖြင့်မသည်းညူရ။ စိတ်ဖြင့်မပြစ်မှားရ။ အောင်မြင်သောအခါ၌လည်း မိမိကိုယ်ကိုဂုဏ်ဖော်ခြင်းမပြုရ။ အကြောင်းမူကား ထိုအောင်မြင်မှုသည် ထာဝရဘုရားသခင်၏ကောင်းကင်တမန်များကတစ်ဖက်သူ၏စိတ်နှလုံးကိုနှိုးဆော်ပေးခြင်းကြောင့်ဖြစ်၏။ သင်သည်စိတ်အားထက်သန်နေချိန်တွင်လည်းကောင်း၊ စိတ်ဓါတ်ကျဆင်းချိန်တွင်လည်းကောင်း ကောင်းကင်ဘုံမှတမန်တော်များသည် သင့်အနားတွင်အမြဲရှိနေ၏။ ဤအရာကိုအသိအမှတ်ပြုပါ။ ထာဝရဘုရားသခင်၏ကောင်းမြတ်ခြင်းကိုလည်း ဝမ်းမြောက်စွာချီးမွမ်းထောမနာပြုသင့်လေ၏။

သခင်ခရစ်တော်သည် မိမိဘုန်းတန်ခိုးတော်ကိုဘေးဖယ်ထား၍ အပြစ်သားအတွက် အနစ်နာခံကာ ဤကမ္ဘာမြေကြီးပေါ်သို့ကြွဆင်းလာခဲ့၏။ အကယ်၍သာ အကျွန်ုပ်တို့သည် လုပ်ငန်းခွင်တွင်ခက်ခဲမှုနှင့်ကြုံရပါသော် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအရှင်သခင်ခရစ်တော်ကိုကြည့်ပါ။ ထိုသို့ပြုလျှင် စိတ်ဓါတ်ကျဆင်းဆုံးရှုံးမှုမရှိရပါ။ သခင်၏ကောင်းသောစစ်သည်တော်များအဖြစ် ဆင်းရဲခံနိုင်ကြမည်ဖြစ်၏။ မှန်ကန်စွာယုံကြည်စွဲလမ်းနေသူအပေါင်းတို့အား သခင်ပြောသောစကား

ကိုသတိရပါ။ "ငါတို့သည်ဘုရားသခင့်ထံ၌အလုပ်လုပ်သောသူချင်းဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြ၏။ ဘုရားသခင်၏ကျောင်းတော်တိုက်လည်းဖြစ်ကြ၏။" (၁ကော၊ ၃း၉)။

## ကမ္ဘာလောကကြီး၏အကြီးမားဆုံးသောလိုအပ်ချက်

ကမ္ဘာလောကကြီး၏အကြီးမားဆုံးသောလိုအပ်ချက်မှာ လူဖြစ်၏။ ရောင်း၍ဝယ်၍မရသောလူ။ အတွင်းစိတ်ဖြောင့်မတ်မှန်ကန်၍ ရိုးသားဖြူစင်သောလူ။ အပြစ်ကိုအပြစ်ဟုခေါ်ရဲသောလူ။ တာဝန်ဝတ္တရားအသိစိတ်ကြီးမား၍ အလုပ်တွင်တိကျမှန်ကန်သောလူ။ ကမ္ဘာပြိုသော်လည်း အမှန်တရားဘက်တွင် မားမားမတ်မတ်ရပ်တည်နေမည့်လူဖြစ်ပါသည်။

---ooo---

# ပြင်ဆင်မှုအပြည့်အဝရှိခြင်း

## ခရေစေ့တွင်းကျပြင်ဆင်ခြင်း

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းလုပ်ငန်းတွင် ပိုမိုထိရောက်သော လုပ်ထုံးလုပ်နည်းသစ်များရှိသင့်သလောက်မရှိသေးချေ။ ဓမ္မစာပေ အမှုတော်ဆောင်သည် မိမိ၏လုပ်ငန်းစဉ်ကိုမပြတ်ကောင်းမွန်တိုးတက် စေရမည်။ မိမိလုပ်ငန်းစဉ်ကို ခရေစေ့တွင်းကျပြင်ဆင်မှုပြုရပါမည်။ ပြောဆိုရမည့်စကားရပ်များကိုလည်း အလွတ်ကျက်မှတ်ရုံနှင့်မလုံ လောက်။ ထာဝရဘုရားသခင်သည် လူနှင့်အတူတကွအမှုတော်မြတ်တွင် ပါဝင်လုပ်ဆောင်ပါမှ လူသည် နှလုံးရည်၊ လက်ရုံးရည်နှင့်ပြည့်စုံနိုင် မည်ဖြစ်သည်။ ယင်းအတွက် သင်သည်ထာဝရဘုရားသခင်ကိုစိတ်နှလုံး အတွင်း ဝင်ရောက်ကိန်းအောင်းရန်ခွင့်ပြုရပါမည်။ သခင်ယေရှု၏ မေတ္တာတော်ကိန်းအောင်းခြင်းဖြင့် သင်သည် တွေ့ဆုံသူတိုင်းနှင့် အိမ်ထောင်မိသားစုတိုင်းကို လမ်းမှန်သို့ပို့ဆောင်နိုင်မည်ဖြစ်၏။

ဤတွင် ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်မှထုတ်လုပ်သောစာအုပ်စာပေ များကို ကိုင်တွယ်ရောင်းချရာ၌ ပြောဆိုရမည့်စကားများကို လေ့ကျင့် တတ်မြောက်သော လက်ရွေးစဉ်ဓမ္မစာပေအမှုတော်ဆောင်များစွာလိုအပ် ပါသည်။

## ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်အသိဉာဏ်ရှိခြင်း

သခင့်အစေခံအားလုံးတို့သည် ထာဝရဘုရားသခင်၏နှုတ်တော် ထွက်အမှန်တရားအသိကို စိတ်အာရုံတွင်သိမှီးထားရပါမည်။ သို့မှသာ

ရာသီမရွေးတင်ပြပြောဆိုချိန်ရောက်လာသောအခါ သိုမှီးထားသောနေရာ မှပြင်ဆင်မှုအပြည့်နှင့်ထွက်ဆိုလာမည်ဖြစ်ပါသည်။

## သင်ရောင်းချသောစာအုပ်ကိုလည်းသိနားလည်ပါ

ဓမ္မစာပေအမှုတော်ဆောင်များသည် မိမိတို့ရောင်းချရန် သယ်ဆောင်နေသောစာအုပ်များနှင့်အကျွမ်းဝင်ရပါမည်။ ရွေးချယ်ထားပြီးသောအရေးကြီးအခန်းကဏ္ဍများကိုလည်း အချိန်မရွေးပီပြင်စွာရှင်းပြနိုင်ရပါမည်။

## ဉာဏ်စွမ်းရည်နှင့်နှလုံးသားသိမ့်မွေ့မှု

ဘုရားသခင်ပေးဉာဏ်စွမ်းရည်ကို တန်ဖိုးထားပြုစုပျိုးထောင်၍ အသိတရားအလိမ္မာနှင့်ပြည့်စုံသော လူငယ်လူရွယ်တို့ကို သခင်အလိုရှိနေပါ၏။ ဉာဏ်စွမ်းရှိသမျှကိုလေ့ကျင့်ပျိုးထောင်၍ စိတ်နှလုံးသိမ်မွေ့သူ၏အကျင့်သည် ချိန်ခွင်ညီဖြစ်လိမ့်မည်။ ဤကားတိုးတက်ကြီးပွားရေးလမ်းစဉ်ဖြစ်၏။ သခင်သည် အသီးကိုသင်၌တွေ့အံ့သောငှာ ချဉ်းကပ်သောအခါ အသီးမတွေ့၊ အရွက်သက်သက်သာဖြစ်သောအခြေအနေမျိုးဖြင့် သင်သည် သခင့်ကိုစိတ်မနာစေပါနှင့်။ သို့ဖြစ်၍ ဦးတည်ရည်ရွယ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ထားပါ။ သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ထိုဦးတည်ချက်သည် သန့်ရှင်းခြင်းရှိ၍ အံ့ဖွယ်ရာများစွာကိုလုပ်ဆောင်ပါလိမ့်မည်။

ဓမ္မစာပေအမှုတော်ဆောင်များသည် မိမိတို့လုပ်ငန်းအောင်မြင်ရေးကို လက်တွေ့သင်ကြားရာ၌ သစ္စာရှိကျောင်းသားများဖြစ်ရပါမည်။

အလုပ်လက်ခံပြီးချိန်မှစတင်၍ သူတို့သည် သခင်ခရစ်တော်ကိုမသိ၍ ပျက်စီးနေသောသူများကို မည်သို့ဖေးမကူညီရန် မျက်စိဖွင့်၊ နားစွင့် လျက် ဘုရားသခင်ထံအသိဉာဏ်ပညာကို တောင်းခံရပေမည်။ အမှုတော်ဆောင်တိုင်းသည် မိမိ၏စွမ်းအင်ရှိသမျှကိုစိုက်ထုတ်ကာ အမြင့် မြတ်ဆုံးသောအလုပ်အတွက် အသုံးတော်ခံရပေမည်။ စာတန်၏ထောင် ချောက်ကျော့ကွင်းမှလူတို့ကိုဆယ်ယူ၍ ထာဝရဘုရားသခင်၌စုစည်း ပေးခြင်းသည်လည်းကောင်း၊ ယေရှုခရစ်တော်ကိုအားကိုးခြင်းဖြင့် ဘုရား သခင်ကတိတော်များကိုအမွေခံရခြင်းသည်လည်းကောင်း အမြင့်မြတ် ဆုံးသောအလုပ်ပင်ဖြစ်ချေသည်။

## ဓမ္မစာပေအမှုတော်ဆောင်များကိုသင်တန်းပေးသော ဆရာများ၏တာဝန်ဝတ္တရား

ထိုဆရာများသည် တာဝန်ဝတ္တရားကြီးမားပါ၏။ မိမိတို့၏ အလုပ်ရာထူးအမှန်ကိုခွဲခြားသိမြင်သူသည် မိမိကူညီရမည့်အမှုဆောင် တို့နှင့်အနီးကပ်လက်တွေ့ပူးတွဲလုပ်ဆောင်ရပါမည်။ သို့မှသာဆရာ၏ ညွှန်ကြားသွန်သင်မှုဖြင့် တစ်ပါးသူတို့သည် အမှုတော်ကိုကြည်ညို လေးစားလာကာ လုပ်ငန်းပီပြင်မှုရှိလာမည်ဖြစ်၏။ ထိုအတွက်စိတ်အား ကြီးစွာဆုတောင်းရပေမည်။ ဆိုစကားနှင့်လုပ်ရပ်တိုင်းသည် ထာဝရ ကာလအကျိုးကျေးဇူးကိုဖြစ်ထွန်းစေပါ၏။ ဤသို့လက်တွေ့သွန်သင် ပေးရာတွင် ဆရာ၏သင်ကြားချက်၊ မူစနစ်နှင့်သဘောထားတို့သည် ထာဝရဘုရားသခင်၏သဘောတော်နှင့်ထပ်တူဖြစ်ရန် အလွန်ပင်အရေး ကြီးလှပေသည်မဟုတ်လော။

## ပညာပေးသင်တန်းတက်ရောက်ရန်လိုအပ်ခြင်း

ကျွန်ုပ်တို့မြန်မာယူနီယံအတွင်း တိုင်းအသီးအသီးတွင်ရှိကြကုန်သောခရစ်ယာန်သာသနာ့ခေါင်းဆောင်များသည်လည်းကောင်း၊ ခရစ်ယာန်သာသနာ့ဌာနဆိုင်ရာညွှန်ကြားရေးမှူးများသည်လည်းကောင်း၊ ခရစ်ယာန်သာသနာပြုလုပ်ငန်းနှင့်ပတ်သက်သော ကွဲပြားအဖွဲ့ခွဲများကို ညီတူညီမျှအာရုံပြုဂရုစိုက်ရပေမည်။ ဓမ္မစာပေအမှုတော်ဆောင်တို့သည် မိမိတို့ရောင်းချမည့်စာအုပ်များလျင်မြန်စွာပျံ့နှံ့ရေးအတွက် ပညာပေးသင်တန်းတက်ရောက်ရန်လို၏။ ဤလုပ်ငန်းတွင် ခရစ်ယာန်အတွေ့အကြုံရင့်ကျက်ပြီးသူများ၊ မျှတစွာတွေးခေါ်မြော်မြင်၍ ခံယူချက်ခိုင်မာသူပညာရှိကြီးများလိုအပ်နေပါသည်။ တစ်ပါးသူထံသို့ဓမ္မစာပေများအောင်မြင်စွာလက်ဆင့်ကမ်းထပ်မံဖြန့်ဖြူးစေနိုင်သူများကိုလည်း ဘုရားသခင်အလိုတော်ရှိနေပါသည်။ ဤနည်းဖြင့် လူငယ်လူရွယ်ဓမ္မစာပေအမှုတော်ဆောင်များကိုလက်ဆင့်ကမ်းပြန်လည်မွေးထုတ်ပေးနိုင်သည့် စွမ်းရည်သတ္တိနှင့်ပြည့်ဝသောပညာရှိကြီးများသည် အမှုတော်ကိုပိုမို၍ ပြီးပြည့်စုံစေနိုင်ပါသည်။

## အတွေ့အကြုံရှိသူနှင့်မရှိသူကိုတွဲဖက်ပေးခြင်း

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်တွင် အတွေ့အကြုံရှိပြီးသူများသည် တစ်ပါးသူတို့အားပြန်လည်သွန်သင်ပြသပေးရန် အထူးတာဝန်ရှိလေသည်။ သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်ချက်ဖြင့်ရေးသားထားသောစာအုပ်စာပေများကိုရောင်းချမှုပြုရန် ပျိုရွယ်မောင်မယ်တို့အားအထူးသဖြင့်ပညာပေးပါမည်။ ထာဝရဘုရားသခင်သည် အမှန်တရားကိုလက်သင့်ခံနေသူများအား သစ္စာရှိရှိပညာဆက်သင်ပေးရန်အလိုတော်ရှိ၏။ အလိုတော်နှင့်အညီလုပ်ငန်းစဉ်၏ရည်ရွယ်ချက်ကို ပညာသင်တိနှင့်

အကောင်အထည်ဖော်ရန်ဖြစ်လေသည်။ သို့ဖြစ်၍ အတွေ့အကြုံမရှိသူ အမှုတော်ဆောင်ကို အတွေ့အကြုံရှိပြီးသူအမှုတော်ဆောင်များနှင့် ပူးတွဲလုပ်ဆောင်စေပါ။ ထိုသူနှစ်ဦးစလုံးသည် ထာဝရဘုရားသခင်ကို စိတ်အားထက်သန်စွာရှာဖွေစေပါ။ "ကိုယ်ကိုလည်းကောင်း၊ ကိုယ်ဆုံးမသွန်သင်ချက်ကိုလည်းကောင်း သတိပြု၍ အမြဲတည်နေလော့" (၁တိ ၄း၁၆) ဟုဆိုသောနှုံးဆော်စကားအတိုင်း အသက်ရှင်လှုပ်ရှားသွားလာပါသော် အကျိုးများမည်မှာဧကန်မုချ။ အသက်တာအမှန်တကယ်ပြောင်းလဲ၍ ဓမ္မစာပေဖြန့်ချိရေးအလုပ်ကိုလုပ်ဆောင်သူသည် အခြားသောခရစ်ယာန်သာသနာပြုလုပ်ငန်းစဉ်များအတွက် အကောင်းဆုံးပြင်ဆင်ခြင်းဖြစ်လေသည်။

အမှန်တရားကိုသိမြင်ကျင့်သုံးသူတိုင်း မိမိနှင့်ထိတွေ့သူကို မည်ကဲ့သို့သောနည်းလမ်းကိုသုံး၍ ဆက်ဆံရမည်ကိုသိ၏။ ရှေးဦးခရစ်ယာန်အသင်းတော်ခေတ်က ယေရုရှလင်မြို့မှနေ၍ ကမ္ဘာအနှံ့ခရစ်ယာန်သာသနာဖြန့်ရန် ခရစ်ယာန်သာသနာပြုများစေလွှတ်ခြင်းအစီအစဉ်မှာ ဘုရားသခင်၏အစီအစဉ်ဖြစ်ပါသည်။ တမန်တော်များသည် ပျောက်သောသူများစွာကို ထာဝရဘုရားသခင်ထံတော်သို့ပြန်လာရန် နေရာအနှံ့ထွက်ခွာရှာဖွေကြပုံကိုကြည့်ပါ။ ယနေ့တွင်လည်း ထာဝရဘုရားသခင်သည် မိမိ၏အမှုတော်မြတ်နေရာအနှံ့သို့ရှေ့ဆောင်ရောက်ရှိသွားသည်ကိုမြင်လို၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နယ်သစ်ပယ်သစ်ရှာဖွေကာ အားသွန်ခွန်စိုက်ခရစ်ယာန်သာသနာသတင်းဖြန့်ရောင်းချသင့်ကြလေပြီမဟုတ်ပါလော။

## နှစ်ယောက်တစ်တွဲသွားလာပါရန်

ဓမ္မစာပေအမှုတော်ဆောင်များသည် နှစ်ယောက်တစ်တွဲသွားလာကြရန်ဖြစ်၏။ အတွေ့အကြုံနည်းသူက အတွေ့အကြုံများသူနှင့်တွဲလုပ်ရပါမည်။ အတူတကွ ဆုတောင်း၊ ကျမ်းစာဖတ် သက်သေခံရောင်းချနိုင်ပါသည်။ ဤနည်းဖြင့်လူငယ်လူရွယ်များနှင့် လူကြီးများခရစ်ယာန်ဖြစ်ရခြင်း၏အနှစ်သာရကို ဘုရားသခင်ကောင်းချီးမင်္ဂလာနှင့်အတူရယူခံစားရမည်ဖြစ်ပါသည်။

## ထာဝရဘုရားသခင်၏အမှုတော်မြတ်၌

ဓမ္မစာပေအမှုတော်ဆောင်များသည်မိမိတို့အလုပ်ကိုအလေးအမြတ်ထားရှိရမည်။ ဤသို့ပြုရန်ဘုရားသခင်အလိုတော်ရှိ၏။ ဘုရားသခင့်အမှုတော်မြတ်ကြီးတွင် ပါဝင်အသုံးတော်ခံခြင်းဖြစ်သတည်း။

အနစ်နာတော့ခံရမည်။ သွန်သင်ချက်လမ်းညွှန်မှုလည်းပေးရမည်။ တာဝန်အသိစိတ်ရှိ၍ အရေးကြီးလုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်းကိုလည်းသိစေရမည်။ အမှုတော်ဆောင်အားလုံးသည် ကယ်တင်ရှင်နှုတ်ရှင်၏သက်တော်စဉ်ကိုပုံပမာယူကာ ဆက်ကပ်ပူဇော်ပါ။ မိမိကိုယ်ကိုငြင်းပယ်ပါ။ ဤသဘောထားကိုမြတ်နိုးသင့်ပါသည်။

## ဟေရှာယကျမ်းအခန်းကြီး (၆)

ဓမ္မစာပေအမှုတော်ဆောင်တစ်ဦးသည်ဟေရှာယကျမ်းအခန်းကြီး(၆)ကိုဖတ်ရှုလေ့လာ၍ နှလုံးစွဲလမ်းထားရမည်။ “ငါကလည်း၊

ငါ၌ဆိုးကျိုးရှိ၏။ ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား၊ ငါသည် ညစ်ညူးသောနှုတ်ခမ်းရှိလျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသောလူမျိုးတွင် နေလျက်နှင့် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်တည်းဟူသောရှင်ဘုရင်ကို ကိုယ်မျက်စိနှင့်မြင်လေပြီတကားဟုဆို၏ ထိုအခါ ကောင်းကင်တမန်သရပ်တစ်ပါးသည် ယဇ်ပလ္လင်ပေါ်ကမီးညှပ်ဖြင့် ယူသောမီးခဲတစ်ခဲကိုလက်နှင့်ကိုင်လျက်၊ ငါရှိရာသို့ပျံလာ၍၊ ငါ့နှုတ်ကို တို့ပြီးလျှင် ဤမီးခဲသည် သင်၏နှုတ်ခမ်းကိုတွေ့ပြီ။ သင်၏အပြစ်ကိုသုတ်သင်ပြီ။ သင်၏အပြစ်လည်းဖြေရှင်းပြီဟုဆို၏။”

“တစ်ဖန်ထာဝရဘုရားသခင်က၊ ငါသည် အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဖို့အဘယ်သူသွားမည်နည်းဟုမေးတော်မူသံကို ငါကြားလျှင် ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါဟု လျှောက်လေ၏။” ဟေရှာယ ၆း၅–၈။

ဤကျမ်းပိုဒ်ကိုကျွန်ုပ်တို့ဖတ်ကာ ထပ်ခါတလဲလဲအကောင်အထည်ဖော်ကျင့်သုံးရပေလိမ့်မည်။ ဤလုပ်ငန်းတွင် လူပေါင်းများစွာပါဝင်လုပ်ကိုင်ရန် သခင်အလိုတော်ရှိလေ၏။ ဆက်ကပ်သူများ၊ စိတ်နှလုံးနှိမ့်ချသူများ၊ အမှုတော်မြတ်တွင်ပါဝင်အသုံးတော်ခံလိုသူများအတွက် နေရာကိုယ်စီရှိလေသည်မဟုတ်လော။

## တိုးတက်မှုမပြတ်ရှိရန်လိုခြင်း

သခင်ယေရှုနောက်တော်သို့လိုက်လျှောက်သောသူတို့သည် မိမိတို့၏အမှုအရာ၊ အကျင့်၊ သဘောထားနှင့်လုပ်ငန်းလုပ်ဆောင်မှုတို့တွင် မပြတ်သောတိုးတက်မှုရှိရပေမည်။ ဤကားသခင်ယေရှုကိုအမြဲမပြတ်မျက်မှောက်ပြုရှုမြင်ခြင်းဖြင့်သာဖြစ်နိုင်၏။ သို့ပြုလျှင် စိတ်အာရုံ၊

သဘောထားနှင့်အကျင့်တို့သည် ပြောင်းလဲလာပေလိမ့်မည်။ သခင်ခရစ်တော်၏ကျောင်းတော်တွင် ပညာသင်ယူကြပါစို့။ ကျေးဇူးတော်အကြောင့် ကျွန်ုပ်တို့စိတ်နှလုံးနူညံ့သိမ်မွေ့နိမ့်ချကြပါစို့။ ကောင်းကင်ဘုံရှိတမန်တော်များတို့နှင့် အပေါင်းအသင်းဝင်များဖြစ်ကြပါစို့။

ထာဝရဘုရားသခင်သည် မိမိအမှုတော်မြတ်အတွက် ပြင်ဆင်သမှုပြုရန် ကျွန်ုပ်တို့အခွင့်အခါကြုံတိုင်းပါဝင်လှုပ်ရှားရန် အလိုတော်ရှိ၏။ လုပ်ဆောင်ရာတွင် ကိုယ်စွမ်း၊ ဥာဏ်စွမ်းရှိသမျှအားထုတ်ရန် သခင်မျှော်လင့်နေ၏။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် မြင့်မြတ်သန့်ရှင်း၍ ကြောက်မက်ဖွယ်ကောင်းသောတာဝန်ဝတ္တရားကြီးကို အသင့်နှလုံးသွင်းကြပါစို့။

---ooo---

# အကျင့်ဓလေ့၊ အနေအထိုင်နှင့်ဝတ်စားဆင်ယင်မှုတွင် ပုံစံနမူနာဖြစ်ပါ

## မြင့်မြတ်သောအလုပ်

ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်သည် အမှန်တရားမထွင်း ဖေါက်နိုင်သေးသောနေရာများသို့ ခရစ်ယာန်သာသနာရောက်ရှိရန် ဘုရားသခင်စီမံထားသောလုပ်ငန်းတစ်ခုဖြစ်၏။ လုပ်ငန်း၏ဦးတည် ရည်ရွယ်ချက်သည် ကောင်းမွန်မြင့်မြတ်၏။ ထို့ကြောင့်အမှုတော်ဆောင် ၏အနေအထိုင်၊ ဟန်အမူအရာတို့စနစ်ကျရပေမည်။ ခရစ်ယာန်ဓမ္မစာပေအမှု တော်ဆောင်သည် လူမျိုးစုံနှင့်တွေ့ဆုံရ၏။ အသိတရားနည်းပါး၍ ဘဝ နိမ့်ကျလျက် ငွေရစရာအကြောင်းမရှိသည်မှန်သမျှကိုမကြိုက်၊မနှစ်သက် နိုင်သောလူတစ်မျိုးနှင့်လည်း တွေ့လိမ့်မည်။ ထိုလူမျိုးတို့နှင့်တွေ့ရ၍လည်း အမှုတော်ဆောင်သည် ပုံမှန်ပြုံးရွှင်နေသောမျက်နှာအမူအရာကို မပျက် စေရပါ။ ရှုပ်ထွေးမှုတိုင်းတွင် မျှော်လင့်ချက်ထားရှိရပါမည်။ သူသည် ကြေကွဲဝမ်းနည်းသူ၊ စိတ်ဓါတ်ကျဆင်းနေသူ၊ စိတ်နာကြည်းနေသူနှင့် တွေ့ဆုံလိမ့်မည်။ ထိုသူတို့ကိုကြင်နာသောစကားလုံးများ၊ အားတက် စေသောစကားများ၊ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းကိုပေးနိုင်သော စကားအခွင့်အရေးများ သုံးစွဲပြောဆိုနိုင်၏။ သူသည်ဆန္ဒရှိက တစ်ပါး သူကိုကြည်နူးစေနိုင်၏။ ဤသို့ပြုလုပ်နိုင်ရန် ခရစ်ယာန်ဓမ္မစာပေအမှုတော် ဆောင်သည် အမှန်တရား၏အရင်းဇစ်မြစ်အရှင်သခင်ကို ရှေးဦးစွာ ဆည်းကပ်ရမည်ဖြစ်ပါသည်။

## အပေါ်ရိကအလုပ်လုပ်ခြင်း၏အန္တရာယ်

ဤခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအလုပ်သည် လူတိုင်း၏တာဝန်ဝတ္တရားဖြစ်၏။ ခရစ်ယာန်သာသနာအကျိုးသယ်ပိုးရန် ခံစားချက်ရှိရပါမည်။ အကောင်းဆုံးလုပ်ဆောင်ရန်စဉ်းစားမြော်မြင်၍ အကျိုးထူးသည့်တရားမှန်ကိုတင်ဆက်ခြင်းဖြင့် လူတို့၏အသက်ဝိညာဉ် လမ်းဆုံးကိုဆုံးဖြတ်ပေးနိုင်ပါသည်။ အကယ်၍သာအမှုတော်ဆောင်သည် မိမိတာဝန်ကိုထမ်းရွက်ရာ၌ နှစ်သက်ဖွယ်သောဆွဲဆောင်မှုမျိုးရှိပါက တစ်ဖက်မှအသက်ဝိညာဉ်များအပေါ် ကောင်းသောသြဇာလွှမ်းမိုး၍ အသက်တာ၏အနှစ်သာရကို ထိုသူရရှိနိုင်ပါ၏။ ၎င်းကိုလည်းလက်ဆင့်ကမ်းနိုင်ပါ၏။ ထိုမှသည်အများဆီသို့အလင်းဆောင်နိုင်ပါ၏သို့ဖြစ်၍ အသက်ဝိညာဉ်နှင့်ဆက်ဆံရသောထိုလုပ်ငန်းကို အပေါ်ရိက၌သာဟန်ဆောင်ပြီးပေါ့ပြက်ပြက်မလုပ်ဆောင်အပ်ပေ။ အန္တရာယ်ကြီးလှပါပေသည်။

## အားမာန်နှင့်စိတ်အားထက်သန်မှုလိုအပ်ခြင်း

ယနေ့အတွက်အမှန်တရားကို ယုံကြည်သက်ဝင်လက်ခံပါ၏ဟုဆိုသူတို့တွင် ခရစ်ယာန်သာသနာပြုလိုစိတ်မရှိကြပါ။ ကျွန်ုပ်တို့တွင်ခရစ်ယာန်သာသနာပြုလိုစိတ်သဘောမျိုးလိုအပ်နေပါသည်။ ခရစ်ယာန်အသက်တာသည် အပြောသက်သက်မဟုတ်။ ကျင့်သုံးအသက်ရှင်ရမည်ဖြစ်၏။ နူးညံ့သိမ်မွေ့ခြင်း၊ သည်းခံခြင်း၊ စိတ်နှလုံးနှိမ့်ချခြင်းနှင့်သနားကြင်နာတတ်ခြင်းထက်ပို၏။ ဤကျေးဇူးတော်များရှိနေရုံနှင့်မပြီး။ ရဲရင့်ခြင်း၊ အားမာန်အပြည့်နှင့်လုံ့လဝီရိယရှိရန်လည်းလို၏။ ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်တွင် ပါဝင်ထမ်းရွက်သူတို့သည်များသောအားဖြင့်အားနည်းသူ၊ ကြောက်တတ်သူ၊ စိတ်မပေါ့တပါနှင့်အလွယ်

တကူစိတ်ဓါတ်ကျတတ်သောသူများဖြစ်ကြသည်။ ထိုသူတို့၌တွန်းအား လို၏။ ထိုသူတို့တွင် အကောင်းမြင်ဝါဒဖြင့် တစ်ပါးသူများကိုစိတ်အား ထက်သန်စွာလက်ခံအလုပ်လုပ်စေနိုင်သော ဖိအားပေးတန်ခိုးသတ္တိရှိရန် လို၏။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ကျက်သရေရှိသော လုပ်ငန်းတစ်ခုတွင်ပါဝင်လုပ်ကိုင်နေသဖြင့် မိမိအလုပ်ကိုမရှက်ပါနှင့်။ လုပ်ငန်းတွင်အောင်မြင်လိုကရဲရင့်ပါ။ မျှော်လင့်ချက်ထားပါ။

## အားမာန်စိုက်ထုတ်ရသောအလေ့အကျင့်ကိုမွေးမြူပါ

အမှုတော်ဆောင်တစ်ဦးသည် လုပ်ငန်းတွင်အားမာန်စိုက်ထုတ်ရသောအလေ့အကျင့်ကိုပြုစုပျိုးထောင်ရန်လို၏။ တစ်ပါးသူပြောစကားကို နားထောင်တတ်ရန်လည်းလိုလေသည်။ ခရစ်ယာန်တစ်ဦးသည် အမျက်ထွက်ခြင်းကိုပြေငြိမ်းစေရန်အလို့ငှာ ဖြည်းညင်းသောစကားကိုပြောတတ်ရမည်။ အပြစ်ကိုတားဆီးနိုင်စွမ်းရှိသောသူရဲကောင်းသတ္တိမျိုးကိုလည်း ပိုင်ဆိုင်သင့်၏။ မေတ္တာတရားဖြင့် အရာရာကိုအနိုင်ယူ၍ မိမိ၏အကောင်းမြင်ဝါဒနှင့်လုပ်ရပ်များသည် တစ်ပါးသူတို့အပေါ်သြဇာလွှမ်းမိုးစေရမည်။ ယုံကြည်ခြင်းအကျင့်လည်းရှိရပါမည်။ သူသည်စည်းကမ်းစနစ်ကြီးသူ၊ ကျက်သရေရှိသူ၊ အမှုငယ်သော်လည်းလေးလေးနက်နက်သဘောထားရှိတတ်သူဖြစ်ရမည်။ တစ်ကိုယ်ကောင်းမဆန်သင့်ပါ။ ကျင့်ကြံပြောဆိုပြုမူလေသမျှတို့တွင် တစ်ကိုယ်ကောင်းစိတ်မျိုးမကြီးသင့်ပါ။ တစ်ပါးသူနှင့်ပေါင်းသင်းဆက်ဆံရာတွင် မိမိကိုယ်ကိုကြွားလုံးမထုတ်ပါနှင့်။ ဤသို့ပြုခြင်းဖြင့် လိမ္မာပါးနပ်၍ စိတ်ဆတ်သူများသင့်ကိုကျောခိုင်းထွက်ခွာသွားပေလိမ့်မည်။

## နေရာတွင်ပြောဆိုပြုလုပ်တတ်သောပင်ကိုဉာဏ်ရှိပါစေ

များစွာသောလူတို့သည် စာပေလောကတွင်ထောင်နှင့်ချီသော စာအုပ်စာပေများပတ်လည်ရှိနေသော်ငြား၊ တစ်အုပ်ကိုပင်ဖတ်ရင‌လေ့လာရန် အချိန်မရကြဟုဆိုပါသည်။ သို့ဖြစ်လေရာ ခရစ်ယာန်ဓမ္မစာပေဖြန့်ချီရောင်း ချနေသောအမှုတော်ဆောင်အနေဖြင့် မိမိသည် စာအုပ်ရောင်းသမား ဖြစ်ကြောင်း တဲ့တိုးပြောမိတ်ဆက်လိုက်သောအခါ တစ်ဖက်လူတို့၏ စိတ်ထားသည် ရုတ်ခြည်းပိတ်ဆို့သွားတတ်ပါ၏။ သို့ဖြစ်၍အမှုတော်ဆောင် သည် မိမိတာဝန်ကိုထမ်းရွက်ရာ၌ စိတ်နှလုံးနှိမ့်ချ၍ဆုတောင်းအားကြီး စွာဖြင့် နေရာတကျပြောဆိုပြုလုပ်တတ်သောပင်ကိုဉာဏ်ရှိရန် လိုအပ် ပါသည်။ နှုတ်ထွက်ကျမ်းစာမှအရေးကြီး လူသိများသောကျမ်းချက် များကိုလေ့ကျက်၊မှတ်သား၊အာရုံဆောင်၍ တွေ့ဆုံသူများကို မိမိသယ် ဆောင်လာသောစာအုပ်များသည် တန်ဖိုးကြီးသောစာကောင်းပေမွန် သန့်သန့်လေးဖြစ်ကြောင်း ရှင်းပြပြောဆိုရပါမည်။

## ရိုးသားဖြောင့်မှန်၊တည်ကြည်ခြင်းရှိပါစေ

ထာဝရဘုရားသခင်၏အမှုတော်မြတ်တွင်ပါဝင်၍ ခရစ်ယာန် သာသနာဖြန့်လိုစိတ်ရှိသူသည် အခကြေးငွေမည်မျှရရှိမည်ကိုအဓိက မထား။ အခွင့်အရေးကိုလည်းမတောင်းဆို။ စတိုင်ကျကျ၊ ဘဝင်မြင့်မြင့် နှင့်ပုံစံထုတ်ကာ အကောင်းဆုံးဟော်တယ်တည်းခိုခန်းများတွင်တည်းခို ခြင်းမပြု။ လူ့အထောက်အပံ့ကိုလည်းမရယူလိုပါချေ။ ခရစ်ယာန်ဓမ္မစာပေ အမှုတော်ဆောင်တစ်ဦးအနေဖြင့် မရှိမဖြစ်လိုအပ်သည်မှာ ခြောက်ပြစ် ကင်းသဲလဲစင်အသွင်အပြင်နှင့် ခေတ်မီဝတ်စားဆင်ယင်မှုမျိုးမဟုတ်။

ဟာသမင်းသားပုံစံမျိုးလည်းမဟုတ်။ ရိုးသား၊ဖြောင့်မှန်၊တည်ကြည်ခြင်းအကျင့်အမူများပင်ဖြစ်ချေ၏။ ထိုကြန်အင်လက္ခဏာများကို သူ့မျက်နှာပေါ်တွင်မြင်နိုင်ပါ၏။ သနားကြင်နာတတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းသဘောသည် မျက်နှာပေါ်တွင်ပေါ်လွင်နေဘိသကဲ့သို့ ကစားတတ်သောမျက်လုံးများသည်လည်း ကောက်ကျစ်စဉ်းလဲခြင်းမရှိ။ ဟန်အမူအရာသည်လည်း ဝါကြွားခြင်းနှင့်ကင်းလေ၏။

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တချို့သည် အောင်မြင်ခြင်းကိုတစ်ဖက်သတ်လိုလားတောင့်တကြ၏။ အမှန်တကယ်အားဖြင့် ထိုသူတို့သည် အမှုတော်ဆောင်ဖြစ်ရန်သော်မျှ မထိုက်မတန်သူများဖြစ်ချေ၏။ အကြောင်းမှာ သူတို့၌လက်တွေ့ဘာသာရေးအတွေ့အကြုံမရှိ။ လောကသားများကဲ့သို့မှားယွင်းကြ၏။ မိမိသွေးသားအာရုံငါးပါးအရသာတောင့်တမှုကိုလိုက်လျောကြ၏။ ဘဝဟောင်းနှင့်မခြားပြုကျင့်ကြကုန်၏။ ထိုသူတို့၏အတွေးအခေါ်နှင့်စိတ်နှလုံးထဲ၌ ဘုရားသခင်ဟူသည်မရှိ။ ဘုရားသခင်ဝင၍ကိန်းအောင်းနိုင်ဖို့ရန်လည်း စိတ်နှလုံးတံခါးကိုဖွင့်၍မထား။ လောကဆန်ဆန်ကျင့်ကြံ၊ ပြုမူ၊ ဗပြာဆို၍ အကျင့်ယိုယွင်းပျက်စီးနေပုံမှာ မိမိ၏စိတ်အလိုကိုလိုက်၍ “ကိုယ့်ပေါင်ကိုယ်လှန်ထောင်းငရဲရောက်ရောက်၊ ကိုယ့်လှေကိုယ်ထိုးပဲခူးရောက်ရောက်” ဟူသကဲ့သို့တည်း။ ထိုသူတို့သည် မိမိကိုယ်ကိုငြင်းပယ်ရန်လေ့ကျင့်ယူရမည့်အစား ဤဘဝတစ်ခဏမှာ တကယ့်ကိုပျော်ပါးလိုက်မည်ဟုဆုံးဖြတ်ပြီးသူများဖြစ်၏။ အထက်ကောင်းကင်ဘုံမှရတနာများကိုမလိုချင်တော့။ အောက်မြေကြီးအရသာတို့ကိုသာစွဲလမ်း၍နေကြကုန်၏။ ထိုသို့သောလူသားကို အဘယ်သူမျှချွတ်၍မကျွတ်နိုင်။ အကြောင်းမှာ ထိုသူတို့သည်မကောင်းမှုကိုပယ်ရှား၍ ကောင်းမှုကိုလုပ်လိုသောစိတ်မရှိသောကြောင့်တည်း။

ဣန္ဒြေရှိပါ၊စိတ်နှလုံးနူးညံ့သိမ်မွေ့ပါ၊ချုပ်တည်းမရှိပါစေ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ဟန်အမူအရာယဉ်ကျေး သိမ်မွေ့၍ တောက်ပြောင်ဖျတ်လတ်သောလှုပ်ရှားမှုမျိုးရှိရမည်။လောက ဆန်ဆန်မဖြစ်စေရ၊ အကြင်နာတရားစိတ်နှင့်အသက်ရှင်လျက် ခရစ်တော် ပုံပမာကိုအတုယူလိုစိတ်ရှိရပါမည်။ ဆင်ခြင်တုံတရားလက်ဝယ်ထား၍ အရာရာကိုပညာသတိနှင့်ပြောဆိုကျင့်ကြံတတ်သောအလေ့အထကို ပြုစုပျိုးထောင်ပါ။ အလုပ်ကိုကြိုးစားလုပ်ဆောင်၍ဆင်ခြင်တိုင်းထွာတတ် ပါစေ။ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှနှင့် မိမိဘဝခရီးရည်ရွယ်ချက်ကို အလိုတော်နှင့်အညီ အကောင်အထည်ဖေါ်ခြင်းဖြင့် ဖန်ဆင်းရှင်ဘုရား သခင်ကိုဂုဏ်ပြုပါ။ ယေရှုခရစ်တော်သည် သင်နှင့်ဘုရားသခင်၊ သင်နှင့် လူသားအချင်းချင်းဆက်ဆံရေးပြေပြစ်မှုရှိရန် ကြီးမားသောဆက်ကပ် ခြင်းကိုပြုခဲ့လေပြီ။ ဘုရားသခင်၏အကူအညီဖြင့်သင်သည် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှကိုထုတ်၍ "ကောင်းကင်ကကြယ်ကိုဆွတ်မည်" ဟူသော စိတ်ဓါတ်မျိုးဖြင့် အထွတ်အထိပ်ကိုတက်လှမ်းကာ စံနှုန်းထားမည်ဆိုက ဖြစ်နိုင်ပါလိမ့်မည်။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ယောသပ် ကဲ့သို့ဣန္ဒြေရှိပါစေ။ မောရှေကဲ့သို့စိတ်နှလုံးနူးညံ့သိမ်မွေ့ပါစေ။ ဒံယေလကဲ့သို့ချုပ်တည်းမှုရှိပါစေ။ သို့ပြုလျှင် သင်သည်ဘယ်ကို သွားသွား အားနှင့်၊ မာန်နှင့်၊ တန်ခိုးနှင့်ဖြစ်ပါလိမ့်မည်။

နှစ်သက်ဖွယ်သောအဝတ်တန်ဆာနှင့်ဟန်အမူအရာ

ယခုတွင် ကျွန်ုပ်တို့၌အမှန်သတင်းစကားခရစ်ယာန်သာသနာ ဖြန့်ရန် အကူအညီ၊အထောက်အပံ့ပစ္စည်းများစွာရှိလေသည်။ သို့သော်

ကျွန်ုပ်တို့၏ယုံကြည်သူတပည့်တော်များသည် အခွင့်အရေးကိုမသုံးတတ်ကြပေ။ အသက်ဝိညာဉ်များကိုကယ်ဆယ်ရန် မိမိတို့၌စွမ်းအင်ရှိပါလျက် ထိုလုပ်ငန်းမျိုးလိုအပ်နေကြောင်းကိုမမြင်၊ မခံစားမိဖြစ်နေ၏။ ကျွန်ုပ်တို့အသင်းတော်မှထုတ်ဝေသောလက်ကမ်းစာစောင်၊ ကျန်းမာရေးဂျာနယ်နှင့်စာအုပ်စာပေများစွာကိုဖတ်ရှုသူတိုးပွားလာစေရန် လုပ်ဆောင်ရမည်မှာ ကျွန်ုပ်တို့၏တာဝန်ဝတ္တရားပင်ဖြစ်ပါသည်။ ဤတွင် လူတစ်ဦးချင်းနှင့်အိမ်ထောင်စုတစ်ခုချင်းဆီသို့တာဝန်ရှိပုဂ္ဂိုလ်များချဉ်းကပ်ရန်နည်းလမ်းရှာသင့်လေ၏။ ဝတ်စားဆင်ယင်ရာတွင် သပ်ရပ်မှုရှိပါ။ ကိုယ်ဟန်အမူအရာမှာလည်း တစ်ပါးသူတို့ကြည်ညိုဖွယ်ဖြစ်စေပါ။ စစ်မှန်သောယဉ်ကျေးခြင်းလည်းရှိရပါမည်။ ဤကား ခရစ်ယာန်သာသနာပြုရာတွင် ပါဝင်ပတ်သက်နေသူတိုင်း ပြုစုပျိုးထောင်ရမည့်အလုပ်တစ်ခုပင်ဖြစ်ပေသည်။

ယုံကြည်သူသားသမီးတို့ဝတ်စားဆင်ယင်မှုတွင် မသပ်ရပ်၊ မသေသပ်ခြင်းသည် တစ်ပါးသူတို့ရှေ့တွင် ကဲ့ရဲ့စရာဖြစ်၏။ သင်သည်သခင်ယေရှုခရစ်တော်၏ကိုယ်စားလှယ်တစ်ဦးဖြစ်ကြောင်း အောက်မေ့ဆင်ခြင်ပါ။ သင့်အသက်တာတစ်ခုလုံးသည် သမ္မာကျမ်းစာမှအမှန်တရားနှင့်ညီညွတ်မှုရှိပါစေ။ ဤအမှုကိုသိမ်ငယ်သည်ဟုမထင်မှတ်လေနှင့်။ ယခုဘဝတွင် ကောင်းသောဩဇာလွှမ်းမိုးမှုဖြစ်၍ ထာဝရကာလအတွက်အကျိုးကိုဖြစ်စေ၏။ သင်၏ပင်ကိုရုပ်သွင်တစ်ခုလုံးသည် တစ်ပါးသူမျက်စိ၌ကြည်ညိုလေးစားဖွယ်မဖြစ်ပါက ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် အပြည့်အဝအောင်မြင်မည်မဟုတ်ပါ။ ထာဝရဘုရားသခင်ထံတော်မှလည်း ပြည့်ဝစုံလင်သောအမအစကိုရမည်ဟု မမျှော်လင့်စေနှင့်။ သို့ဖြစ်လျှင် ဝတ်စားဆင်ယင်မှုသေသပ်ခြင်းဖြင့် အမှန်တရားသတင်းစကားကို ချဲ့ထွင်ပြန့်ပွားစေနိုင်သည်မဟုတ်ပါလော။

အမှုအရာအားဖြင့် အမြင်မတင့်တယ်သောသူများကို အမှုတော်မြတ်တွင်မရှိစေအပ်ပါ။ အသက်ဝိညာဉ်ကိုတန်ဖိုးထား၍ ပါးနပ်လိမ္မာသူ၊ အပြောအဆိုယဉ်ကျေးသိမ်မွေ့သူ၊ အမြော်အမြင်ကြီးရင့်သူများသာလျှင် အောင်မြင်နိုင်သူများဖြစ်ကြပါသည်။

## ခရစ်ယာန်ယဉ်ကျေးသိမ်မွေ့မှုနှင့်မစကူညီခြင်း

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် တရားအလင်းတော်ထွန်းတောက်စေရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှထုတ်ကာ ကောင်းမှုလုပ်ရပ်များလုပ်ဆောင်ရပါမည်။ မိမိတာဝန်ကိုထမ်းရွက်ရာ၌လည်း အခွင့်အရေးကြုံလျှင်ကြုံသလို အများအကျိုးဆောင်ရွက်ပေးခြင်းဖြင့် ခရစ်ယာန်ယဉ်ကျေးမှုမွှေးရနံ့ကို သင်းထုံစေရမည်။ သူသည်စကားပြောဆိုရာ၌ ရှင်းလင်းပီသ၍ ဆွဲဆောင်မှုရှိရန် မိမိကိုယ်ကိုလေ့ကျင့်ပညာပေးရမည်။ ထာဝရဘုရားသခင်ထံပညာသင်ယူရပါမည်။
ခရစ်တော်၌ ခိုလှုံအားကိုးနေသူကို ကိုယ်တော်သည် ကူညီအားပေးနေမည်မှာ ဧကန်မုချဖြစ်ချေ၏။

## အသွင်အပြင်တွင်စေ့စပ်သေချာမှုရှိခြင်း

ဓမ္မဝန်ဆောင်ခရစ်ယာန်သာသနာပြုအပေါင်းတို့နှင့် ယုံကြည်သူအပေါင်းတို့သည် တစ်ပါးသူတို့အထင်အမြင်သေးစရာဖြစ်သောအောက်တန်းကျသည့်အပြောအဆို၊ အသွင်အပြင်တို့ကို ဂရုတစိုက်ပြန်လည်ပြုပြင်စံတင်ထားရန် ဆုံးဖြတ်ရပေမည်။ အပြောအဆို၊ ကျင့်ဓလေ့၊ အသွင်အပြင်တို့သည် ကျွန်ုပ်တို့ပြောသောသန့်ရှင်းမြင့်မြတ်သည့်အမှန်တရားတော်နှင့်မခြား ထပ်တူဖြစ်ရပါမည်။ ဘဝပြောင်းလဲမှု

မရှိသောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်စာအုပ်ရောင်းသမားများ၏အကျင့်ပျက်အသွင်ကိုဆင်ခြင်၍ သူတို့ဖြစ်နိုင်လျှင် ကျွန်ုပ်တို့လည်းဖြစ်နိုင်၏ဟု ထင်မှတ်ခံစားမိသူများစွာရှိလေသည်။ ထိုသူတို့သည်သခင်ခရစ်တော်၏ဘဝအသက်တာပြောင်းလဲစေသောကျေးဇူးတော်ကိုတစ်ကြိမ်တစ်ခါမျှမခံစား၊ မရရှိခဲ့ဖူးသေးပါ။ ထိုသူတို့သည် မစင်ကြယ်ကြ။ နေ့စဉ်အသက်တာဘဝမှာ အပြစ်နွံထဲတွင်ပင် နစ်မြုပ်နေဆဲရှိ၏။ သူတို့၏အပြုအမူများကြောင့် သန့်ရှင်းသောကောင်းကင်တမန်များမျက်နှာဖုံးကွယ်ထားရလောက်အောင်ရှက်မိသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နေထိုင်၊ ပြုမူ၊ ပြောဆိုပုံကိုစံနှုန်းတင်ထားရှိသင့်၏။ သို့မဟုတ်ကအပြစ်တွင်ကျင်လည်ကြကုန်သော လောကသားများအတွက်ခလုတ်တံသင်းဖြစ်ရုံမျှမက ထာဝရဘုရားသခင်၏ခရစ်ယာန်သာသနာအလင်းရောင်မှာ မှေးမှိန်ညှိုးငယ်ကဲ့ရဲ့စရာဖြစ်ရပါလိမ့်မည်။

## ကျန်းမာအောင်နေတတ်ခြင်း၌ပုံသက်သေဖြစ်ပါ

သင်သည် မယုံကြည်သူများနှင့်ပေါင်းသင်းဆက်ဆံရာ၌ သင်၏ပုံမှန်အခြေခံစည်းမျဉ်းဥပဒေများကိုတန်ဖိုးမလျှော့ချလိုက်ပါနှင့်။ သူတို့နှင့်အတူစားသောက်ပွဲတွင်ရှိနေပါကလည်း ချုပ်တည်းမှုရှိ၍ စိတ်အာရုံကိုမကြည်လင်၊ ရှုပ်ထွေးစေသောအစားအသောက်ကို ရှောင်ကြဉ်ပါ။ ခန္ဓာကိုယ်စွမ်းအားနှင့်ဉာဏ်စွမ်းအားကို အားနည်းစေသောအစာဟူသည်ရှိ၏။ ထိုနှစ်ပါးအားနည်းသော် ဝိညာဉ်ရေးဆိုင်ရာများကိုခွဲခြမ်းစိတ်ဖြာ၍ မမြင်နိုင်တော့ပြီ။ သို့ဖြစ်၍ နှုတ်ထွက်စကားတော်အမှန်တရားနှင့်အညီ ဘုရားသခင်အကူအညီဖြင့်နေထိုင်သက်ရှင်နိုင်ရေးကိုသာ စိတ်အာရုံတွင်ထိန်းသိမ်းထားပါလေ။

ဤနည်းဖြင့်သင်သည် တစ်ပါးသူများအပေါ်ကောင်းသောဩဇာလွှမ်းမိုးလိမ့်မည်။ လူများစွာသည် တစ်ဖက်လူတို့၏အကျင့်ဓလေ့အမှားများကိုသာမြင်တတ်ကာ လက်ညှိုးထိုး၍လမ်းမှန်ပေါ်ရောက်အောင်ကားကြိုးစားပြုပြင်ပေးမှုမရှိကြပါ။ မှားယွင်းခြင်း၊ အားနည်းချက်များကိုသာထောက်ပြ၍ စစ်မှန်သောအခြေခံမှုစနစ်များကိုကား မဖော်ပြဘဲရှိနေတတ်သည်။ သို့ဖြစ်၍ လိုချင်သောရလဒ်အဖြေနှင့်တက်တက်စင်လွဲကြရလေ၏။ ဤအခြေအနေမျိုးတွင် တစ်ပါးသူကိုအပြုသဘော၊ အကောင်းဖြစ်စေလိုခြင်းထက် ဘေးဥပဒ်ပေးသလိုဖြစ်တတ်လေ၏။ သို့ဖြစ်၍ တစ်ပါးသူ၏မှားယွင်းမှုများကို မျက်စိဒေါက်ထောက်စောင့်ကြပ်ရှုမြင်ကာ ထောက်ပြနေမည့်အစား၊ ပုံသက်သေကောင်းပြ၍သွန်သင်ပါ။ သင်၏တစ်ကိုယ်ကောင်းစိတ်ငြင်းပယ်မှုအပေါ်အောင်မြင်နိုင်ကြောင်းကို ပုံစံနမူနာဖြစ်စေပါ။ သင်၏အသက်တာဖြင့် လူသည်သန့်ရှင်းစင်ကြယ်စွာစားသောက်နေထိုင်၍ အမှန်တရားဘက်တွင်ကောင်းသောဩဇာလွှမ်းမိုးနိုင်ကြောင်း ပုံသက်သေဖြစ်ပါစေသော်။

## ဝိညာဉ်တော်၏ကျေးဇူးများ

ထာဝရဘုရားသခင်သည် မိမိ၏မေတ္တာတော်ဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ဝိညာဉ်တော်၏တန်ဖိုးကြီးကျေးဇူးတော်များကိုကြီးထွားပွားများစေလို၏။ ဤတွင်ကျွန်ုပ်တို့ကိုဆူးပြောင့်ခလုတ်၊ အခက်အခဲဆင်းရဲ၊ ညှဉ်းဆဲကလူပြုခြင်းကိုရင်ဆိုင်စေ၏။ ကျိန်ဆဲလို၍မဟုတ်ပါ။ အသက်တာတွင် ကြီးမားသောမင်္ဂလာဖြစ်စေရန်ဖြစ်ပါ၏။ စုံစမ်းနှောင့်ယှက်ခြင်းခံနေရတိုင်း အောင်မြင်ကျော်လွှားနိုင်ခဲ့ခြင်းသည်လည်းကောင်း၊ စစ်ဆေးမှုကိုရဲတင်းစွာခံယူတတ်ခြင်းသည်လည်းကောင်း

ကျွန်ုပ်တို့၏အကျင့်ကိုတည်ဆောက်ပေး၍ အတွေ့အကြုံသစ်ကို တိုးပွားစေပါသည်။ထာဝရဘုရားသခင်၏တန်ခိုးတော်ဖြင့် သွေးဆောင်နှောင့်ယှက်ခြင်းကိုတားဆီးနိုင်သူသည် လောကသားတို့နှင့်ကောင်းကင်ဘုံမိုးကုပ်စက်ဝိုင်းရှေ့မှောက်တွင် သခင်ခရစ်တော်၏လုံလောက်သောကျေးဇူးတော်ကို ထင်ရှားဖော်ပြနေခြင်းဖြစ်ပါသည်။

## ပုဂ္ဂလိက "ဝန်းကျင်အခြေအနေ"

လူပုဂ္ဂိုလ်တိုင်းသည် မိမိ၏ဝန်းကျင်အခြေအနေဖြင့်ပတ်ဝိုင်းအုပ်မိုးလျက်ရှိ၏။ ပတ်ဝန်းကျင်ရှိအရာများသည် အသက်ရှင်စေသောယုံကြည်ခြင်း၊ ရဲရင့်ခြင်း၊ မျှော်လင့်ခြင်းတည်းဟူသောတန်ခိုးအင်အားစုဖြစ်နိုင်၏။ ချစ်ခြင်းမေတ္တာ၏ချိုမြိန်သောမွှေးရနံ့လည်းဖြစ်နိုင်လေသည်။ သို့တည်းမဟုတ်၊ လေးလံ၍အေးစက်စက်၊ မှောင်ကြုတ်ကြုတ်နှင့်မကျေနပ်စရာအစွဲကြီး၊ (သို့မဟုတ်) သေလောက်သောပြစ်ချက်ဒဏ်ရာနှင့်အဆိပ်တက်နေသည်လည်းဖြစ်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ကိုဝန်းရံအုပ်မိုးလျက်ရှိသောအရာများဖြင့် ကျွန်ုပ်တို့တစ်ဦးစီသည် သတိပြု၍ဖြစ်စေ၊ သတိမဲ့နေ၍ဖြစ်စေ ဆက်စပ်ခံစားနားလည်နေရပါသည်။

## အကျင့်သည်အင်အားတန်ခိုးပင်ဖြစ်၏

အကျင့်သည်အင်အားဖြစ်၏။ မှန်ကန်တည်ကြည်လျက်အကျပ်ကိုင်သည့်ဘုရားသခင်၌မွေ့လျော်သောအသက်တာသည် အသံတိတ်သက်သေဖြစ်၍ မတွန်းလှန်နိုင်သောဩဇာလွှမ်းမိုးပင်ဖြစ်၏။ သခင်ခရစ်တော်၏အကျင့်တော်ကို ကျွန်ုပ်တို့၏အသက်တာတွင်ပေါ်လွင်

ထင်ရှားစေခြင်းဖြင့် ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် ထိုသခင်နှင့် အတူ အလုပ်လုပ်နေပါသည်။ ကိုယ်တော်၏သဘောတော်ကို ကျွန်ုပ်တို့၏အသက်တာတွင်ထင်ရှားပေါ်လွင်စေခြင်းဖြင့်သာ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူတကွ အမှုတော်ဆောင်နိုင်လေ၏။ ဤနေရာတွင် ကျွန်ုပ်တို့၏ဩဇာသက်ရောက်မှုဇုန်ကျယ်ပြန့်လေ၊ အကျိုးပြုလုပ်ရပ်များ စွာကိုပို၍လုပ်နိုင်လေဖြစ်ပါသည်။

## သံလိုက်အိမ်မြှောင်ကဲ့သို့တိကျမှန်ကန်မှုရှိခြင်း

ထာဝရဘုရားသခင်သည် အမှုတော်မြတ်တွင်မိမိတို့၏စွမ်းအားရှိသမျှတိုးတက်ကြီးပွားစေရေးအတွက် သခင့်ထံအပ်နှင့်ထားသူတိုင်းအား ကူညီမစတော်မူပါစေသော်။ ဤအမှုတော်အခန်းကဏ္ဍပိုင်းတွင် ပါဝင်ထမ်းရွက်နေသူတို့သည် သမ္မာကျမ်းစာကိုလေ့လာသင့်သလောက် မလေ့လာကြသေးပါ။ အကယ်၍သာလေ့လာမှုကိုပြုကြမည်ဆိုက အသက်တာတွင်အကောင်းမြင်ဝါဒသဘော၏အနှစ်သာရကိုလက်တွေ့ ကျကျသိမြင်ခံစားလာမည်ဖြစ်၏။ သင်သည် အဘယ်မည်သောအလုပ်မျိုးကိုလုပ်နေရသည်ဖြစ်စေ၊ သခင့်အတွက်အကောင်းဆုံးကိုလုပ်ဆောင်ပါလေ။ လက်ဝယ်ရရှိနေသော 'ရွှေအခွင့်ထူး' များကို ဂရုတစိုက်လုပ်ကိုင်ပါ။ ထာဝရဘုရားသခင်သည် သင့်အားမအပ်နှင်းသေးသောအလုပ်ကြီးအကိုင်ကြီးကိုမျှော်မှန်းတမ်းတ၍ လက်ရှိအခြေအနေတွင်ထိုင်နေလျက် လေထဲတိုက်အိမ်ဆောက်ကာ စိတ်ကူးမယဉ်လေနှင့်။ သင်နှင့်အနီးဆုံးအလုပ်ကိုအကောင်းဆုံးလုပ်ဆောင်ပါ။ ခရစ်ယာန်သာသနာနယ်မြေတွင် ခရီးလမ်းကြမ်းတမ်းခက်ထန်၍ အခက်အခဲများစွာရှိနေဦးတော့ မညည်းမတွားဘဲဆက်ကပ်လုပ်ဆောင်ပါ။ အမှောင်ခေတ်တစ်လျှောက်ဝေါ်လ်ဒန်စီတို့

ကိုသင်ခန်းစာယူပါ။ ထိုသူတို့သည် အမှောင်ထုဖုံးလွှမ်းနေသောလူ့စိတ်နှင့်အသိဉာဏ်တို့ကိုဧဝံဂေလိတရားတော်ဖြန့်ဖြူးခြင်းဖြင့် မိမိပတ်ဝန်းကျင်ကိုအလင်းဆောင်ပေး၏။ ကျွန်ုပ်တို့သည်လည်း ယခုဘဝ၏စည်းစိမ်ချမ်းသာကိုသာရယူ လိုသောမျှော်လင့်ချက်ဖြင့် အမှုတော်ကိုမထမ်းရွက်သင့်ပါ။ သို့သော်အဆုံးတိုင်အောင်ဦးလည်မသုန်သစ္စာရှိ၍ ပန်းဝင်သဖြင့် ထာဝရအသက်သရဖူကိုရယူပါလေ။ ယခုတွင် မိမိတာဝန်ဝတ္တရားအပေါ်သံလိုက်အိမ်မြှောင်ကဲ့သို့ တိကျသေချာဖြောင့်မှန်သောလူများကိုလိုအပ်နေပါသည်။ ထိုသူတို့သည် တာဝန်ထမ်းဆောင်ရာတွင် ခက်ခဲမှုများစွာနှင့်ကြုံတွေ့ရစေကာမူ မဖြုံသောလူသားများဖြစ်ကြလေသည်။

## သင်သည်ယုံကြည်ခံယူချက်နှင့်အညီနေထိုင်သောအခါ

ကျွန်ုပ်တို့သည် ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များဘယ်ကဲ့သို့ဖြစ်သင့်သည်ကိုဖေါ်ပြခဲ့ပြီးလေပြီ။ ထိုသူတို့သည် သခင်ခရစ်တော်၏အကျင့်တော်ကိုမိမိ၏စိတ်ရှည်သည်းခံခြင်း၊ ရဲရင့်ခြင်း၊ ငြိမ်ခန့်ညားခြင်းဖြင့် အလုပ်သက်သေပြနိုင်ပါ၏။ မပြောင်းလဲ မထူးခြားသောအကျင့်၊ ရေသာခိုသောအကျင့်ဖြင့် သခင့်ကိုငြင်းပယ်နေကြောင်းသတိပြုပါ။ သင်သည်အလုပ်ခွင်တွင် ကောင်းသောအခြေခံစည်းကမ်းချက်များနှင့်အညီ ကျင့်သုံးသက်ရှင်သွားပါက အများ၏ကြည်ညိုလေးစားခြင်းကိုခံရပါလိမ့်မည်။ ယုံကြည်ခံယူသည်အတိုင်း အသက်ရှင်နေထိုင်ပြောဆိုသဖြင့်လည်း ပတ်ဝန်းကျင်လူသားတို့အမြင်မှန်ရရှိကာ ယုံကြည်လာကြပေလိမ့်မည်။ သင့်အားငြင်းခုံဆန့်ကျင်သောခရစ်ယာန်ဓမ္မရန်သူများပင်လျှင် သင့်ကိုလေးစားလာကြပေလိမ့်မည်။ သင်သည် ဤမျှလောက်မျက်နှာရပြီဆိုက သင်၏ဆိုစကားရိုးရိုးကလေးများသည် လူ့စိတ်ကိုပြောင်းလဲစေသောစွမ်းအင်အဖြစ်သို့ ပြောင်းလဲသွားမည်သာဖြစ်၏တည်း။

---ooo---

# အခန်း ၁၀

# အသံနေအသံထားနှင့်စကားအရာတွင် နှစ်သက်ဖွယ်ဖြစ်ခြင်း

## စကားပြောကောင်းခြင်းဆုကျေးဇူး

လူသားတို့အား ထာဝရဘုရားသခင်ပေးသနားတော်မူသောဆုကျေးဇူးအပေါင်းတို့တွင် စကားပြောကောင်းခြင်းဆုကျေးဇူးထက်ပို၍တန်ဖိုးကြီးသောဆုမရှိတော့ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏သန့်စင်စေမှုဖြင့် ထိုဆုကျေးဇူးကိုအကောင်းဘက်တွင်အသုံးပြုရန်ဖြစ်၏။ ကျွန်ုပ်တို့သည် လျှာဖြင့်တစ်ပါးသူကိုသွေးဆောင်ပြောင်းလဲစေသည်မဟုတ်လော၊ ထာဝရဘုရားသခင်ကိုချီးမွမ်း၍ တောင်းဆုခြွေသည်မဟုတ်လော၊ ထိုလျှာနှင့်ကယ်တင်ရှင်နတ်ရှင်၏မေတ္တာတော်ကိုဖော်ကျူးသက်သေခံသည်မဟုတ်လော။ ဤစကားပြောကောင်းခြင်းဆုကျေးဇူးကို ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် အမှန်တရားပြန့်ပွားရေးတွင်အသုံးပြုက များစွာသောနှလုံးသားမြေဆီလွှာတွင် တန်ဖိုးမဖြတ်နိုင်သောအမှန်တရားမျိုးစေ့များကို ကြဲဖြန့်နိုင်မည်ဖြစ်ပါသည်။

ဤတွင်အသံနေအသံထားကိုပိုမိုဂရုစိုက်သင့်၏။ အသံ၏အသုံးဝင်ပုံ၊ အသံကိုအသုံးပြုပုံကို ကျွန်ုပ်တို့သိကောင်းသိမည်။ သို့သော်မှန်ကန်စွာမသုံးတတ်ပါက လုပ်ငန်းမအောင်မြင်ဖြစ်တတ်လေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏စိတ်ကူးယဉ်ပုံကိုသင့်လျော်သောစကားဖြင့် တန်ဆာမဆင်ပေးနိုင်ပါက ကျွန်ုပ်တို့၏ပညာသည် အချည်းနှီးဖြစ်ရပေမည်။ စကားလုံးပြေပြစ်ကာ အဆင်ပြေမှုမရှိပါက ကျွန်ုပ်တို့၌ရှိသော

အသိတရားသည် အကျိုးမပေးနိုင်။ သို့ရာတွင်စကားအရာတွင် ပါးနပ်ဆီလျော်ပြေပြစ်သောအသုံးအနှုန်းများနှင့်ပေါင်းစပ်လိုက်သော် ထူးခြားပြောင်မြောက်သောစွမ်းအင်ကိုဖြစ်စေ၏။ တစ်ပါးသူကိုစေ့စေ့အာရုံစိုက်လုပ်ဆောင်စေပါသည်။

ပျို့ရွယ်မောင်မယ်အပေါင်းတို့ ...သင်၏ဘုရားသခင်ထာဝရဘုရား၏အမှုတော်မြတ်ကိုထမ်းရွက်ရန် ကိုယ်တော်သည် သင်၏စိတ်နှလုံးထဲ၌ဆန္ဒမွန်ကိုသွတ်သွင်းပေးထားပြီလော။ သို့ဖြစ်လျှင် သင်သည်စွမ်းအားထုတ်လျက်စကားအရာနှင့်အသံနေအသံထားတို့ကိုလေ့ကျက်ပါလော့။ သို့မှသာ ထူးမြတ်သောတရားမှန်ကိုတစ်ပါးသူတို့အားနည်းလည်လွယ်စေနိုင်ပါလိမ့်မည်။

## ရှင်းလင်းပြတ်သားစွာပြောဆိုပါ

သင်သည်စကားပြောဆိုသောအခါ စကားလုံးတစ်လုံးမကျန်၊ ဝါကျတိုင်းပီပြင်ပြတ်သားနားလည်လွယ်ပါစေ။ များသောအားဖြင့်ပြောစကားအဆုံးတွင် လေသံတိုးတတ်၏။ ထိုသို့သောအခါမျိုးတွင်စကားပြောသံမသဲကွဲဖြစ်ကာ လိုရင်းအနှစ်သာရတစ်ခုလုံးပျက်သုဉ်းတတ်လေသည်။ အရေးကြီးသောစကားလုံးကိုပြောဆိုနေစဉ် အရေးကြီးကြောင်းကိုရှင်းလင်းပီသသောကိုယ်ဟန်အမူအရာဖြင့် ဖော်ပြပြောဆိုသော် စကားအောင်ပြီဟုဆိုရချိမ့်မည်။ သို့တိုင်အောင်လည်း သင်သည်ပညာရှိကြီးပါဟုသိစေအံ့သောငှာ ရှာဖွေထွင်လုံးထုတ်နေသည့်စကားမျိုးကိုတော့အမြဲရှောင်ကြဉ်ပါလေ။ စကားပြောဆိုရာ၌ ရိုးရှင်းလေ၊ တစ်ဖက်သားနားလည်လွယ်လေဖြစ်ပါသည်။

## မရှိမဖြစ်လိုအပ်သောအရည်အချင်းတစ်ခု

ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရောင်းချသူအမှုတော်ဆောင်သည် မိမိတင်ပြရောင်းချမည်ဖြစ်သောစာအုပ်စာစောင်၏အသုံးဝင်ပုံအကြောင်းကို ရှင်းလင်းပီပြင်စွာပြောပြနိုင်က ရောင်းရမည်မှာမလွဲဧကန်ဖြစ်၏။ ထိုအစီအစဉ်အတွက် စိတ်ဝင်စားဖွယ်အခန်းတစ်ခန်းကိုရွေးချယ်၍ တေးသံသာတမျှ နားဝင်ချိုသောစကားလုံးများဖြင့် ရှင်းလင်းဖော်ပြပြောဆိုပါသော်ကြားနာရသူ၏စိတ်ထဲဝယ်အမှန်တကယ်မြင်တွေ့ခံစားရဘိသကဲ့သို့ဖြစ်၍ ထိုသူအားဆွဲဆောင်နိုင်လေသည်။

ဤကဲ့သို့ပြောဆိုတတ်ခြင်းပညာသည် မည်သည့်အလုပ်ခွင်မျိုးတွင်မဆို တန်ဖိုးကြီးလှပေ၏။ အထူးသဖြင့် ထာဝရဘုရားသခင်၏အစေခံခရစ်ယာန်ဓမ္မဝန်ဆောင်များ၊ တရားဟောဆရာများ၊ ကျမ်းစာသင်ပေးသောဆရာ၊ဆရာမများနှင့်ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များတို့၌ ဤအရည်အချင်းသည်မရှိမဖြစ်လိုအပ်လှပေ၏။ အသက်ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်အသုံးတော်ခံမည့်သူမှန်သမျှသည် တစ်ပါးသူကိုအမှန်တရားတင်ပြရန်ဖြစ်သဖြင့် မိမိ၏အသံနေအသံထားအစ ပြောပုံဆိုပုံတို့သည် အကောင်းဘက်သို့ဦးတည်ဖော်ပြကာ ဆုံးဖြတ်ချက်အခိုင်အမာထား၍ ပြောဆိုရပါမည်။ ပေါ့ပြက်ပြက်စကားများဖြင့် အမှန်တရားဟောပြောစကားများကို မစွန်းထင်းစေရပါ။

## ရိုးရှင်းစွာပြောပါ

လူတို့သည်အမှားအယွင်းလေပြင်မုန်တိုင်းဝဲသြဃတွင် တဝဲလည်လည်ဖြစ်၍နေ၏။ အမှန်တရားကိုကြားသိလိုစိတ်ရှိလာလေပြီ။ ထိုသူတို့

ကိုစကားကြီးစကားကျယ်ဘာသာစုံနှင့်ပညာတတ်ကြောင်းပြသပြောဆို ရန်မဟုတ်တော့။ ဘုရားသခင်၏သားသမီးများကဲ့သို့ရိုးရိုးယဉ်ယဉ် စကားပြေပြစ်စွာရှင်းပြပြောဆိုရပါမည်။

## စကားလုံးလှလှရွေးချယ်ပြောဆိုပါ

သင်သည်မယုံကြည်သူများကြားတွင်ရှိနေသောကြောင့် စကားအရာတွင်ဆင်ခြင်ပါ။ သင့်စကားနှင့်သူတို့သည် သင့်ကိုတိုင်းတာနေ၏။ အာရှန်၏သားနာဒပ်နှင့်အဘိဟုတို့အားဆုံးမသောစကားကိုလေ့လာပါ။ သူတို့သည် "ထာဝရဘုရားမှာထားတော်မူသောမီးမဟုတ်၊ ထူးခြားသောမီးကိုရှေ့တော်၌ပူဇော်၏။" ရိုးရိုးမီးဖြင့် မိမိတို့၏လင်ပန်းကိုလောင်စေသဖြင့် "ထာဝရဘုရားသခင်ထံတော်မျှမီးထွက်၍ သူတို့ကိုလောင်သဖြင့် ရှေ့တော်၌သေကြ၏။ ထိုအခါမောရှေသည် အာရှန်ကိုခေါ်၍ ထာဝရဘုရားသခင်က ငါသည်သန့်ရှင်းခြင်းရှိသည်ဟု ငါ့ထံသို့ချဉ်းကပ်သောသူတို့သည် မှတ်ရမည်။ လူအပေါင်းတို့သည် ငါ့ဘုန်းကိုချီးမြှင့်ရကြမည်ဟုမိန့်တော်မူပါသည်။" (ဝတ်ပြုရာကျမ်း ၁၀း၁–၃)။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ထာဝရဘုရားသခင်နှင့်အတူတကွ အသက်ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည်ကိုသတိရပါ။ သို့ဖြစ်၍ ထာဝရဘုရားသခင်၏သန့်ရှင်းမြင့်မြတ်သောအမှုတော်ကြီးကို သာမန်လုပ်ငန်းများတွဲဖက်လုပ်ကိုင်ခြင်းဖြင့် တန်ဖိုးမလျှော့ချသင့်ပေ။ သင့်စိတ်နှလုံးသည် ဖြူစင်ခြင်းရှိပါစေ။ သန့်ရှင်းသောအတွေးအမြင်မျိုးပြည့်ဝပါစေ။ လှပသောစကားများရွေးချယ်ပြောဆိုနိုင်ပါစေ။ သို့ပြုလျှင် အောင်မြင်ရပါလိမ့်မည်။

အောင်မြင်စေသောစကားများ၊ ယဉ်ကျေးသိမ်မွေ့သောရုပ်အသွင်

သခင်ခရစ်တော်၏အစေခံတို့မည်သည် ဖြောင့်မတ်မှန်ကန်၍ အားကိုးထိုက်သူဖြစ်ရမည်။ ကျောက်ဆောင်ကဲ့သို့စည်းကမ်းခိုင်မာရမည်။ ယဉ်ကျေးခြင်းနှင့်သနားကြင်နာခြင်းလည်းရှိရပါမည်။ ယဉ်ကျေးခြင်းသည် ဝိညာဉ်တော်၏ကျေးဇူးပြုခြင်းတစ်ပါးဖြစ်၏။ လူသားအချင်းချင်းနှင့်အမြဲဆက်ဆံနေရသူများသည် ကြီးကျယ်သောလုပ်ငန်းကိုအပ်နှင်းခြင်းခံရသူဟူ၍မှတ်ရမည်။ သို့ဖြစ်၍ သင်သည်သနားကြင်နာတတ်သူ ယဉ်ကျေးသိမ်မွေ့သူတစ်ယောက်ဖြစ်ပါစေ။ အငြင်းပွား၍မထူခြားသောကိစ္စရပ်များတွင် ချစ်ခြင်းမေတ္တာကပြီးပြည့်စုံစေနိုင်ပါသည်။ အမှုငယ်တွင်မချေမငံဖြစ်၍ ခရစ်ယာန်ယဉ်ကျေးသိမ်မွေ့မှုကိုမပြသနိုင်ပါက မိတ်ဆွေလည်းပျက်၊ ဩဇာလည်းမလွှမ်းမိုးနိုင်တော့ပေ။

သခင်ခရစ်တော်ဤမြေကြီးပေါ်တွင်ဆောင်ရွက်ခဲ့သမျှကို ခရစ်ယာန်ဓမ္မဝန်ဆောင်တိုင်းသည် အပတ်တကုတ်ကြိုးစားထမ်းရွက်ရပေမည်။ သခင်သည်စုံစမ်းနှောင့်ယှက်မှုတိုင်းကိုရင်ဆိုင်ရသော်လည်း အပြစ်လုံးဝ ကင်းစင်ရုံမျှမကသေး၊ စိတ်ရှည်သည်းခံ၍ သိမ်မွေ့နူးညံ့ကာ အတိုက်အခံမှန်သမျှကို ဝိညာဉ်သဘောဖြင့်အနိုင်ယူသည်မှာ ကျွန်ုပ်တို့အတွက် ကောင်းသောပုံစံနမူနာပင်ဖြစ်ချေ၏။ ကိုယ်တော်သည် သနားကြင်နာသောမျက်လုံးနှင့်အပယ်ခံလူသားများကိုကြည့်ရှုကာ နှစ်သိမ့်စကားဖြင့် အားပေးတတ်လေသည်။ ကိုယ်တော်သည် အိမ်ထောင်မိသားစုတွင်စင်ကြယ်မှုဖြစ်၏။ လူမှုအဖွဲ့အစည်းများတွင်ကား အကျိုးပွားများစေသောတဆေးဖြစ်၏။ ဆင်ခြင်တုံတရားကင်းမဲ့၍ ကြမ်းကြုတ်ကာလုံးဝရိုင်းစိုင်းသောသူ၊ မတရားသောအခွန်ခံများ၊ မယုံကြည်သူစစ်သူရဲများ၊ ကြမ်း

တမ်းသောတောသူတောင်သားများနှင့် လူထုတစ်ရပ်လုံးအလယ်တွင် အစွန်းအထင်းကင်းမဲ့၍ ဖြူစင်သန့်ရှင်းစွာလျှောက်လှမ်းခဲ့ပါသည်။

ယေရှုခရစ်တော်၏ဘာသာရေးသည် ခက်ထန်မာကျောသည်များကို နူးညံ့ပျော့ပျောင်းစေ၏။ ဆူးငြောင့်ခလုတ် မညီညာမှုရှိသည်များကိုချောမွတ်ပြေပြစ်စေ၏။ ယဉ်ကျေးသိမ်မွေ့သောစကား၊ အောင်မြင်သူ၏ရုပ်အသွင်မျိုးကိုဖြစ်စေပါသည်။ သခင်သည် အခက်အခဲများနှင့်အတိုက်အခံများကိုဖြူစင်ဖြောင့်မတ်၍ သတိကြီးစွာဖြင့်ရင်ဆိုင်ခဲ့ပုံကို ကျွန်ုပ်တို့မှတ်သားသင့်သည်။ အမှန်အားဖြင့် ခရစ်ယာန်သာသနာ၏ အင်အားတန်ခိုးသည် သနားကြင်နာခြင်းနှင့်နူးညံ့သိမ်မွေ့ယဉ်ကျေးခြင်းပင်မဟုတ်ပါလော။

အကြင်နာစကားတို့သည် လူ့အသက်ဝိညာဉ်အတွက်နှင်းဖြူဖွေးဖွေးကလေးများနှယ်မဟုတ်တုံလော။ ကျမ်းစာကပြောပါသည်။ သခင်ခရစ်တော်၏နှုတ်တော်ထွက်စကားများသည် ပူပန်စိုးရိမ်မှုရှိနေသောသူအတွက် အချိန်တန်မှပြောသောကောင်းလှစကားဖြစ်ပါသည်။ သင်၏စကားသည်လည်း အစဉ်အမြဲကျေးဇူးတော်နှင့်ပြည့်ဝစေလော့ဟုမှာကြားခဲ့ပါသည်။ ကြားနာသောသူအတွက် အကျိုးပြုစေခြင်းငှာဖြစ်သတည်း။

သင်နှင့်နေ့စဉ်ထိတွေ့နေသူများတွင် ယုတ်မာကြမ်းကြုတ်သူများရှိကောင်းရှိမည်။ အဆိုးဖြင့်အရှုံးမခံလေနှင့်။ အကောင်းဖြင့်အနိုင်ယူပါလော့။ မိမိကိုယ်ကိုရိုသေတန်ဖိုးထားသူတို့သည် တစ်ပါးသူကိုအနိုင်ယူစော်ကားမှုမရှိစေရန် ဂရုပြုသင့်ပါသည်။ ဤစည်းကမ်းကိုယခုလိုရှုပ်ထွေးမှားယွင်းမှုပေါများလှသော ဤလောကကမ္ဘာကြီးထဲတွင် မြင့်မြတ်သန့်ရှင်းစုံလင်စွာလက်ခံကျင့်သုံးသွားသင့်ကြပါပြီမဟုတ်လော။

## ကယ်တင်ရှင်၏အသံတော်

ကယ်တင်ရှင်၏အသံတော်မှာ ဖါရိရှဲ၊ ကျမ်းတတ်ပုဂ္ဂိုလ်ကျော်တို့၏အပေါ်ယံစိတ်အာရုံမဲ့တရားဟောချက်များကဲ့သို့မဟုတ်၊ တေးသံသာကဲ့သို့နားဝင်ချိုလှပါပေသည်။ ကိုယ်တော်သည်ဖြည်းညင်းသိမ်မွေ့စွာစကားပြောလေ့ရှိ၏။ တရားနာသူတို့အားအထူးသိနားလည်စေလိုသောဆန္ဒရှိလျှင် အထူးသောပုံပမာဖေါ်ပြချက်နှင့်သက်သေခံလေ၏။ စကားပြောကောင်းခြင်းစွမ်းရည်သည် တန်ဖိုးကြီးကျယ်ဆုံးသောအရာဖြစ်၍ အသံနေအသံထားသည် ပတ်ဝန်းကျင်လူသားအားလုံးအတွက် မင်္ဂလာဖြစ်သင့်ပါပေ၏။

## ကိုယ်တော်၏စကားတော်များသည်နှလုံးသားကိုဆွဲဆောင်၏

သခင်ခရစ်တော်ကိုမသိသေးသူတို့အား ခရစ်တော်အကြောင်းပြောပြရပါမည်။ သခင်ခရစ်တော်လုပ်ဆောင်ခဲ့သလို ကျွန်ုပ်တို့ပြုလုပ်ကြရပါမည်။ သခင်သည် တရားဇရပ်တွင်ရှိရှိ၊ လမ်းဘေးနှင့်လှေကြီးပေါ်တွင်နေနေ၊ ဖါရိရှဲ(သို့မဟုတ်) အခွန်ခံအိမ်ကိုပင်အလည်အပတ်သွားသွား၊ ရသမျှသောအခွင့်အရေးအချိန်အခါတွင် အထက်အရပ်ကိုသာစိတ်စွဲလမ်းကြပါရန် ဟောကြားမိန့်မြွက်တော်မူခဲ့ပါ၏။ နေ့စဉ်အသက်တာဖြစ်ရပ်များ၊ သဘာဝတရားများသည် သခင့်အမှန်တရားစကားနှင့်ရောပြွမ်းသက်သေပြုကြလေ၏။ ဖျားနာသူများရောဂါပျောက်ကင်းလာခြင်း၊ ဝမ်းနည်းသူတို့နှစ်သိမ့်မှုကိုရရှိခြင်း၊ ကလေးငယ်များကိုရင်ဝယ်ပိုက်ထွေးကာ ကောင်းချီးမင်္ဂလာပေးခြင်းဖြင့် လူထုကိုမိမိထံသို့ဆွဲဆောင်ခဲ့ပါ၏။ ဤနည်းဖြင့် ခရစ်တော်ယေရှု၏နာမတော်ကိုခိုလှုံသူတို့သည် အသက်တာ၏အနှစ်သာရကို ခံစားသိမြင်ရကြလေသည်။

ကျွန်ုပ်တို့တွင်လည်းအလားတူဖြစ်ရမည်။ အခွင့်အခါကြုံတိုင်း တစ်ပါးသူကိုကယ်တင်ရှင်အကြောင်းသက်သေခံပြောကြားရပါမည်။ သခင်ခရစ်တော်၏ပုံစံနမူနာကောင်းကိုယူ၍ နောက်တော်သို့ကြိုးစား လိုက်လျှောက်ကြပါစို့။ ထိုသူတို့သည် သခင်ယေရှုကဲ့သို့အောင်မြင်ရ ပါလိမ့်မည်။ ဘုရားသခင်၏မေတ္တာတော်မျိုးဖြင့် သင်သည်အများကောင်း ကျိုးကိုသယ်ပိုးနေပါသော် တစ်သောင်းတို့တွင် အထွတ်အထိပ်ဖြစ်သော သခင်ယေရှုကဲ့သို့ချစ်ဖွယ်ကောင်းလာပါလိမ့်မည်။ ဤအောင်မြင်မှုကို စကားပြောကောင်းခြင်းစွမ်းရည်က ဖေါ်ဆောင်ပေးပါသည်။ သို့ဖြစ်၍ ဤထူးခြားအရည်အချင်းဖြစ်သောစကားပြောကောင်းခြင်းဆုကျေးဇူးတော် ကို သခင့်အတွက်အသုံးတော်ခံခြင်းဖြင့် ကောင်းမွန်သစ္စာရှိသော ငယ်သားကောင်းဟု အသိအမှတ်ပြုခံယူပါမိတ်ဆွေ။

---ooo---

# လုပ်ငန်းခွင်တွင်အားစိုက်ထုတ်မှုရှိပါ

## စွမ်းအင်နှင့်အလို

အောင်မြင်မှုမည်သည်မှာ တော်သည်၊တတ်သည်အပေါ်များစွာမူမတည်ဘဲ စွမ်းအင်နှင့်စိတ်ဆန္ဒအပေါ်များစွာအခြေပြုပါသည်။ လိုအင်ကြီဆနည်းလမ်းရဟူသကဲ့သို့တည်း။ လုပ်ငန်းခွင်တွင်ပြိုင်ဘက်ကင်းသောစွမ်းရည်ကို ပိုင်ဆိုင်ထားခြင်းထက် နေ့စဉ်တာဝန်ကိုသတိရှိစွာထမ်းရွက်ခြင်း၊ ကျေနပ်မှုရှိခြင်း၊ ပြိုင်လိုလျှင်အရှုံးပေးနှလုံးအေးသည့်ဆေးကိုမှီဝဲလျက် တစ်ပါးသူ၏တိုးတက်ရေးကိုစိတ်ဝင်စားသောသူသည် အောင်မြင်မှုအရဆုံးသောသူပင်ဖြစ်၏။ အထူးသဖြင့်စိတ်နှလုံးနှိမ့်ချသောသူတွင် မှန်ကန်သောကောင်းမြတ်ခြင်းကိုမြင်တွေ့နိုင်၏။ ရိုးရိုးကျင့်မြင့်မြင့်ကြံ၍ မေတ္တာနှင့်သစ္စာပေါင်းစပ်လုပ်ကိုင်ခြင်းသည် ထာဝရဘုရားသခင်ရှေ့မှောက်၌ လှပသောအရာဖြစ်ပါသည်။

## လူပျင်းအတွက်နေရာမရှိပါ

အဘယ်သူမျှမိမိလက်ကိုပွေ့ပိုက်၍ လုပ်စရာအလုပ်မရှိဟုမထင်မှတ်စေနှင့်။ ပျင်းရိသောသူနှင့်အလုပ်မလုပ်လိုသောသူတို့သည် ကယ်တင်ခြင်းကိုရနိုင်၏ဟုဆိုခြင်းမှာမဖြစ်နိုင်။ သခင်ယေရှု၏သက်တော်စဉ်ကိုရှုမှတ်ပါ။ အဘယ်မျှစိတ်အားကြီးစွာမနားမနေအားစိုက်ထုတ်ကာလုပ်ဆောင်ခဲ့ပါသနည်း။ သခင့်အားပေးသမျှသောတာဝန်ကို သခင်သည်ဘယ်သောအခါမျှဘေးမဖယ်ထားပါ။ ကျွန်ုပ်တို့သည် သခင့်ခြေတော်ရာ

ကိုလိုက်လျှောက်နေပါ၏လော။ ကျဆုံးလေပြီးသောလူမျိုးနွယ် အတွက် ထာဝရဘုရားသခင်၏သနားကြင်နာမှုစီမံကိန်းကိုဆက်လက် အကောင်အထည်ဖေါ်ရန် သခင်သည်ကောင်းကင်ဘုံရှိအရာခပ်သိမ်း ကိုစွန့်ပယ်ခဲ့ပါ၏။ ကောင်းကင်ဘုံ၏အလိုတော်ရည်ရွယ်ချက်ကိုပြည့်စုံ စေအံ့သောငှာ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံခဲ့ သည်တိုင်အောင် ခမည်းတော်ဘုရားသခင်၏စကားတော်ကိုနားထောင် ခဲ့၏။ သခင်သည် လူအဖြစ်ကိုခံယူခဲ့၍ အများနည်းတူသွေးဆောင်မှုကို ခံခဲ့ရသော်လည်း အပြစ်နှင့်လုံးဝမဆက်ဆံခဲ့ပါ။ မသိနားမလည်ခဲ့ပါ။ ထို့ကြောင့် ထိုသခင်ကိုယုံကြည်လက်ခံသောအပြစ်သားဟူသမျှသည် ထာဝရဘုရားသခင်ရှေ့တော်မှောက်၌ ဖြောင့်မတ်သောသူအဖြစ်ရပ်တည် နိုင်ခွင့်ရှိပါ၏။ သခင်သည် သွေးဆောင်မှုမျိုးစုံနှင့်ရင်ဆိုင်ခဲ့ရသော်လည်း ကျွန်ုပ်တို့လူသားများ၏ကိုယ်စားအောင်မြင်ခဲ့ပါ၏။ ဘုရားသခင်၏ သားတော်သည် အပြစ်နှင့်စွန်းထင်းခြင်းမရှိ၊ ပကတိဖြူစင်သန့်ရှင် လျက် လူသားတစ်နွယ်လုံးကိုအပြစ်ငရဲတွင်းမှ ကယ်တင်အံ့သောငှာ လူသားတို့၏အပြစ်ကြွေးကိုအသက်အစတေးခံ၍ ပေးဆပ်ခဲ့ပြီးပါပြီ။

## စိတ်နှလုံးအကြွင်းမဲ့နှင့်လုပ်ဆောင်ခြင်း

ထာဝရဘုရားသခင်၏အစေခံများသည် လုပ်ငန်းတွင်မပျင်း ရိရပါ။ စိတ်အားထက်သန်မှုနှင့်ထာဝရဘုရားသခင်၏အစေကိုခံရပါ မည်။ စည်းမဲ့ကမ်းမဲ့၍ပေါ့ပြက်ပြက်နိုင်ခြင်းသည် ဘုရားသခင်ကိုကြည် ညိုခြင်းမဟုတ်။ ထာဝရဘုရားသခင်၏အမှုတော်မြတ်တွင် အသုံးတော် ခံနေပြီဟု မိမိကိုယ်ကိုမှတ်ယူသောအခါ ယခင်ကထက်အမြင်ကြည်လင်

မြင့်မားဖို့လိုအပ်ပါ၏။ ဤအမြင်မှန်ကသင့်ကိုနေ့စဉ်အလုပ်တွင် ပုံမှန်လုပ်ဆောင်သွားနိုင်ရန် မလျှော့သောဇွဲလုံ့လအင်အားသစ်ကိုသွင်းပေးပါလိမ့်မည်။ ဖြူစင်၍အညစ်အကြေးနှင့်ကင်းသောဘာသာရေးသည် လက်တွေ့ကျပါ၏။ ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် စိတ်အားထက်သန်မှုကြီး၍ စိတ်နှလုံးအကြွင်းမဲ့လုပ်ဆောင်စေ၏။ နေ့စဉ်လုပ်ဆောင်မှုတိုင်းကိုအသက်ရှင်သောယဇ်၏ဆက်ကပ်လုပ်ဆောင်ခြင်းဟုမှတ်ယူရပါမည်။ ဤနည်းဖြင့်ထာဝရအလင်းအိမ်ဝယ် ရှေ့ဆက်ကာအလုပ်ပွားလျှင် များပြားလှမည့်အသုံးဝင်မှုတန်ဖိုးပင်မဟုတ်ပါလော။

## စာရင်းအဝင်အထွက်ကိုအချိန်မှန်မှန်ပြုစုပါ

ထာဝရဘုရားသခင်၏အမှုတော်မြတ်တွင် ပျင်းရိသူကိုကိုယ်တော်မလိုလားပါ။ ကိုယ်တော်သည် တွေးခေါ်မြော်မြင်တတ်သူ၊ သနားညှာတာတတ်သူ၊ ချစ်ဖွယ်ကောင်း၍ချစ်တတ်သောသူ၊ အလုပ်တွင်စိတ်ဝင်စားသူကိုအလိုရှိတော်မူ၏။ အချိန်နှင့်လုပ်ငန်းကိုစနစ်ကျစွာမလုပ်ဆောင်သေးသောသူတို့ ယခုတွင် အချိန်မှန်မှန်နှင့်စာရင်းအဝင်အထွက်များကိုစည်းမျဉ်းနည်းလမ်းမှန်ကန်စွာဖြင့် ချမှတ်လုပ်ဆောင်ရပါမည်။

## စောစောထ၍အားထုတ်စိုက်ကာလုပ်ဆောင်ပါ

ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရောင်းချခြင်းအလုပ်သည် မြင့်မြတ်သောအလုပ်ပင်ဖြစ်၍ လုပ်ငန်းကိုရိုးသား၊ ကြိုးစား၊စိတ်ရှည်စွာဖြင့် မှန်မှန်လုပ်ဆောင်သွားပါသော် အောင်မြင်မည်မှာဧကန်မုချဖြစ်၏။ အမှုတော်ဆောင်၏စိတ်နှလုံးသည် အလုပ်ခွင်တွင်ရှိနေရမည်။ အိပ်ရာမှစောစောထ၍

ပြင်ဆင်မှုဟူသမျှကို သူ့နေရာနှင့်သူထားရှိပြီးသော် အလုပ်ကိုကြိုးစား နိုးကြားစွာဖြင့်လုပ်ဆောင်ရမည်။ အခက်အခဲများနှင့်တော့မကင်းနိုင်။ တွေ့ကိုတွေ့မည်။ မလျှော့သောအားထုတ်မှုကိုဖတ်၍ရင်ဆိုင်လိုက်ပါ။ အောင်မြင်ရပါလိမ့်မည်။ အမှုတော်ဆောင်သည် တဖြည်းဖြည်းနှင့် အချိုးညီကြီးပွားမှုအကျင့်မျိုးကိုတိုးမြှင့်ကာ ပုံစံနမူနာကောင်းချနိုင်ရမည်။ ကြီးမားကျယ်ပြန့်သောအကျင့်ဓလေ့တို့ကို ပုံစံဖော်ချမှတ်ရာ၌ ပထမတွင် အမှုသေး၊ အင်အားငယ်နှင့်အစပြုပါသည်။

## တာဝန်အပေါ်သစ္စာရှိပါ

ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအလုပ်တွင် လုပ်ကိုင်နေသူအမှုတော် ဆောင်တို့သည် များသောအားဖြင့် မိမိတို့လုပ်ငန်းမှာအရေးပါသည်ဟုမမြင်။ သို့ဖြစ်၍ အပေါ်ရိကအဆောင်အယောင်များနှင့်တင်းတိမ်ကြကုန်၏။ ဝတ်စားဆင်ယင်ပုံမှာလည်း ဖြစ်ကတတ်ဆန်းနှင့်စိတ်အာရုံမှာလည်း မှိုင်းမိနေဘိသည့်အလား။ ထို့ကြောင့် ခရစ်ယာန်ဓမ္မစာပေအမှုတော် ဆောင်သည် စာပေဖြန့်ချိရောင်းချရေးလုပ်ငန်းတာဝန်အပေါ် သစ္စာရှိ ရပါမည်။ အကြောင်းမှာ ထိုလုပ်ငန်းသည်အရေးကြီး၍ သန့်ရှင်း မြင့်မြတ်သောကြောင့်တည်း။

## တိကျသေချာ၍အားစိုက်ထုတ်မှုရှိပါ

သင်သည် သခင့်အစေကိုခံရာ၌အဘယ်အခန်းကဏ္ဍတွင်ပါဝင် ထမ်းရွက်သည်မဆို သင်၏ဦးတည်ချက်ကိုဖော်ပြ၍ သင်၏အကျင့်ကို တည်ဆောက်နေခြင်းဖြစ်၏။ သို့ဖြစ်လေရာ အဘယ်အလုပ်ကိုပဲလုပ် လုပ်၊ တိကျသေချာ၍ အားစိုက်ထုတ်မှုရှိရန်လို၏။ အလွယ်ခရီးမလိုက်မိရန်

လိုအပ်ပေသည်။ ကျွန်ုပ်တို့သည် လူလူချင်းအတွက်ထာဝရဘုရားသခင်၏ကယ်တင်ခြင်းကိုကြိုးစားလုပ်ဆောင်ရာ၌ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့၏ကြိုးစားမှုတိုင်းကိုတိုးပွားချမ်းသာစေပါလိမ့်မည်။

ခရစ်ယာန်ဓမ္မစာပေအမှုဆောင်သည် လုပ်ငန်းခွင်တွင်ရှိနေစဉ် စိတ်နှစ်ခွမရှိပါစေနှင့်။ မိမိလုပ်ဆောင်ရမည့်လုပ်ငန်းအပေါင်းကို ကြိုးစားအားထုတ်ဉာဏ်ကွန့်လျက်လုပ်ဆောင်ရမည်။ စာအုပ်ရောင်းရင်းနှင့်လည်းအလင်းတရားကိုရှာဖွေနေသောသူ၊ ကျမ်းစာမှန်သိမ့်မှုကိုလိုအပ်နေသောသူတို့ကိုကူညီမစရန်မမေ့အပ်ပါ။ အကယ်၍သာခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ထာဝရဘုရားသခင်နှင့်အတူလမ်းလျှောက်သူ၊ ရင်းနှီးနေသူတစ်ဦးဖြစ်ပါက ကောင်းကင်ဘုံမှဉာဏ်ပညာကို တောင်းခံခြင်းဖြင့် မိမိလုပ်ငန်းခွင်အတွင်း ကောင်းကျိုးချမ်းသာကို ထာဝစဉ်လုပ်ဆောင်နိုင်ပေလိမ့်မည်။ သခင်ခရစ်တော်ထံအသက်ဝိညာဉ်များစွာကိုလည်းပို့ဆောင်ပေးနိုင်လိမ့်မည်။ ပင်ပန်းနွမ်းနယ်နေသူအားလည်းခရစ်တော်သဘောတော်ကို ဖေါ်ပြပြောဆိုနိုင်ပါလိမ့်မည်။

## စိတ်ဓါတ်တက်ကြွဖွယ်ရာအတွေ့အကြုံမျိုးကိုသတင်းပို့ပါ

သခင့်အတွက်အစေခံခြင်းအမှု၌ တစ်ပါးသူတို့၏စိတ်ဓါတ်ကိုမြှင့်တင်ပေးရန် မိမိ၏ထူးခြားသောကိုယ်တွေ့သိမြင်ချက်များကို အသင်းတော်သတင်းစာစောင်တွင် ရေးသားဖေါ်ပြရန် သတင်းပို့နိုင်ပါသည်။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ဧဝံဂေလိသတင်းဟောပြောသောဓမ္မဝန်ဆောင်အဖြစ် မိမိ၏လုပ်ငန်းခွင်တွင်တွေ့ကြုံရသောဝမ်းမြောက်ဖွယ်ရာမင်္ဂလာအဖြစ်မျိုးကို သက်သေခံပြောကြားပါ။ ထိုသတင်းတိုထွာများကို အသင်းတော်၏သတင်းတွင်ထည့်သွင်းပါရှိစေရမည်။ အကြောင်းမူကား၊ ထိုအရာ

တို့သည် ကောင်းသောဩဇာလွှမ်းမိုးမှုကိုဖြစ်စေ၏။ အသင်းတော်တွင် သတင်းမွှေး၍ အသက်တာတွင်အငန်ဓါတ်ပါဝင်လေရာ လက်ဆင့်ကမ်း ပျံ့နှံ့သွားမည်ဖြစ်၏။ ဤနည်းဖြင့် ထာဝရဘုရားသခင်နှင့်ပူးပေါင်း လုပ်ဆောင်သောသူတို့သည် စည်းစိမ်ချမ်းသာ အေးချမ်းရာများတိုးပွား လာမည်ဖြစ်ပါတော့သည်တကား။

---ooo---

# အချိန်များများယူ၍ဆုတောင်းခြင်း

## အတွေ့အကြုံရင့်ကျက်လာစေရန်ဆုတောင်းပါ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များနှင့်အခြားသောခရစ်ယာန် သာသနာ၀န်ဆောင်အမှုတော်ထမ်းအားလုံးတို့အား ကျွန်ုပ်ပြောလိုသည်မှာ ထာဝရဘုရားသခင်နှင့်ပူးပေါင်းကာ အလုပ်လုပ်ပါ။ အတွေ့အကြုံရင့်ကျက်လာစေရန်လည်း များစွာဆုတောင်းပါ၊ နူးညံ့သိမ်မွေ့သောသဘောနှင့် ယနေ့အတွက်ဘုရားသခင်ပေးအမှန်တရားကိုသင်သွားလေရာရာသယ်ဆောင်သွားပါ။ ကယ်တင်ခြင်းအသက်စမ်းရေတွင်းမှရေကိုအဝသောက်ကာ ပျက်စီးလုသောအသက်ဝိညာဉ်များပြန်လည်ရှင်သန်လာရေးအတွက် သင်သည်စမ်းရေပေါက်ဖြစ်ပါစေ။ သင်သည်မှန်ကန်စွာဝေငှစွန့်ကြဲနိုင်စေရန် ထာဝရဘုရားသခင်သည် သင့်အားဉာဏ်ပညာကိုပေးတော်မူမည်။ ကောင်းချီးမင်္ဂလာရေစီးချောင်းလည်းဖြစ်စေတော်မူမည်။ သင့်အားပေးသနားတော်မူသောကိုယ်တော်ထံမှပညာနှင့်အသိတရားကိုသင်သည် ပြန်လည်၍လက်ဆင့်ကမ်းစွန့်ကြဲလိုက်ခြင်းဖြင့် ကိုယ်တော်ဘုရားသခင်၏ဘုန်းတော်တို့ကိုထင်ရှားပြသရာရောက်ပါ၏။

သင်သည် ဤတရားတော်နှင့်ပတ်သက်၍ အလျား၊ အနံ၊ အနက် အလုံးစုံတို့ကိုနားလည်သဖြင့် သခင်ခရစ်တော်၏အကျင့်တော်ကို ကိုယ်စားပြုရန် တာဝန်ရှိကြောင်းခံယူနိုင်ပါသည်။ စိတ်ရှည်သည်းခံခြင်း၊ ရဲဝံ့ပြတ်သားခြင်း၊ စွဲမြဲခိုင်မာသောစိတ်နှင့်သခင်၏အကျင့်တော်ကိုရောင်ပြန်ဟပ်စေပါ။

"ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမီနိုင်သောဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။"

စိတ်နှလုံးနှိမ့်ချ၍စိတ်အားကြီးစွာဆုတောင်းပါ

ကျွန်ုပ်တို့၏စာအုပ်စာပေများကိုဖြန့်ချိရောင်းချရာ၌ စိတ်နှလုံး နှိမ့်ချလျက် အားကြီးသောဆုတောင်းခြင်းသည် လောကရှိတန်ဖိုးကြီး အရာများနှင့်မွမ်းမံခြယ်လှယ်ခြင်းထက်ပို၍ထိရောက်ပါ၏။ အကယ်၍ အမှုတော်ဆောင်များသည် စစ်မှန်၍တကယ်အသက်ရှင်သောအရာများ ကိုသာစွဲလမ်းပါကလည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုယုံကြည် အားကိုး၍ ဆုတောင်းပါကလည်းကောင်း ဘုရားသခင်၏တန်ခိုးတော် သည် ကောင်းကင်ဘုံမှဆင်းသက်၍ လူတို့၏စိတ်နှလုံးကိုအမှန်တရား ဘက်၌ တာရှည်စွာထင်မှတ်စွဲလမ်းစေပါလိမ့်မည်။ သို့ဖြစ်၍ အမှုတော် ဆောင်ရင်းဆုတောင်း၊ ဆုတောင်းရင်းအမှုတော်ဆောင်ရန်ဖြစ်ပါသည်။

စာတန်သည် သင်၏ခရီးလမ်းကြောင်းပေါ်တွင်ရှိနေ၏။ လှည့်ဖြားမှုကြွယ်ဝသောပြိုင်ဘက်ပေတည်း။ သင့်လုပ်ငန်းကျဆုံးရန် သူသည်အငြိုးထားသောစိတ်နှင့်ပျက်စီးကြောင်းကြံ၏။ သူ၏ခြယ်လှယ်ခံ လူတို့သည် သူ့စကားသံကိုပဲ့တင်စေ၏။ အကယ်၍သာထိုဝိညာဉ် ဆိုးတို့ကိုတွေ့မြင်ရပါမူ၊ စာတန်သည် လှည့်ဖြားမှုစုံလင်စွာဖြင့် အမှန်တရားကိုဘေးဖယ်ထားရန် လူတို့တွင်ဆောင်ရွက်နေကြောင်း တွေ့မြင်ရပေမည်။ ထိုအသက်ဝိညာဉ်များကိုစာတန်၏လှည့်ဖြားမှုမှ ကယ်ဆယ်ရာ၌ ဆုတောင်းခြင်းကင်းသောလုပစကားများဖေါင်ဖွဲ့ပြောဆို

ခြင်းထက် စိတ်နှလုံးနှိမ့်ချစွာဆုတောင်း၍ သခင်ခရစ်တော်နှင့်စိတ်တူ
သဘောတူနေခြင်းက ပို၍အမှုတော်ကိုပြီးမြောက်စေနိုင်ပါသည်။

## မခြားမလပ်ဆုတောင်းပါ

အမှုတော်ဆောင်များသည် ထာဝရဘုရားသခင်နှင့်မပြတ်စကား
ပြောဆက်သွယ်ခြင်းဖြင့် မိမိ၏စိတ်ကိုထိန်းသိမ်းရမည်။ သို့ပြုလျှင်
သူတို့သည် ဘယ်သောအခါမျှအထီးကျန်ဘဝမျိုးမဖြစ်ရပါ။ အကယ်
၍သာ ထိုသူတို့သည် ထာဝရဘုရားသခင်ကိုယုံကြည်အားကိုး၍ သူတို့
ကိုအပ်နှင်းထားသောခရစ်ယာန်သာသနာလုပ်ငန်းကို စေတနာနှင့်ကျေပွန်
စွာထမ်းရွက်ပါက သခင်ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ရခြင်းအနှစ်သာရ
ကိုမပြတ်ခံစားရမည်ဖြစ်ပါသည်။

## မရမနေဆုတောင်းခြင်း၌တန်ခိုးရှိ၏

ယာကုပ်အောင်မြင်ရခြင်းအကြောင်းကား မလျှော့သောဇွဲလုံ့လ
ကြောင့်ဖြစ်၏။ သူ၏အတွေ့အကြုံမှာ မရမနေပူဆာဆုတောင်းခြင်း၏
တန်ခိုးပေတည်း။ ကျွန်ုပ်တို့သည်လည်း မယိုင်မလဲတည်မြဲသောယုံကြည်
ခြင်းမျိုးဖြင့် အောင်ပွဲဆင်နွဲစေသောဆုတောင်းခြင်းမျိုးကို သင်ခန်းစာ
ယူသင့်ပါ၏။ အသင်းတော်၊ (သို့မဟုတ်) ယုံကြည်သူတစ်ဦးစီသည်
ကြီးမားသောအောင်မြင်ခြင်းကိုရရှိသည်ဟုဆိုရာ၌ မိမိ၏စွမ်းပကားနှင့်
ပညာကြောင့်မဟုတ်၊ ကြွယ်ဝချမ်းသာ၍ အများရှေ့တွင်မျက်နှာရ၍
လည်းမဟုတ်ပါ။ ထာဝရဘုရားသခင်ကိုအကြွင်းမဲ့ယုံကြည်ကိုးစား၍
တန်ခိုးကြီးသောလက်ရုံးတော်ကိုခိုလှုံသောကြောင့်တည်း။

လူသည် မိမိ၏အပြစ်တစ်ခုစီကိုမစွန့်လွှတ်ဘဲနှင့် ထာဝရဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုစိတ်အားကြီးစွာရှာဖွေပါသော်လည်း မရရှိနိုင်။ သို့သော် ယာကုပ်ကဲ့သို့ထာဝရဘုရားသခင်၏ကတိတော်များကိုတောင့်တလျက် စိတ်အားကြီးစွာမရမနေဆုတောင်းပါသော် အောင်မြင်မည်မှာမုချတည်း။

## အခက်အခဲတိုင်းသည်ဆုတောင်းဖို့ရန်လိုအပ်ကြောင်းပြ၏

ဖြောင့်ဖြူးချောမွတ်သောခရီးလမ်းပေါ်တွင် ဆူးငြောင့်ခလုတ်အတားအဆီးမရှိဟုမမှတ်ယူအပ်ပါ။ သို့ရာတွင် အခက်အခဲတိုင်းတွင် ကျွန်ုပ်တို့ဆုတောင်းဖို့ရန်လိုအပ်လေသည်။

## ဆုတောင်းခြင်းနှင့်ကျမ်းစာဖတ်ခြင်းသည်မရှိမဖြစ်လိုအပ်၏

ဆုတောင်းခြင်းနှင့်ကျမ်းစာဖတ်ရှုလေ့လာခြင်းမရှိသူကို စာတန်သည် ကောင်းစွာတိုက်ခိုက်အောင်မြင်နိုင်ကြောင်းကို သူကောင်းစွာသိ၏။ သို့ဖြစ်၍ လူ့စိတ်အာရုံကိုသူသည်လွယ်ကူစွာလှည့်ဖြားနိုင်ဖို့ရန် တီထွင်မှုများပြုလုပ်ထားပါသည်။

ထာဝရဘုရားသခင်၏လက်နက်စုံကိုဝတ်ဆင်သောသူ၊နေ့စဉ်အချိန်ယူ ဆုတောင်း၍ တရားတော်ကိုနေ့ညမပြတ်ဆင်ခြင်အောက်မေ့သောသူ၊ သမ္မာကျမ်းစာကိုစေ့စေ့ဖတ်ရှုလေ့လာသောသူတို့သည် ကောင်းကင်ဘုံနှင့်ဆက်သွယ်သူများဖြစ်သဖြင့် ထိုသူတို့သည် ပတ်ဝန်းကျင်ရှိလူသားများအတွက် ကယ်တင်ခြင်းတန်ခိုး၊ အသက်တာကိုပြောင်းလဲစေသောဩဇာလွှမ်းမိုးမှုဖြစ်လာပေသည်။

## လူအများနှင့်အတူတကွဆုတောင်းပါ

အသင်းတော်အတွင်းအပြင်မလိုလားအပ်သောအဖြစ်သဘော ဖြစ်ပျက်မှုများကြောင့် ပတ်ဝန်းကျင်အမြင်တိမ်းလျက် အကျိုးယုတ် စေမှုများဖြစ်ပေါ်တတ်ပါ၏။ ထိုကြောင့် အမှန်တရားကိုမသိသူများစွာ ရှိလေရာ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များသည် သမ္မာကျမ်းစာမှ အမှန်တရားကို ထိုသူတို့ထံသယ်ယူပို့ဆောင်လျက် ဝိညာဉ်ရေးအစာဖြင့် အလုပ်အကျွေးပြုရပါမည်။ ဤသို့တစ်အိမ်တက်ဆင်းခရစ်ယာန် သာသနာဖြန့်ခြင်းသည် အခြားလုပ်ငန်းစုများထက်ပိုမို၍ အောင်မြင် ပြီးမြောက်စေပါသည်။ ထိုခရစ်ယာန်ဓမ္မဆရာသည် လူထုနှင့်ပိုမိုထိတွေ့ မှုရှိ၍ ထိုသူတို့၏လိုအပ်ချက်များကိုသိနားလည်ခွင့်ရပါသည်။ သူတို့နှင့် အတူတကွဆုတောင်းပြုလျက် ကမ္ဘာလောက၏အပြစ်ကိုသယ် ဆောင်သွားသောဘုရားသခင်၏သိုးသငယ်ထံသို့ ညွှန်ပြနိုင်ခွင့်ရှိပါ သည်။ ဤနည်းဖြင့် ယနေ့အတွက်သတင်းထူးကို ထိုသူတို့၏နှလုံးတွေ့ သွားနိုင်ပါသည်။

## ဆုတောင်း၍သီချင်းတစ်ပုဒ်သီဆိုပါ

ဧဝံဂေလိခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးကိုခံရသောအခါ မိမိ၏အလုပ်ခွင်တွင် ကောင်းမှုပြုရန် အံ့သြဖွယ်ရာလွယ်ကူမှုရှိလာပါ၏။ အမှန်တရားကိုတင်ဆက်ခြင်း၌ ရိုးရိုးနှင့်မေတ္တာရှေ့ထားကာ တစ်အိမ်တက်ဆင်းပြုလုပ်ခြင်းသည် သခင် ခရစ်တော်လက်ထက်က မိမိ၏တပည့်တော်များကိုနှစ်ယောက်တစ်တွဲ ပထမအကြိမ်ခရစ်ယာန်သာသနာပြုခရီးထွက်ရန် စေလွှတ်ညွှန်ကြား သကဲ့သို့ ညီညွတ်မှုရှိပါသည်။ တန်ခိုးတော်ကိုချီးမွမ်းသီဆိုခြင်းဖြင့်လည်း

ကောင်း၊ စိတ်နှိမ့်ချ၍နှလုံးသားမှထွက်ပေါ်လာသောဆုတောင်းချက်ဖြင့်
လည်းကောင်း အများ၏စိတ်ကိုတို့ထိပါလိမ့်မည်။ ဝိညာဉ်တော်
ဘုရားသခင်လည်း လူတို့၏နှလုံးသားကိုပြောင်းလဲစေပါလိမ့်မည်။
ကတိတော်မြွက်ထားရှိခဲ့ပြီမဟုတ်လော။ "ငါသည်သင်တို့နှင့်အတူ
အစဉ်မပြတ်ရှိသည်။" ထိုသို့သောဘုရားသခင်၏ကူညီမည်ဟူသော
အာမခံချက်ဖြင့် ကျွန်ုပ်တို့သည် ယုံကြည်မျှော်လင့်၍ သတ္တိရှိစွာဖြင့်
အမှုတော်ကိုထမ်းရွက်နိုင်ပါ၏တည်း။

ထာဝရဘုရားသခင်သည်အောင်မြင်မှုကိုပေးတော်မူ၏

ကျွန်ုပ်တို့လုပ်ငန်းခွင်အတွက်ပြင်ဆင်နေသည်ဖြစ်စေ၊ ခရစ်ယာန်ဓမ္မ
စာအုပ်စာပေများဖြန့်ချိရောင်းချရန်ဖြစ်စေ အောင်မြင်မှုရှိရန် ထာဝရဘုရား
သခင်သာစွန့်ကြဲပေးကမ်းနိုင်၏။ သခင့်အလိုတော်ကိုစောင့်ထိန်း၍
ယုံကြည်ခြင်းဖြင့်လုပ်ဆောင်ပါသော် သခင်သည် ထိုစာအုပ်များကို
လူထုအကျိုးအလို့ငှာ သူတို့လက်ထဲသို့ရောက်ရှိရန်ကူညီလုပ်ဆောင်
ပေးပါလိမ့်မည်။ သို့ဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်မိုးသက်ရောက်
စေရန်ဆုတောင်းပါ။ ယုံကြည်အားကိုးစိတ်ချထားပါ၊ စိတ်နှလုံးနှိမ့်ချ
လျက် အားကြီးသောဆုတောင်းခြင်းမျိုးဖြင့် ခရစ်ယာန်ဓမ္မစာပေဖြန့်ချိ
ရေးကိုတိုးမြှင့်လုပ်ဆောင်ခြင်းသည် တန်ဖိုးကြီးအရာများနှင့် ခရစ်ယာန်
ဓမ္မစာပေစာအုပ်တိုက်ကို အလုစီခြယ်၍ရောင်းကွက်ရှာသည်ထက်ပို၍
ကောင်းမြတ်လှပါသည်။

---ooo---

အပိုင်း (၃)

# အားမာန်နှင့်ပြည့်နေသောခရစ်ယာန်ဓမ္မစာပေ
# အမှုတော်ဆောင်

## ရောင်းချရန်နေရာများ

အခြားသောစာပေထုတ်လုပ်သူတို့သည် မိမိတို့၏စာအုပ်များ ဈေးကွက်ဝင်ရန် စီးပွားရေးအမြင်ဖြင့်ပုံမှန်လေ့လာ၍ ဆိုင်တင်ဖြန့်ဖြူး ကြလေသည်။ သို့ရာတွင် ထိုစာအုပ်တို့သည် များစွာစိတ်ဝင်စားဖွယ် မဟုတ်သေး။ "လောကသားတို့သည် မိမိတို့အမှုကိုဆောင်ရာတွင် အလင်း သို့ရောက်သောသူတို့ထက်သာ၍ လိမ္မာကြ၏။" (လုကာ ၁၆း၈)။ ဤနေရာတွင် အိမ်ထောင်မိသားစုများဆီသို့လည်းကောင်း၊ တွေ့မြင် သမျှသောလူတစ်ဦးချင်းဆီသို့လည်းကောင်း စကားမပြောသောစေတမန် များနှင့်မိတ်ဆက်ပေးကြပါမှု မည်မျှကောင်းလေစွ။ ဤအမှုကိုမည်သူမျှ မကြံစည်မိ၍ မလုပ်ဆောင်ကြသေး။ အသက်ရှင်သောခရစ်ယာန်တရား ဟောဆရာကားနည်းပါးလှပါဘိ။အမှန်အားဖြင့် အမှုတော်ဆောင်ပေါင်း တစ်ရာရှိသင့်သည့်နေရာ၌ တစ်ဦးပင်ရှိနေပါသေးသည်။ မည်သူသည် မိမိအိမ်နီးချင်းတို့၏အသက်ဝိညာဉ်ကယ်ဆယ်ရေးတွင် စွမ်းအား ထုတ်လျက်ပါဝင်ထမ်းရွက်ပါမည်နည်း။

ရာပေါင်းများစွာသောလူတို့သည် ဘုရားသခင်အစေခံ၍ မြို့ကြီး ပြကြီး၊ ရွာကြီးရွာငယ်အသွယ်သွယ်သို့ အမှန်တရားသတင်းအလင်း ဆောင်ရန်ဝင်ထွက်သွားလာသင့်ကြပါသည်။ ပြည်သူလူထုစိတ်ဓါတ်ကို

ဘုရားသခင်ထံသို့လှည့်ရန် နှိုးဆော်ဖို့လိုအပ်နေလေပြီ။ ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ အလင်းကိုနေရာအနှံ့သို့ထွန်းလင်းစေ။ လူသည် အမှောင်ထုမှသည်အလင်းဆီသို့ပြောင်းလဲတိုးပွားရန် ဘုရားသခင်အလိုတော်ရှိ၍ ဤသို့လျှင် ပုံစံချထားလေ၏။ သက်သေခံချက်စာစောင်အတွဲ (၄) စာမျက်နှာ ၃၈၉ (၁၈၈၀)။

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင် ညီလာခံအစည်းအဝေးများလည်းရှိအပ်ပါသည်။ သို့မှသာ အမှုတော်ဆောင်များသည် အားသစ်တိုးကာ ကမ္ဘာကြီးလည်း အလင်းပွားလာမည်မဟုတ်လော။

## စာပေများအရောင်းသွက်လာခြင်း

ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်များကြီးပွားရမည်။ အကယ်၍သာယုံကြည်သူညီအစ်ကိုများက ဤလုပ်ငန်းတွင်စိတ်ဝင်စားကာ ကူညီဖြန့်ဖြူးရောင်းချပေးကြပါသော် စာပေတိုက်ကြီးများအဒွန့်ရှည်စွာသက်ဝင်လှုပ်ရှားနေပါမည်။ စာအုပ်၊စာစောင်များစွာနေရာအနှံ့ပိုမိုဖြန့်ချိနိုင်လေ၊ လူအများ၌ ကျမ်းစာအသိတိုးပွားလာလေဖြစ်ပါမည်။ လူများစွာသည် တရားတော်နှင့်မညီညွတ်မှုများ၊ အမှားအယွင်းများ၊ အသင်းတော်အတွင်းဖေါက်ပြန်မှု၊ ပွဲလမ်းသဘင်နှင့်အရောင်းဆိုင်များ၊ ထီထိုးခြင်းများ စသောအသင်းတော်ရန်ပုံငွေရှာဖွေနည်းလမ်းအသွယ်သွယ်ကို စက်ဆုပ်ရွံ့ရှာနလုံးနာလာကြလေပြီ။ မှောင်မိုက်နယ်တွင် အလင်းရှာဖွေသူများစွာရှိကြပါ၏။ အကယ်၍သာ ကျွန်ုပ်တို့၏စာအုပ်စာပေများ၊ လက်ကမ်းစာစောင်များသည် ကျမ်းစာသွန်သင်ချက်ရိုးရိုးလေးနှင့်ပြီးပြည့်စုံလျက် ကျယ်ကျယ်ပြန့်ပြန့်ဝေငှဖြန့်ချိနိုင်ကြပါသော် မိမိ၏အလိုပြည့်စုံမည့်လူပုဂ္ဂိုလ်များစွာကိုတွေ့ရှိပါလိမ့်မည်။ သို့တစေလည်း

ကျွန်ုပ်တို့သည် တစ်ပါးသူ၏အလာလမ်းကိုသာ ခရစ်ယာန်ဓမ္မစာပေ ရုံးခန်းနှင့်နေအိမ်၌ထိုင်ကာ စောင့်မျှော်နေကြလေ၏။ ထို့ကြောင့် ထောင်ပေါင်းများစွာတို့သည် ကျွန်ုပ်တို့တွင်စာအုပ်ကောင်းများရှိနေ ကြောင်းကို မသိကြပါချေ။

## စာအုပ်များ၏တန်ဖိုးကိုမြှင့်တင်ပါ

ထာဝရဘုရားသခင်သည် ပုံမှန်နိုးကြားလှုပ်ရှားသူများကိုဖိတ်ခေါ် နေ၏။ ပျင်းရိသူ၊ ထူးခြားမှုမရှိလိုသူ၊ ခွဲလုံ့လမရှိသူတို့ကိုကား ပယ် ၏။ ကျွန်ုပ်တို့သည်ခရစ်ယာန်ဓမ္မစာပေများကိုဆောင်ယူလျက် လူတို့ ထံသို့သွား၍ ယင်းတို့သည် ငွေထက်သာ၍တန်ဖိုးကြီးသဖြင့် လက်ခံ သင့်ကြောင်းနှိုးဆော်ကြရမည်။ သင်ထုတ်ပြလိုက်သောစာအုပ်များ သည် တန်ဖိုးကြီး၏။ ထိုထက်လွန်၍ကားမစွဲမှတ်အပ်ချေ။

## စာအုပ်များ၏နှုန်းထားများ

ခရစ်ယာန်ဓမ္မစာပေတိုက်မှတာဝန်ရှိသူတို့သတိမမူမိသည်များ စွာရှိ၏။ စာအုပ်များသည် စာအုပ်တိုက်စင်မြင့်များပေါ်တွင် အစီအလျဉ် တန်းစီလဲလျောင်းနေရန်မဟုတ်။ နေရာအနှံ့ဖြန့်ချိရောင်းချရန် စီမံ ကိန်းများရေးဆွဲကြရမည်။ ကျွန်ုပ်တို့သည် အချိန်၏နောက်ကွယ်တွင် လက်သီးလက်မောင်းတန်း၍သာနေ၏။ ထာဝရဘုရားသခင်၏စီမံ ချက်နှင့်အညီကား မလိုက်လျှောက်ကြပါ။

စာအုပ်အချို့တို့မှာလည်း လမ်းဘေးတွင်ဈေးပေါပေါနှင့်ပုံ၍သာ နေ၏။ သို့ဖြစ်၍ စာအုပ်တိုက်သည် အရှုံးပေါ်၍ရှေ့ဆက်ကာအလုပ်

မပွားနိုင်ဖြစ်ရ၏။ ဤသည်ကိုစိတ်မဝင်စား။ ပြုပြင်ထိန်းသိမ်းတိုးမြှင့် လုပ်ဆောင်ရန်လည်း တာဝန်အသိစိတ်မရှိ။ ဆက်လက်၍လုပ်ငန်း လည်ပတ်စေရန်ကားဝေး၏။ ထိုသူတို့သည် ပေါ့ပေါ့ဆဆသာစဉ်းစား မြော်မြင်တတ်၏။ ထို့ကြောင့် လုပ်ငန်းအမြတ်မထွက်နိုင်၍ ထပ်မံပြီး စာအုပ်ထုတ်ရန်ခက်သည်မဟုတ်လော။

တစ်ဖန်တွေ့ရသည်ကား စာအုပ်ဈေးနှုန်းကိုအဆမတန်လျှော့ချ ပြီးသော် အရောင်းတွင်ကျယ်ရန်ကိုလည်း စိတ်မဝင်စား။ ဤနည်းဖြင့် ထိုသူတို့သည် ရည်ရွယ်ချက်ပြည့်ဝ၍ တာဝန်အသိကင်းမဲ့ကြလေသည်။ အမှန်အားဖြင့် ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရောင်းချရေးတွင် ထိုသူတို့သည် စိတ်ဝင်စားမှုကြီးသင့်ပေ၏။ အမှန်တရားမျိုးစေ့ကြဲကာ နောက်ကပ် စာအုပ်စာပေများစွာကိုထပ်မပုံနှိပ်ဖြန့်ချိသင့်လေသည်။

ခရစ်ယာန်တရားဟောဆရာဓမ္မဝန်ဆောင်တို့သည် မိမိအသင်းတော် ရှိရာနယ်မြေတစ်ကြောတွင် စာအုပ်တိုက်မှထုတ်လုပ်သောခရစ်ယာန်ဓမ္မ စာပေများကိုကူညီဖြန့်ချိသင့်ပါ၏။ စာအုပ်ဈေးနှုန်းကိုတစ်ကြိမ်လျှော့ချလိုက် သည်နှင့် နောင်ကာလရောင်းဈေးသတ်မှတ်ရာတွင် အခက်ကြုံရလေသည်။ လုပ်ငန်းမှာလည်းထိခိုက်၍ အဘယ်သူမျှအကျိုးမရှိနိုင်။ ဘုရားသခင်၏ အသုံးတော်ခံတန်ဆာပလာတို့သည်လည်း အရင်းအနှီးနည်းပါးကာ ချည့်နဲ့ရလေသည်။ ပြင်သို့ဖြန့်ချိရောင်းချရန် စာအုပ်စာပေတို့သည် ရုံးခန်းများတွင်ပုံ၍နေရခြင်းမှာ တာဝန်ရှိပုဂ္ဂိုလ်တို့သည် နေရာအနှံ့ ဖြန့်ချိရောင်းချရန် လုံလောက်သောစိတ်ဝင်စားမှုမရှိသောကြောင့်တည်း။

စာပုံနှိပ်တိုက်သည် အမှန်ပင်တန်ခိုးကြီး၏။ သို့သော်ပုံနှိပ်ထုတ် လုပ်သောစာအုပ်များကို ဖြန့်ချိရောင်းချခြင်းမရှိက တန်ခိုးမကြီးတော့ပါ။ စာအုပ်များနှင့်လက်ကမ်းစာစောင်များ ထပ်မံပုံနှိပ်ရေးကို အရေးမစိုက်

လျစ်လျူရှုကြပါသော် စာပုံနှိပ်တိုက်၏တန်ခိုးနှင့်အကျိုးကျေးဇူးတို့သည် မည်မျှပင်ကြီးမားလင့်ကစား၊ အဆုံးအဖြတ်ပေးရမည့်သူမှာတာဝန်ရှိ ပုဂ္ဂိုလ်များသာဖြစ်ချေ၏။ သို့ဖြစ်၍ ဘုရားသခင့်တပည့်တော်၊တပည့် တော်မအပေါင်းတို့သည် ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရောင်းချခြင်းဖြင့် အလင်း ဇုန်နယ်မြေကို ကျယ်ဝန်းစေကြကုန်အံ့။ မှားယွင်းမှုမှောင်ရိပ်တွင်ထိုင်လျက် နေကြကုန်သော ထောင်ပေါင်းများစွာရှိမိသားစုများထံသို့ ခရစ်ယာန် ဓမ္မစာပေများဖြင့် အလင်းဆောင်ကြကုန်အံ့။

## ဆုလက်ဆောင်ပေးခြင်းအလေ့ကိုမမှီးပါနှင့်

အမှန်တကယ်စိတ်နှလုံးနှိမ့်ချသောသူ၊ ဧဝံဂေလိသတင်း၏ မှန်ကန်မှုကိုသိမြင်၍ လက်ဆင့်ကမ်းဝေငှဟောကြားနေသူများတွင် ကောင်းသောဩဇာသက်ရောက်မှုရှိလေသည်။ ထိုသူတို့သည် ပတ်ဝန်း ကျင်ရှိလူတို့၏စိတ်နှလုံးနှင့်အာရုံကိုဆွဲယူ၏။ မိမိနှင့်ယုံကြည်ခြင်း မတူသူအများစုသည်ပင်လျှင် လေးစားကြပါလိမ့်မည်။ သမ္မာကျမ်းစာ ၏အမှန်တရားနှင့်တန်ဖိုးရှိစာအုပ်များတို့သည် ထိုသူတို့ကိုအောင်မြင် ခြင်းပေးလေသည်။ အကြောင်းမူကား၊ ထာဝရဘုရားသခင်သည် ထိုသူတို့၏လမ်းခရီးကိုဖွင့်ပေးသောကြောင့်တည်း။ သို့ရာတွင် ကျွန်ုပ် တို့၏စာစောင်များကိုဆုလက်ဆောင်၊ဥာဏ်ပူဇော်ခအဖြစ် အခမဲ့ပေးကမ်း ပါက စာစောင်၏ကောင်းမြတ်ခြင်းမှာ ဩဇာအမြဲမလွှမ်းမိုးတော့ပါ။ ခရစ်ယာန်ဓမ္မစာပေဖြန့်ချိသူသည် သမ္မာတရား၏မှန်ကန်မှုများအပေါ် အခြေပြု၍ သခင်ခရစ်တော်၏မေတ္တာတော်မျိုးဖြင့် လူ့အသက်ဝိညာဉ် များကိုရှာဖွေပါသော် အမြဲတမ်းစာပေချစ်သူများကိုတွေ့မြင်ရပေလိမ့် မည်။ နောင်တွင်လည်း သင့်ကိုအမြဲဖိတ်ခေါ်ပေလိမ့်မည်။ ထိုနည်းသည်

မိမိစာစောင်ဂျာနယ်များကိုဈေးလျှော့ရောင်းချခြင်းထက်ကောင်းမြတ်ပါ၏။ နှစ်ဦးနှစ်ဖက်အတွက်လည်းထိုက်ထိုက်တန်တန်ပင်ဖြစ်ပါသည်။ အကယ်၍သင်ရောင်းချမည့်သတင်းဂျာနယ်စာစောင်၏အကျိုးကျေးဇူးကိုကဲပြော၍ စာဖတ်သူဝယ်ယူရန်တိုက်တွန်းနိုင်အံ့။ ရရှိသောငွေနှင့်ဆုလက်ဆောင်များအဖြစ် ဝေငှလိုက်သည့်စာစောင်များကိုအစားထိုးဆက်လက်အခမဲ့ဝေငှရန် ထပ်မံရယူနိုင်လေသည်။ ဆုလက်ဆောင်အဖြစ်အခမဲ့ပေးသောအခါ အချို့ပုဂ္ဂိုလ်များအနေဖြင့် စာစောင်မှာအပေါစားဆန်၍ ကုန်ဈေးကစားနေခြင်းဟုထင်မှတ်တတ်ပေ၏။ မည်သို့ပင်ဖြစ်စေ၊ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် အောင်မြင်မှုအတွက် ဘုရားသခင်ထံစိတ်နှလုံးပေးအပ်လျက် ကြိုးစားလုပ်ဆောင်ပါသော် အခမဲ့ဆုလက်ဆောင်ပေးလေ့ရှိခြင်းထက် ပိုမို၍အောင်မြင်နိုင်ပါသည်။

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များသည် မိုးကုပ်စက်ဝိုင်းတိုက်ပွဲကြီး၊ ဘိုးဘေးနှင့်ပုရောဖက်များ၊ ထာဝရလိုအင်သက်တော်စဉ်၊ ဒံယေလကျမ်း နှင့်ဗျာဒိတ်ကျမ်းစာအုပ်များကိုကိုင်တွယ်ရောင်းချသင့်ပါ၏။ အခြားအကြောင်းအရာတူစာအုပ်ကောင်းများကိုလည်းလူတို့ထံသို့သယ်ယူပို့ဆောင်ကြရမည်။ ဤတွင်သာဓကများဖြင့်အကျိုးပြုညွှန်ကြားချက်ပါ ရုပ်ပုံစာစောင်များသည်လည်း စာပေရောင်းချရာတွင် အထူးအထောက်အကူပြုပါသည်။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုခံရသောစာပေအမှုတော်ဆောင်သည် တစ်ဦးတည်းမသွားလာပါ။ ကောင်းကင်ဘုံမှအစေခံနံဝိညာဉ်တမန်များအဖေါ်ပါလျက်ခရီးစဉ်တစ်ကြောကို ပြင်ဆင်ပေးထားပါသည်။

## ယဉ်ကျေး၍ကြင်နာတတ်သူများအားတံခါးပွင့်လျက်ရှိခြင်း

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တစ်ဦး၏အလုပ်သည် ရိုးစင်းပေမယ့်အထိရောက်ဆုံးနှင့်နည်းလမ်းအကျဆုံးအလုပ်တစ်ခုဖြစ်၏။ ယဉ်ကျေး၍ကြင်နာတတ်သူအတွက် အိမ်တိုင်းကလက်ခံပါသည်။ သူသည် အိမ်တွင်းသို့ဧည့်ဝတ်ပြုခြင်းကိုခံရသောအခါ စဉ်းစားမြော်မြင်၍ ကူညီတတ်ပါစေ။ ကိုယ့်ကြောင့် အိမ်ရှင်များဝန်ထုပ်ဝန်ပိုးမဖြစ်ပါစေနှင့်။ အိမ်တွင်လူနာရှိက ကူညီနိုင်သမျှကူညီမစပါ။ တစ်ခါတစ်ရံအိမ်ရှင်များသည်ကိုယ့်ကိစ္စကိုမေးမြန်းရန်သော်မှ အချိန်မပေးနိုင်။ ထိုသို့သောအခါသူတို့၏ဟာနေသောအလုပ်တွင် ဝင်ရောက်ကူညီထမ်းရွက်ပေးခြင်းဖြင့်သူတို့၏ဂရုပြုမှုကိုရယူပါလေ။

## ကူညီတတ်ခြင်းဖြင့်တစ်ပါးသူ၏စိတ်ချမှုကိုရယူပါ

တစ်ပါးသူ၏အိမ်တွင်ရှိစဉ် အိမ်၏ဝန်ထုပ်များကိုဝေမျှခံယူပါ။ မောပန်းနေသောအိမ်ရှင်ဖခင်ကိုမစပါ။ ကလေးငယ်များနှင့်ကစားပါ။ ကိုယ်ချင်းစာပါ။ စိတ်နှိမ့်ချခြင်းရှိပါစေ။ သို့ပြုလျှင် ထာဝရဘုရားသခင်သည် သင်နှင့်အတူ အလုပ်လုပ်ပေလိမ့်မည်။

သင်ရောက်ရှိလေရာနေရာတိုင်းတွင် လူနာနှင့်ရောဂါသည်များကိုတွေ့ရလိမ့်မည်။ ထိုသူတို့၏ရောဂါကိုချိုသာသောစကားဖြင့်သက်သာစေပါ။ ဤကားလက်တွေ့ကျသောကုထုံးဖြစ်၏။ သူတို့အတွက်ဆုတောင်းပေးပါ။ ထာဝရဘုရားသခင်သည် သူတို့ကိုအနာမှထမြောက်စေတော်မူမည်။ ဤကားသက်သေခံချက်ဖြစ်၏။ အိမ်ထောင်တိုင်းကိုကျန်းမာအောင်နေတတ်ရန် သွန်သင်ပေးပါ။ ကျန်းမာရေးဝေစာများကို

လည်းလက်ဆင့်ကမ်းပါ။ ဤနည်းဖြင့် သင်သည်အမှန်တရားမျိုးစေ့ကို ကြဲလျက်နေ၏။

## ရိုးစင်းသောကုထုံးများ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် လူနာကိုဘယ်ကဲ့သို့ ကိုင်တွယ်ကုသည်ကိုသွန်သင်တတ်ရမည်။ ကျန်းမာရေးကုထုံးများကို သင်ယူပါ။ သို့မှသာကျန်းမာရေးဆိုင်ရာခရစ်ယာန်သာသနာပြု ဆရာအဖြစ် စိတ်နှင့်ခန္ဓာရောဂါသည်များအတွက် အလုပ်လုပ် ပေးတတ်မည်။ ဤနည်းလမ်းကိုကမ္ဘာအနှံ့သုံးရန်လိုအပ်လာလေပြီ။ ဤသို့ဘုရားသခင်အစေခံများ၏ဆုတောင်းပေးခြင်း၊ သွန်သင်ချက်ပေးခြင်း တို့ဖြင့် လူအများသည် ကောင်းစားနိုင်ပါလိမ့်မည်တည်း။

## ကျန်းမာခြင်း၏တန်ဖိုးကိုပြပါ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည်ကျန်းမာရေးခရစ်ယာန်သာ သနာပြုဆရာတစ်ဦးဖြစ်ကြောင်းမမေ့ပါနှင့်။ ယနေ့ကမ္ဘာကြီးတွင် ကျန်းမာ အောင်နေတတ်ဖို့နှိုးဆော်သောစာအုပ်ကောင်းများစွာလို၏။ ချုပ်တည်း ခြိုးခြံမှုသည်မရှိသလောက်နည်း၏။ ကိုယ့်အကြိုက်ကိုယ်လုပ်မည်ဆိုသူ ကားများ၍သာလာ၏။ ဤတွင် ခရစ်ယာန်ဓမ္မစာပေအမှုဆောင်သည် ကျန်းမာခြင်း၏တန်ဖိုးကိုပြသရမည်။ ဟော်တယ်တွင်တည်းခိုမည့်အစား၊ မိသားစုနေအိမ်တွင်တည်းခိုပါ။ မိသားစုနှင့်ဝိုင်းဖွဲ့ထမင်းစားချိန်တွင် မိမိရောင်းချနေသောကျန်းမာရေးစာအုပ်များ၏အကျိုးကိုဖေါ်ပြနိုင်၏။ အခွင့်ထူးကြုံက “ကျန်းမာမှုချမ်းသာမည်” ဟူသောဇာတ်ကို တစ်ကိုယ်တော်

ခင်းကျင်းဟောပြောနိုင်၏။ အကယ်၍သာထိုအမှုတော်ဆောင်၏စကား နှင့်လုပ်ရပ်တို့သည် ယဉ်ကျေးသိမ့်မွေ့မှုရှိပါက သူ၏ကောင်းမှုကို အိမ်ရှင်းများမေ့၍ရတော့မည်မဟုတ်။

## ကျန်းမာရေးစာအုပ်သို့အာရုံဆွဲဆောင်ခြင်း

သင့်ထံတွင်တန်ဖိုးကြီး၍ အဖိုးနည်းသောကျန်းမာရေးစာအုပ် ကောင်းများပါရှိကြောင်းပြောပြပါ။ ဖျားနာ၍ရောဂါရှိသောမည်ကဲ့သို့ ပြုစုရမည်၊ ရောဂါကိုရှောင်၍ ကျန်းမာအောင်မည်ကဲ့သို့နေတတ်ရမည်။ ဆေးဝါးများနှင့်ဆရာဝန်စရိတ်ကျဆင်းစေရေးအတွက် ညွှန်ကြားချက် များကို "အစာလည်းဆေး၊ ဆေးလည်းအစာ" သွန်သင်ချက်များနှင့်ပူးတွဲဖော်ပြ ထားသောစာအုပ်များ၏အကျိုးကိုပြောပြပါ။ ဤစာအုပ်များကိုဆေးကုသ မှုခံယူနေချိန်တွေ့ရသောဆရာဝန်များထံမှမရနိုင်ကြောင်းကိုလည်းသိစေပါ။

သင်၏ခြေတို့သည် ငြိမ်သက်ခြင်းသတင်းကောင်းကိုဆောင်သော တန်ဆာဖြစ်၏။ တစ်အိမ်တက်ဆင်း၍ အမှန်တရားကိုသယ်ပိုးနေ၏။ တစ်ခါတစ်ရံ ဤအလုပ်တွင် သင်သည်အားငယ်မိနေမည်။ သို့သော် ယုံကြည်ခြင်းဖြင့် ရှေ့သို့ခြေလှမ်းပါ။ ထာဝရဘုရားသခင်သည် သင့်ရှေ့တွင်သွားလာ၍ သင်၏လမ်းခရီးကိုလင်းစေပါလိမ့်မည်။ သင်သည်အိမ်တိုင်းတွင်စာအုပ်ရောင်းနေစဉ် အမှန်တရားကိုလည်း စိတ်နှိမ့်ချစွာသွန်သင်နေသဖြင့် ကောင်းကင်ဘုံအလင်းသည် သင့်ကို အဖော်ပြုပါလိမ့်မည်။ စိတ်ထဲတွင်လည်းသီချင်းဆိုပါ။ သန့်ရှင်းသော ဝိညာဉ်တော်၏ဩဇာလွှမ်းမိုးခြင်းကို သင်ရောက်ရှိလေရာအိမ်ထောင် တိုင်း၌ပင်တွေ့ရပါလိမ့်မည်။ ကောင်းကင်တမန်များနှင့်ပေါင်းဖော်ရ

ခြင်း၏အနှစ်သာရကိုလည်း ခံစားရပေမည်။ ယင်းတို့ကိုမျက်လုံးဖြင့် မမြင်သော်လည်း သင်နှင့်အတူရှိကြောင်းကိုသိမြင်နိုင်ပါလိမ့်မည်။

## ဦးတည်ချက်အမှန်အကန်

ကျွန်ုပ်တို့၏ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များစွာတို့သည် မှန်ကန်သောအခြေခံမူစည်းမျဉ်းမှလွဲချော်၍သွားနေ၏။ လောက စည်းစိမ်အကျိုးအမြတ်ကိုမျှော်ကိုး၍လည်း အမှန်တကယ်ထားရှိအပ်သည့် ရည်ရွယ်ချက်နှင့်လုပ်ငန်းသဘောထားသည် ပျောက်လွင့်ကုန်၏။ ဤနည်းဖြင့် လူတို့ကိုတရားမပြနိုင်။ ကျွန်ုပ်တို့၏အလုပ်သည် ယနေ့ အတွက် အမှန်တရားမြတ်များကို လူတို့အားသိနားလည်စေရန်ဖြစ်၏။ ဤသို့သောစိတ်သဘောမျိုးထားရှိမှသာလျှင် ကျွန်ုပ်တို့ရောင်းချလိုက် သောစာအုပ်ကောင်းများ၏အကျိုးကျေးဇူးကို နှစ်ဦးနှစ်ဖက်ခံစားရ၍ ကျွန်ုပ်တို့၏လုပ်အားများသည်လည်း အသီးအပွင့်ဆောင်နေမည်ဖြစ်၏။ ဤအမှုသည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ဖြစ်သတည်း။

---ooo---

# အခန်း ၁၄

# ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်နှင့် ငွေရေးကြေးရေးကိစ္စ

## စာအုပ်များကိုငွေလက်ငင်းပေးဝယ်ယူပါ

ခရစ်ယာန်များသည် ဧဝံဂေလိအခြေခံမူစည်းမျဉ်းအတိုင်းမလိုက်နာသောအခါ လုပ်ငန်းသည်ဟန့်တားမှုဖြစ်ရ၏။ တချို့သောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သက်ကြီးသက်ငယ်တို့သည် အရေးကြီးသောသင်ခန်းစာကိုခံယူအပ်၏။ လုပ်ငန်းတွင်အဆင်မပြေမှုများစွာကို ကျွန်မသိမြင်ပါသည်။ စည်းကမ်းသေဝပ်မှုနည်းသူသည် ဘုရားသခင်အမှုတော်မြတ်တွင်လည်း စည်းကမ်းမရှိဖြစ်တတ်၏။ ခရစ်ယာန်ဓမ္မစာပေအရောင်းဌာနများသည် ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တို့၏ပေါ့ပေါ့လျော့လျော့မှုကြောင့် အကြွေးများစွာရှိရ၏။ အမှုဆောင်များတို့သည်လည်း အကြွေးနှင့်မှစာအုပ်မရရှိနိုင်ပါက အသင်းတော်သည် သူတို့ကိုဂရုမစိုက်ဟုထင်မှတ်ပြန်၏။ ဤသို့လျှင် လက်ငင်းစနစ်ဖြင့် စာအုပ်ထုတ်ယူရောင်းချခြင်းမရှိသဖြင့် စာအုပ်တိုက်မှာအကြွေးတက်ကာ လုပ်ငန်းထိခိုက်နစ်နာရလေသည်။

လုံးဝရိုးသားမှုရှိပါ။ ခရစ်ယာန်ဓမ္မစာပေအမှုဆောင်သည် အသုံးအစွဲတွင် အဝင်နှင့်အထွက်ချိန်ခွင်လျှာညီမျှနေစေရမည်။ အကြောင်းမှာ ပိုက်ဆံကိုင်ရသဖြင့် သွေးဆောင်လျှင်ပါလွယ်၏။ သို့ဖြစ်၍ "မီးမလောင်မီတား" ဆိုသလို အခြေအနေကိုစိုးမိုးကာ စည်းကမ်းကြပ်မတ်သင့်ပါပေ၏။

ပျင်းရိ၍ကြိုးစားမှုမရှိသူတို့သည် ခရစ်ယာန်အသီးကိုမသီးနိုင်။ အဘယ်သူမျှ ဘုရားသခင်၏ပစ္စည်းဥစ္စာတော်များကို ကိုင်တွယ်ရာ၌

မရိုးသားမှုမရှိစေရ။ မရိုးသားကအပြစ်မကင်းကြောင်းသိမှတ်စေ။ ထိုသူတို့သည် ခရစ်တော်ကိုငြင်းပယ်သူများဖြစ်၍ ပါးစပ်ဖြင့် ဘုရားသခင်ကို တ၍ ပညတ်တော်စောင့်ရှောက်ပါသည်ဟုဆိုပေမယ့် စိတ်နှလုံးမှာကား ဘုရားသခင်နှင့်ဝေးလှပါသည်။

အလွဲသုံးစားမပြုရပါ။ ထာဝရဘုရားသခင်အား ဆက်ကပ်ထားသော ဥစ္စာပစ္စည်းများကို သစ္စာရှိစွာကိုင်တွယ်ရမည်။ ထာဝရဘုရားသခင် သည် လူတို့အားအသက်၊ အိုးအိမ်၊ စည်းစိမ်၊ ကျန်းမာရေးနှင့်ဆင်ခြင် တိုင်းတာတတ်ခြင်းတန်ခိုးကိုပေးအပ်ထားလေပြီ။ စိတ်သွားတိုင်းကိုယ်ပါ နိုင်ရန်လည်း ကာယခွန်အား၊ ဉာဏခွန်အားကိုပေးထားလေပြီ။ သို့ဖြစ်၍ ကိုယ်တော်၏နာမတော်ဘုန်းကြီးစေရေးအတွက် ဘုရားသခင်ပေးစွမ်း အားများကို ကျွန်ုပ်တို့မသုံးရာသလော။ ခံစားရသောစွမ်းရည်ပမာဏ အတိုင်း စာရင်းရှင်းတင်ပြရမည်မှန်ပေ၏။ ကိုယ်တော်၏အကျိုးအလို့ငှာ သုံးစွဲနေသလော။ သို့တည်းမဟုတ် ကိုယ်ကျိုးအတွက်ဘုရားသခင့်ပစ္စည်း ကိုအလွဲသုံးနေသလော။ စဉ်းစားလုပ်ဆောင်ပါ။ အများသောသူတို့ သည် ဘုရားသခင့်ငွေကိုမိမိကိုယ်ကျိုးစီမံကိန်းအလို့ငှာ ယူသုံးနေတတ် ၏။ ထိုသူတို့သည် ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း၍ သခင်ယေရှု ခရစ်တော်နောက်သို့မလိုက်ကြသေး။ ကိုယ်ကိုကိုယ်မငြင်းပယ်သေး။ ဘုရားသခင်ပေးအခွင့်ထူးများကို အလွဲသုံး၍ဖြုန်းတီးနေသောကြောင့် ယခုတွင် ဆင်းရဲတွင်းနက်ကာ အခက်အခဲတွေ့ကြရလေသည်။

ထာဝရဘုရားသခင်သည် လုပ်ငန်းခွင်အတွင်းအခန်းကဏ္ဍတိုင်း ကိုတိုးတက်ပြောင်းလဲစေလို၏။ ထာဝရဘုရားသခင်၏အမှုတော်နှင့် ပတ်သက်လာသမျှသောလုပ်ငန်းအသီးအသီးကို ပိုမို၍တိကျမှန်ကန်စွာ

လုပ်ဆောင်ရပေမည်။ သို့သော်လည်း ယခုတွင်လိုအပ်သောပြုပြင်ပြောင်း
လဲမှုများကို ခိုင်မာသောအားထုတ်မှုဖြင့်မပြုပြင်ရသေး။

အကြွေးမတင်စေရပါ။ ခရစ်ယာန်အမှုတော်ဆောင်အားလုံးသည် ခြိုးခြံ
တတ်ရမည်။ အကြွေးကိုနူနာကဲ့သို့ကြောက်ပါ။ အကြွေးမတင်စေရ။
လမကုန်မီ ဘဏ္ဍာတော်တိုက်မှငွေကိုထုတ်ယူသုံးစွဲခြင်းသည် ထောင်
ချောက်ကျော့ကွင်းတစ်ခုနှင့်မခြားပါ။ ဤသို့ပြုသဖြင့် လုပ်ငန်းသုံးလိုငွေ
ပြကာ ပုံမှန်မလည်ပတ်နိုင်ဘဲ ခရစ်ယာန်သာသနာလုပ်ငန်းကိုမထောက်
ပံ့နိုင်ဖြစ်ရ၏။ ဤကား အသက်ဝိညာဉ်ကိုထောင်ဖမ်းရန် စာတန်
အသုံးပြုသောလှည့်ဖြားမှုပိုက်ကွန်တည်း။

အကူအညီအမြဲမျှော်လင့်နေသောခရစ်ယာန်ဓမ္မစာပေအမှုဆောင်များ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ငွေရေးကြေးရေးနှင့်ပတ်
သက်၍ အခက်အခဲကြုံတွေ့ရသောအခါ ခရစ်ယာန်သာသနာဘဏ္ဍာတော်
တိုက်မှအကူအညီရရှိရန် မျှော်လင့်ကြပါသည်။ ဤမျှော်လင့်ခြင်းကား
ကုန်ဆုံးနိုင်ဖွယ်မရှိပြီ။ ဘဏ္ဍာတော်ဝန်ထမ်းဘဏ္ဍာစိုးသည် ဤအမှုကို
မျက်ခြည်အပြတ်မခံဘဲ ငွေတိုက်တွင်ငွေကြေးလုံလောက်မှုရှိမရှိကိုစစ်ဆေး
ပါ။ အမှုတော်ဆောင်များသည် ခရစ်ယာန်သာသနာနှင့်ဆိုင်သောငွေကို
ပြန်လည်မပေးသွင်းနိုင်ပါက မိမိလုပ်ကိုင်နေသောအလုပ်မှရပ်နားစေ။
အသင်းတော်ဘဏ္ဍာကိုဖြည့်တင်းပေးရမည့်အစား လုယူသကဲ့သို့ဖြစ်နေက
ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအလုပ်ကိုဆက်၍မလုပ်သင့်ချေ။ ကျွန်ုပ်တို့
သည် အသင်းတော်အဖွဲ့အစည်းထံမှ ဘာရယူနိုင်မည်ကိုသာမစဉ်းစား

အပ်ပါ။ အသင်းတော်အတွက် ဘာလုပ်ပေးရမည်ကိုသာ စဉ်းစား လုပ်ဆောင်ပေးသင့်ပါ၏တည်း။

## မှန်ကန်ရိုးသား၍သစ္စာရှိပါ

ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအလုပ်ကို ပေါ့ပေါ့ပြက်ပြက်သဘော မထားရ။ ငွေကြေးကိုင်တွယ်ရာတွင် ဝင်ငွေနှင့်ထွက်ငွေတိုင်းကိုအသေးစိတ် စာရင်းထားရမည်။ သို့ပြုလျှင် သာ၍ကြီးကျယ်သောအလုပ်ကိုတိုးချဲ့၍ လုပ်နိုင်ပေလိမ့်မည်။

အကယ်၍အမှုတော်ဆောင်တစ်ဦးသည် မိမိရှိရာနယ်မြေမှနေ၍ စာအုပ်များကိုမှာယူသော်လည်း လုပ်ငန်းလုပ်ဆောင်မှုသတင်းကိုမပို့။ အရောင်းပြေစာဖြတ်ပိုင်းစာရင်းများနှင့်ကုန်ကျငွေစာရင်းကိုလည်း မတင်ပြသော် တာဝန်ရှိသူသည် ကြင်နာရင်းနှီးသောအပြုသဘောနှင့် အဖြစ်မှန်ကို ကြိုးစားရှာဖွေရမည်။ ထုတ်ယူပြီးသောစာအုပ်တန်ဖိုးငွေကို ပြန်မအပ်ဘဲ အကြွေးရှိနေပါလျက် ထပ်မံ၍အကြွေးစနစ်ဖြင့် စာအုပ် ထုတ်ပေးပြန်ပါသော် ထိုခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်နှင့်သူ့ကို အလုပ်ခန့်ထားသောသူတို့ကို မတရားမှုပြုသကဲ့သို့ ဘုရားသခင် ရှေ့တွင်ဖြစ်ပါ၏။ ထိုသို့ပြုမူလုပ်ကိုင်ခြင်းသည် စိတ်ဓါတ်ကျဆင်းမှု ကိုဖြစ်စေပါသည်။

အကြင်ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် မိမိလုပ်ငန်းတွင် မအောင်မြင်နိုင်တော့ဟုဆင်ခြင်မှတ်ယူမိသော် သက်ဆိုင်ရာပုဂ္ဂိုလ် များထံသို့ချဉ်းကပ်အကြောင်းကြားကာ လုပ်ငန်းမှရပ်စဲသင့်ပါ၏။

ခရစ်ယာန်အမှုဆောင်တိုင်းသည် မှန်ကန်ရိုးသား၍သစ္စာရှိရမည်။ အကယ်၍သာ ကျွန်ုပ်တို့၏အမှုဆောင်တိုင်းသည် သံမဏိစည်းကမ်းမျိုး

နှင့်အလုပ်ကိုလုပ်ဆောင်သွားကြပါသော် သွေးဆောင်ရာသို့ယိမ်းယိုင်လိုက်ပါသွားသူမည်မျှကို ကယ်တင်နိုင်ပါမည်နည်း။ မလိုလားအပ်သောဝမ်းနည်းမှုများ မည်မျှကိုရှောင်ရှားနိုင်ပါမည်နည်း။

## ငွေကြေးကိုင်တွယ်ရာ၌ပေါ့ပြက်မှု၏ရလဒ်များ

တချို့သောခရစ်ယာန်ဓမ္မစာပေအမှုဆောင်များသည် မိမိတို့၏လုပ်ငန်းနှင့်ပတ်သက်၍ ပေါ့ပြက်ပြက်နိုင်လှ၏။ ရှေ့ဆက်ကာအလုပ်ပွားရန် အတွေးအခေါ်မရှိ။ မရှိ၍လည်းငွေကြေးကိုမသုံးတတ်။ ထိုသူတို့သည် စာပေရောင်းချနိုင်သဖြင့် ဘုရားသခင်အမှုတော်တွင်ပါဝင်လှုပ်ရှားနေလေခြင်းဟုယူဆ၏။ သို့ရာတွင် ထိုသူတို့သည်အမှုတော်လုပ်ငန်းတွင်ကျယ်ပြန့်ရေးကိုမကြည့်မှတ်။ အလုပ်မှအမြတ်ရရှိရေးကိုသာအဓိကထားကြလေသည်။ သူတို့လက်တွင်းရောက်ရှိနေသော ထိုငွေများသည် သူတို့၏ကိုယ်ပိုင်ငွေမဟုတ်၊ မဟုတ်သည်ကိုသိလျက်နှင့်မိမိအကျိုး၊ မိသားစုအကျိုး၊ ဆွေမျိုးပေါက်ဖော်များအကျိုးအလို့ငှာသုံးစွဲ၏။

ဤသို့ဘုရားသခင်၏အမှုတော်ပိုင်ငွေများကို ကိုယ်ကျိုးသုံးသဖြင့် ထိုအမှုဆောင်များသည် အခက်အခဲနှင့်တွေ့ကြရ၏။ ဘုရားသခင်နှင့်မိမိကိုယ်ကိုအဆက်အသွယ်ဖြတ်တောက်၏။ မသေချာမရေရာသောဇာတ်ကိုခင်း၏။ လုပ်ဖော်ဆောင်ဘက်မိတ်ဆွေချင်းကိုယုံမှားစိတ်ဝင်စေ၏။ ထိုသူတို့သည် ဘဝတူလုပ်ဆောင်ဘက်ချင်းများကို မတရားပြုကျင့်ရာသို့ရောက်၏။ "ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရသည်" အဖြစ်မျိုး။

ထိုသို့သောလုပ်ရပ်များကြောင့် ဘုရားသခင့်အမှုတော်မြတ်ကြီးသည် ရှုပ်ထွေးလာ၏။ တာဝန်ရှိသူတို့သည်တာဝန်ပိ၍ ပြားနေလေပြီ။

ဤကဲ့သို့ရှေ့ဆက်ကာခွင့်ပြုသဖြင့် ခေတ်ရေစီးကြောင်းနှင့်မျောနေပါသော် ဘဏ္ဍာတိုက်ထဲမှငွေခန်းကုန်လိမ့်မည်။ လူထံမှလည်း အထောက်အပံ့၊ အားပေးမှုရလိမ့်ဦးမည်မဟုတ်တော့။ ငွေကြေးထိန်းသိမ်းမှုကားလျော့ရဲလွန်းသဖြင့် ယုံမှားစိတ်ဝင်ကာ ကြည်ညိုစိတ်ကင်း၍ အလှူတော်ငွေများရပ်တန့်သွားနိုင်၏။

ဤသို့ပေါ်ပြူက်သောလုပ်ဖော်ဆောင်ဘက်များကြောင့် တာဝန်ကြီးလေးသောသူတို့စိတ်ပျက်ရကြ၏။ သို့ဖြစ်၍ အမှုတော်မြတ်ကြီးလုယက်မှုမခံရလေအောင် မည်သို့မည်ပုံထိန်းသိမ်းကာကွယ်ရမည်ကိုသတိပြုလေ့လာကြကုန်၏။ အမှုတော်ထမ်းတို့လည်း စစ်မှန်သောရိုးသားမှုမပျောက်လွင့်ဘဲ တာဝန်အသိစိတ်ပြင်းပြကာ ဆက်လက်သစ္စာရှိစွာရပ်တည်နိုင်ရေးရှိုးဆော်ချက်ကိုထားရှိရန် စိတ်အားကြီးလာလေသည်။

အခက်တွေ့သဖြင့်မနေသောတော့ဘဲ ငွေချေးယူကာ အကြွေးမဆပ်ဘဲနေခြင်းသည် မတရားမှုဖြစ်၏။ ထာဝရဘုရားသခင်သည် ယုံကြည်သူအပေါင်းကို ဤအကျင့်ဆိုးမှကင်းဝေးစေလို၏။ မိမိကိုယ်ကိုလှည့်ဖြားခြင်းတည်း။ ထိုသူတို့သည်မရိုးသားမှုကိုပြုကျင့်သည်ထက် ဆင်းရဲခံသော် ပိုကောင်း၏။ အမှန်တရားအလင်းသို့ရောက်၍ သန့်ရှင်းသောအသက်တာမျိုးနှင့်ရှေ့ဆောင်နေထိုင်ရမည်ကိုသိလျက်နှင့် တန်ဖိုးထား၍မနေသော် ထိုသူတို့သည် သေမင်း၏တမန်များသာဖြစ်တော့သည်။ ထိုသူတို့သည် တရားစစ်ကိုမှောက်လှန်၏။ စော်ကား၏။ သမ္မာတရား၏အရှင်သခင်ခရစ်တော်ကိုရှုတ်ချ၏။

ဤတွင် စဉ်းစားဆင်ခြင်ဖွယ်ရာမေးခွန်းတစ်ခုပေါ်လာ၏။ ခရစ်ယာန်သာသနာခရီးကို ဘယ်ကဲ့သို့ဆက်မည်နည်း။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များ၏စိတ်အနေသင့်အယုက်ကင်းဝေးစေ၍ ခရစ်ယာန်

ဓမ္မစာပေတိုက်များအပေါ်ဝန်ထုပ်များတင်ထားပါသော် ဘယ်ကဲ့သို့ဖြစ်ချိမ့်မည်နည်း။ ကိုယ်ကျိုးဖက်သောလုပ်ဆောင်ချက်များနှင့်မခြားဖြစ်ချေ၏။

## ဘောပေါက်ဝင်ငွေများရရှိရေး

အချို့သော ခရစ်ယာန်ဓမ္မစာပေအမှုဆောင်များသည် စာပေရောင်းချရေးကိစ္စရပ်တွင် စီစဉ်ကွပ်ကဲမှုညံ့ဖျင်းသဖြင့် မိမိတို့၏မိသားစုများကိုအခက်အခဲကြီးငယ်နှင့်တွေ့စစ်၏။ အကြွေးထူသဖြင့်လည်း မယုံကြည်သူများထံမှငွေချေးယူရလေသည်။

အမှန်တရားအလင်းပြန့်ပွားရေးအတွက် ကျွန်ုပ်တို့၏စာအုပ်စာပေကောင်းများကိုဖြန့်ချိရာ၌ အချို့အမှုတော်ဆောင်များမှာ တခြားသောအရောင်းအဝယ်များနှင့်ခရီးသွားဟန်လွဲမကတော့ဘဲ ပေါင်းစပ်ရောယှက်ကာလုပ်၏။ ဤအမှုသည်ဆိုးသောအမှုဖြစ်၏။ မိမိတို့အမြတ်ရရှိရေးအတွက်ဝယ်ယူပစ္စည်းကိုတန်ကြေးနည်းနည်းပေး၍ ပြန်လည်ရောင်းချသောအခါ ရှိသင့်တန်ဖိုးထက်အဆပေါင်းများစွာဈေးတင်၏။ ဤသို့ဖြင့်လောကသားများသည် ထိုသူတို့ကိုကပ်သွေးစုတ်အမြတ်ကြီးစားများဟုမြင်တော့၏။ ထိုသူတို့သည် ကိုယ့်ဖို့တစ်ဖို့ကိုသာကြည့်သဖြင့် ဘုရားသခင့်ပညတ်တော်ကိုမကျင့်သူများဖြစ်၏။ ကိုယ်နှင့်စပ်ဆိုင်သူအိမ်နီးချင်းကိုမချစ်၊ မစဉ်းစား၊ နားမလည်ပေးသောသူသည် ပညတ်တော်ကိုလွန်ကျူးသူဖြစ်သတည်း။

## အမြတ်ကြီးစားမဖြစ်ရပါ

အကယ်၍သာ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များသည် ငွေကိုတပ်မက်ကြီးသောစိတ်နှင့် စာအုပ်ရောင်းပါက ငွေကိုသာမြင်၍

တစ်ဖက်သားလိုအပ်ချက်များကိုချန်လှပ်ထားတတ်လေသည်။ ဤတွင် ကျွန်ုပ်မေးလိုသည်မှာ– ဒါလား၊ ခရစ်ယာန်သာသနာလုပ်ငန်း။ ဘယ်မှာလဲ၊ ခရစ်ယာန်သာသနာပြုစိတ်ဓါတ်။ ဆက်ကပ်တယ်ဆိုတာဘာကိုပြောတာလဲ။ အမှန်အားဖြင့် ဉာဏ်ထက်မြက်၍ ဘုရားသခင်ကိုကြောင်ရှု့သော ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များသောလုပ်အပ်သောဤအလုပ် သည် ဧဝံဂေလိခရစ်ယာန်တရားဟောဆရာဓမ္မဝန်ဆောင်များ၏အလုပ် နှင့်ထပ်တူထပ်မျှဖြစ်၏ဟု အထက်ကဆိုခဲ့လေပြီ။ သို့ဖြစ်လျှင် တစ်ကိုယ်ကောင်းဆန်ဆန်လုပ်ဆောင်၍ ကိုယ်ချင်းစာနာသနားခြင်းကြင်နာစိတ် ကင်းလျက် ဘာသိဘာသာငြိမ်သက်အေးဆေးစွာနေခြင်းကား အဘယ် သို့နည်း။ ခရစ်ယာန်သာသနာပြုလိုစိတ်ကင်း၍ ရောင်းကောင်းသော ဈေးနှုန်းချိုစာအုပ်များကိုသာ ဖိရောင်းနေခြင်းကားအဘယ်သို့နည်း။

အကယ်စင်စစ်လူတို့ကို တရားအလင်းပြနိုင်သောစာအုပ်များ နှင့်တွဲဖက်၍ရောင်းရကြမည်။ သို့မှသာလျှင် ခရစ်ယာန်သာသနာပြုခြင်း မည်ပေမည်။ ဤသို့ပြောင်းလဲချိန်တန်ပြီဖြစ်ကြောင်း အဘယ်သူမျှ မတင်ပြ၊ မပြုပြင်ခြင်းကား တာဝန်ရှိပုဂ္ဂိုလ်များသွေးမကင်းနိုင်ပါ။ ဤအရာကိုမခံယူ သူများသည်လည်း စီးပွားရေးသာဆန်၍ ခရစ်ယာန် သာသနာပြုနေခြင်းမဟုတ်ပါ။

အများသောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ချက်ကိုမဖော်ပြသော ရုပ်ပုံပါစာအုပ်များကိုသာ အရောင်းသွက်၍ကိုင်ကြ၏။ ထိုစာအုပ်များသည် စာဖတ်ပရိသတ်တို့ကို အလင်းမပေး။ ဈေးကောင်းရ၍ လူကြိုက်များသောကြောင့်ကိုင်တွယ်ခြင်း ဖြစ်၏။ ထိုသူတို့သည် ဓမ္မစာပေဧဝံဂေလိအမှုတော်ဆောင်များမဖြစ်ထိုက်။ ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်း၏အတွေ့အကြုံကိုမရရှိ။ ဝိညာဉ်ရှာဖွေ

လိုစိတ်လည်းမရှိ။ အချိန်နှင့်အခွင့်အခါကောင်းတို့ကိုဖြုန်းတီးနေခြင်းသာဖြစ်လေသည်။

ထိုသူတို့သည် ထာဝရဘုရားသခင်၏ဝိညာဉ်တော်လွှမ်းမိုးမှုအောက်မှမကြာခဏထွက်ခွာသွားသောသူများဖြစ်၏။ လောကဆန်၍ဘုရားသခင်၏ကျေးဇူးတော်ကိုကိုမေ့ပျောက်၏။ မိမိတို့အတွက် ဘုရားသခင်သက်တော်စွန့်ခဲ့ကြောင်းကိုလည်း သတိမရ။ ကိုယ်ကျိုးကိုသာရှာ၍ ထာဝရဘုရားသခင်၏စပျစ်ဥယျာဉ်တော်၌အလုပ်လုပ်ရန် ငြင်းဆန်သူများဖြစ်သတည်း။

## အထူးလျှော့ဈေးဖြင့်စာအုပ်များကိုမပေးပါနှင့်

အများသောအမှုတော်ဆောင်တို့သည် ဆက်ကပ်ခြင်းမရှိကြ။ အတန်းအစားခွဲသော် ထိုသူတို့သည် အခြားသောခရစ်ယာန်ဂိုဏ်းဝင်အမှုတော်ဆောင်များထက် ခရစ်ယာန်သာသနာပြုစိတ်ဓါတ်နည်းပါ၏။ ထိုသူတို့အတွက် ခရစ်ယာန်သာသနာခရီးလမ်းဖြောင့်ဖြူးရန်ပြင်ဆင်ပေးလေပြီ။ အကျိုးအမြတ်(လစာ)ကောင်းလွန်းမှခရစ်ယာန်သာသနာနယ်သို့ဝင်မည်ဟုဆိုကြ၏။ တစ်ဖန်လူကြိုက်များသောစာအုပ်များကိုစာအုပ်တိုက်မှဈေးနှုန်းလျှော့၍ သူတို့ကိုပေး၏။ အကျိုးအမြတ်လည်းကောင်းမှကောင်း။ သို့သော် ယနေ့အတွက်အမှန်တရားသတင်းပါသောစာအုပ်များကိုဖြန့်ချိပေးရန်ကား ငြင်းဆန်၏။ ဤသို့လျှင် ကျွန်ုပ်တို့၏စာအုပ်များသည် အမှုတော်ဆောင်အတွက်ဈေးနှုန်းလျှော့ရဖန်များ၍ပြင်ပစာအုပ်များနှင့်ယှဉ်သော်ဈေးကြီး၏။ သို့ဖြစ်၍အမှုတော်ဆောင်တို့ကား ငွေကိုလွယ်လွယ်ရ၍လက်ဖွာလေတော့သတည်း။

## ချွေတာခြင်းနှင့်မိမိကိုယ်ကိုငြင်းပယ်ခြင်း

အမှုတော်ဆောင်များခရီးသွားအလုပ်လုပ်စဉ် ဟော်တယ်၊ တည်းခိုခန်းတွင် တည်းခိုကြသဖြင့် အခကြေးငွေစရိတ်တင်သောအခါ ခရစ်ယာန်သာသနာအတွက်များလှပေ၏။ တချို့မှာမလိုလားအပ်ဘဲ ကုန်ရသည်။ ရှေးအခါကအသင်းတော်သွန်သင်ချက်သတင်းပျံ့နှံ့စေရေး အတွက် စတင်လုပ်ဆောင်သောဘိုးဘေးအမှုတော်ဆောင်ကြီးတို့သည် ဟော်တယ်တွင်တည်းခိုဖို့ရန်နေနေသာသာ၊ ဟော်တယ်အစာကိုစားခဲ လှ၏။ ဟော်တယ်ထမင်းတစ်ပွဲနှစ်ဆယ့်ငါးပြားပင်လျှင်မစားလိုကြ။ ချွေတာကြ၏။ ယခုခေတ်လူငယ်များနှင့်ကွာခြားလှပါပေ့။ သို့ဖြစ်၍ ခေတ်လူငယ်အမှုဆောင်များချွေတာတတ်ရန် ပညာပေးရမည်။ သို့မဟုတ် လျှင်ဖြုန်းတီးမှုမှာအတောမသတ်နိုင်။ တချို့သောမိသားစုတို့သည် တစ်ခုကိုထောက်ပံ့နိုင်၏။ ထို့ကြောင့် ခေတ်လူငယ်အမှုဆောင်တို့သည် ခရီးသွားသောအခါ အသုံးစရိတ်ကိုအသေးစိတ်မှတ်ပါ။ ငွေယိုပေါက် မရှိစေပါနှင့်။ ရှေးအမှုတော်ဆောင်များကဲ့သို့ အစားအစာကိုမီးနွေး စားရန်မလိုအပ်သော်လည်း စားစရိတ်အတွက်ကုန်သင့်မှကုန်စေပါ။ အချို့သောအမှုတော်ဆောင်တို့သည် ဘုရားသခင့်အမှုတော်မြတ်အတွက် ဆက်ကပ်ခြင်းကိုချွေတာခြင်းဖြင့် သက်သေပြ၏။ ကောင်းသောပုံသက သေပါတည်း။ ယခုခေတ်အမှုတော်ဆောင်အားလုံးသည် အလယ်ခေတ် က ဝေါလ်ဒန်စီခရစ်ယာန်သာသနာပြုများ၏ပုံစံနမူနာကို အတုယူသင့် ကြပါသည်။ ထိုသူတို့သည် ဤလောကအသွင်ကိုမဆောင်၊ အထက်အရာ တို့ကိုသာရှုမှတ်ကြသတည်း။

---ooo---

# အခြားသောဧဝံဂေလိဓမ္မဝန်ဆောင်များနှင့် တွဲဖက်လုပ်ကိုင်ခြင်း

## စာပုံနှိပ်တိုက်နှင့်ခရစ်ယာန်ဓမ္မဆရာတွဲဖက်လုပ်ကိုင်ခြင်း

စာပုံနှိပ်တိုက်ကို ထာဝရဘုရားသခင်ရွေးချယ်ခန့်ထားခဲ့လေပြီ။ အားကြီးသောထာဝရဘုရားသခင်၏အသုံးတော်ခံတန်ဆာပလာတစ်ခု ဖြစ်၏။ လူမျိုးအသီးအသီးဆီသို့ဧဝံဂေလိအလင်းတရားကိုပို့ဆောင်နိုင်သောအရာတည်း။ နိုးကြားသောခရစ်ယာန်ဓမ္မဆရာနှင့်ပူးပေါင်းကာ ခရစ်ယာန်သာသနာပြုရချိမ့်မည်။

## တိတ်ဆိတ်သောစေတမန်များ၏လုပ်ငန်း

နိုးကြားသောခရစ်ယာန်ဓမ္မဆရာထံမှလူတို့သည် ဘုရားသခင်၏ တရားတော်ကိုကြားနာနိုင်သည်တိုင်အောင် ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တို့သည် စာပေများဖြန့်ချိနေဆဲဖြစ်ရမည်။ အကြောင်းမူကား၊ တရားစကားကြားနာရ၍ ဝမ်းသာ၏။ သို့သောအားလုံးကိုကြာမြင့်စွာမစွဲမှတ်နိုင်ပါ။ ဤနေရာတွင်ပုံနှိပ်စာလုံးများအရေးပါပုံကိုမြင်နိုင်၏။ ၎င်းသည် ယုံကြည်ချက်အခြေခံသဘောကိုသိမြင်စေ၍ အမှားအယွင်း၊ လှည့်ဖြားမှုများကိုအမြစ်ပါမကျန်ဆန့်ကျင်နုတ်ပယ်နိုင်စွမ်းရှိသောအရာပေတည်း။ စာအုပ်စာပေများသည် ထာဝရဘုရားသခင်၏သတင်းတော်ကိုကြားပြောရသောအသုံးတော်ခံတစ်ခုဖြစ်၏။ တရားစကားဟောကြားမှု၏ပြီးပြည့်စုံခြင်းထက် အမှန်တရားပါစာအုပ်စာပေများက လူတို့၏အသက်ဝိညာဉ်

ကိုအလင်းဆောင်၍ ယုံကြည်ချက်ကိုပိုမိုအစွန့်ရှည်စွာခိုင်မာစေပါ၏။ ခရစ်ယာန်ဓမ္မစာပေအမင်တော်ဆောင်တို့ဖြန့်ကြဲလိုက်သောအိမ်တိုင်းရှိတရားမျိုးစေ့ပါစာပေတို့သည် ဧဝံဂေလိခရစ်ယာန်သာသနာတော်ကိုနည်းလမ်းမျိုးစုံနှင့်အားဖြည့်ပေးလေသည်။ အကြောင်းမူကား သန့်ရှင်းသောဝိညာဉ်တော်သည် တရားနာပရိသတ်တို့၏စိတ်နှလုံးကိုနှိုးဆော်ပေးဘိသကဲ့သို့စာဖတ်ပရိသတ်တို့၏စိတ်နှလုံးကိုလည်း နှိုးဆော်ပေးလေသည်။ ခရစ်ယာန်ဓမ္မဆရာတရားပေးရာနေရာတွင် ကောင်းကင်တမန်များတက်ရောက်၍ကူညီသကဲ့သို့ ထိုကောင်းကင်တမန်တို့သည်လည်း ခရစ်ယာန်ဓမ္မစာအုပ်စာပေများနှင့် အတူရှိကြလေ၏။

## ခရစ်ယာန်ဓမ္မဆရာများနှင့်တွဲဖက်လုပ်ကိုင်ခြင်း

ကမ္ဘာအနှံ့ရှိလူအမျိုးအနွယ်ခပ်သိမ်းတို့ထံသို့ ဧဝံဂေလိသတင်းစကားသယ်ပိုးရာတွင် ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအလုပ်အမှုဆောင်များသည် ဧဝံဂေလိဓမ္မဆရာများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။ ဤကားမရှိမဖြစ်လိုအပ်၏။ အမှန်တရားချီးမြှင့်ရေးတွင် မြတ်နိုးကြသူတိုင်းဦးဆောင်ရမည့်လုပ်ငန်းဖြစ်သည်။ ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးလုပ်ငန်းသည် ယနေ့မကောင်းမှုအမှောင်နှင့်မိုက်မှားမှုမျိုးစုံတွင် စုံးစုံးမြုပ်နေသောသူများစွာကိုအလင်းပေးလိမ့်မည်။ ထာဝရဘုရားသခင်၏တရားစီရင်ရာနေ့ရက်ကြီးအတွက်လည်း လူများစွာကိုပြင်ဆင်ပေးပါလိမ့်မည်။

## ဆေးဝါးကုသမှုနှင့်ခရစ်ယာန်သာသနာလုပ်ငန်းအနွယ်အဝင်ဖြစ်ခြင်း

ခရစ်ယာန်ဓမ္မတရားအားဖြင့် ကမ္ဘာကြီးကိုသတိပေးသတင်းပြောကြားခြင်းအလုပ်သည် ဘုရားသခင်ရွေးချယ်ခန့်ထားပြီးသော

အလုပ်ဖြစ်သည်။ ကျမ်းစာအရ၊ သစ္စာရှိသောကျောင်းဆရာ၊ဆရာမသည် ထာဝရဘုရားသခင်၏သိုးစုများကိုကြည့်ရှုရသည့်သိုးထိန်းဖြစ်သည်။ ထိုသူတို့ကိုရှိသေပါ။ သူတို့၏လုပ်ငန်းကိုလည်းနှစ်သက်မြတ်နိုးပါ။ စစ်မှန်သောသဘောနှင့်ဆေးဝါးကုသခြင်းခရစ်ယာန်သာသနာလုပ်ငန်းသည် ဧဝံဂေလိခရစ်ယာန်သာသနာလုပ်ငန်းနှင့်တစ်လုံးတစ်ဝတည်းဖြစ်၏။ ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးလုပ်ငန်းသည်လည်း ထိုနှစ်မျိုးနှင့်သဘောတူ၏။ ဤလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်နေသူတို့အား ကျွန်ုပ်မပြောလိုသည်မှာ– သင်သည် တစ်ပါးသူတို့နှင့်တွေ့ဆုံရာ၌ မိမိသည်အမျိုးသားအိမ်တွင်းကျန်းမာရေးပညာပေးအလုပ်အမှုဆောင်တစ်ဦးဖြစ်ကြောင့် မိတ်ဆက်ပေးသကဲ့သို့ ယုံကြည်သူချင်းနှင့်တွေ့ဆုံသောအခါ ထာဝရဘုရားသခင်ကိုချစ်၍ သခင့်အစေကိုခံနေသောဧဝံဂေလိအမှုတော်ဆောင်တစ်ဦးဖြစ်ကြောင်းပြောရန် မမေ့ပါနှင့်။

## ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်နှင့်ကျမ်းစာသင်ပေးခြင်းအလုပ်

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်၏အလုပ်တာဝန်ကို မသိနားမလည်၍မေးလာသောပေးစာများစွာကို ကျွန်ုပ်ရရှိခဲ့ပါ၏။ တချို့မိသားစုများမှာ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်အားဖြင့် ယနေ့အတွက်အမှန်တရားအလင်းကိုမြင်တွေ့လာသဖြင့် ကျမ်းစာသင်ပေးပါရန် အပြင်းအထန်တောင်းဆိုလာသည်လည်းရှိ၏။ ထိုအခွင့်အရေးကိုခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များအရေးမစိုက်၊ လျစ်လျူမရှုသင့်ကြောင်းသိနားလည်၏။ တစ်ဖက်ဆိုရပြန်သော် ထိုသဘောနှင့်ဆန့်ကျင်သောစာများကိုလည်းရရှိပါ၏။ အသင်းတော်ယုံကြည်ချက်များနှင့်ပတ်သက်၍ ကျမ်းစာမသင်ပေးပါဟု အပြောခံရသောခရစ်ယာန်ဓမ္မစာပေလုပ်သားများလည်းရှိလေသည်။ ဤတွင်

စာအုပ်ရောင်းရခက်ချေပြီ။ သို့ဖြစ်၍ ဤကိစ္စများကိုဘယ်ကဲ့သို့ဖြေရှင်းရပါမည်နည်းဟုအကြံတောင်းဆိုလာသည်ကိုဖြေကြားရပါမည်။

အသင်းတော်သွန်သင်ချက်များအပေါ်အချိန်မယူပါနှင့်

ဤမေးခွန်းနှစ်မျိုးစလုံး၌ အမှန်သည်ရှိ၏။စာဖတ်ပရိသတ်များက သူတို့အားကျမ်းစာသင်ပေးပါဟုတောင်းဆိုလာလျှင် လက်မနှေး၊ ဝမ်းမြောက်စွာထိုအခွင့်အရေးကိုလက်ခံမည့်ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များရှိ၏။ တချို့လည်း ထိုအခွင့်အရေးကိုသုံး၍ ပြစ်တင်ဝေဖန်ခံရသည်လည်းရှိ၏။ ထိုအခါအလုပ်မှာဟန့်တားမှုဖြစ်ရ၏။ ခရစ်ယာန်ဓမ္မစာပေအမှုဆောင်သည် မိမိလုပ်ငန်းခွင်တွင် ထိုကဲ့သို့ကြုံလာရသော် စိတ်နှစ်ခွမဖြစ်လေနှင့်။ ခွဲလုံ့လကိုဖက်ကာဝေခွဲပါ။ မိမိစာပေဖြန့်ချိရေးအလုပ်အပေါ်သစ္စာရှိသကဲ့သို့ သမ္မာတရားအလင်းရှာဖွေသူတို့ကို ကျမ်းစာသွန်သင်ချက်နှင့်အညီ နှစ်သိမ့်ပါ။ ထာဝရဘုရားသခင်နှင့်အတူတကွ အလုပ်လုပ်နေသူသည် မည်သို့လုပ်ဆောင်ရမည်ကိုသိလိမ့်မည်။ အသင်းတော်သွန်သင်ချက်များအပေါ်အချိန်မကုန်စေဘဲ သခင်ခရစ်တော်ထံအသက်ဝိညာဉ်များစွာကိုပို့ဆောင်ပေးရန် အထူးပြုလုပ်ပါ။ ကယ်တင်ခြင်းစီမံကိန်းတွင် ထာဝရဘုရားသခင်၏မေတ္တာတော်၊ သနားကြင်နာမှုနှင့်ကောင်းမြတ်ခြင်းကျေးဇူးတော်တို့ကို သိနားလည်စေပါ။ စိတ်နှလုံးနွမ်းနယ်သူအား အချိန်တန်မှကောင်းသောစကား မည်သို့ပြောကြားရမည်ကို သခင်ခရစ်တော်၏သဘောတော်က သင့်အားသွန်သင်ပေးလိမ့်မည်။

လူတို့၏အဓိကလိုအပ်ချက်မှာ ထာဝရဘုရားသခင်နှင့်စေလွှတ်တော်မူသော ယေရှုခရစ်တော်ကိုသိကျွမ်းခြင်းတည်း။ ကျမ်းစာထဲမှ

လက်တွေ့သဘောကိုထင်ရှားပြသနိုင်၏။ ဤသည်ကိုခရစ်ယာန်ဓမ္မစာပေ အမှုဆောင်များတင်ပြရပေမည်။ အကယ်၍သာအကြင်အမှုတော်ဆောင် သည် လက်တွေ့ကျသောခရစ်ယာန်ဘာသာရေးအသိတရားကိုဖွင့်ပြ နိုင်အံ့။ ထိုသူသည် ဆာငတ်နေသူကိုတန်ဖိုးကြီးအစာအာဟာရနှင့် ကျွေးမွေးဧည့်ခံပြုနေခြင်းဖြစ်သည်ဟုသိမှတ်ပါလေ။

## ကျမ်းစာကိုစေ့စေ့လေ့လာပါ

ကျွန်ုပ်တို့သည် မှားယွင်းမှုအမှောင်ထုတွင်ရှိနေကြကုန်သော လူသတ္တဝါအပေါင်းတို့ကို သခင့်ထံသို့ပို့ဆောင်ရပါမည်။ ဤအမှုကို မြင့်မြတ်သောစိန်ခေါ်ချက်တစ်ရပ်ဟုမှတ်ပါချစ်မိတ်ဆွေ။ သင်သည် ကျမ်းစာကိုစေ့စေ့လေ့လာရမည်။ သင်၏ယုံကြည်မျှော်လင့်ခြင်းအကြောင်း ကိုမေးလာသူတိုင်းအား ဖြေကြားရန်အမြဲအသင့်ရှိနေရမည်။ ဤနည်းဖြင့် သင့်အသက်တာရင့်ကျက်မှုကိုမြင်တွေ့သူတို့စိတ်ဝင်စားကာ ခရစ်တော် ထံသို့ပြောင်းလဲနိုင်၏။ သင်၏မျက်နှာအသွင်အပြင်အားဖြင့် သင်၌ တည်ငြိမ်မြင့်မြတ်၍ အတွင်းငြိမ်သက်ခြင်းစည်းစိမ်ချမ်းသာအပြည့်ရှိ ကြောင်း တစ်ပါးသူတို့ကိုမြင်စေပါ။ ဤကား ခရစ်ယာန်များသာ လျှင် ပိုင်ဆိုင်နိုင်သောအရာပေတည်း။

## အိမ်ထောင်မိသားစုများနှင့်အတူကျမ်းစာဖတ်ရွတ်ပါ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ခရစ်ယာန်မိသားစုအိမ်သို့ ရောက်သော် သမ္မာတရားကိုသွန်သင်ပေးသောစာအုပ်များမှသော်လည်း ကောင်း၊ နှုတ်ထွက်ကျမ်းစာမှသော်လည်းကောင်း မိသားစုများလိုအပ်မည်

ထင်သောအချက်အလက်များကိုဖတ်ကြားပါ။ သူတို့စိတ်ဝင်စားကြောင်း သိသော် လူတို့နှင့်အတူ ကျမ်းစာလေ့လာပါ။ ဤအရာကိုလူတို့လိုအပ် နေ၏။ ပျက်စီးသူများကိုကယ်ရန် စိတ်ဝင်စားသူများအား ထာဝရ ဘုရားသခင်သည် အမှုတော်မြတ်၌စေခိုင်းတော်မူလိမ့်မည်။ ထိုသူတို့ အားဖြင့် သွန်သင်မှုကိုခံယူလိုသူများ၏ စိတ်အလိုပြည့်စုံရလိမ့်သတည်း။

---ooo---

အပိုင်း (၄)

# ထာဝရဘုရားသခင်နှင့်မဟာမိတ်ဖွဲ့ခြင်း

# ထာဝရဘုရားသခင်၏ဝိညာဉ်တော်လမ်းပြပို့ဆောင်ခြင်း

## သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးမှုအောက်ဝယ်

ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအလုပ်သည် ဘယ်သောအခါမျှ မနှမ်းနယ် စေရပါ။ အမှုတော်ဆောင်တိုင်းသည် ထာဝရဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ထိန်းချုပ်မှုအောက်တွင် အမြဲရှိရန်လို၏။

လူသည် မိမိစွမ်းအားထက်သာလွန်သောပြင်ပတန်ခိုးကိုခံစားဖို့ လို၏။ သို့မှသာလျှင် ထာဝရဘုရားသခင်နှင့်စိတ်တူသဘောတူဖြစ်၍ အမှုတော်မြတ်ကိုထမ်းရွက်နိုင်မည်ဖြစ်၏။ ဤသို့ပြောရာတွင် လူ့စွမ်း အားမလိုတော့ပြီဟုမဆိုလို။ လူ့သဘာဝသည် ဘုရားသခင်၏တန်ခိုးတော် ကိုမှီခိုမှသာ ယုံကြည်ခြင်းဖြင့် ခရစ်တော်သည် စိတ်နှလုံးတွင်တည်ရှိ ကာနေမည်။ ဤသို့ဘုရားသခင်နှင့်ပူးပေါင်းခြင်းဖြင့် တန်ခိုးသက် ရောက်ကာ ကောင်းကျိုးပြုရာ၌ထိရောက်မည်ဖြစ်ပါသည်။

ဂါလိလဲပြည်သား တံငါသည်များကိုဖိတ်ခေါ်ခဲ့သောအရှင်သခင် သည် ယခုအမှုတော်မြတ်တွင်ပါဝင်ရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်နေ၏။ ရှေးတပည့်တော်များ၌တန်ခိုးတော်ပြသခဲ့သကဲ့သို့ ကျွန်ုပ်တို့အားဖြင့်

လည်း ဘုရားသခင့်တန်ခိုးတော်ထင်ရှားစေရန် ကိုယ်တော်ဘုရားသခင် အလို ရှိလေသည်။

သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ရန်ဆုတောင်းပါ

ပင်တေကုတ္တေပွဲနေ့၌ သန့်ရှင်းသောဝိညာဉ်တော်သက်ရောက် စေရန် တပည့်တော်များစိတ်အားကြီးစွာဆုတောင်းသကဲ့သို့ ယခုကျွန်ုပ် တို့လည်းဆုတောင်းရမည်။ယခင်ကာလတွင်လိုအပ်ခဲ့သော် ယခုကာလ တွင်ပို၍လိုအပ်ပါ၏။ အကြောင်းမူကား၊ အကျင့်သည် နေရာအနှံ့ ပြိုပျက်၍ လူသေကိုမြေမြုပ်သကဲ့သို့ မှောင်မိုက်အတိဖြစ်လေပြီ။ မှားယွင်းသောသွန်သင်ချက်များ၊ စာတန်၏ဖြားယောင်းသွေးဆောင် လှည့်ဖြားမှုများတို့သည် ပုံသဏ္ဌာန်မျိုးစုံနှင့်လူတို့ကိုသေမင်း ချိုင့်ဝှမ်းသို့ပို့ဆောင်နေလေပြီ။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ထာဝရ ဘုရားသခင်၏တန်ခိုးတော်တို့သာမပါရှိက ယနေ့အတွက်အမှန်တရား မျိုးစေ့ကြဲရာတွင် ခဲလေသမျှသဲရေကျရချိမ့်တော့မည်။

ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် အမှန်တကယ်ပါဝင်လိုသူ လူငယ်များအသက်ဝိညာဉ်ပြောင်းလဲပုံကို ကိုယ်တိုင်တွေ့မြင်၍ ဝိညာဉ် စပါးရိတ်သိမ်းရကြပေလိမ့်မည်။ သို့ဖြစ်ရကား၊ ပြင်သို့ထွက်၍ ယနေ့ အတွက်အမှန်တရားသတင်းစကားပါစာအုပ်စာပေတို့ကို စစ်မှန်သော ခရစ်ယာန်သာသနာပြုဆရာများကဲ့သို့ ဖြန့်ချိကြကုန်အံ့။ ခရီးသွားရင်း ဘုရားသခင်ထံဆုတောင်းပါ။ ခရစ်ယာန်ဓမ္မသီချင်းတစ်ပုဒ်ါစိတ်ထဲတွင်သီဆို လိုက်ပါ။ သမ္မာတရားအလင်းတိုးပွားလာကာ သန့်ရှင်းသောဝိညာဉ်တော်ပဲ့ပြင်မှု ဖြင့်အချိန်တန်မှပြောအပ်သောစကားများကိုသင်၏နှုတ်တွင် ထာဝရ ဘုရားသခင်ထည့်ထားပေးပါလိမ့်မည်။ သနားကြင်နာဖွယ်ကောင်းသူ

များကိုတွေ့ရှိက အခွင့်ထူးဟုမှတ်ယူကာ ထိုသူတို့အားကူညီမစပါ။ ပြုစုပါ။ ထိုအမှုအတွက်ဘုရားသခင်တွေ့မြင်၍ အကျိုးပေးမည်ဟု စွဲမှတ်သောအမြင်ဖြင့်ပြုလုပ်ပါ။ ဤနည်းဖြင့် ထာဝရဘုရားသခင် အတွက် အစေခံနေခြင်းဖြစ်ကြောင်းသတိရပါလေ။

## ဘုရားသခင်မစမည်ဟူသောကတိတော်အာမခံချက်

ထာဝရဘုရားသခင်သည် မိမိစေခိုင်းသောအလုပ်ကိုလုပ်ဆောင် စေရာ၌ လူကိုအကူအညီမဲ့မဖြစ်စေပါ။ စွန့်ပစ်၍မထားပါ။ အရေးအပေါ် သုံးစွဲရန် လူတို့မယှဉ်နိုင်သောထောက်ပံ့မှုစွမ်းအားကို ပြင်ဆင်စီမံပေးထား ပါ၏။ အမှုတော်တိုင်းကိုကူညီမစရန် သန့်ရှင်းသောဝိညာဉ်တော်ကိုပေးထား လေပြီ။ ကျွန်ုပ်တို့သည် ယုံကြည်မျှော်လင့်ခြင်းအာမခံချက်ကိုအပြည့် အဝရရှိနိုင်၏။ စိတ်နှလုံးသဘောကိုလည်း သန့်စင်စေနိုင်ပါသည်။

စိတ်နှလုံးနှိမ့်ချ၍ အလုပ်တွင်ကြိုးစားထမ်းရွက်သောအမှုတော် ဆောင်သည် ထာဝရဘုရားသခင်၏ဖိတ်ခေါ်ချက်ကိုယုံကြည်နားထောင် သဖြင့် အထံတော်မှအထောက်အပံ့ကိုရရှိမည်ဟု အကြွင်းမဲ့ယုံကြည်ပါ။ အမှုတော်မြတ်တွင်မထိုက်တန်ဘဲပါဝင်ထမ်းရွက်ရသဖြင့် မိမိ၌သန့်ရှင်း မြင့်မြတ်သောတာဝန်ဝတ္တရားသည်တည်ရှိနေကြောင်း ထိုသူ၏နေ့စဉ် အသက်တာလှုပ်ရှားမှုအကျင့်က ထင်ရှားစေပါသည်။ မိမိ၏အမြင့်ဆုံး သောဉာဏ်စွမ်းရည်များကိုအသုံးပြုရသဖြင့်လည်း အသက်ဝိညာဉ်သဘောကို ခွန်အားတိုး၊ သန့်စင်စေလေ၏။ မိမိ၏ကိုယ်ပိုင်အသက်တာနှင့် တစ်ပါး သူတို့၏အသက်တာအပေါ် ကောင်းသောဩဇာလွှမ်းမိုးနိုင်ခြင်းသည် မရေတွက်နိုင်သော ကောင်းချီးမင်္ဂလာအကျိုးပါတကား။

သန့်ရှင်းသောဝိညာဉ်တော်သည်အသက်တာကိုပြောင်းလဲပေးခြင်း

ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် စိတ်နှလုံးတွင်ကိန်းအောင်းနေရာယူသောအခါ အသက်တာသည်ပြောင်းလဲသွား၏။ အပြစ်လုပ်ချင်စိတ်များ၊ အကျင့်ဆိုးများပပျောက်ကုန်၏။ အမျက်ထွက်ခြင်း၊ မနာလိုစိတ်၊ ရန်တွေ့လိုစိတ်နေရာများတွင် နှိမ့်ချခြင်း၊ မေတ္တာတရားနှင့်ငြိမ်သက်ခြင်းသည် အစားထိုးဝင်ရောက်လာ၏။ ဝမ်းနည်းခြင်းနေရာတွင် ဝမ်းမြောက်လာ၏။ မျက်နှာအသွင်အပြင်မှာလည်း ကောင်းကင်ဘုံအလင်းနှင့် တင့်တယ်စွာရောင်ပြန်ဟပ်နေလေတော့သတည်း။

အောင်မြင်ခြင်း၏လျှို့ဝှက်ချက်

ယောရှုသည် ဣသရေလလူမျိုးတို့၏ရန်သူအပေါင်းကိုပယ်ရှင်းနိုင်မည်ကိုယုံကြည်၏။ အကြောင်းမူကား၊ သူ့အားထာဝရဘုရားသခင်သည် ကတိတော်ပေးခဲ့ပြီဖြစ်၏။ သို့တိုင်အောင်လည်း ဣသရေလတပ်များအားဖြင့်သာ အောင်မြင်နိုင်မည်ဟူသောပုံသဏ္ဌာန်မျိုးနှင့် လူ့စွမ်းအားရှိသမျှကိုထုတ်သုံး၏။ ပြီးမှယုံကြည်ခြင်းဖြင့် ထာဝရဘုရားသခင်ထံတော်မှအကူအညီကိုတောင်းခံလေသည်။ အောင်မြင်ခြင်း၏လျှို့ဝှက်ချက်ကား လူ့စွမ်းအားနှင့်ထာဝရဘုရားသခင်၏တန်ခိုးတော်တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကြီးမားသောအောင်မြင်မှုကိုရရှိသူသည် ဘုရားသခင်၏ရင်ခွင်တော်တွင် လုံးဝမှီခိုနေသူဖြစ်ပါသည်။

ဘုရားသခင်၏တန်ခိုးတော်ကိုလက်လွှတ်မခ‌ပါနှင့်

ဧဝံဂေလိဓမ္မစာပေအမှုဆောင်သည် မိမိကိုယ်ကိုသန့်ရှင်းသောဝိညာဉ်တော်ဘုရားသခင်၏ပဲ့ပြင်မှုအောက်တွင်ထားရှိပါ။ မလျှော့သော

ခွဲလုံ့လနှင့်ဘုရားသခင်၏တန်ခိုးတော်ကိုခံစားရဖို့ဆုတောင်းပါ။ ကိုယ်တော်ကိုအကြွင်းမဲ့ယုံကြည်အားကိုး၍ စကားတော်ကိုနားထောင်ပါ။ သစ္စာရှိမှန်ကန်သောအမှုတော်ဆောင်တိုင်းအပေါ်သို့ ကိုယ်တော်၏ထိရောက်သောသြဇာတန်ခိုးသည်သက်ရောက်လျက်ရှိ၏။

ထာဝရဘုရားသခင်သည် စိတ်အားကြီး၍တရားတော်ကိုသွန်သင်ဟောကြားနေသောဧဝံဂေလိဓမ္မဆရာကြီးများနှင့်အတူပါရှိသကဲ့သို့ သစ္စာရှိသောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များကိုလည်းကောင်းချီးပေးလိမ့်မည်။

သက်ကြီးသက်ငယ်လူငယ်လူရွယ်အပေါင်းတို့သည် ထာဝရဘုရားသခင်ထံ မိမိ၏အသက်တာကိုဆက်ကပ်အပ်နှံလျက် ခရစ်ယာန်ဓမ္မစာပေအလုပ်ကိုလုပ်ဆောင်အပ်၏။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသခင်၏ထိန်းချုပ်မှုအောက်ဝယ် စိတ်နှလုံးနှိမ့်ချစွာဖြင့်ရှေ့ဆက်ကာအလုပ်ပွားလျှင်များမည့်တန်ဖိုး။

သင်သည်အချိန်နာရီတိုင်းတွင် သင့်အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်တည်ရှိရန် လိုအပ်ကြောင်းကိုသိမှတ်ပါ။ အကြောင်းမူကား၊ သင်မလုပ်နိုင်သောအလုပ်ကို ကိုယ်တော်ဘုရားသခင်ပြုလုပ်ပေးသောကြောင့်ဖြစ်၏။

## ဝိညာဉ်တော်၏ဝန်ဆောင်ပလာဖြစ်ပါစေ

ကျွန်ုပ်တို့၏စာအုပ်စာပေများကိုနိုးကြားဆက်ကပ်သောအမှုတော်ဆောင်များသာလျှင် ကိုင်တွယ်အပ်၏။ ထိုသူတို့သည် ဘုရားသခင်၏အသုံးတော်ခံကိရိယာတန်ဆာများကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ပုံသွင်းလှုပ်ရှားစေမှု၌နူးညံ့နေသောကြောင့်တည်း။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ကျေးနပ်ရောင့်ရဲဖွယ်ဖြစ်၏။ ထိုအမှန်တရားကို

စိတ်နှလုံးနှိမ့်ချလျက် တစ်ပါးသူကိုသွန်သင်ရာ၏။ သို့ပြုလျှင် အငန်ဓါတ်ပါရှိသောအသက်တာပမာ ပတ်ဝန်းကျင်ရှိလူသားများသို့လက်ဆင့်ကမ်းအကျိုးပြုသွားပါလိမ့်မည်။

## ဝိညာဉ်တော်သည်ပြောဆိုရမည့်စကားကိုပေး၏

လူသားတစ်နွယ်လုံးအတွက် အသက်စတေးခံသွားခဲ့သော ယေရှုခရစ်တော်အကြောင်းကိုကြားရသော်အဘယ်မှာလျှင် နှလုံးသားမတုန်လှုပ်ဘဲရှိနိုင်မည်နည်း။ ယေရှုခရစ်တော်၏နူးညံ့သိမ်မွေ့နှိမ့်ချမှုကို ကျွန်ုပ်တို့နည်းခံလေ့လာနေသမျှ၊ လူသားတို့ကိုဘယ်ကဲ့သို့မိန့်ကြားရမည်ကိုသန့်ရှင်းသောဝိညာဉ်တော်သည် တာဝန်ယူသွန်သင်ပေးပါလိမ့်မည်။ မိမိ၏နှလုံးသားကိုသန့်ရှင်းသောဝိညာဉ်တော်လောင်းရိပ်အောက်တွင်ထားရှိသူတို့သည် ထာဝရအသက်ပင်များပေါက်ပွားရန် တရားမျိုးစေ့ကိုကြဲဖြန့်စေနိုင်ကြပါလိမ့်မည်။ ဤအလုပ်သည် ဧဝံဂေလိဓမ္မစာပေအမှုဆောင်တို့၏အလုပ်ပေတည်း။

## ဝိညာဉ်တော်သည်တစ်ဖက်သူ၏စိတ်နှလုံးကိုနှိုးဆော်ပေး၏

ခရစ်ယာန်ဓမ္မစာပေအမှုဆောင်အနားတွင် သခင်ယေရှုသည်ရပ်လျက်နေ၏။ သွားလေရာရာတွင်အဖော်ပြု၏။ လမ်းခရီးကိုပဲ့ပြင်ပေး၏။ ဦးဆောင်ညွှန်ကြားရေးမှူးချုပ်ပေတည်း။ ဤသည်ကိုအသိအမှတ်ပြုသောသူ၌ အချိန်အခါမရွေး၊ လိုအပ်သလိုသန့်ရှင်းသောဝိညာဉ်တော်သည် အကူအညီပေး၏။ တစ်ဖက်သူ၏စိတ်နှလုံးကိုလည်းနှိုးဆော်ပေးလေသည်။

## ဝိညာဉ်တော်သည်အောင်မြင်ခြင်းကိုပေး၏

ကျွန်ုပ်တို့သည် လူတို့ကိုထာဝရဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ အလင်းပေးနိုင်မည်ဖြစ်၏။ သို့ဖြစ်၍ ခရစ်ယာန်ဓမ္မစာပေအမှုဆောင်သည် ထာဝရဘုရားသခင်နှင့်မပြတ်ဆက်သွယ်နေရမည်။ ဆုတောင်း၍ခရီးဆက်ကာ အလုပ်လုပ်ပါ။ စိတ်နှလုံးပြင်ဆင်ထားသူများထံသို့ပို့ဆောင်ပေးပါမည်။ ဤကားအလုပ်အမှုတော်ဆောင်တစ်ဦး၏စွမ်းပကားကြောင့်မဟုတ်။ ထာဝရဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည်သာလျှင် နှလုံးသားကိုနှိုးဆော်သဖြင့် ရရှိသောအောင်မြင်မှုသာဖြစ်သတည်း။

## အချိန်မီအကူအညီပေးရန်အမြဲအနားမှာရှိ၏

ထာဝရဘုရားသခင်ထံတော်မှ မစခြင်းအကြောင်းကိုမျှော်လင့်သောသူတို့သည် မိမိတို့၏အကြီးများဆုံးစိတ်ပူပင်စိုးရိမ်ချိန်မှာဘုရားသခင်၏အကူအညီကိုရရှိရန် အနီးကပ်ဆုံးအချိန်ဖြစ်ကြောင်းသိမှတ်ပါ။ အတိတ်ကာလ နှောင်းဘဝလမ်းခရီးတစ်လျှောက်၌ ဘုရားသခင်၏ကူညီမစခဲ့ပုံများကိုပြန်လည်အောက်မေ့သတိရပါ။ သင်ရင်ဆိုင်ရလေသမျှသောအခက်အခဲ၊ သွေးဆောင်မှုတိုင်းအတွက် ခိုင်မာသောယုံကြည်မှု၊ သစ်လွင်သောဘဝအတွေ့အကြုံနှင့်ကိုယ်တော်သည် သင်၌ပြည့်ဝစေတော်မူပါလိမ့်မည်။

## "တန်ခိုးတော်အစုံ" နှင့်ဖြည့်ဆည်းပေးမည်

မှားယွင်းမှုအမှောင်ထုတွင် ရေစုန်မျောနေသူများအတွက်လည်းယေရှုခရစ်တော်အသေခံခဲ့ပါ၏။ ကိုယ်တော်၏ရောဂါအသီးများပင်

ဖြစ်ချေသည်။ ထိုသူတို့အတွက် အလုပ်လုပ်ပေးရမည်။ ခရစ်ယာန်ဓမ္မစာပေ
အမှုတော်ဆောင်များတို့သည် သခင်ခရစ်တော်၏နိုင်ငံတော်ကျယ်ပြန့်
ရေးအတွက် ပါဝင်အမှုတော်ထမ်းနေကြောင်းသိနားလည်ပါ။ ထာဝရ
ဘုရားသခင်ခန့်အပ်ညွှန်ကြားခဲ့သော ဤအလုပ်ကိုထမ်းရွက်သူတို့သည်
ကမ္ဘာကြီးရင်ဆိုင်ရတော့မည့်တရားစီရင်ခြင်းအကြောင်းကိုလည်း
သတိပေးအပ်ပါ၏။ သန့်ရှင်းသောဖြားယောင်းသွေးဆောင်မှုတန်ခိုး၊
ဆုတောင်းခြင်းတန်ခိုးနှင့် ဘုရားသခင်မေတ္တာတော်မျိုးဖြင့် အလုပ်လုပ်
နေသူသည် ဝိညာဉ်အသီးမသီးဘဲမရှိနိုင်။ ဤလုပ်ငန်းကိုခမည်းတော်
ဘုရားသခင်နှင့်သားတော်ဘုရားသခင်တို့သည် စိတ်ဝင်စား၏။ ခမည်း
တော်ဘုရားသခင်သည် သားတော်ဘုရားသခင်ကိုချစ်ဘိသကဲ့သို့
ကိုယ်တော်၏ဝိညာဉ်ကယ်ဆယ်ရေးအလုပ်တွင်ပါဝင်နေသူများကို
ထာဝရဘုရားသခင်ချစ်၏။ အဘယ်သူမျှမိမိကိုယ်ကို ကျွန်တော်၊ ကျွန်မ
မတတ်နိုင်ပါဟုမထင်မှတ်စေနှင့်။ သခင်ခရစ်တော်ပြောခဲ့ပြီမဟုတ်
လော။ "ကောင်းကင်နှင့်မြေကြီးတန်ခိုးအလုံးစုံကိုငါခံရပြီ။" မိမိ၏အမှု
တော်ဆောင်သစ္စာရှိသောငယ်သားကောင်းများကို ဤတန်ခိုးမျိုး
ချပေးမည်ဟုကတိတော်ရှိခဲ့ပြီးလေပြီ။ ကိုယ်တော်၏တန်ခိုးသည် ထိုသူတို့
၏တန်ခိုးဖြစ်လာမည်။ ထာဝရဘုရားသခင်နှင့်ဆက်သွယ်ထိတွေ့ဖို့ရန်
သာလို၏။ ကျေးဇူးတော်ကြွယ်ဝမှု၏အကျိုးကိုဝမ်းမြောက်စွာခံစားဖို့
ယေရှုခရစ်တော်အလိုတော်ရှိ၏။ ၎င်းသည် အကန့်အသတ်မရှိ။ မခန်း
ခြောက်နိုင်ပါ။ ထာဝရဘုရားသခင်၏အစေခံများနှင့်ထာဝရပဋိညာဉ်
ပြုထားလေပြီ။ ထိုတန်ခိုးကိုခံရသော် ဘုရားသခင်နှင့်အတူ အသက်
ဝိညာဉ်ရှာဖွေကယ်ဆယ်ရေးကိုလုပ်ဆောင်ပါလေ။

ထာဝရဘုရားသခင်၏အမှုတော်မြတ်၌ သင့်ပင်ကိုရုပ်တစ်ခုလုံးကိုဆက်ကပ်ပါ။ ဤတွင် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံးပါဝင်၏၊ ကိုယ်တော်ဘုရားသခင်၏သနားကြင်နာမှုနှင့်ပုံသွင်းမှုလုပ်ငန်းတွင် သင်သည်ပါဝင်လုပ်ဆောင်သဖြင့် ကိုယ်တော်သည် သင်၏လက်ရုံးတစ်ခုဖြစ်၍ ခွန်အားကိုပေးမည်။

ထာဝရဘုရားသခင်သည် စိတ်နှလုံးပါလျက် အစေခံခြင်းအမှုကိုလက်ခံလိမ့်မည်။ ဤအမှုတွင်အားနည်းပျော့ညံ့ချက်များရှိက ကိုယ်တော်ဘုရားသခင်ကိုယ်တိုင်ထိန်းသိမ်းကွပ်ကဲပေးလိမ့်မည်။

## မတိုင်းဆနိုင်သောရလဒ်များ

အကြင်သူသည် သခင့်အမှုတော်မြတ်အတွက် မိမိကိုယ်ကိုပေးအပ်၏။ ဘာတစ်ခုကိုမျှမချန်ထား။ ထိုသူသည် အတိုင်းအဆမရှိသောရလဒ်များဖြင့်အောင်ပွဲဆင်ရန် ထာဝရဘုရားသခင်သည်တန်ခိုးတော်ကိုပေးသနားတော်မူလိမ့်မည်။

---ooo---

# ကောင်းကင်တမန်များအဖေါ်ပြုခြင်း

## သန့်ရှင်းသောကောင်းကင်တမန်များ၏အစေခံခြင်း

ကျွန်ုပ်တို့သည် ကောင်းကင်တမန်များ၏အလုပ်ကိုလုပ်ကိုင်နေကြောင်းနားလည်ထားရန်လို၏။ ဘုရားသခင်၏သားစစ်သမီးမှန်တိုင်းနှင့်အတူ ကောင်းကင်ဘုံမှတမန်တို့သည်လည်းတွဲဖက်၍လုပ်ဆောင်ကြ၏။ မမြင်တွေ့နိုင်သောစစ်သူရဲတပ်ကြီးသည် စိတ်နှလုံးနူးညံ့သိမ်မွေ့နှိမ့်ချသောသူ၊ ထာဝရဘုရားသခင်၏ကတိတော်များကိုမျှော်လင့်သောသူတို့နှင့်အတူရှိ၏။ ခေရုဗိမ်နှင့်စိရပ်အပါအဝင်သဘာဝခွန်အားလွန်ကောင်းကင်တမန်တို့သည် ထာဝရဘုရားသခင်၏ပလ္လင်တော်လက်ယာဘက်တွင် ခစား၍နေ၏။ ထိုသူတို့သည် "ကယ်တင်တော်မူခြင်းကျေးဇူးကိုအမွေခံလတ္တံ့သောသူတို့ကိုပြုစုစေခြင်းငှာ၊ စေလွှတ်တော်မူသောအစေခံနံဝိညာဉ်များဖြစ်ကြသည်မဟုတ်လော။"

## ထောင်သောင်းမကသောကောင်းကင်တမန်များ

ပျက်စီးနေသောအသက်ဝိညာဉ်များကို ကယ်ဆယ်ရေးအလုပ်တွင်ကောင်းကင်တမန်များလည်း အဖေါ်ပါကြ၏။ ကုဋေသချေမကသောကောင်းကင်တမန်တို့သည် အလင်းဆောင်လျက်နေသောယုံကြည်သူခရစ်ယာန်အသင်းသူအသင်းသားတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန်စောင့်ဆိုင်း၍နေ၏။ အကြောင်းမူကား၊ ခရစ်တော်ဘုရားသခင်ကြွဆင်းလာချိန်ကို လူအပေါင်းတို့ပြင်ဆင်စောင့်မျှော်လစေရန်ဖြစ်သတည်း။

## သူတို့သည်အမြဲပင်အနီး၌ရှိနေ၏

အများအကျိုးသယ်ပိုးသူတို့နှင့်အတူ ကောင်းကင်တမန်များ ရှိလေသည်။ လူသည်ဤအမှုတွင် ကောင်းကင်တမန်များနှင့်အတူ အလုပ်လုပ်ကိုင်ခွင့်ရ၏။ အလင်းနှင့်ပြည့်စုံသောသဘာဝအင်အားလွန် ကောင်းကင်တမန်တို့သည် ဘုရားသခင်အစေခံတို့အား ဘေးရန် အပေါင်းမှကာကွယ်ရန်၊ နှစ်သိမ့်ရန်၊ အနာပျောက်ကင်းစေရန်၊ သွန်သင် ချက်ပေးရန်နှင့် စိတ်သတ္တိအားသစ်လောင်းရန် ထာဝစဉ်အနီး၌ရှိလေ ၏။ သို့ဖြစ်၍ အမြင့်ဆုံးပညာ၊ အမှန်ကန်ဆုံးလူ့ယဉ်ကျေးမှုနှင့်အထူး မြတ်ဆုံးအမှုတော်သည် လူတို့တွင်ရှိလေ၏။

## ကျွန်ုပ်တို့ကိုကူညီရန်စေလွှတ်ခြင်းခံရ၏

အနီလူသားသည် မိမိကိုယ်ကိုငါသည်ဖိုးသုညဖြစ်၏။ ကယ်တင် ပိုင်ရှင်ယေရှုခရစ်တော်မှတစ်ပါး အခြားမှီခိုရာမရှိပြီဟုခံယူစွဲလမ်းသူ တစ်ဦးသည် အကူအညီမဲ့သူဖြစ်သယောင်နှင့် အောင်နိုင်သူဖြစ်ရလေ၏။ ထိုသူကိုကူညီမစရန် ထာဝရဘုရားသခင်သည် မိမိ၏ကောင်းကင်တမန် တို့ကိုစေလွှတ်တော်မူ၏။

ကျွန်ုပ်တို့၏ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တို့သည် အောင်မြင် ခြင်း၌နာမည်ရ၏။ မအောင်မြင်ရန်လမ်းမရှိ။ အကြောင်းမူကား၊ ကောင်းကင် တမန်တို့သည် ထိုသူတို့နှင့်အတူအလုပ်လုပ်၏။ သို့ဖြစ်၍ လူသည် စိတ်နှလုံးနှိမ့်ချ၍ အကျင့်ကောင်းရန်သာလိုအပ်တော့၏။ ထိုသူတို့ သည် ကောင်းမြတ်သောဆရာထံမှနည်းခံသူများဖြစ်ကြသတည်း။ သူတို့ ပြောသောစကားသည် မယုံကြည်သူတို့ကို တရားပေး၏။ ကျမ်းစာဖွင့်

ပြုလျက် ဖြည်းညင်းစိတ်ရှည်စွာဖြင့် ဘုရားသခင်၏အစေခံကောင်းကဲ့သို့ ပြုကျင့်အပ်သည်မဟုတ်လော။

ကောင်းကင်တမန်တို့သည်ပြောရမည့်စကားကိုပေး၏

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် အဓိကဖြစ်၏။ ကျမ်းစာရှင်းပြနိုင်ရန် နားလည်ထားရမည်။ အကယ်၍ထိုသူသည် ဘုရားသခင်ကိုအားကိုးနှင့်ခရီးဆက်ကာအလုပ်ပွားသော် ဘုရားသခင်၏ ကောင်းကင်တမန်တို့သည်သူနှင့်အတူသွားလာ၍ အပြစ်ရေတိမ်နစ်နေသောအသက်ဝိညာဉ်မြောက်မြားစွာကိုမျှော်လင့်ရဲရင့်ခြင်းအလင်းရောင်နှင့် ထိန်းလင်းစေမည်ဖြစ်၏။ ထိုသို့သောအကျိုးပြုစကားကို အစေခံနံဝိညာဉ်များက စီမံပေးပါလိမ့်မည်။

သူတို့သည်စိတ်နှလုံးများကိုနူးညွတ်စေရန်လာခြင်းဖြစ်၏

အမှန်တရားကိုရှာဖွေနေသူများ၊ ပွဲပြင်လမ်းပြမှုကိုမျှော်လင့်နေကြသူများကို ထာဝရဘုရားသခင်သည် ကောင်းချီးပေး၏။ အသံတော်တိုးတိုးလေးဖြင့် ဤပုဂ္ဂိုလ် (သို့မဟုတ်) ထိုပုဂ္ဂိုလ်အား သခင်ယေရှု၏ မေတ္တာတော်အကြောင်းကိုပြောပြလော့ဟူ၍ ညွှန်ကြားလိမ့်မည်။ ထိုစကားကိုကြားလျှင်ကြားချင်း ကောင်းကင်တမန်တို့သည် မနေနိုင်လောက်အောင်ခံစားရလျက် လူအနီးသို့ကပ်ကာ စိတ်နှလုံးကိုနူးညံ့ပျော့ပျောင်းစေပါသည်။

ကောင်းကင်တမန်များကသွန်သင်ပေးပါမည်

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တိုင်းတွင် အောင်မြင်မှုရရှိရန်အတွက် အစေခံနံဝိညာဉ်ကောင်းကင်တမန်များ၏မပြတ်သောအကူအညီ

သည်ရှိ၏။ အကြောင်းကား ထိုသူတွင်အရေးကြီးအလုပ်ရှိ၍ သူ့ခွန်အား တစ်ခုတည်းနှင့်မထမ်းရွက်နိုင်သောကြောင့်တည်း။ ဒုတိယမွေးဖွားခြင်း ကိုခံယူပြီးသူ၊ သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်မှုအောက်ဝယ်သွားလာ အသုံးတော်ခံလိုသူ၊ သခင်ခရစ်တော်၏လမ်းစဉ်အတိုင်းအနီးစပ်ဆုံး လုပ်ဆောင်နေသူ၊ ကောင်းကင်တစ်ခွင်မိုးကုပ်စက်ဝိုင်းတစ်ခုလုံးက မိမိလှုပ်ရှား မှုကိုအမြဲထာဝစဉ်စောင့်ကြည့်နေသည်ဟု စွဲမှတ်နေသူတို့ကား သန့်ရှင်း သောကောင်းကင်တမန်များ၏အဖော်ပြုခြင်းနှင့် သွန်သင်မှုကိုခံယူရရှိ ပါသည်။ မိမိသွားမည့်ခရီးစဉ်တစ်လျှောက်၌ ကောင်းကင်တမန်များက ကြိုတင်၍ပြင်ဆင်ထားပြီးဖြစ်သည်။ ထိုသို့သောမစကူညီမှုကား တန်ဖိုး မဖြတ်နိုင်သောအကျိုးကျေးဇူးများကိုသက်ရောက်စေလေသည်။

## သူတို့သည်အောင်မြင်ခြင်းကိုပေး၏

ယခုခေတ်ကာလ၏ကမ္ဘာ့အခြေအနေကို သတိမူမိသူတိုင်းသည် ကောင်းကင်ဘုံသားမျက်မှောက်တော်တွင် အလုပ်လုပ်နေသကဲ့သို့လုပ်ကိုင် ၏။ ခရစ်ယာန်ဓမ္မစာပေဖြန့်ချိနေသူသည် လူ့အသက်ဝိညာဉ်ကိုအလင်းနှင့် ခွန်အားဖြစ်ထွန်းစေသည့်စာအုပ်စာပေကောင်းများကို ကိုင်တွယ်ရောင်းချပေး လိမ့်မည်။ ထိုစာအုပ်များ၏ကောင်းကျိုးများကို မိမိကိုယ်တိုင်ခံစားသိမြင် ပြီးဖြစ်၍ ထိုအနှစ်သာရကိုတစ်ပါးသူတို့အားဝေငှလိုစိတ်နှင့်လုပ်ဆောင် ပေးလိမ့်မည်။ မိမိ၏ခွန်အား၊ အစွမ်းနှင့် အောင်မြင်မှုများတို့သည် ထိုစာအုပ်များကပေးသောကောင်းကျိုးဖြစ်၏။ အကျင့်ကိုအခိုင်အမာ တည်ဆောက်ပြီးဖြစ်သောကြောင့်တည်း။ မိမိ၏အသက်တာပုံစံမှာ စာအုပ်ဖော်ပြပါညွှန်ကြားချက်အတိုင်း ပုံစံသွင်းပြီးသားဖြစ်နေ၍လည်း ထိုကောင်းကျိုးချမ်းသာသက်ရောက်စေသော စာကောင်းပေမွန်တို့ကို

ကိုင်တွယ်ရောင်းချလိုခြင်းဖြစ်ပါသည်။ ဤသို့ဘုရားသခင်၏ဝိညာဉ်တော်နှင့်ကောင်းကင်တမန်များတို့၏အကူအညီအားဖြင့်လည်းကောင်း၊ ဘုရားသခင်အစေခံရခြင်း၏အတွေ့အကြုံကြွယ်ဝမှုကြောင့်လည်းကောင်း မိမိအလုပ်တွင် အောင်မြင်ရခြင်းဖြစ်လေသည်။

အားထုတ်၍လုပ်ဆောင်သောလုပ်ရပ်အရေအတွက်မှသည် အရည်အချင်းသို့တက်လှမ်းလိုသော ဘုရားသခင်ကိုချစ်ကြောက်ရိုသေသူတို့ကိုခေတ်ကာလကတောင်းဆိုနေ၏။ ထိုသူတို့သည် မိမိအင်အားရှိသမျှနှင့်ဝိညာဉ်ကယ်ဆယ်ရေးတွင်လုပ်ဆောင်ပါက သခင်ယေရှုနှင့်သန့်ရှင်းသောကောင်းကင်တမန်များသည် အောက်မြင်မှုကိုပေးလိမ့်မည်။ သူတို့သည် အမှန်တရားကိုရှာဖွေနေသူတို့အား ဖြည်းညင်းခန့်ညားစွာမေတ္တာပါလျက် ကျမ်းစာသင်ပေးရာ၏။ ဤနည်းဖြင့်သူတို့သည် မြစ်နားတစ်လျှောက်မျိုးစပါးကြဲသည်နှင့်တူ၏။ အမှောင်ခွင်း၍အလင်းဆောင်ခြင်းဖြစ်သတည်း။ ဤအမှုကိုစိတ်သဘောထားဖြူစင်မှန်ကန်စွာလုပ်ဆောင်သူသည် အရေးကြီးအလုပ်တွင်သခင့်အစေကိုခံခြင်းဖြစ်၏။ ထိုသူတွင်ပျော့ညံ့ချက်ကိုမတွေ့ရ။ ယောင်ယမ်း၍ဒွိဟလည်းဖြစ်မနေ။ စိတ်သဘောထားကျယ်ပြန့်လာ၍ အပြုအမူအကျင့်တို့သည်လည်း စစ်ကြောပြီးဖြစ်နေမည်။ တိုးတက်မှုအတွက်ကန့်သတ်ချမရှိ။ ကောင်းမှုပြုရန် အစဉ်အသင့်ရှိပြီး လျော်ကန်သူများဖြစ်သတည်း။

---ooo---

# အခက်အခဲတိုင်းအတွက်ကူညီမှုပေးခြင်း

လမ်းပေါင်းတစ်ထောင်။ ကျွန်ုပ်တို့လူသားများမသိနားမလည်နိုင်သောနေရာတွင် ကောင်းကင်ဘုံခမည်းတော်ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်လမ်းပေါင်းတစ်ထောင်ကို စီမံထားပြီးဖြစ်၏။ ဘုရားသခင့်အမှုတော်တစ်ခုတည်းကိုသာ အမြတ်ဆုံးထားသောသူတို့သည် ဘဝလမ်းခရီးတွင် အခက်အခဲမရှိဖြောင့်ဖြူးလျက်သာရှိပေမည်။

အပေါ်ယံအောင်မြင်မှုနှင့်သာမတိုင်းတွာအပ်သောရလဒ်များ

ကျွန်ုပ်တို့သည် မှန်ကန်၍စိတ်အားကြီးသောခရစ်ယာန်များဖြစ်ဖို့လို၏။ ကျရာတာဝန်ကိုသစ္စာရှိစွာဖြင့်ထမ်းရွက်ရမည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းကိုအစအဦးစီရင်၍ စုံလင်စေတော်မူသောသခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ကျွန်ုပ်တို့ရရှိမည့်ရလဒ်သည် အပေါ်ယံအောင်မြင်မှု၌မူမတည်။ အလုပ်ကိုဘယ်ကဲ့သို့သောစိတ်သဘောမျိုးနှင့်လုပ်ကိုင်နေသည့်အပေါ်တွင်မူတည်၏။ ခရစ်ယာန်ဓမ္မစာပေဇော်ဂေလိအမှုတော်ဆောင်သည် လုပ်ငန်းအောင်မြင်ရေးအတွက်ဆုတောင်း၍ လုပ်ဆောင်ကြပါ၏။ မပြည့်ပါသော် အားမငယ်ပါနှင့်။ သစ္စာရှိစွာဖြင့်လုပ်ဆောင်ခဲ့သမျှအတွက် ရလဒ်ကိုမသိမြင်နိုင်၊ မခြင်တွယ်နိုင်ကြောင်းကိုတော့သတိရပါလေ။

စိတ်ဓါတ်ကျဆင်းရန်မလိုပါ။ လူသည် ထာဝရဘုရားသခင်ကိုမပြတ်မှီခို၍ ကိုယ်ကျိုးစွန့်သောအသက်တာမျိုးနှင့်မပြတ်ရှိနေပါသော် ထိုအမှုတော်ဆောင်သည် စိတ်ဓါတ်ကျဆင်းစရာအကြောင်းမရှိပါ။ စိုးရိမ်ပူပန်မှု

လည်းမလိုပါ။ နေရာတကာတွင် ထာဝရဘုရားသခင်ကိုလိုလားတောင့်တ သူတို့ရှိမည်ဖြစ်သကဲ့သို့ စာတန်ရှာဖွေနေသူများလည်းရှိနေကြောင်း သူတို့သိနေပါ၏။ ဘုရားသခင်ပညတ်တော်ကိုငြင်းပယ်၍ ဂရုမစိုက်ရန် သွန်သင်သူသည် အပြစ်ကျူးလွန်ဖြစ်၍ ထိုသူသည်စာတန်နှင့်ဆိုင်၏။

အောင်မြင်ရလိမ့်မည်။ ခမ္မစာပေဇဝဲဂေလိအမှုတော်ဆောင်သည် မိမိ၏လုပ်ငန်းတွင် အခက်အခဲနှင့်ကြုံတွေ့ရပါက စိတ်ပျက်စရာမလိုပါ။ ယုံကြည်ခြင်းဖြင့်ရှေ့ဆက်ကာ အလုပ်ပွားပါ။ အောင်မြင်ရပါလိမ့်မည်။ “ငါတို့သည်အသွေးအသားရှိသောရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြ သည်မဟုတ်။ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့် လည်းကောင်း၊ လောကမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့် ထောက်ပြ၍ မှားယွင်းသောအသက်တာကိုစွန့်ပြီး ဘဝသစ်ကိုခြေလှမ်းရန် သွန်သင်သောစာအုပ်ကိုတင်ပြလိုက်သည်နှင့်တစ်ပြိုင်တည်း စာတန် သည် ထိုစာအုပ်နားကပ်ကာ တစ်ဖက်လူကိုစာအုပ်မဝယ်ရန်၊ လက်သင့်မခံရန်အကြောင်းစုံပြတော့၏။ တစ်ချိန်တည်းမှာပင် အလင်း တရားကို နှစ်သက်မြတ်နိုးရန် ထာဝရဘုရားသခင်၏တန်ခိုးတော်သည် လူ၏စိတ်ကိုနှိုးဆော်ပေးလေ၏။ အစေခံနံ့ဝိညာဉ်ကောင်းကင်တမန် များတို့သည်လည်း စာတန်၏တန်ခိုးကိုဆန့်ကျင်တိုက်လှန်ပေးလေ သည်။ သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်မှုသည်လည်း လူ့စိတ် သဘောနှင့်အသ်ကတာအကျင့်ကို ပြောင်းလဲပေးနိုင်စွမ်းရှိလေသည်။

## ကောင်းကင်ဘုံသို့ယုံကြည်ခြင်းဖြင့်မျှော်ကြည့်ပါ

သခင်ခရစ်တော်၏မိန့်မှာတော်မူချက်များကိုစွဲလမ်းပါ။ သေချာတိကျမှုရှိ၏။ "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့" ဟု ကိုယ်တော်ဘုရားသခင်ပြောခဲ့ပြီမဟုတ်လော။ ဘယ်သောအခါမျှ မျှော်လင့်ချက်ကင်းမဲ့သည့်စကား၊ စိတ်ဓါတ်ကျဆင်းဖွယ်စကားမျိုးကို မပြောလေနှင့်။ သင်ပြောဆိုကသင်၌ဆုံးရှုံးမှုကြီးမားပေလိမ့်မည်။ အခက်အခဲကြုံတွေ့ရသည်နှင့်မျက်နှာပျက်ကာ အားနွဲ့သွားလေသော် သင်၌ ယုံကြည်ခြင်းအားနည်းနေ၏။ မကျန်းမာကြောင်းသက်သေထူနေပါသည်။ သင်၏ယုံကြည်ခြင်းသည် ဘယ်သောအခါမျှအရှုံးမရှိ၊ အားအင်မဆုတ်ယုတ်သွားကြောင်းကို အပြောနှင့်အလုပ်ဖြင့်သက်သေပြပါ။ ထာဝရဘုရားသခင်သည် သင့်ကိုကူညီမရန် အရာအားလုံးနှင့်ပြည့်စုံတော်မူ၏။ ကမ္ဘာကြီးကိုဘုရားသခင်ပိုင်တော်မူ၏။ သင်သည် ကောင်းကင်ဘုံသို့ ယုံကြည်ခြင်းဖြင့်မျှော်ကြည့်၍ ခေါင်းကိုကြွလော့။ အလင်းနှင်တန်ခိုးအစုံသည် ကိုယ်တော်ထံမှသည် သင့်ဆီသို့လုံလောက်စွာသက်ရောက်တော်မူလိမ့်မည်။ ဤကား ထာဝရဘုရားသခင်၏သနားခြင်းကြင်နာမှုပေတည်း။

## ထာဝရဘုရားသခင်၏ကတိတော်ကိုယုံကြည်ပါ

ထာဝရဘုရားသခင်အတွက် အမှုတော်ထမ်းရွက်သောသူတို့သည် စိတ်ဓါတ်ကျဆင်းစရာများနှင့်တွေ့ရပေလိမ့်မည်။ သို့သော်ကတိတော်သည် သူတို့အတွက်အမြဲရှိ၏။ "ကပ်ကမ္ဘာကုန်သည်တိုင်အောင် ငါသည်သင်တို့နှင့်အတူရှိသည်" (မဿဲ ၂၈း၂၀)ဟု ကိုယ်တော်ဘုရားသခင်မိန့်တော်မူခဲ့ပြီးလေပြီ။ သို့ဖြစ်၍ "ကျွန်ုပ်သည် ကိုယ်တော်

ဘုရားသခင်၏ကတိတော်ကိုယုံကြည်ပါ၏။ ပျက်ကွက်ခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်းမရှိစေရပါ” ဟုပြောနိုင်သောသူအား ထာဝရဘုရားသခင်သည် အံ့ဖွယ်အကောင်းဆုံးဘဝအတွေ့အကြုံမျိုးကိုပေးပါလိမ့်မည်။

## ကယ်တင်ရှင်သည်အမအစကိုပေးပို့ပါလိမ့်မည်

ကျွန်ုပ်တို့အကူအညီလိုအပ်နေချိန်တွင် ကယ်တင်ပိုင်ရှင်သည် ကျွန်ုပ်တို့ထံအမအစကိုပေးပို့ပါလိမ့်မည်။ ကောင်းကင်ဘုံသို့ချီရာလမ်းသည် ခြေတော်ရာအတိုင်းဆက်ကပ်ထားပြီးဖြစ်၏။ ကျွန်ုပ်တို့၏ခြေကိုဆူးစူးမိပါက ကိုယ်တော်သည်လည်း ထိုနာကျင်မှုကိုခံစားရလေသည်။ ကျွန်ုပ်တို့သည် ကိုယ့်လက်ဝါးကပ်တိုင်မထမ်းမီ ကိုယ်တော်သည် ကျွန်ုပ်တို့အရင်ရှေးမဆွကထမ်းခဲ့ပြီးလေပြီ။ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့ရုန်းကန်လှုပ်ရှားရန်ခွင့်ပြုခြင်းကား၊ ကျွန်ုပ်တို့၏အသက်ဝိညာဉ်ငြိမ်သက်ခြင်းချမ်းသာအတွက် ပြင်ဆင်မှုပင်ဖြစ်လေသည်။

## ကိုယ်တော်သည်စိတ်ပျက်နေသူကိုချီးမြှောက်တော်မူ၏

ထာဝရဘုရားသခင်သည် ကောင်းကင်ဘုံပလ္လင်ပေါ်မှနေ၍ ဖိနှိပ်ညှဉ်းဆဲခံလူတို့၏ငိုကြွေးသံကိုကြားနေပါ၏။ စိတ်တော်လည်းထိခိုက်နာကျင်လှပါသည်။ သို့ဖြစ်လေရာ၊ စိတ်ရင်းအမှန်နှင့်ယုံမှားစိတ်မရှိဆုတောင်းနေသူတို့အား “ငါသည်ဤနေရာတွင်ရှိ၏” ဟုအဖြေပေးနေပါသည်။ ဖိနှိပ်ခံအပယ်ရတနာများကို ကိုယ်တော်သည်ချီးမြှောက်တော်မူ၏။ ခံစားရသောရောဂါတို့တွင် ကိုယ်တော်လည်းပါဝင်ခံစားရပါသည်။ သွေးဆောင်မှုတိုင်းနှင့်စမ်းသပ်မှုတိုင်းတို့၌ ရှေ့တော်မှောက်

တွင် ခစားနေသောထာဝရဘုရားသခင်၏ကောင်းကင်တမန်သည် ကယ်နုတ်ရန် အနီးတွင်ရှိနေပါ၏။

## ဖွင့်နွဲခြင်းနှင့်ယုံမှားမှုဖြစ်ခြင်းတို့၏ဘေးရန်

ပုရောဖက်ယောနသည် မိမိ၏ကျရာဘုရားသခင်ပေးတာဝန်ကို ခက်ခဲသည်ဟုမှတ်ယူလိုက်သောအခါ ဘုရားသခင်ကိုမေးခွန်းထုတ်လို ပါသည်။ ထို့ကြောင့် အချိန်ဆိုင်းနေသည်။ ယုံမှားမှုဖြစ်၏။ ထိုသို့ သောအခါ စာတန်သည် သူ့အားစိတ်ဓါတ်ကျစေ၏။ ထာဝရဘုရား သခင်ပေးသနားတော်မူသောတာဝန်သည် ကြီးမားလင့်ကစား၊ လက်ခံ လုပ်ဆောင်သူ ဘုရားသခင့်တပည့်တော်အစေခံနှင့်အတူ ကိုယ်တော်ရှိကာ အောင်မြင်မှုကိုပေးသနားလေ၏။ ဤသည်ကား ထာဝရဘုရားသခင်၏ သနားကြင်နာမှုအာမခံချက်ပေတည်း။

## သူရဲဘောမကြောင်ပါနှင့်

ဘယ်သောအခါမျှအခက်အခဲကိုမကြောက်ရွံ့ပါနှင့်။ သူရဲဘော မကြောက်ပါနှင့်။ အမြင်မရှင်း၍သင့်ကိုဆန့်ကျင်သည်များကိုဘယ်သဘော အခါမျှ ယုံကြည်ခြင်းကင်းမဲ့စွာမပြောဆိုလိုက်ပါနှင့်။ သခင့်အစေခံ နေစဉ် သင်၌လိုအပ်မှုများစွာရှိနေပေလိမ့်မည်။ သို့သော်သင်၏တောင်း လျှောက်မှုများကို ဘုရားသခင်မစတော်မူမည်။ သင်သာလျှင် ဤသို့ သောစကားကိုပြောဆိုလိုက်ပါ။ “ထာဝရဘုရားသခင်သည် ငါ့ကို စောင့်မတော်မူလိမ့်မည်။ ထိုကြောင့် ငါမရှုံးရသည်ဖြစ်၍ ကိုယ်မျက်နှာ ကိုမီးကျောက်ကဲ့သို့ထားလျက် ရှက်ကြောက်ခြင်းသို့မရောက်ရဟု ငါသိ၏။ ” (ဟေရှာယ ၅၀း၇)။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် မျှော်လင့်ခြင်း၊ ရဲစွမ်းခွန်အားနှင့်ပြည့်ဝ ကြကုန်အံ့။ ထာဝရဘုရားသခင်၏အမှုတော်မြတ်တွင် စိတ်ပျက်အား လျော့ညှိုးငယ်ခြင်းသည်အပြစ်ဖြစ်၍ အကျိုးအကြောင်းမရှိ။ ကိုယ်တော် သည် ကျွန်ုပ်တို့၏လိုအပ်ချက်တိုင်းကိုသိမြင်၏။ ကိုယ်တော်ထံတွင် တန်ခိုးအစုံအလင်ရှိ၏။ အမှုတော်တွင်လိုအပ်သလိုထိရောက်မှုရှိစေရေး အတွက် မိမိ၏အစေခံကိုအားဖြည့်ပေးနိုင်လေသည်။

ခွန်အားသစ်ယူ၍မျှော်လင့်ခြင်းစကားကိုသာပြောဆိုပါ။ အခက် အခဲအတားအဆီးများကိုကျော်လွှားပါ။ သင်သည်ယေရှုခရစ်တော်နှင့် ဝိညာဉ်ရေးအရ ထိမ်းမြားဆက်ဆံ၍နေလေပြီ။ နှုတ်ထွက်စကားတော်သည် သင့်အဖို့အာမခံချက်ဖြစ်၏။ အသက်ရှင်သောယုံကြည်စိတ်ချမှုဖြင့် သင်၏ကယ်တင်ပိုင်ရှင်ထံချဉ်းကပ်ပါ။ လက်ဆက်ထားပါ။ ကိုယ်တော် ပြဋ္ဌာန်းတော်မူရာလမ်းခရီးကိုလျှောက်လှမ်းပါ။ စေခိုင်းရာကိုပြုလုပ်ပါ။ ထာဝရဘုရားသခင်သည် နှစ်သက်တော်မူသောသူအား သွန်သင်သကဲ့သို့ သင့်ကိုသွန်သင်ပါလိမ့်မည်။

## ကာလက်၏ယုံကြည်ခြင်းမျိုးကိုလေ့ကျင့်ပါ

ထာဝရဘုရားသခင်၌ထားရှိသော ကာလက်၏ယုံကြည်ခြင်းမျိုး သည် ကာလက်ကိုရဲရင့်စေ၏။ လူကိုကြောက်ရွံ့ခြင်းမရှိ။ အမှန်တရား ဘက်၌ရပ်တည်ကာကွယ်ဖို့လိုအပ်လာလျှင် လူ့ဘီလူးများကဲ့သို့သော လူထွားကြီးအာနပ်သားများကိုသော်မျှ ဂရုမစိုက်။ ရဲရင့်စွာရင်ဆိုင်ဝံ့၏။ ထိုကဲ့သို့သောမူလဇစ်မြစ်မှအရင်းခံ၍ ကောင်းကင်သားအပေါင်းတို့၏ စစ်သူကြီးချုပ်သည် သခင်ခရစ်တော်၏ကပ်တိုင်တော်ကိုထမ်းရွက် နေသူတိုင်းအား ခွန်အားနှင့်ရဲစွမ်းကိုပေးတော်မူ၏။ ယခုတွင်ကာလက်

ကဲ့သို့သောသူများစွာကို ကမ္ဘာကအလိုရှိ၏။ လတ်တလောအရေးကြီး
လုပ်ငန်းတွင် အားအင်သစ်နှင့်ရဲရင့်သောသတင်းကိုပေးပို့မည့်သူများစွာ
လိုအပ်နေပါသည်။

## ဆုံးဖြတ်ချက်နှင့်ထမ်းရွက်ရမည့်အလုပ်

ထာဝရဘုရားသခင်၏အမှုတော်တွင်ပါဝင်ထမ်းရွက်နေသူတို့သည် အသက်ဝိညာဉ်အောင်မြင်ရမည်ဟူသောဆုံးဖြတ်ချက်မျိုးကိုပြုရပါမည်။ မလျှော့သောလုံ့လကိုဖက်၍ စိတ်ဓါတ်ကျဆင်းမကိုရှောင်လျက် ထာဝရဘုရားသခင်၏တန်ဆာပလာအဖြစ်အသုံးတော်ခံခြင်းဖြင့် ပျက်စီးသူကိုကယ်တင်နိုင်ကြောင်း သတိရပါ။ ကျေးဇူးတော်ပလ္လင်သည် ကျွန်ုပ်တို့၏ထာဝစဉ်မှီခိုအားကိုးရာ အမှီတံကဲပင် မဟုတ်ပါလော။

## အခက်အခဲများကိုရဲရင့်စွာရင်ဆိုင်ပါ

အခက်အခဲများကိုဝိညာဉ်ပကတိစိတ်နှင့်ရင်ဆိုင်ပါက သင်၏ယုံကြည်ခြင်းနှင့်သည်းခံခြင်းတရားကိုတိုးပွားစေ၏။ အခက်အခဲများနှင့် ရင်ဆိုင်ရလေ၊ ခရစ်ယာန်အတွေ့အကြုံရင့်ကျက်လေဖြစ်၏။ သို့ဖြစ်၍ ရဲရင့်စွာရင်ဆိုင်လိုက်ပါ။ အလင်းဘက်ကိုကြည့်မြင်ပါ။ အကယ်၍ လုပ်ငန်းသည် နှောင့်နှေးနေပါက သင်၌အမှားအယွင်းရှိမရှိကို သေချာစွာဆန်းစစ်ပါ။ သို့ပြီးမှ ရှေ့ဆက်ကာ ဘုရားသခင်၌ဝမ်းမြောက်လျက် အမှုတော်ကို ထမ်းရွက်ပါလေ။

ဆင်းရဲအခက်အခဲဖြင့်စမ်းသပ်ခံရခြင်းသည်အကျိုးကျေးဇူးမည်၏

အခက်အခဲဆင်းရဲနှင့်ကြုံတွေ့ရသည်ရှိသော် အဘိုးယာကုပ်နှင့်တူပါ။ အမှောင်ထုထဲတွင် ရန်သူနှင့်လုံးထွေးသတ်ပုတ်နေသည်ဟု ကျွန်ုပ်တို့ထင်မှတ်လျက် ရှိသမျှအင်အားကိုသုံး၏။ သို့သော်နှစ်သိမ့်မှုကိုမရ။ ကယ်နုတ်ခြင်းလည်းမခံရချေ။ ---အခက်အခဲများဟူသည် အကျိုးအမြတ်ဖြစ်ကြောင်းနားလည်သင့်ပြီ။ ဘုရားသခင်၏ဆုံးမတော်မူခြင်းကို မထီမဲ့မြင်မပြုရပါ။ ထာဝရဘုရားသခင်၏ဆုံးမခြင်းကိုခံယူရာ၌လည်း နွမ်းနယ်သွားခြင်းမရှိစေရပါ။

သခင်ယေရှုသည်ကျွန်ုပ်တို့အဖို့စွမ်းအားဖြစ်၏

သခင်ခရစ်တော်အတွက်အမှုတော်ဆောင်သူများသည် အလုပ်လုပ်ရာ၌အကျိုးကျေးဇူးမရှိ။ ဆုံးရှုံးခြင်းသက်သက်သာဖြစ်ရ၏ဟု ဘယ်သောအခါမျှမထင်မှတ်အပ်ပါ။ မပြောဆိုအပ်ပါ။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် အရာအားလုံးတွင်စွမ်းအားဖြစ်၏။ ကိုယ်တော်၏ ဝိညာဉ်သည် ကျွန်ုပ်တို့ကိုအားသစ်လောင်းပေး၏။ အလင်းဆောင်ရန် မိမိအသက်တာကိုလက်တော်သို့အပ်နှံလိုက်သောအခါ မကုန်မခန်းနိုင်သောကောင်းမှုလုပ်ရပ်များဖြစ်ပေါ်လာ၏။ ကိုယ်တော်ဘုရားသခင်သတ်မှတ်ထားသောစံနှုန်းကို ကျွန်ုပ်တို့ပြည့်မီရုံမျှမက အကန့်အသတ်မရှိကျေးဇူးတော်ကိုခံစားရရှိနိုင်ပေ၏။

ကြီးမားအံ့ဖွယ်ရာများကိုမျှော်လင့်ပါ

သင့်ကိုပေးသောအောင်မြင်မှုသည် သင်ပိုင်ဆိုင်သောစွမ်းပကားကြောင့်မဟုတ်၊ သင့်ခွန်အားဖြင့်ရရှိနိုင်မည်လည်းမဟုတ်။ ဘုရားသခင်

ပြုတော်မူသောကျေးဇူးတော်သက်သက်ဖြစ်၏။ ယုံကြည်သူတိုင်းသည် လူသားကိုကျော်၍ ဘုရားသခင်ကိုပိုမိုအားကိုးမှီခိုရန်ဖြစ်လေသည်။ ကိုယ်တော်ကို ယုံကြည်ခြင်းဖြင့်ကြိုးစားလှမ်းကိုင်ထားပါ။ ကိုယ်တော်ထံမှကြီးမားသောကောင်းချီးများကိုမျှော်လင့်တောင့်တပါ။ ထိုသခင်သည် သင့်အားလောကသားတို့၏ခေတ္တမျှသောကောင်းချီးများနှင့် ဝိညာဉ်ရေးဆိုင်ရာကောင်းချီးများကိုပေးကမ်းလို၏။ ကိုယ်တော်သည် သင်၏ဉာဏ်မျက်စိကိုစူးရှစေနိုင်၏။ သင်၏လုပ်ငန်းခွင်တွင် လိမ္မာပါးနပ်ကျွမ်းကျင်မှုရှိရန်ကူညီနိုင်၏။ သို့ဖြစ်၍ သင့်စွမ်းရည်ကိုအလုပ်အကိုင်တွင် စုံးစုံးမြုပ်၍ ထာဝရဘုရားသခင်ထံတော်မှဉာဏ်ပညာကိုတောင်းခံပါ။ ကေန်မှချသင်ရရှိပါလိမ့်မည်။

## အခက်အခဲအားလုံးကိုဖယ်ရှားပေးမည်

အကယ်၍သာသင်သည် နေ့တိုင်းအစဉ်ထာဝရဘုရားကိုရှာဖွေလျက် စိတ်နှလုံးပြောင်းလဲသော်လည်းကောင်း၊ သင်၏စိတ်ဆန္ဒအလိုအရ ထာဝရဘုရား၌ဝမ်းမြောက်ရန်ရွေးချယ်သော်လည်းကောင်း၊ ထာဝရဘုရားသခင်၏ဖိတ်ခေါ်မှုကိုလက်ခံကာ သဘောတူနာခံလျက် သခင်ခရစ်တော်၏ထမ်းပိုးကိုထမ်းရွက်သော်လည်းကောင်း သင်သည် ညည်းညူခြင်းမှကင်းဝေး၍ သင်၏အခက်အခဲအပေါင်းတို့သည် ဖယ်ရှားခြင်းကိုခံရလိမ့်မည်။ သင်ရင်ဆိုင်ကြုံတွေ့နေရသောခဲရာခဲဆစ်ပေါင်းစုံတို့သည်လည်း အဆင်ပြေသွားပါလိမ့်မည်။

အံ့ဖွယ်အကောင်းဆုံးဘုရားသခင်၏အစီအမံဖြင့် အခက်အခဲတည်ရာတောင်ကြီးတောင်ငယ်တို့သည် သင့်ထံမှကွာ၍ ပင်လယ်နက်ထဲသို့ဖယ်ရှားပစ်ချခြင်းကိုခံရပေလိမ့်မည်။

---ooo---

## အပိုင်း (၅)

# အမှန်တရားနှင့်ပြည့်ဝသောစာအုပ်စာပေများ

# သတင်းစကားပေးသောစာအုပ်စာပေများ

## တတိယကောင်းကင်တမန်သတင်းစကားကိုကြွေးကြော်ခြင်း

ထာဝရဘုရားသခင်သည် ခရစ်ယာန်ဓမ္မစာပေဖြန့်ချီရေး လုပ်ငန်းတွင်ပါဝင်လုပ်ကိုင်ရန် သင့်အားဖိတ်ခေါ်လျက်နေ၏။ မျက်မှောက်ခေတ်သမ္မာတရားအလင်းဆောင်သော စာအုပ်စာပေများကို နေရာအနှံ့ဖြန့်ချိရန်ဖြစ်လေသည်။ အချိန်ကာလ၏အဓိပ္ပါယ်အမှုတို့သည် ပြည့်စုံနေပြီဖြစ်ကြောင်းကို လောကသားတို့သိနားလည်ရန်လိုအပ်ပေ၏။ ထိုစာအုပ်များဖြင့် သင်သည် ထိုသူတို့အားတရားအလင်းပေးနိုင်မည် ဖြစ်ပါသည်။

တရားတော်တွင်ဇာတာသက်ကြီး၍ ကြာညောင်းလုပြီဖြစ်သော လူတို့သည် ငိုက်မျဉ်းအိပ်ပျော်လျက်ရှိ၏။ ထိုသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သန့်စင်ခြင်းခံယူဖို့ရန်လိုအပ်လေသည်။ တတိယကောင်းကင်တန်သတင်းစကားကို ပျံ့နှံ့ကျယ်လောင်စွာ ကြွေးကြော်ရမည့် ယခုလိုကာလမျိုးတွင် အချိန်ကိုဖြုန်းတီးရန်မရှိတော့ပြီ။ လောကသားအပေါင်းတို့ကို တရားအလင်းပေးဆောင်ရမည့်ယခုလို အချိန်တွင် ကျွန်ုပ်တို့သည် အသေးအဖွဲအမှုများဖြင့် အချိန်မကုန်သင့်တော့ပါ။ ဤသည်ကိုထာဝရဘုရားသခင်ပညတ်တော်မူ၏။

သတိပေးစကားတို့ကို ကမ္ဘာ့နေရာအနှံ့သယ်ယူပို့ဆောင်ရပေမည်။ ကျွန်ုပ်တို့၏ခရစ်ယာန်ဓမ္မစာပေများတို့ကိုလည်း ဘာသာစကားပေါင်းများစွာဖြင့် ပုံနှိပ်ထုတ်ဝေရမည်။ စိတ်နှလုံးနိမ့်ချ၍သစ္စာရှိသောဘုရားသခင့်တပည့်တော်၊ တပည့်တော်မအပေါင်းတို့သည် ဓမ္မစာပေဧဝံဂေလိအမှုတော်ဆောင်များအဖြစ် ထိုစာအုပ်များကိုသယ်ဆောင်လျက် နေရာအနှံ့ဖြန့်ဖြူးရောင်းချရန်လို၏။ အကြောင်းမှာ ထိုခရစ်ယာန်ဓမ္မစာပေများအားဖြင့် သာလျှင် တရားတော်အလင်းကိုဖတ်ရှုကြားသိနိုင်မည့်သူများရှိကြပါသည်။

## သေချာတိကျသောလုပ်ငန်းတစ်ခု

ကယ်တင်ပိုင်ရှင်ကိုစောင့်မျှော်နေသည်ဆို၍ ဖြန့်ချိရောင်းချရန်သောစာအုပ်စာပေများတွင် ယနေ့အတွက်သမ္မာတရားအထူးသတင်းမပါဘဲရှိနေခြင်းသည် ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တစ်ဦးအတွက် မသင့်လျော်ပါ။ ဒဏ္ဍာရီပုံပြင်စာအုပ်များ၊ နာမည်ကျော်ပုဂ္ဂိုလ်များအကြောင်း လူ့အမြင်ရှုထောင့်စုံလင်စွာသောစာအုပ်စာပေများကို ကိုင်ဆောင်ရောင်းချနေသူများစွာကိုတွေ့မြင်ရသောအခါ ကျွန်မစိတ်ထိခိုက်ရပါသည်။ ဤစာအုပ်များကို ဤလောကနေရာအနှံ့တွင်တွေ့မြင်နိုင်ပါ၏။ နေရာအနှံ့ဘုရားသခင်၏အမှန်တရားသတင်းကိုလိုအပ်နေချိန်တွင် ဘုရားသခင်၏တပည့်တော်၊တပည့်တော်မတို့သည် အဘယ်ကြောင့်လောကအလုပ်နှင့်ရောပြွမ်းကာလုပ်ဆောင်နေကြပါသနည်း။ ၎င်းသည် ကျွန်ုပ်တို့၏အလုပ်မဟုတ်ပါ။ ပို၍ကောင်းမွန်သောပညာအလင်းတရားမရှိသေးသူတို့၏အလုပ်ဖြစ်ပါသည်။ ကျွန်ုပ်တို့တွင်တိကျသေချာသောအလုပ်ရှိလေရာ ထိုအလုပ်မှလက်ယာဘက်၊ လက်ဝဲဘက်သို့မတိမ်းစောင်းပါစေနှင့်။ ယနေ့အတွက်သမ္မာတရားအလင်းမပါသောလောကရှိစာအုပ်စာပေ

တို့နှင့်လူတို့ကိုလည်း အမှုတော်မြတ်တွင်မရှိပါစေနှင့်။ ထိုသူတို့ကို အလုပ်မခန့်သင့်ပါ။

အကယ်၍သာ သောင်းပြောင်းထွေလာစာအုပ်စာပေတို့ကိုသတိ မမူကြပါက စာပေလောကသည် ညစ်ညမ်းသောစာပေအပါအဝင် အပေါစားဆန်ဆန်စာအုပ်များနှင့်သာ လွှမ်းမိုးနေရာယူပေတော့မည်။ သို့ဖြစ် လျှင် ထာဝရဘုရားသခင်၏လမ်းခရီးတော်ကို အဘယ်သို့လျှင် ပြင်ဆင်နိုင်ကြပါမည်နည်း။ အမှန်တရားအလင်းတော်ကိုလူသားတို့သည် အဘယ်မှာလျှင်တွေ့မြင်နိုင်ပါမည်နည်း။

လူ့အသက်ဝိညာဉ်အားအလင်းဆောင်သောစာအုပ်များကိုကိုင်တွယ်ပါ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တို့သည် လူ့အသက်ဝိညာဉ် အတွက် ခွန်အားအလင်းဆောင်သောစာအုပ်များကိုသာ ကိုင်တွယ်ရောင်းချပါ။ ဤစာအုပ်များ၏အနှစ်သာရကိုလည်း မိမိကိုယ်တိုင်သိမြင်ခံစားနိုင် ပါစေ။ ပြည်သူလူထုထံဤစာအုပ်စာပေတို့ကို အဓိကထားပို့ဆောင် ဖြန့်ဖြူးပေးပါ။ သို့ပြုလျှင် ထာဝရဘုရားသခင်၏ကောင်းကင်တမန် များတို့သည် သင့်အလုပ်တွင်အောင်မြင်မှုပေးမည်။ ကြွယ်ဝလေးနက် သောအတွေ့အကြုံဗဟုသုတကိုလည်း သင်ရရှိပါလိမ့်မည်။

ယုံကြည်ခြင်း၏သက်သေများကိုသွန်သင်ပေးပါ

ကျွန်ုပ်တို့၏အမှုတော်ဆောင်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ချက် များဖော်ပြပါဝင်သော စာအုပ်စာပေများကိုဦးစွာအာရုံပြုလေ့လာကြရ မည်။ ထိုစာအုပ်တို့တွင် ကျမ်းစာသွန်သင်ချက်များပါဝင်၏။ လာမည့်

နောင်ရေးစမ်းသပ်စစ်ဆေးရာကာလတစ်လျှောက်၌ မားမားမတ်မတ်ရပ်တည်နိုင်ရန်လည်း လူကိုပြင်ဆင်ပေးပါသည်။ ကျွန်ုပ်တို့သည်ဆုတောင်းရင်းနှင့် လူတို့အားကျမ်းစာသွန်သင်ပေးရမည်။ လိမ္မာပါးနပ်စွာဖြင့် ကျွန်ုပ်တို့၏စာအုပ်စာပေများကို လူတို့လက်တွင်းသို့ပျံ့နှံ့စွာရောက်ရှိစေရမည်။ ဤနည်းဖြင့် ထိုသူတို့ထံအလင်းကိုဆောင်၍ တရားတော်နှင့်အညီ တစ်ဖန်ထိုသူတို့အား ဝိညာဉ်စပါးရိတ်သိမ်းသူများဖြစ်စေနိုင်ကြပါသည်။ ထပ်မံ၍ ကျွန်ုပ်တို့ကဲ့သို့သူတို့သည်လည်း ဆင့်ကဲခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များဖြစ်နိုင်ကြပါသည်။ သို့ပြုလျှင် ကျွန်ုပ်တို့အားလုံးသည် အမှန်တရားကိုပုဆိုးခါးစည်းသကဲ့သို့မြဲစေ၍ ခရစ်ယာန်သာသနာမီးခွက်အလင်း ထာဝစဉ်ထွန်းလင်းနိုင်ကြမည်သာတည်း။

## ယနေ့အတွက်အမှန်တရားပါဝင်နေခြင်း

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တို့ကိုသက်ဆိုးတိုင် ဓမ္မစာပေအားဖြင့် ခရစ်ယာန်သာသနာပြုရန် တိုက်တွန်းအားပေးရမည်။ အကြောင်းမူကား၊ သူတို့ရောင်းသောစာအုပ်စာပေတို့သည် ဒဏ္ဍာရီပုံပြင်များမဟုတ်။ ယနေ့အတွက် အမှန်တရားပါဝင်သောသတင်းစကားတို့ပါဝင်နေ၏။ ဤသည်ကိုယနေ့ကမ္ဘာ့လူသားတို့သည် လိုအပ်လျက်ရှိနေပါ၏။

## စမ်းသပ်ခံအမှန်တရားများကိုလူတို့အားပေးပါ

ကျွန်ုပ်တို့စာပုံနှိပ်တိုက်မှထုတ်ဝေသောစာပေအများစု၌ ယနေ့အတွက်မရှိမဖြစ်၊ မသိမဖြစ်သောအမှန်တရားသည်ပါဝင်နေ၏။ ဤစာအုပ်စာပေတို့ကို အမှုတော်ဆောင်၊ ဘုရားသခင့်တပည့်တော်၊တပည့်တော်မအပေါင်းတို့သည် သေချာတိကျသောသွန်သင်ချက်ဖြင့် လူတို့အား

ထာဝရတရားလမ်းပေါ်သို့ရောက်ရှိလာစေရန် နှိုးဆော်ပေးရမည်။ အောင်လံပေါ်တွင် စာတန်းထိုးထားသော “ဘုရားသခင်၏ပညတ်တော်နှင့်ယေရှု၏သက်သေခံချက်” စာသားကိုလည်း စွဲမြဲစွာကိုင်ဆောင်ထားရမည်။

ဤခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအလုပ်ကို အားသစ်လောင်းရန်ကျွန်မတိုက်တွန်းမှုကိုခံရပါသည်။ စာစောင်ငယ်များ၊ လက်ကမ်းစာစောင်၊ ဂျာနယ်များတို့ကိုလည်း သက်သေခံချက်စာအုပ်ကြီးများနှင့်ပူးတွဲကာ အစုံလိုက်ရောင်းချနိုင်ပေသည်။ ထိုအမှုကိုလုပ်ဆောင်ရမည်လည်းဖြစ်၏။

---ooo---

# အရေးကြီးသတင်းစကားပါဝင်သောစာအုပ်များ

## စာတန်၏ဖေါက်ပြန်မှုကိုမီးမောင်းထိုးပေးသောစာအုပ်များ

ယခုအချိန်သည် စာတန်၏နောက်ဆုံးပိုင်းနေဝင်ချိန်ဖြစ်၏။ ကောင်းကင်ဘုံမှ အဘယ်ကြောင့် မိမိနှင်ထုတ်ခံခဲ့ရကြောင်းကို လူသားတို့သိအပ်ပေသည်။ ဤအကြောင်းအလုံးစုံကို သက်သေခံချက်စာစောင်များကဖေါ်ပြထားလေရာ၊ ထိုစာအုပ်စာပေတို့ကို ကမ္ဘာအနှံ့ ပြန့်ကျဲစေရမည်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ၊ ဒံယေလကျမ်းနှင့် ဗျာဒိတ်ကျမ်း၊ စကြဝဠာတိုက်ပွဲကြီး စသောသက်သေခံချက်စာအုပ်ကြီးတို့သည် ယခင်ကာလကထက် ယခုပိုမို၍လိုအပ်လာလေသည်။ ထိုစာအုပ်တို့သည် ဝိညာဉ်တော်တရားအလင်းကွယ်နေသူများကိုမြင်တွေ့စေနိုင်မည်ဖြစ်၏။ ...ကျွန်ုပ်တို့ယုံကြည်သူချင်းညီအစ်ကိုများပင်လျှင် ဤအရာ၌သတိမပြုမိကြပါချေ။ အထူးသဖြင့် ဥရောပနိုင်ငံများတွင် အကယ်၍သာ ဤစာအုပ်စာပေများကိုလိမ္မာပါးနပ်ကျွမ်းကျင်စွာ ဖြန့်ချိရောင်းချနိုင်ခဲ့ပါမူ၊ ယခုကဲ့သို့ကျင့်သုံးနေသောပထမနေ့ဥပဒေ **(Sunday day Law)** လှုပ်ရှားမှုသည် အသက်ဝင်တော့မည်မဟုတ်ပါ။

ထာဝရလိုအင်သက်တော်စဉ်၊ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ၊ စကြဝဠာတိုက်ပွဲကြီး၊ ဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းစာအုပ်များတွင် တန်ဖိုးကြီးညွှန်ကြားသွန်သင်ချက်များပါရှိလေသည်။ ဤစာအုပ်များကို အထူးအရေးကြီးစာအုပ်များဟူ၍ သဘောထားရမည်။ လူတို့၏

လက်တွင်းသို့ရောက်ရှိစေရန်ကိုလည်း ကြိုးပမ်းကြရပါမည်။ ထိုစာအုပ်များအားဖြင့် ထာဝရဘုရားသခင်၏ရွေးချယ်ခံလူတို့၌ အထူးတရားတော်အလင်းရှိကြောင်းသိရလေသည်။ ထာဝရဘုရားသခင်၏ကောင်းကင်တမန်များတို့သည်လည်း လူတို့၏စိတ်နှလုံးကိုပြင်ဆင်ပေးရန် ဤစာအုပ်များတို့နှင့်အတူလိုက်ပါသွားလေသည်။

## ယေရှု၏သက်သေခံချက်စာစောင်များ

ခရစ်တော်သရုပ်ပြသွန်သင်များ။ ဤစာအုပ်ကိုညီအစ်ကိုမောင်နှမများစိတ်ဝင်စား၍ ဖြန့်ချိရောင်းချကြသည်ကိုတွေ့မြင်ရ၍ ထာဝရဘုရားသခင်ကိုချီးမွမ်းမိပါသည်။ ဤစာအုပ်တွင်ခရစ်တူအသက်တာနှင့်လူသားတို့နေထိုင်ကျင့်ကြံသွားရန် ညွှန်ကြားထားလေသည်။ အထက်ဖေါ်ပြပါစာအုပ်ကြီးများကိုလည်း နေရာအနှံ့ရောင်းချရပေမည်။ အဘယ်အရာကမျှ ဤရောင်းချမှုကိုမဟန့်တားစေရပါ။

ဤစာအုပ်ကြီးများကိုအသင်းသူအသင်းသားတိုင်း၏နေအိမ်တွင်ရှိစေရမည်။ ထိုမှတစ်ဖန်လက်ဆင့်ကမ်းဝေငှ၊ရယူရောင်းချပေးခြင်းဖြင့် ဝိညာဉ်ခွန်အားကိုတိုးပွားစေနိုင်လေ၏။ ခရစ်တော်သရုပ်ပြသွန်သင်ချက်များစာအုပ်ကိုဖတ်ရှုနားလည်၊ရောင်းချပေးခြင်းဖြင့် အခြားစာအုပ်ကြီးများကိုကိုင်တွယ်ရောင်းချတတ်လာမည်ဖြစ်ရာ ဤစာအုပ်ကိုအသင်းသူအသင်းသားတိုင်းမျက်ကွယ်မပြုသင့်ပေ။

ဤစာအုပ်များ၏သြဇာသက်ရောက်မှု။ မမဝှိုက်သည် ဤစာအုပ်များ၏မူပိုင်ကလောင်ရှင်မဟုတ်ပါ။ သူမသည် ဘုရားသခင်ပေးတာဝန်ကိုထမ်းဆောင်နေစဉ်တစ်လျှောက် ခံယူရရှိသောဘုရားသခင်ပေးသွန်သင်

ချက်၊ ညွှန်ကြားချက်များသာဖြစ်ပါသည်။ တစ်နည်းဆိုရသော် လောက သားတို့သိရှိရန် ထာဝရဘုရားသခင်ထံမှလာသောတန်ဖိုးကြီးနှစ်သိမ့်မှု အလင်းကို လက်ဆင့်ကမ်းဝေမျှခြင်းသာဖြစ်ပါသည်။ ဤစာစောင် များအားဖြင့် လူတို့သည် မိမိ၏ကယ်တင်ပိုင်ရှင်ကိုပိုမိုသိကျွမ်းစေလေ ၏။ အသက်တာ၏အင်္ဂါတစ်ခုဟုဆိုရချိမ့်မည်။ နှုတ်မထွက်သော သက်သေခံချက်များပေတည်း။ ယခင်ကာလတွင် ဤစာအုပ်စာပေများ သည် အသက်ဝိညာဉ်မြောက်မြားစွာကိုပြောင်းလဲစေခဲ့၏။ ထိုစာအုပ် များကိုဖတ်ရှုခြင်းဖြင့် သခင်ခရစ်တော်၏ကိုယ်စားပြုအသေခံခြင်းကို သိမြင်ခွင့်ရသကဲ့သို့ ထိုတန်ခိုးတော်ကိုယုံကြည်စိတ်ချထားရန်မျှော်လင့် ချက်ဖြစ်လာပေသည်။ လူကိုဖန်ဆင်းရှင်မြတ်နှင့်ထိတွေ့လာစေရုံမျှမက ကယ်တင်ပိုင်ရှင်ကြွဆင်းလာမည့်အချိန်ကိုပြင်ဆင်စောင့်စားမျှော်လင့် လျက် ထာဝရအိမ်တော်ကိုတမ်းတစေပါ၏။ နောင်အချိန်တွင်မူ ယင်းစာအုပ်များသည် ဧဝံဂေလိတရားကိုနားလည်စေပါ၏။ အကြောင်း မှာ ထိုစာအုပ်များသည် ရှင်းလင်းပြတ်သား၍ ထာဝရဘုရားသခင်၏ ကယ်တင်ခြင်းလမ်းစဉ်ကိုဖေါ်ပြနေသောကြောင့်တည်း။

## တရားအလင်းပေးသောစာအုပ်များကိုသာရောင်းပါ

ထာဝရဘုရားသခင်သည် မိမိ၏လူတို့အားများစွာသောသွန်သင် ချက်ကို ကျမ်းတစ်ခုအပေါ်မှာတစ်ခု၊ တစ်နည်းအပေါ်မှာတစ်နည်း၊ ဟိုဘက်မှာအနည်းငယ်၊ ဒီဘက်မှာအနည်းငယ်ပေး၍ အလိုတော်ကို သိနားလည်စေပါသည်။ ဤသည်ကိုလူတို့သည် သတိမမူမိကြပါ။ ထာဝရဘုရားသခင်သည် လူအပေါင်းတို့ကိုသမ္မာကျမ်းစာတည်းဟူသော ပို၍တောက်ပသည့်အလင်းကိုဖူးတွေ့မြင်လေ့လာစေလို၏။ ထိုအဆင့်

သို့လွယ်လွယ်နှင့်ရောက်ရှိရန် အလင်းငယ်တည်းဟူသောသက်သေခံ ချက်စာစောင်များကိုသုံးလေ၏။ ထိုစာအုပ်စာပေတို့မှဖေါ်ပြထားသော အလင်းတရားအတိုင်း လူတို့သည် ကျင့်ကြံအားထုတ်လိုက်နာပါက မည်မျှကောင်းမြတ်လိမ့်မည်ဖြစ်ခြင်း။ သို့ပြုလျှင် လူသည်အဆတစ် ထောင်သောခွန်အားနှင့်ဖြိုးမောက်လာမည်ဖြစ်၏။ အဆတစ်ထောင် သောလုံ့လနှင့်မိမိကိုယ်ကိုငြင်းပယ်နိုင်စွမ်းလည်းရှိလာပေမည်။ ယနေ့ အတွက်အမှန်တရားအလင်းဇုန်နယ်တွင် လူသည်ပိုမို၍ဝမ်းမြောက်လာ ကြပေလိမ့်မည်။

သို့ဖြစ်၍ညီငယ်နှမငယ်အပေါင်းတို့၊ ကြီးမားသောအဟုန်ဖြင့် ဤစာအုပ်စာပေတို့ကိုဖြန့်ချိကြကုန်လော့။ဤအလုပ်တွင်စိတ်နှလုံး အကြွင်းမဲ့မြှုပ်နှံလိုက်ပါ။ ထာဝရဘုရားသခင်၏ကောင်းချီးကို သင်ခံစားရပါလိမ့်မည်။ ယုံကြည်ခြင်းဖြင့်ရှေ့ဆက်ကာ အလုပ်ပွားပါ။ လူတို့၏စိတ်တွင် တရားအလင်းရရှိဖို့ရန်ကိုလည်း ဆုတောင်းပါ။ သင့်လုပ်ရပ်အားဖြင့် သင်သည်ခရစ်ယာန်စစ်မှန်ကြောင်းကိုသက်သေ ပြပါ။ ကောင်းကင်ဘုံအလင်းတွင်လျှောက်လှမ်း၍ အမှုတော်ဆောင်ပါ။ သင်၏ခရီးလမ်းသည်ဖြောင့်မတ်၍ အရုဏ်ဦးအလင်းကဲ့သို့တိုး၍ ထိန်လင်းလာပါလိမ့်မည်။

## “ထာဝရဘုရားသခင်မိန့်တော်မူ၏” ဟူသောတရားမှန်များ

အဘယ်သူသည ရှေးဘိုးဘေးများနှင့်ပုရောဖက်များ၊ စကြဝဠာ တိုက်ပွဲကြီးနှင့် ထာဝရလိုအင်သက်တော်စဉ် စာအုပ်များကိုသေသေ ချာချာ ဂဃနဏဖတ်ခဲ့ပြီးဖြစ်ပါသနည်း။ ကျွန်ုပ်အနေနှင့်ဆိုရပါမူ ဘုရား သခင်ပေးအလင်းတရားတော်ကြောင့် တိကျသေချာ၍ ယုံကြည်စိတ်ချ

နိုင်ကြောင်းခံယူမိသည်။ အကြောင်းရင်းမှာ၊ သန့်ရှင်းသောဝိညာဉ်တော် တန်ခိုးဖြင့် အမှန်တရားသည် ချီးမွမ်းဖွယ်၊ မြတ်နိုးဖွယ်ဖြစ်လာ၏။ "ဤလမ်းသည်မှန်၏၊ ဤလမ်းသို့သွားလော့" ဟုနှိုးဆော်နေ၏။ ကျွန်ုပ်ရေးသောစာအုပ်များတွင် ထိုကဲ့သို့သောနှိုးဆော်မှုကိုခံရ၍ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား" ဟူသောအဆိုဖြင့် အမှန်တရားခံတပ်ကိုတည်ဆောက်ထားပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤအမှန်တရားများအား ကျွန်ုပ်တို့၏နှလုံးသားပေါ်ဝယ် စာတန်းထိုးထားလေ၏။ ပညတ်တော်ဆယ်ပါးကိုထာဝရဘုရားသခင်သည် ကျောက်ပြားနှစ်ပြားပေါ်ဝယ်လက်ညှိုးတော်နှင့်ရေးသားသကဲ့သို့တည်း။

ထာဝရဘုရားသခင်သည် "ထာဝရလိုအပ်သက်တော်စဉ်" စာအုပ်ကို အိမ်ထောင်တိုင်းတွင်ထားရှိသည်ကိုတွေ့မြင်လို၏။ဤစာအုပ်တွင် နှုတ်ထွက်စကားတော်အလင်းပေးထားလျက်ရှိ၏။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် နူးညံ့သိမ်မွေ့သောစိတ်နှင့် သခင်ခရစ်တော်၏ သက်တော်စဉ်ကိုဖတ်ရှုလေ့လာလျက် အမှုတော်ဆောင်ရန် ကျွန်ုပ်တိုက်တွန်းလို၏။ သင်သည်ကယ်တင်ခြင်းစမ်းရေကိုအဝသောက်၍ သင့်စိတ်နှလုံးသည် အသက်စမ်းရေတွင်းအဖြစ်သို့ပြောင်းလဲကာ ပျက်စီးလုနီးပါးရှိသောဝိညာဉ်များအား လန်းဆန်းစေနိုင်ပါသည်။

"စကြဝဠာတိုက်ပွဲကြီး" စာအုပ်သည်ရွှေငွေထက်သာ၍မြတ်၏

ဤစာအုပ်ကိုကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိရမည်။ ထိုစာအုပ်တွင် ခေတ်သမိုင်း၏နောက်ကြောင်း၊ မျက်မှောက်နှင့်ရှေးရေးတို့ပါဝင်ပတ်သက်နေ၏။ ကျွန်ုပ်ရေးသားသမျှသောစာအုပ်ကြီးများထဲမှ ထိုစာအုပ်သည် ကမ္ဘာဆုံးလုနီးကာလအတွက် အားကြီးသောအမှန်တရားသက်သေခံချက်သည်

ပါဝင်နေ၏။ အခြားစာအုပ်များထက် ထိုစာအုပ်ကိုကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိကြပါရန် ကျွန်မဆန္ဒပြုလိုက်ပါသည်။

ခရစ်ယာန်ဓမ္မစာပေဖြန့်ချိနေသော ဧဝံဂေလိအမှုတော်ဆောင်ဖြစ်သောအသင့်အားကျွန်ုပ်ပြောနေပါ၏။ စကြဝဠာတိုက်ပွဲကြီး စာအုပ်ကို သင်ဖတ်ရှုလေ့လာပြီးပြီလော။ ထိုစာအုပ်တွင် အဘယ်အရာများပါဝင်နေသည်ကိုသင်သိပါ၏လော။ သဘောတွေ့ပါ၏လော။ ထိုသတိပေးစကားကို ကမ္ဘာ့လူသားတို့မကြားသိသင့်သလော။ အဘယ်သူ့၌တာဝန်ရှိပါသနည်း။ ထိုတာဝန်ကိုကျေပွန်နိုင်ရန် လေးမြတ်သောသတိပေးတောင်းပန်ချက်များကို သင်သည်နှိုက်နှိုက်ချွတ်ချွတ်ဖတ်ရှုလေ့လာပါ။ ထာဝရဘုရားသခင်သည် မကြာမီချဉ်းကပ်လာမည့်ဘေးရန်ကိုရင်ဆိုင်နိုင်ရန်လူတို့အား လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းမကျန်သတိပေးနှိုးဆော်ရန် သင့်အားစေခိုင်းနေသည်ကို ကျွန်ုပ်သေချာပေါက်နားလည်ပါ၏။

ထိုစာအုပ်ကိုရေးသားရန် ကျွန်ုပ်အားသန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းပါ၏။ ရေးသားနေစဉ်တွင်လည်း လူ့အသက်ဝိညာဉ်များကိုကယ်တင်ရန် ကြီးလေးသောဝန်ကိုထမ်းရွက်နေရသည့်အလား ခံစားခဲ့ရပါ၏။ အချိန်ကာလသည်တိုတောင်းလှပါ၏။ သမ္မာကျမ်းက ပြောထားသည့်အတိုင်း ဘုရားသခင်၏နေ့ရက်သည် သူခိုးကဲ့သို့ ညဥ့်အချိန်လာချိမ့်မည်မဟုတ်လော။

ထာဝရဘုရားသခင်သည် ယခုကာလနှင့်မကြာတော့သောနောင်ကာလတွင်ဖြစ်ပေါ်နေမည့်အရေးကြီးအမှုများကို ကျွန်ုပ်အားပြသပါ၏။ အသံတော်ကိုလည်းကြားရပါသည်။ "သင်ယခုမြင်ရ၊ ကြားရသမျှတို့ကိုစာအုပ်တွင်ရေးမှတ်လော့။ ထိုနောက်မှ လူမျိုးအသီးအသီးတို့ထံ ထိုသတင်းကိုပျံ့နှံ့စေလော့။ အကြောင်းမူကား၊ နောက်ကြောင်း

သမိုင်းမှဖြစ်ရပ်တို့သည် ယခုတစ်ဖန်ပြန်လည်ရင်ဆိုင်ရမည့်အချိန်သည် ရောက်ရှိလာလေပြီ။" ကျွန်ုပ်တို့သည် နံနက်တစ်နာရီ၊ နှစ်နာရီ (သို့မဟုတ်) သုံးချက်တီးအချိန်တွင် အိပ်ရာမှထလေ့ရှိ၏။ စိတ်ထဲတွင်လည်း ထာဝရဘုရားသခင်၏အမိန့်တော်ကိုကြားနေရသကဲ့သို့ရှိ၏။ သို့ဖြစ်၍ ဤသတင်းစကားသည် ယနေ့ခေတ်ကာလအတွက် အထူးလိုအပ်နေပြီဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်မိပါသည်။

ဤ စကြဝဠာတိုက်ပွဲကြီး စာအုပ်သည် အရေးကြီးသဖြင့် အချိန်ယူရေးသားရန် ကျွန်ုပ်နှိုးဆော်ခြင်းခံရပါ၏။ခရစ်ယာန်ဓမ္မဝန်ဆောင်စေတမန်များမရောက်နိုင်သောနေရာများတွင် ဤသတိပေးသတင်း ရောက်ရှိသင့်ပေ၏။ ကမ္ဘာ့သမိုင်း၏နောက်ဆုံးမြင်ကွင်းကိုလည်း လူတိုင်းသိမြင်အပ်ပေသည်။

ဤစာအုပ်ကို ကျွန်ုပ်သည် ရွှေ၊ငွေထက်မကနှစ်သက်ပါ၏။ လူတိုင်းလက်တွင်းသို့ ဤစာအုပ်ရောက်ရှိဖို့ရန် ကျွန်ုပ်စိတ်ဆန္ဒပြင်းပြလှပါ၏။ ဤစာအုပ်အတွက် စာမူရေးနေစဉ် ထာဝရဘုရားသခင်၏ ကောင်းကင်တမန်များခြံရံလျက်ရှိသည်ကိုလည်း မကြာခဏဆိုသလို ကျွန်ုပ်သတိပြုမိပါ၏။ မြင်တွေ့ရသောမြင်ခြင်းများမှာလည်း အသစ်၊ အသစ်များသာဖြစ်၍ ကျွန်ုပ်၏စိတ်အာရုံတွင်စွဲလမ်းကာ ကျန်ရစ်လေသည်။

## ရှေ့ရေး၏ကြီးမားသောရလဒ်များ

"စကြဝဠာတိုက်ပွဲကြီး" စာအုပ်၏ဖြန့်ချီရေးရလဒ်ကိုလတ်တလောအခြေအနေဖြင့်မဆုံးဖြတ်သင့်ပါ။ ထိုစာအုပ်ကိုဖတ်ရှုလေ့လာခြင်းဖြင့် တချို့သောလူတို့သည်ပြောင်းလဲ၍ ထာဝရဘုရားသခင်၏ပညတ်တော်

တို့ကိုစောင့်ရှောက်သောသူတို့နှင့်ပူးပေါင်းကြလိမ့်မည်။ သို့သော် အများစုမှာ စာအုပ်ပါရှေ့ရေးဟောထားချက်များပြည့်စုံလာသည်ကိုမြင်တွေ့ရသောအချိန်တွင်သာ မိမိတို့ကယ်တင်ခြင်းအတွက် အမှန်တရားဘက်၌ ရပ်တည်ရန် နေရာယူကြပါလိမ့်မည်။ အမှန်အားဖြင့် ကြိုတင်ဟောထားချက်များပြည့်စုံလာသည်ကိုတွေ့မြင်ရသောအခါ လူသည်ယုံကြည်ခြင်းတိုးပွားလာ၏။ ကမ္ဘာအနှံ့ထာဝရဘုရားသခင်၏အလင်းတန်းသည်လည်း လွှမ်းခြုံထားသဖြင့် ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ရှောက်သောလူစုတွင် ပူးပေါင်းပါဝင်ကြခြင်းဖြစ်ပါသည်။

## စုပေါင်းသြဇာသက်ရောက်မှုရှိသောစာအုပ်များ

ထာဝရဘုရားသခင်သည် ယနေ့လူသားတို့အားတရားစီရင်ရာနေ့ရက်ကြီးအတွက် မိမိကိုယ်ကိုမိမိပြင်ဆင်ရန်အလိုတော်ရှိ၏။ သို့ဖြစ်၍ စကြဝဠာတိုက်ပွဲကြီး၊ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ ဟူသောတရားအလင်းပါဝင်သောစာအုပ်များကို ကိုယ်တော်သည် ကျွန်ုပ်အားပေး၏။ ဤစာအုပ်များထဲတွင် ထာဝရဘုရားသခင်၏တိုက်ရိုက်တောင်းပန်ချက်များပါရှိလေသည်။ လူအပေါင်းတို့သည် ကယ်တင်ပိုင်ရှင်တစ်ဖန်ကြွလာမည့်အချိန်ကိုပြင်ဆင်လျက် စောင့်နေကြရန်ဖြစ်၏။ ဤလှုပ်ဆော်မှုကိုပေးသောအဆိုပါစာအုပ်များကို ကျွန်ုပ်တို့သည် မထိမ်ဝှက်ထားရပါ။

ဤစာအုပ်များနှင့်ပတ်သက်၍ "ရောင်းရမည့်စာအုပ်မျိုးမဟုတ်" ဟုဆိုစကားရှိကြသည်။ ဤစကားမှားပါသည်။ လူသည် ဘုရားသခင့်နှုတ်ထွက်သတင်းစကားပြန့်ကျဲဖို့ရန်အလိုမရှိ၍ လှည့်ဖြားပြောဆိုခြင်းသာဖြစ်၏။ ဤစာအုပ်များမှာလည်း လူ့ဥာဏ်၊ လူ့သဘောနှင့်ဖြစ်

လာသည်မဟုတ်မူ၍ အခြားစာအုပ်များနှင့်မတူ။ ဘုရားသခင်၏ချစ်သား သမီးတို့အား မိန့်မှာတော်မူချက်များပင်ဖြစ်၏။ ဘုရားသခင်ကိုချစ်သော သူတို့အတွက် တစ်မူထူးခြားမှုတစ်ခုပေတည်း။

လူတို့သည်ယုံကြည်ခြင်းတရားလမ်းမှလွဲချော်၍ လှည့်ဖြားတတ် သောဝိညာဉ်တို့တွင် ဆည်းကပ်ကြလိမ့်မည်။ ရှေးဘိုးဘေးများနှင့် ပုရောဖက်များ၊ စကြဝဠာတိုက်ပွဲကြီး စာအုပ်များတို့သည် ဆန်းသစ်စ ယုံကြည်သူများတို့အတွက် အထူးစီမံထားပါသည်။ ထိုစာတို့ကိုဖတ်ရှု လေ့လာခြင်းဖြင့် ယုံကြည်ချက်ဆောက်တည်ဖို့ရန်ဖြစ်၏။ အသင်းတော် များရှောင်ရှားရန် ဘေးရန်များကိုလည်းတင်ပြထား၏။ ဖတ်သော သူသည်သိမြင်၏။ ရှေ့ဆက်ရင်ဆိုင်ရမည့်ဘေးရန်များကို ရှင်းလင်းစွာ မြင်တွေ့နိုင်၏။ မိမိအသက်တာလမ်းခရီးကိုဖြောင့်ဖြူးစေနိုင်ပါသည်။ ထိုသူတို့သည်လမ်းမချော်ရပါ။ ထာဝရဘုရားသခင်သည် စောင့်ထိန်း တော်မူလိမ့်မည်။

## အမှားအယွင်းများကင်းစင်၏

ဤစာအုပ်များရောင်းချခြင်းလုပ်ငန်း၌ စိတ်ဝင်စားမှုရှိကြပါစို့။ ထာဝရဘုရားသခင်၏အချိန်တန်ပြီဖြစ်သောညွှန်ကြားသွန်သင်ချက်များ ပါဝင်သဖြင့် ရောင်းချဖြန့်ကြဲဖို့ရန်လည်း လိုအပ်နေပါပြီ။ လူတို့ကို ယခုပင်အလင်းတရားပေးသောစာအုပ်များဖြစ်၏။ နေရာတိုင်းပျံ့နှံ့နေ ပါစေ။ ထာဝရဘုရားသခင်အထံတော်မှ ညွှန်ကြားချက်များဟုသဘော ထားသူတို့ကို အမှားအယွင်းများမှကာကွယ်ပေးရုံမက မှားသောလမ်းများ သို့ ထိုစာအုပ်များသည် သင့်ကိုပို့ဆောင်လိမ့်မည်မဟုတ်ပါ။

---ooo---

# ကျန်းမာရေးပညာပေးစာအုပ်များ

## ကျန်းမာရေးစာအုပ်များကိုဖြန့်ချိခြင်း

ကျွန်ုပ်တို့၏ကျန်းမာရေးဆိုင်ရာ စာအုပ်စာစောင်များကိုဖြန့်ချိရေးသည် အလွန်အရေးကြီးသောအလုပ်တစ်ခုဖြစ်၏။ ယနေ့အတွက် အထူးတရားမှန်များကို ယုံကြည်သူတို့သည် ယင်းကိုထာဝစဉ်စိတ်ဝင်စားအပ်၏။ ယခုတွင်ကျန်းမာရေးဆိုင်ရာ ပြန်လည်ဆန်းသစ်ခြင်းနှင့် ချုပ်တည်းခြိုးခြံနည်းလမ်းမှန်ကန်စွာအသက်ရှင်နေထိုင်ရေးကို ထာဝရဘုရားသခင်အလိုတော်ရှိ၏။

## ဘာသာရေးနှင့်ကျန်းမာရေး

စစ်မှန်သောဘာသာရေးနှင့်ကျန်းမာရေးပညတ်တို့သည် နှစ်မြွာအသည်းဖြစ်၏။ လူသားအားကယ်တင်ခြင်းတရားကိုညွှန်ပြဟောကြား၍ အပြစ်ကိုကျူးလွန်စေသည့် ကျန်းမာရေးစည်းကမ်းများကိုချိုးဖေါက်ခြင်း၊ လူကိုယုတ်ညံ့စေခြင်းစသောလုပ်ရပ်များကိုရပ်တန့်ရန် မသွန်သင်ပါက အသက်ဝိညာဉ်ကယ်တင်ခြင်းလုပ်ငန်းမှာ မပီပြင်ပါ။

## ကျန်းမာရေးအသိနိုးကြားရေးသည်သပ်သွင်းသကဲ့သို့ဖြစ်ခြင်း

ကျန်းမာရေးဧဝံဂေလိတရားဟောကြားရန် အသင်းတော်သည် ပြောသာပြော၏။ လက်တွေ့တွင်တုံ့ဆိုင်းနေသည်။ သက်ဆိုင်ရာတာဝန်ရှိ

ဓမ္မဝန်ဆောင်ခရစ်ယာန်သာသနာခေါင်းဆောင်များတို့သည် ယင်းနှင့်ပတ်သက်၍ လုံလောက်သောအရေးယူဟောကြားမှုကိုပြုကြရမည်။ ကျန်းမာရေးအသိနိုးကြားရေးသည် အသင်းတော်သတင်းကြွေးကြော်ရာ၌ ညာလက်ရုံးပင်ဖြစ်ချေ၏။ ဤချုပ်တည်းခြင်းဌာနကိုအများကအလေးမပေးလိုကြကောင်းချီးမင်္ဂလာတိုးမြှင့်ပေးရန် သတ်မှတ်ထားလေ၏။ ထိုသတင်းကြွေးကြော်မှုကိုပုံမှန်လုပ်ဆောင်သွားပါက လူတို့ထံအမှန်တရားရောက်ရှိနိုင်ရန် သပ်နှင့်သွင်းပေးသကဲ့သို့ဖြစ်၏။ တတိယကောင်းကင်တမန်၏သတင်းစကားကိုလူတို့သည် အပြည့်အဝခံယူလာကြသောအခါ ကျန်းမာရေးအသိနိုးကြားရေးလှုပ်ရှားမှုသည်လည်း တိုင်းအသီးအသီးရှိခရစ်ယာန်သာသနာပိုင်ရုံးများတွင်သော်လည်းကောင်း၊ အသင်းတော်အတွင်း၊ အိမ်ထောင်မိသားစုအတွင်း၊ ထမင်းဝိုင်းနှင့်အိမ်တွင်းစီမံချထားရေးကိစ္စရပ်များတွင်သော်လည်းကောင်း ပါဝင်ကျင့်သုံးလာကြမည်ဖြစ်၏။ နောင်သောအခါ ထိုဌာနသည်အသင်းတော်တည်းဟူသောခန္ဓာကိုယ်ကိုကာကွယ်စောင့်ရှောက်ပေးသည့် ညာလက်ရုံးသဖွယ်ဖြစ်၍နေပါလိမ့်မည်။

ဧဝံဂေလိသတင်းပြန့်ပွားရေးကိုကူညီသောကျန်းမာရေးစာစောင်များ

ကျွန်ုပ်တို့၏ကျန်းမာရေးစာစောင်များသည် လူ့အသက်ဝိညာဉ်များစွာကိုအမှန်တရားအလင်းမြင်တွေ့ရန် လမ်းဖွင့်ကူညီပေး၏။ လူ့စိတ်နှလုံးကိုလျက်မြန်စွာတုံ့ပြန်စေ၏။ ဖတ်ရှုလေ့လာကျင့်သုံးသွားသောအခါ သမ္မာကျမ်းစာမှဖော်ပြထားသော အမှန်တရားကိုစေ့စေ့လေ့လာလိုစိတ်ပေါ်ပေါက်လာ၏။

သို့ဖြစ်လေရာ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များသည် မိမိတို့လည်ပတ်ရာနေရာတိုင်းသို့ မိမိတို့နှင့်အတူကျန်းမာရေးစာစောင်များတို့ကို သယ်ဆောင်သင့်လေ၏။ ရောဂါဘယဘာကြောင့်ဖြစ်ရသည်၊ အဘယ်သို့ကုစားရမည်ဆိုသောစာစောင်များ၏အသုံးဝင်ပုံများကိုလည်း ပြောပြရပေမည်။

## လူ့အာရုံကိုဆွဲဆောင်နိုင်ခြင်း

သမ္မာကျမ်းစာမှအရေးကြီးအကြောင်းချက်များကို မမြင်မိမဖတ်မိဘဲ သူတို့ထံသို့ ကျန်းမာရေးစာစောင်တို့သည်ရောက်ရှိသွားလိမ့်မည်။ ထိုသို့သောကျန်းမာရေးအသိစိတ်နိုးကြားစေသောစာစောင်တို့သည် လူသားတိုင်းထံရောင်ရှိသင့်၏။ ဤနည်းဖြင့်သမ္မာကျမ်းစာနှင့်အနေဝေးသူတို့၏စိတ်အာရုံကို ကျန်းမာရေးစာစောင်များကဆွဲဆောင်လေသည်။

ထာဝရဘုရားသခင်သည် အရာရာ၌ချုပ်တည်းမှုရှိရန် မိမိလူတို့အားအမိန့်တော်ရှိ၏။ အမိန့်တော်ရှိသည်ကိုမလုပ်ပါက မိမိလူတို့သည် အမှန်တရားအားဖြင့်သန့်စင်လာလိမ့်မည်မဟုတ်။ ထိုသူတို့၏အတွေးအမြင်တို့သည် ဆုတ်ယုတ်လာကြပေမည်။

မျှော်လင့်ချက်ဆုံးရှုံးသူများသည် အကယ်၍သာ မိမိတို့မမာမကျန်းဖြစ်ရခြင်း၏အကြောင်းရင်းများကို စနစ်တကျသိမြင်ရန် သွန်သင်ခြင်းခံရပါက အမှန်တရားကိုအာရုံပြုလာမည်ကား မလွဲဧကန်တည်း။ ထိုမှသည် နေထိုင်စားသောက်မှုအဆင့်မြင့်လာကာ သန့်ရှင်းစင်ကြယ်၍ သခင့်အစေကိုအံဝင်ခွင်ကျထမ်းရွက်လာနိုင်မည်ဖြစ်၏။ သင်နှင့်အတူဖတ်စရာမှတ်စရာများယူဆောင်သွားပါလော့။ လူကိုချစ်တတ်သောသခင့်မေတ္တာတော်နှင့်ပြည့်ဝလျက် ထိုသူတို့ရှိရာသို့အရောက်လှမ်းပါလေ။ ထာဝရဘုရားသခင်သည် သင့်အားကျေးဇူးပြုပါလိမ့်မည်။

## အကျိုးယုတ်စေသောဘေးပြောစကားအမြင်တိမ်းစောင်းမှုများကို ဖယ်ရှားပစ်ပါ

ကျွန်ုပ်တို့သည် ဤကျန်းမာရေးစာပေများကိုတွဲဖက်ဖြန့်ချိရန် အာရုံပြုလုပ်ဆောင်လာပါသော် ပတ်ဝန်းကျင်အမြင်တိမ်းစောင်းမှုများစွာကို အမြင်မှန်စေပါလိမ့်မည်။ ကမ္ဘာ့လူသားအများစုက ချုပ်တည်းခြိုးခြံမှုနည်းပါးနေသည့်ယခုလိုကာလမျိုးတွင် ကျွန်ုပ်တို့ယုံကြည်သူအိမ်ထောင်တိုင်းသည် လျှာအရသာကိုဦးစားမပေးမူဘဲ အာဟာရကိုသာဦးစားပေးစားသောက်နေထိုင်ခြင်းဖြင့် နှုတ်ထွက်စကားတော်အလိုအတိုင်းဦးဆော်ကာလမ်းပြသင့်ပါ၏။ လူသားတို့အားကျန်းမာရေးအသိစိတ်နိုးကြားသက်ရှင်စေခြင်းဖြင့် နောက်ဆုံးကာလအတွက် ကျွန်ုပ်တို့သည် အမှန်တရားကိုအာရုံစိုက်စေခြင်းလည်းဖြစ်ပါသည်။ ကျွန်ုပ်၏လမ်းပြသည် ကျွန်ုပ်အား "ပညာပေးလော့၊ ပညာပေးလော့၊ ပညာပေးလော့" ဟူ၍မိန့်တော်မူခဲ့ပါသည်။ လူ့စိတ်ကိုပညာအလင်းပေးသင့်လေပြီ။ အကြောင်းမှာ စာတန်သည် လူ၏ဆင်ခြင်တုံတရားကို အမှောင်ချထားသည်နှင့်အမျှ လူတို့သည် ရသာရုံတွင်မှိုင်းမိကာ မိမိအသက်ဝိညာဉ်ကိုနှိမ့်ဆင်းပျက်သုဉ်းစေ၏။ ဆက်လက်၍လမ်းပြရှင်က မိန့်တော်မူသေး၏။ "ယုံကြည်၍ကြွေးကြော်နေသူအပေါင်းတို့သည် မိမိကိုယ်တိုင်က ကျန်းမာရေးအသိနိုးကြားမှုရှိ၍ ကျင့်သုံးစားသောက်နေထိုင်သကဲ့သို့ တစ်ပါးသူကိုဖွဲ့လုံ့လကြီးစွာဖြင့်သွန်သင်ပြသရမည်။" သို့မှသာမယုံကြည်သူတို့ဆင်ခြင်လာမည်။ သမ္မာကျမ်းစာ၏သွန်သင်ချက်များကိုလည်း ဂရုပြုကျင့်သုံးလာကြမည်ဖြစ်၏။

ထာဝရဘုရားသခင်သည် သင့်အားခရစ်ယာန်ဓမ္မစာပေဖြန့်ချိသူ အမှုတော်ဆောင်တစ်ဦးဖြစ်စေလို၏။ ကျန်းမာရေးစာအုပ်စာပေတို့ကို နေရာအနှံ့ဖြန့်ကြဲစေလို၏။ အများသောသူတို့သည် ကျန်းမာရေးအသိ စိတ်နိုးကြားမှုကို ယခုတွင်မျှော်လင့်တောင့်တလာကြလေသည်။

သို့ဖြစ်၍ ဘုရားသခင့်တပည့်တော်၊တပည့်တော်မအပေါင်း တို့ .........ကျန်းမာအောင်နေထိုင်တတ်ဖို့ရန် ကျန်းမာရေးလမ်းညွှန်စာအုပ် များကိုတိုးထုတ်ကာ ဖြန့်ချိကြပါစို့။ ဤအခြေခံကျန်းမာရေးမူစည်းကမ်း များကို ကမ္ဘာလောကသားများစွာက အထူးတလည်သိရှိနားလည်လို ကြလေပြီ။

## ဤအလင်းတရားအတွက်အကူများစွာလိုအပ်လာခြင်း

လူများစွာတို့သည် ကျွန်ုပ်တို့၏ကျန်းမာခြင်းနှင့်ချုပ်တည်းခြင်း ဂျာနယ်စာစောင်များစွာတို့ကို အလွန်အမင်းတောင့်တလာကြပါ၏။ ထိုစာစောင်များကိုအခြေခံ၍ တတိယကောင်းကင်တမန်၏သတိပေး သတင်းစကားကို လူသားတို့ဂရုမူလာရန် ထာဝရဘုရားသခင်သည် အလိုတော်ရှိ၏။

သို့ဖြစ်၍ ဝါရင့်ခရစ်ယာန်ဓမ္မဝန်ဆောင်များတို့သည် အဆိုပါကျန်း မာရေးဆိုင်ရာဂျာနယ်စာစောင်များစွာကို နည်းမျိုးစုံလင်စွာဖြင့် နေရာအနှံ့ ဖြန့်ကြဲဝေငှသက်သေခံရန်နှိုးဆော်ရပေမည်။ အသင်းတော်တိုင်းသည် ထိုစာစောင်များကိုအခြားနှုတ်ထွက်စကားတော်လက်ကမ်းစာစောင်များကဲ့သို့ သဘောထားကာဖြန့်ဝေပါ။ ခရစ်ယာန်ဘာသာရေးနှင့်ကျန်းမာရေး လက်ကမ်းစာစောင်များကို ခွဲခြားမှုသဘောမျိုးမထားအပ်ပါ။

အမှန်အားဖြင့်ကျန်းမာရေးဆိုင်ရာစာစောင်များကိုဖြန့်ဝေခြင်းသည် အထူးသောအမှန်တရားကို လူသားတို့လက်သင့်ခံရန်ပြင်ဆင်ပေးသောအင်အားကြီးအေဂျင်စီဖြစ်၏။ ထိုပြင်ဆင်မှုသည် မကြာမြင့်မီပေါ်ထွန်းတော်မူမည့်ဘုရားသခင့်သားတော်သခင်ယေရှုခရစ်တော်တစ်ဖန်ကြွဆင်းလာခြင်းအတွက်မဟုတ်ပေလော။

## ထာဝစဉ်နေရာယူနေမည့်ကျွန်ုပ်တို့၏စာပေများ

ကျန်းမာရေးအသိစိတ်နိုးကြားစေရေးအစီအစဉ်အားဖြင့်သာ အထက်တန်းလွှာဆင်ဝင်လူတန်းစားကို လက်လှမ်းမီနိုင်ပါလိမ့်မည်။ သို့မဟုတ်က တခြားသောနည်းဖြင့် အမှန်တရားကို ထိုသူတို့ထံသယ်ပိုးနိုင်မည်မဟုတ်ပါ။ ယုံကြည်သူများနှင့် မယုံကြည်သူများထံသို့ ယခုအချိန်တွင် ကျန်းမာရေးသတင်းစကားဟောပြောပွဲနှင့်ကျန်းမာရေးဆိုင်ရာစာအုပ်စာပေများဖြန့်ချိရောင်းချခြင်းအလုပ်သည် လွန်စွာမှပင်လိုအပ်နေ၏။ သို့ဖြစ်၍ ကျန်းမာရေးဆိုင်ရာစာစောင်များဖြန့်ချိရေးသည် ထာဝရဧဝံဂေလိသတင်းစကားဟောပြောရေးတွင် ထာဝစဉ်နေရာယူနေမည်ဖြစ်၏။ ဤစာစောင်များအားဖြင့်လည်း အခြားပုဂ္ဂိုလ်များတို့၏ အမြင်တိမ်းစောင်းမှုများကို ပြန်လည်တည့်မတ်နိုင်စွမ်းရှိလေသည်။

---ooo---

# အချိုးညီမျှစွာထိန်းသိမ်းခြင်း

## ကျန်းမာရေးနှင့်ဘာသာရေးဆိုင်ရာစာအုပ်များ

ကမ္ဘာမြေကြီးကိုခရစ်ယာန်သာသနာ့စာပေများဖြင့် အလင်းဒီရေပမာလွှမ်းမိုးစေမည့်အမှုတော်ဆောင်တို့သည် အချင်းချင်းညီညွတ်မှုရှိရမည်။ မိမိတို့ကိုင်တွယ်ရောင်းချသောစာအုပ်စာပေတို့တွင်ကျန်းမာရေးနှင့်ခရစ်ယာန်ဘာသာရေးစာပေတို့ကိုလည်း အချိုးညီစွာဖြန့်ချိရောင်းချရပါမည်။ ထိုနှစ်မျိုးကိုပေါင်းစပ်လိုက်သောအခါ ပိုးဖဲကတ္တီပါပိတ်ပေါ်တွင် လှပစွာကွန့်ထားသောဇာပန်းထိုးကဲ့သို့တည်း။ အမြင်အားဖြင့်တင့်တယ်လှပေ၏။

## ညီတူမျှတူအရေးကြီးခြင်း

လွန်ခဲ့သောအချိန်များတွင် ကျန်းမာရေးစာစောင်များကို လူသားတို့စိတ်ဝင်စားမှုနည်းပါး၏။ အများကနှစ်သက်ကြသည်တိုင်အောင်လိုအပ်မည်မထင်ဟုသဘောထားတတ်ကြ၏။ သို့ရာတွင် ဘုရားသခင်ကြွဆင်းလာမည့်အချိန်ကိုစောင့်ကြိုပြင်ဆင်ရာ၌ လူသားတစ်နွယ်လုံးအားနောက်ဆုံးကာလ၏ဝမ်းနည်းဖွယ်များကိုမြင်တွေ့စေ၍ ကျန်းမာရေးခလေ့ကောင်းကို ယိုယွင်းစေသည့်အာရုံခံစိတ်ကိုကျော်ခိုင်းစေခြင်းထက်ကောင်းမွန်သောနှိုးဆော်ချက်သည်မရှိတော့ပြီ။ ကျန်းမာရေးစာအုပ်စာပေများထဲမှ အမှန်တရားကိုလူသားတို့မသိနားမလည်ထိုက်ပြီလော။ ထိုသတင်းပို့သည့်အလုပ်မျိုးကို ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအမှုတော်ဆောင်

တစ်ဦးသည် ကွင်းဆင်း၍လုပ်ဆောင်နေ၏။ ထိုကဲ့သို့သောအမှုတော် ဆောင်များတိုးပွားလာစေရန် ဆုတောင်းပေးရမည်။

ဒီဝီဇံခရစ်ယာန်သာသနာပိုင်အကြီးအကဲများနှင့်အသင်းတော်အတွင်း အခြားထူးခြားအဖွဲ့အစည်းများက ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင် များနှင့် ခရစ်ယာန်ဓမ္မစာပေဌာနကိုအမြင်မတိမ်းစောင်းသင့်ပါ။ လူကြီးအား လုံးက အမျိုးသားအိမ်တွင်းကျန်းမာရေးနှင့်ခရစ်ယာန်ဓမ္မစာပေဌာနကို စိတ်ဝင်စားအပ်ပါသည်။ထိုစာပေတို့တွင်လည်း အသင်းတော်သွန်သင်ချက် စာများသောအလေးပေးသင့်သည်။ ကျန်းမာရေးဆိုင်ရာစာပေတို့ကို ပူးတွဲမထားရ၊ မရောင်းရဟူ၍မပြောပါနှင့်။ အသင်းတော်ပုံနှိပ်တိုက်မှ ထုတ်ဝေဖြန့်ချိသောစာအုပ်မှန်သမျှသည် ညီညွတ်မျှတမှုရှိရမည်။ အချိုးတူ တိုးတက်ကြီးပွားမှုရှိရမည်။

## တသီးတခြားစီသဘောမျိုးမထားရှိအပ်ပါ

အသင်းတော်ထုတ်ကျန်းမာရေးစာအုပ်စာပေတို့သည် အရေး မကြီးပါဟုဆိုခြင်းက ထာဝရဘုရားသခင့်ကိုငြင်းပယ်ခြင်းဖြစ်၏။ ထိုအခြင်းအရာကို ထာဝရဘုရားသခင်မကြိုက်ပါ။ ထာဝရဧဝံဂေလိ သတင်းစကားကြွေးကြော်ရေးတွင် ယနေ့အတွက်ကျန်းမာရေးအသိစိတ် ပြန်လည်နိုးကြားသင့်ပြီဟူသောနှိုးဆော်မှုသည် ဧဝံဂေလိသတင်းစကား ၏ပူးတွဲအနှစ်သာရပင်ဖြစ်၏။ သို့ဖြစ်၍ ကယ်တင်ခြင်းတရားနှင့် ကျန်းမာအောင်နေတတ်ရန် သွန်သင်ခြင်းသည် တလုံးတစည်းတည်း ဖြစ်ပါသည်။

## အဘယ်အဖွဲ့ခွဲမျှပို၍ထူးသည်မဟုတ်

ကျွန်ုပ်တို့၏လုပ်ငန်းဆောင်တာအပေါင်းတို့တွင် အထူးသတိ ပြုရန်မှာ အဘယ်မည်သောအဖွဲ့ခွဲမျှပို၍ထူးသည်မရှိ။ အခြားလုပ်ငန်း

စုများမှာ အရေးမကြီး၊ စိတ်မဝင်စား၍ အထီးကျန်ဘဝနှင့်မှိုင်တွေနေ ရသည်ဟူ၍မရှိအပ်ပါ။ လုပ်သင့်သည်ကိုလုပ်ရမည်။ ကျန်းမာရေး ဂျာနယ်စာစောင်များကိုဖြန့်ဖြူးဝေငှပေးရမည်။ အရေးမစိုက်မပြုရ။ ပြုလျှင်များစွာသော ဘုရားသခင့်သားသမီးများနစ်နာကြရပေလိမ့်မည်။

## အရာတစ်ခုစီသည်သူ့နေရာနှင့်သူရှိခြင်း

ကျန်းမာရေးသတင်းကောင်းကြွေးကြော်ခြင်းသည် တတိယ ကောင်းကင်တမန်သတင်းကြွေးကြော်ခြင်းတွင်ပါဝင်နေသော်လည်း ရှေ့တန်းအဓိက ကဏ္ဍအဖြစ်သဘောမထားအပ်ပါ။ ကျန်းမာရေးစာအုပ် စာစောင်တို့သည် သူ့နေရာနှင့်သူအသုံးတည့်၏။ ယင်းတို့ကိုဖြန့်ချိ ကျန်းမာရေးစာပေဖြန့်ချိရာတွင် အရောင်းကောင်းသဖြင့် ရုံဖန်ရုံခါခရစ်ယာန် ဓမ္မစာပေအမှုတော်ဆောင်များကို အသားပေးချီးမွမ်းနေခြင်းက အခြား သောဓမ္မစာပေများကိုလူထုထံသို့ပို့ဆောင်ရန် အရေးမကြီးတော့ဟု မယူဆသင့်ပါ။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် လုပ်ငန်းအတွင်း အချိုးကျနစွာလည်ပတ်နိုင်ရန်မျှတသောအမြင်၊ ခွဲခြမ်းစိတ်ဖြာတတ်သော လိမ္မာပါးနပ်မှုမျိုးရှိရမည်။ သူသည်လောကသားတို့အား ယနေ့ကာလ အတွက် အထူးသတင်းစကားရှိကြောင်းသိနားလည်စေခြင်း၌ မျက်ခြည် မပြတ်သင့်ပါ။

လူသည်ခရစ်ယာန်ဘာသာရေးစာအုပ်စာပေများကိုတိုင်တွယ် ဖတ်ရှုရာ၌ အသိဉာဏ်ပညာလိုအပ်သကဲ့သို့ ကျန်းမာရေးနှင့်ချုပ်တည်း ခြင်းဆိုင်ရာမေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်ဖို့ရန်လည်းပညာလို၏။ သို့ဖြစ်၍ ဝိညာဉ်ရေးအာဟာရကြွေးကြော်သောစာအုပ်စာပေများ၊ တတိယ

ကောင်းကင်တမန်သတင်းစကားပါဝင်သော စာအုပ်စာပေများနှင့်ကျန်းမာရေးဆိုင်ရာ စာအုပ်စာပေများတို့ကို ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ကြိုးစားအားထုတ်လျက် အချိုးညီဖြန့်ချိရောင်းချသင့်ပါသည်။

## တစ်ခုကိုတစ်ခုပြည့်စုံစေခြင်း

စာအုပ်စာပေမည်သည် လူ့မိတ်ဆွေဖြစ်၏။ လူအမျိုးမျိုး၊ စာပေအမျိုးမျိုးရှိ၏။ လိုက်ဖက်ပါပေသည်။ စာအုပ်တိုင်းက နောက်ဆုံးသောနေ့များတွင် ဘုရားသခင့်သားသမီးများဘယ်ကဲ့သို့ မိမိကိုယ်ကိုပြင်ဆင်ရမည်အကြောင်းပြော၏။ အသင်းတော်ထုတ်စာပေနှစ်မျိုးစလုံးကလူသည်ပညာအလင်းရရှိရန်လိုအပ်ကြောင်း၊ ပြန်လည်နိုးကြားရန်နှင့်ပြောင်းလဲမှုရှိရန်လိုအပ်ပြီဖြစ်ကြောင်း နှိုးဆော်ပေး၏။ အသင်းတော်ကိုသန့်ရှင်းဖြူစင်ခြင်းရှိရန် ပူးပေါင်းလုပ်ဆောင်ပေးလေသည်။ ထိုသို့ပြုခြင်းဖြင့် လူသည်ဘုန်းတန်ခိုးတော်နှင့်ကြွဆင်းလာမည့် ဘုရားသခင့်သားတော်ကိုပြင်ဆင်စောင့်မျှော်လျက်နေစေ၏။

သို့ဖြစ်၍ စာပုံနှိပ်တိုက်ထုတ်ဝေသူနှင့်ဖြန့်ချိရောင်းချသူတို့သည် အတူပူးပေါင်း၍ စိတ်အားကြီးစွာလုပ်ဆောင်လျက် ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များစွာကို မွေးထုတ်ပေးရမည်။ အခြားလုပ်ငန်းခွင်ကဏ္ဍကိုထိခိုက်နစ်နာခြင်းမရှိစေဘဲ ခရစ်ယာန်ဓမ္မစာပေဌာနကိုအားသစ်လောင်းပေးရမည်။ တစ်ကိုယ်ကောင်းဆန်သောစိတ်ယုတ်မာမှုတို့ကိုဘေးဖယ်ထားလျက်ညီအစ်ကိုချင်းမေတ္တာဖြင့် အမှုတော်မြတ်ကိုအကောင်အထည်ဖေါ်ထမ်းရွက်ကြရပေမည်။

## အချိုးအစားညီညွတ်မှုကိုတိုးပွားစေခြင်း

ကျန်းမာရေးအသိစိတ်ပြန်လည်နိုးကြားခြင်းသဘောသည် တတိယကောင်းကင်တမန်သတင်းစကားနှင့်နီးကပ်စွာတည်ရှိ၏။ လက်မောင်းသည် ခန္ဓာကိုယ်နှင့်တွဲဖက်နေသကဲ့သို့တည်း။ သို့ရာတွင်လက်မောင်းသည် ခန္ဓာကိုယ်နေရာတွင်အစားထိုး၍မရပါ။ တတိယကောင်းကင်တမန်သတင်းစကားကြွေးကြော်ခြင်း၊ ဘုရားသခင်၏ပညတ်တော်နှင့်ယေရှု၏သက်သေခံချက်တို့ကိုစောင့်ရှောက်ခြင်းအရာသည် ကျွန်ုပ်တို့လုပ်ငန်းစဉ်၏ဝန်ထုပ်ပင်ဖြစ်၏။ ခရစ်ယာန်သာသနာသတင်းကိုကမ္ဘာအနှံ့ကျယ်လောင်စွာကြွေးကြော်ရမည်။ ကျန်းမာရေးလမ်းညွှန်သတင်းကောင်းများကိုလည်း ဧဝံဂေလိတရားနှင့်ပူးပေါင်းကြွေးကြော်သင့်ပါ၏။ သို့ရာတွင် ကျန်းမာရေးတရားက ပထမနေရာကိုမယူရပါ။ တသီးတခြားစီလည်းမရှိစေရပါ။ အရာရာတွင် မျှတညီညွတ်၍ခရစ်ယာန်သာသနာလုပ်ငန်းတွင်အချိုးကျနစွာ တိုးတက်မှုရှိစေရမည်။ ခရစ်ယာန်သာသနာပြန့်ပွားရေးလုပ်ငန်းတွင် ကျန်းမာရေးစာအုပ်စာပေတို့ကို ကျွန်ုပ်မြင်တွေ့လိုပါသည်။ သို့ရာတွင် ပင်မဧဝံဂေလိကြွေးကြော်ခြင်းလုပ်ငန်းကြီးကိုမထိခိုက်စေပါ။

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် စာအုပ်တစ်မျိုးတည်းနှင့်လုပ်ငန်းခွင်တွင်ကွင်းမဆင်းရပါ။ အများသောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် လုပ်ငန်းအရသာလျှင်ကူးပြောင်းလိုကြသူများဖြစ်၏။ သို့ဖြစ်၍ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်ဖြစ်ရပါလိုလျှင် ပထမတွင်စိတ်တည်ငြိမ်မှုရှိမရှိ၊ လုပ်ငန်းတစ်ခုလုံးကိုခြုံ၍ သုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိမရှိပိုင်းခြားသိမြင်နိုင်ရမည်။ ထိုသူတို့အားသာ ခရစ်ယာန်ကျန်းမာရေးစာအုပ်စာပေတို့ကို

ဖြန့်ချိရောင်းချစေရမည်။ သို့သော် ခရစ်ယာန်သာသနာပြန့်ပွားရေး သတင်းထူးကိုလည်း အရေးကြီးစိတ်ဝင်စားမှုအပိုင်းတွင် လူတိုင်းကို သိနားလည်စေရပါမည်။

ကျန်းမာရေးစာအုပ်စာစောင်များကိုဖြန့်ချိရောင်းချခြင်း၌ တတိယ ကောင်းကင်တမန်သတင်းစကားပါစာအုပ်များကိုချန်လှပ်မထားရပါ။ စာအုပ်စာပေတိုင်းက ကောင်းကင်ဘုံမှမိုးတိမ်စီး၍ ဘုန်းတန်ခိုးတော်နှင့်ကြွဆင်းလာမည့်သခင်ယေရှုဘုရင်၏အလာလမ်းကိုပြင်ဆင်ကြိုဆိုပါရန် နှိုးဆော်ထားလေ၏။

## ခရစ်ယာန်ဓမ္မစာပေအမှုဆောင်အပေါင်းတို့သည်စာအုပ်တစ်မျိုးတည်းဖြင့် အချိန်မကုန်စေရပါ

တချို့သောခေါင်းဆောင်များက တစ်ကြိမ်တွင်စာအုပ်တစ်မျိုးကိုသာရောင်းချခြင်းသည် အကောင်းဆုံးပေါ်လစီဖြစ်သည်ဟုပြောဆို၍ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များတို့သည် စာအုပ်တစ်မျိုးတည်းအတွက်သာ အလုပ်လုပ်နေကြလေ၏။ ဤလုပ်ရပ်ကား ဥာဏ်တိမ်သောအလုပ်ဖြစ်၏။ အမှန်အားဖြင့် ယခုခေတ်ကာလအတွက် အမှန်တရားသတင်းစကားပါသောစာအုပ်စာပေများသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် လိုအပ်နေ၏။ ထာဝရဘုရားသခင်၌ အရောင်အသွေးမတူညီသော စာအုပ်မျိုးများစွာဖြင့် မိမိ၏ရွေးချယ်ခံလူအားလုံးအတွက် အလင်းရှိပါ၏။ ကမ္ဘာတစ်လွှားထွန်းလင်းရမည့်အလင်းပါတည်း။ ထိုအလင်းဆောင်ရမည့်စီမံကိန်းကို အဘယ်သူသည်ဟန့်တားလေသနည်း။ ထာဝရဘုရားသခင်သည် ထိုလင်းရောင်ကို စာပုံနှိပ်တိုက်နှင့်ခရစ်ယာန်ဓမ္မစာပေဌာန

ရှိစာအုပ်စင်များပေါ်၌သာဖုံးအုပ်ထားရန်မဟုတ်။ အလင်းကိုရှာဖွေရယူလို
သည့်ပုဂ္ဂိုလ်များထံသို့ ထိုအလင်းကိုပို့ဆောင်ရပေမည်။

## လူ့အလွှာအသီးအသီးအတွက်စာပေများ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် ယနေ့အတွက်အမှန်တရား
ပါဝင်သောစာအုပ်များကိုကိုင်တွယ်ရောင်းချရာ၌ ဤစာအုပ်သည် အထူး
ကောင်းမွန်၏။ အခြားစာအုပ်များမလိုအပ်၊ မရှိလျှင်ဖြစ်၏ဟူ၍မပြော
ပါနှင့်။ ထိုသို့ဆိုလျှင် ယင်းသည်ထာဝရဘုရားသခင်၏စီမံကိန်းဝင်လုပ်
ရပ်မျိုးမဟုတ်တော့ပါ။ လူ၏စိတ်သည်တစ်ဦးနှင့်တစ်ဦးမတူကြပါ။
တစ်ဦးအကြိုက်သည် အခြားတစ်ဦးအတွက်ဆွဲဆောင်မှုမရှိဖြစ်တတ်
သည်။ သို့ဖြစ်၍ ယနေ့အတွက်အသင်းတော်ထုတ်ခရစ်ယာန်သာသနာ
စာပေများသောင်းပြောင်းထွေလာရှိသင့်ပါ၏။ ဤသည်ကိုခရစ်ယာန်ဓမ္မစာပေ
အမှုတော်ဆောင်ကရွေးချယ်ရောင်းချရပါမည်။ အမြင်မတိုရပါ။ သဘော
ထားမကျဉ်းရပါ။ ထာဝရဘုရားသခင်သည် မိမိစေခိုင်းသောအလုပ်တွင်
နည်းလမ်းစုံလင်စွာထားရှိ၏။ ကျယ်ပြန့်မှုရှိ၏။ ကျွန်ုပ်တို့ကသီးခြား
မျက်နှာလိုက်သော် လုပ်ငန်းခွင်အတွင်းဦးတည်ချက်ပျက်သုဉ်းကာ
ဘေးရန်ပင်ဖြစ်တတ်လေ၏။ တချို့ပုဂ္ဂိုလ်များအတွက်တရားတော်
အလင်းကို ဤသို့ခံယူတတ်သကဲ့သို့၊ တချို့အတွက်ထိုသို့ခံယူတတ်လေ၏။
ရင့်ကျက်ပုံချင်းလည်းမတူညီကြ။ အတွေ့အကြုံရင့်ကျက်သူကနုနယ်
သူကိုသိမ်မွေ့စွာလမ်းပြရပေမည်။ တချို့လည်း စာစောင်များအားဖြင့်
အကျိုးကျေးဇူးထူးကဲစွာခံစားရလေသည်။ ထိုစာစောင်တို့သည်လည်း
သမ္မာကျမ်းစာမှ သင်ခန်းစာများအပေါ်အခြေပြုထားသဖြင့် ခရစ်ယာန်ဓမ္မစာပေ

အမှုတော်ဆောင်အတွက် ဝိညာဉ်များစွာကိုရိတ်သိမ်းနိုင်ရန် ပြင်ဆင်ပေးသောလှေကားထစ်များသာဖြစ်ပေသည်။

## စာစောင်ငယ်နှင့်လက်ကမ်စာစောင်များ

ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်သည် စာအုပ်မဝယ်နိုင်သူများအတွက် အခမဲ့ဝေငှရန် စာစောင်ငယ်များ၊ လက်ကမ်းစာစောင်ဝေစာများကို မိမိနှ့်အတူသယ်ဆောင်ရပါမည်။ ထိုနည်းအားဖြင့် များစွာသောအိမ်ထောင်စုများသို့ အမှန်တရားအလင်းကျရောက်နိုင်မည်ဖြစ်၏။

### ခရစ်ယာန်ဘာသာရေးစာအုပ်များအတွက်ပို၍အားစိုက်ထုတ်ပါ

ကျွန်ုပ်တို့ပုံနှိပ်တိုက်မှထုတ်ဝေသော စာအုပ်စာပေများကိုဖြန့်ဖြူးရောင်းချခြင်းသည်အရေးကြီး၍ အကျိုးကျေးဇူးအများဆုံးရှိသောဧဝံဂေလိခရစ်ယာန်သာသနာလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ကျန်းမာရေးဆိုင်ရာစာအုပ်စာပေ၊ စာစောင်ငယ်တို့ကိုဖြန့်ဖြူးရောင်းချဝေငှရန်လိုအပ်သကဲ့သို့ ခရစ်ယာန်ဘာသာရေးစာအုပ်စာပေများ ပြည်သူလူထုလက်သို့ရောက်ရှိရန် အားသွန်ခွန်စိုက်ပို့ဆောင်ရပါမည်။ ထိုစာအုပ်များသည် ခရစ်ယာန်ဓမ္မတရားပွဲများ မကျင်းပနိုင်သောနေရာများသို့အနံ့ရောက်ရှိနိုင်ပါ၏။ ထိုနေရာဒေသမျိုးတွင် ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တစ်ဦးသည် နိုးကြားလှုပ်ရှားသော ဧဝံဂေလိခရစ်ယာန်အသင်းအုပ်ဆရာဓမ္မဝန်ဆောင်အဖြစ်ရပ်တည်နေပါသည်။

ယခုကဲ့သို့သောအရေးကြီးကာလတွင် ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်မှထုတ်ဝေသောစာအုပ်ကြီးငယ်အသွယ်သွယ်တို့ကို စေ့စေ့စပ်စပ်ဆန်းစစ်

ကွယ်ကာရပါမည်။ ထိုစာပေတို့ကိုကိုင်တွယ်ရောင်းချမည့်ဘုရားသခင့်
အမှုတော်ဆောင်သားသမီးတို့သည်လည်း ညီညွတ်သောစွမ်းရည်များနှင့်
ပြည့်ဝရပါမည်။ အသင်းတော်ထုတ်ဆေးကျမ်းများကိုအားသွန်ခွန်စိုက်ကာ
ရောင်းချဖြန့်ချိသကဲ့သို့ ယခုမျက်မှောက်ခေတ်တွင် အမှန်တရားပါဝင်
သောစာအုပ်ကြီးငယ်တို့ကို လူထုထံသို့ပို့ဆောင်ရမည်။ ကျွန်ုပ်တို့၏
ယုံကြည်ချက်နှင့်ခံယူချက်ကို လူအပေါင်းတို့အားသိနားလည်စေ
ရမည်။ ...............

ကျွန်ုပ်တို့သည်အမှုတော်ထမ်းရွက်ရန် ထာဝရဘုရားသခင်ရွေးချယ်
ထားသောသူများဖြစ်၏။ သာမန်ရိုးရိုးလူများမဟုတ်၊ ကုန်သွယ်မှု
စီးပွားလုပ်သူများလည်းမဟုတ်။ ကမ္ဘာကြီးတစ်ခွင်လုံးကိုသမ္မာကျမ်းမှ
အမှန်တရားအလင်းကိုဆောင်မည့်ရွေးချယ်ခံအမှုတော်ထမ်းများဖြစ်ကြ
ပါသည်။

## စာအုပ်ငယ်နှင့်စာအုပ်ကြီးများ

ယခုလိုအချိန်တွင် စာအုပ်ငယ်များကိုဦးစားပေးရောင်း၍ စာအုပ်ကြီး
များကိုဂရုမစိုက်၊ အရေးမစိုက်ပြုခြင်းကားနည်းလမ်းမမှန်ပေ။ စာအုပ်စာပေ
ကြီးငယ်အပေါင်းကို ခရစ်ယာန်ဓမ္မစာပေတိုက်စင်မြင့်များပေါ်မှသည် မြို့ရွာ
ဒေသအသီးအသီးရှိအိမ်ထောင်မိသားစုအတွင်းရှိစာအုပ်စင်များပေါ်သို့
အရောက် ကျွန်ုပ်တို့ပို့ဆောင်ပေမည်။ ဤအမှုသည် အားထုတ်ရမည့်
လုပ်ငန်းတစ်ခုကားမှန်၏။ သာဓုသစ္စာရှိသောငယ်သားကောင်းများ
ဖြစ်လိုကြသည်မဟုတ်လော။ အဖ၏အိမ်တော်တွင်ပွဲခံရမည့်အချိန်သည်
နီး၍လာ၏။ ယင်းကိုမျက်ခြည်မပြတ်ပါစေနှင့်။

## သာမန်နေရာများရှိအပေါါစားစာအုပ်များအတွက်အချိန်မရှိတော့ပြီ

ကျွန်ုပ်တို့သည် ကပ်ကမ္ဘာ၏နောက်ဆုံးပိုင်းကာလတွင် အသက်ရှင်နေ၏။ ယုံကြည်သူဘုရားသခင့်တပည့်တော်၊ တပည့်တော်မကြီးငယ်များနှင့် အခြားသတ္တဝါအပေါင်းတို့သည် မိမိတို့အသက်တာတွင်လိုအပ်လျက်ရှိသော စာအုပ်မျိုးများစွာကိုအာရုံစိုက်သတိပြုမိကြစေရန် ကျွန်ုပ်တို့နှိုးဆော်ရပါမည်။ လက်တွေ့ကျသောယုံကြည်ခြင်းနှင့်ဘုရားသခင်၌မွေ့လျော်ခြင်းရှိလာစေရန် ထိုစာအုပ်စာပေများဖြင့် ထိုသူတို့ကိုသွေးဆောင်ရမည်။ သင်၏တဲရာကိုလည်းသန့်ရှင်းစေလော့။ ကမ္ဘာကြီးအားအလင်းဆောင်စေမည့်စာအုပ်စာပေကြီးငယ်တို့သည် မြောက်မြားစွာရှိ၏။

ကျွန်ုပ်တို့၏ပုံနှိပ်တိုက်ထုတ်စာအုပ်စာပေတို့ကို လောကစာအုပ်စာပေတို့နှင့်မရောထားရပါ။ သဘောလည်းမတူရပါ။ အဘယ်ကြောင့်လူသားအပေါင်းတို့ကိုထာဝရအသက်လမ်းသို့မဆွဲဆောင်လိုကြသနည်း။ အဘယ်ကြောင့်နေရာဒေသအနှံ့ ကျွန်ုပ်တို့၏ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များသွားလာရေးအဆင်ပြေလွယ်ကူစေရန်၊ အမှန်တကယ်ကူညီယိုင်းပင်းရန် အားမစိုက်ထုတ်ကြပါသနည်း။ ထာဝရဘုရားသခင်သည် အဆင့်မြင့်ဝိညာဉ်ရေးစာပေတို့ကိုဖတ်ရှုခြင်း၌မွေ့လျော်သောလူ့အလွှာကိုဖိတ်ခေါ်လျက်နေ၏။ အပေါ်ရိကဟန်ဆောင်သဘောနှင့်ပေါ့ပြက်ပြက်လောကရေးရာအဖြာဖြာသော ဟာသနှောသည့်စာအုပ်များတို့နှင့်အချိန်ကုန်မခံပါနှင့်။ ထိုသို့သောနေရာမျိုးကိုလည်း မချဉ်းကပ်လေနှင့်။

သာမန်ပုံဝတ္ထု၊ ဒဏ္ဍာရီပုံပြင်များသည် ယခုတွင် ကမ္ဘာကိုလွှမ်းမိုးလျက်နေ၏။ အချစ်ဝတ္ထုများတို့သည် ကောက်ရိုး၊ ထင်းစများကဲ့သို့တည်း။ လူသားတို့တွေးခေါ်လေသမျှကို စာအုပ်အဖြစ်ပြုစုကြ၏။

ယင်းနောက် ၎င်းတို့ကိုဥာဏအစားအစာဟူ၍သမုတ်ကြ၏။ သို့ရာတွင် ထိုစာပေတို့၌ စာပေအာဟာရတန်ဖိုးမရှိပါ။ ဖွဲ၊ ဆန်ကွဲများသို့လျှင် ဖြစ်၏။ ထိုဝတ္ထုမျိုးကျွန်ပ်တို့မလိုလားပါ။ ကျွန်ပ်တို့သည်အသက်တာ ၏အစစ်အမှန်များကိုသာ ဆက်သွယ်ဆက်ဆံနေသောကြောင့်ပေတည်း။

သိမ်ဖျင်း၍စိတ်လှုပ်ရှားဖွယ်စာပေမျိုးကိုရှောင်ကြဉ်ပါ

ကမ္ဘာကြီးကိုစာအုပ်စာပေဒီရေလွှမ်းမိုးနေလေပြီ။ အများသော ထိုစာပေတို့သည် ဖြန့်ချိကောင်းသောစာမျိုးမဟုတ်။ ဖျက်ဆီးပစ်ရန် ကောင်းသောစာပေမျိုးဖြစ်၏။ စုံထောက်ဆန်ဆန်လုပ်ကြံရေးသားသော စစ်တိုက်ပွဲဝတ္ထုဇာတ်လမ်းများတို့သည် ငွေရဖို့ကိုသာကလောင်ရှင်သည် ဦးတည်ချက်ထားသဖြင့် စာတန်၏လှည်းဖြားမှုများစွာပါဝင်နေ၏။ ထိုစာပေတို့ကိုမဖတ်သင့်ပါ။ ထိုဝတ္ထုစာပေများကြောင့် လူငယ်လူရွယ် တို့ပြစ်မှုကျူးလွန်တတ်လာသည်၊ တိုးပွားလာသည်၊ ၄မှုအကျင့် ကြမ်းလာသည်၊ လက်ရဲဇက်ရဲရှိလာသည်၊ ဆင်ခြင်းတုံတရားမဲ့လာသည်၊ အကျင့်ပျက်ပြားလာသည်၊ ထိုမှသည်အပြစ်ကြီးများအသွင်သို့ကူးပြောင်း လာကြလေသည်။ ယနေ့အတွက်အမှန်တရားကို ယုံကြည်သက်ဝင် နေကြသူတို့သည် ထိုဝတ္ထုမျိုးတွင်ဇာတ်မျော၍မဖြစ်ပြီ။ ထိုစာပေမျိုးနှင့် ဝေးလေကောင်းလေ။

ညစ်ညမ်းသောပုံပြင်များနှင့်သိမ်ဖျင်းသော စိတ်လှုပ်ရှားဖွယ်ပုံဝတ္ထု များကိုသည်လည်း စာဖတ်သူတို့ကိုဆိုးကျိုးဖြစ်စေ၏။ စာရေးသူအနေနှင့် အကျင့်မြင့်တင်ရန် ဘာသာတရားရေးရာကျင့်ဝတ်များထည့်သွင်းဖော် ပြထားသော်လည်း စာတန်သည် လင်းသောကောင်းကင်တမန်ဖြစ်ယောင် ဆောင်လျက် စာဖတ်သူတို့ကိုလှည့်ဖြားနေပါ၏။ လူ့စိတ်သဘောသည်

မိမိဖတ်ရှုလေ့လာသောစာပေဟင်းလေးအိုးကြီးနှင့်ဆက်နွှယ်လျက်နေ၏။ ကောင်းကင်ပြာလျှင် ပင်လယ်ပြာ၏။ မိုးအုံ့ကပင်လယ်ပြင်လည်း မှိုင်းအုံ့သွားတော့၏။ ဖတ်ရှုသောစာပေအားဖြင့် စာဖတ်သူတို့သည် လေထဲတိုက်အိမ်ဆောက်၏။ အလုပ်ကိုမည်မည်ရရ၊ လက်ကြောတင်း အောင်မလုပ်ချင်။ သမ္မာကျမ်းစာကိုဖတ်ဖို့ရန်ဝေးစွ။ အထက်အရာတို့ကို စိတ်မစွဲလမ်း။ ဤသို့လျှင်အသက်ဝိညာဉ်သည်အားနည်းလာ၍ လူ့ဘဝ၏ တာဝန်ပိုင်းနှင့်ခရီးလမ်းဆုံးကိုဆင်ခြင်ရန် စွမ်းအားကျဆင်းလာလေ တော့သည်။

ပျိုရွယ်မောင်မယ်တို့သည် အထူးသဖြင့် ဘေးရန်ကြီးသော စာပေများကိုအတောမသတ်နိုင်အောင် ဖတ်ရှုနေကြ၏။ တန်ဖိုးမဲ့ ဒဏ္ဍာရီပုံပြင်ဝတ္ထုတို့အားဖြင့် လူငယ်လူရွယ်၊ လူကြီးမိဘများကိုပင် စာတန်သည် လမ်းချော်စေရန် မပြတ်သွေးဆောင်လှည့်ဖြား၏။ အဆင့်နိမ့်စာအုပ်စာပေအများစုကိုဖျက်ဆီးပစ်လိုက်မည်ဆိုက လူသား တို့၏စိတ်နှလုံးနှင့်အာရုံကို အားနည်းစေသည့်ကြောက်မက်ဖွယ် ကပ်ဘေးမှလွတ်မြောက်သွားပေလိမ့်မည်။ ထိုသွေးဆောင်မှုမျိုးမှ ယတိ ပြတ်လွတ်မြောက်စေရန် အခြေခံမူစည်းကမ်းအတိုင်း သတိထား၍ သတ္တိရှိရှိဖြင့်ရပ်တည်သွားနိုင်မည့်သူဟူ၍လည်းမရှိသလောက်ရှားပါး၏။ အမှန်တကယ်အားဖြင့် ထိုသို့သောစိတ်ကူးယဉ်စာပေမျိုးဖေါင်းကြွမှု အပေါင်းကိုပစ်ပယ်သင့်လေပြီ။

ကျွန်ုပ်တို့ထိုစာပေမျိုးကိုပုံနှိပ်ထုတ်ဝေဖြန့်ချိရောင်းချရန် ထာဝရ ဘုရားသခင်ခွင့်မပြုပါ။ အကြောင်းမှာ ထိုအရာတို့သည် အသက်ဝိညာဉ် များစွာကိုပျက်စီးစေ၏။ ကျွန်ုပ်ရေးသားချက်များကို ကျွန်ုပ်သိ၍တာဝန် ယူပါ၏။ ၎င်းကိုထာဝရဘုရားသခင်ကအသိပေးနေပါသည်။ ယုံကြည်သူ

တစ်ဦးသည်ငွေရဖို့အတွက် ထိုအလုပ်မျိုးတွင်မပါဝင်စေနှင့်။ ထာဝရဘုရားသခင်သည် ထိုစာပေမျိုးကို မီးလေပွေနှင့်မှုတ်ထုတ်လိုက်ပေလိမ့်မည်။

ခရစ်ယာန်ဓမ္မစာပေရောင်းချခြင်းဖြင့်ခရစ်ယာန်သာသနာအလင်းပျံ့နှံ့စေပါ

ယခုခေတ်ကာလသည် သိမ်ဖျင်းမှုမျိုးစုံကိုအမွှမ်းတင်ချဲ့ထွင်သောခေတ်ဖြစ်၏။ အာရုံငါးပါးစည်းစိမ်ကြီးငယ်ခံစားရေးအတွက် ငွေကိုရှာဖွေသုံးစွဲ၏။ အသုံးအဖြုန်းကြီး၏။ ငွေလည်းရှင်၏။ ထိုသို့နှင့်အညီ အမှန်တကယ်လက်တွေ့တွင် တန်ဖိုးကြီးစာပေများကိုမဖြန့်ဖြူးမရောင်းချ၊ မဖတ်ရှုကြတော့ဘဲ အနှစ်သာရမရှိ၊ တန်ဖိုးမဲ့စာစောင်မဂ္ဂဇင်းများဖြင့် တိုင်းပြည်ကိုလွှမ်းမိုး၏။ ဤသို့သွေးသားအာရုံခံစာပေများဖြင့် ဝင်ငွေတိုးပွားစေသကဲ့သို့ ကောင်းမှုပြုခြင်းအခွင့်ကို လူတို့သည်လွဲသွားရ၏။ သမ္မာကျမ်းစာသည် လူသားတို့၏အခြေခံအုတ်မြစ်ဖြစ်ကြောင်းကိုလည်း မသိနားမလည်တော့။ ထိုသူတို့ကို အမြင်မှန်ပြန်လည်ရရှိရန် လုပ်ဆောင်ရမှာခက်လှ၏။ သို့ဖြစ်၍ ခရစ်ယာန်သာသနာအလင်းပျံ့နှံ့စေရန် ထာဝရဘုရားသခင်ကိုချစ်ကြောက်ရိုသေ၍ခံယူချက်ပြည့်ဝသော ခရစ်ယာန်ဓမ္မအမှုတော်ဆောင်များကိုရှာဖွေရသည်မှာ ပို၍ကြီးမားသောအလုပ်တစ်ခုပင်ဖြစ်ပေတော့သည်မဟုတ်ပါလော။

---ooo---

# ကျွန်ုပ်တို့၏စာနယ်ဇင်းခရစ်ယာန်သာသနာ

## ကျွန်ုပ်တို့၏လက်ကမ်းစာစောင်များအားဖြင့်အမှန်တရားကိုတင်ပြခြင်း

သမ္မာကျမ်းစာမှမဂ်လာရှိသောဝိညာဉ်ကယ်ဆယ်ရေးသတင်း အမှန်များသည် ကျွန်ုပ်တို့၏စာစောင်များ၌အပြည့်အဝပါရှိ၏။ ဤစာစောင်ငယ်များကိုဖြန့်ချိရောင်းချရန် ဆန္ဒရှိသူများကူညီနိုင်ကြ ပါသည်။

အထူးသဖြင့်ပတ်မုကျွန်းပေါ်မှယောဟန်မြင်တွေ့ရသော ခရစ်တော်ပေးသည့်သတင်းစကားကိုလောကသားတို့ကြားသိစေရန် ကျွန်ုပ်တို့သည် အားသစ်လောင်းကာ ဟောပြောဝေငှဖြန့်ချိရပေမည်။ ခရစ်ယာန်သားစစ်သမီးမှန်တိုင်းသည် သခင်ခရစ်တော်အတွက် ကောင်းသောသက်သေခံဖြစ်ရမည်။ အချိန်သည်ကုန်ဆုံးလုပြီဖြစ်၍ သင်၏ဘုရားသခင်နှင့်တွေ့ဆုံခြင်းငှာကိုယ်ကိုပြင်ဆင်လော့။

## တတိယကောင်းကင်တမန်သတင်းစကားကိုကြွေးကြော်လော့

အချိန်သည်ကုန်ဆုံးတော့မည်။ ဧဝံဂေလိသတင်းစကား၏ ကြီးမားအံ့ဖွယ်သောလုပ်ငန်းသည် ယခင်ခေတ်အဆက်ဆက်နှင့်မတူ၊ ယခုခေတ်တွင် တစ်မူထူး၍ကျယ်လောင်စွာကြွေးကြော်ရမည်။ ကျွန်ုပ် တို့အသင်းတော်မှထုတ်ဝေသောစာအုပ်စာပေကြီးငယ်များဖြင့် ကမ္ဘာမြေ ကြီးသည် အမှန်တရားတော်အလင်းအပြည့်အဝရရှိရန် ခရစ်ယာန် သာသနာပြုရပေမည်။ ကာလအချိန်၏နောက်ဆုံးအံ့ဖွယ်များအကြောင်း

ကို ထိုစာအုပ်များကဖော်ပြထား၏။ သို့ဖြစ်၍ ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်နှင့်ခရစ်ယာန်ဓမ္မစာပေဌာနသည် စံနှုန်းကိုမြှင့်တင်နိုင်သမျှမြှင့်တင်ရပေမည်။ တတိယကောင်းကင်တမန်သတင်းစကားကိုလည်း တစ်ကမ္ဘာလုံးကိုကြားသိစေရမည်။ "ဤသူတို့သည် ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍ ယေရှု၏သက်သေခံချက်တို့ကိုစွဲလမ်းသောသူများပေတည်း" ဟု ပတ်ဝန်းကျင်ရှိလူသားတို့တွေ့မြင်သမုတ်နိုင်ကြပါစေ။ ဤကျွန်ုပ်တို့၏စာပေများအားဖြင့် ကမ္ဘာအနှံ့သက်သေပြဖြန့်ဝေကြပါစို့။

## လစဉ်ထုတ်စာစောင်များကိုစာရင်းသွင်းမှာယူခြင်း

လစဉ်ထုတ်အသင်းတော်သွန်သင်ချက်စာစောင်များကိုကျွန်ုပ်တို့စာပုံနှိပ်တိုက်မှထုတ်ဝေသင့်သည်။ ယင်းကိုလစဉ်မှန်မှန်စာဖတ်သူထံသို့ပို့ပေးရန်ဖြစ်၏။ တစ်နှစ်စာမှာယူနိုင်လေသည်။ တစ်နှစ်ပြည့်သော် နောင်နှစ်အတွက် ထပ်မံစာရင်းသွင်းမှာယူနိုင်၏။ ဤအမှုကိုခရစ်ယာန်ဓမ္မစာပေအမှုဆောင်များပြည်နယ်အနှံ့ပြုနိုင်လေသည်။ ဤနည်းဖြင့် ဝိညာဉ်များစွာကိုကယ်တင်နိုင်၏။ အလုပ်အကြွေးပြုနိုင်လေသည်။ ဤလစဉ်ထုတ်စာစောင်များအားဖြင့် လူတို့သည်ယခုဘဝနှင့်နောင်ဘဝနှစ်ဖြာသောအကျိုးကိုခံစားနိုင်၏။ အကြောင်းမှာ ထိုစာစောင်များတွင် ကျန်းမာရေးအသိစိတ်နိုးကြားစေခြင်းသတင်းစကားများနှင့်စိုးရိမ်မှုကင်းဝေးနေနိုင်ရေးဆောင်ပါးငယ်တို့ပါဝင်သောကြောင့်တည်း။ ဤအမှုကိုကျွန်ုပ်တို့သည် ထာဝရဘုရားသခင်နှင့်ပူးပေါင်းကာ ယုံကြည်မှုအပြည့်အဝရှိကထုတ်ဝေနိုင်ပေလိမ့်မည်။

အမှုတော်မြတ်လုပ်ငန်းခွင်တွင် ချွေတာတတ်ရန်လည်းလို၏။ ယခုခေတ်လူငယ်တို့သည် ချွေတာရမှန်မသိ။ ချွေတာသူကိုဦးကပ်စေးဟု

သမုတ်၏။ ဤနေရာတွင် သင်တို့သဘောထားကျဉ်းမြောင်းကြောင်း ပြသည်။ သို့ရာတွင် ရွေတာခြင်းဆိုသည်မှာ ကုန်သင်မှုကုန်သည်။ အကျိုးမဲ့အလုပ်ကိုရှောင်၏။ တကယ်ကျင့်သုံးခြင်းမရှိသောအလုပ်ကို လည်း စစ်မှန်သည့်ရက်ရောမှုဟုမခေါ်ဆိုနိုင်ပါ။ လူတိုင်းကလည်း မိမိကိုယ်ကိုလျှော့မတွက်သင့်ချေ။ ခြိုးခြံရွေတာတတ်ခြင်းကို လူတိုင်း ကျင့်သုံးနိုင်လေ၏။ သခင်ယေရှုခရစ်တော်ကိုယ်တော်တိုင်က ပုံစံနမူနာ ပေးခဲ့ပြီမဟုတ်လော။ လူယောကျာ်းကြီးငါးထောင်ကို မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်အားဖြင့် ဝမ်းပြည့်စေပြီးသော် တပည့်တော်တို့အား "အကျန်ကိုစုသိမ်းလော့၊ အလေအလွင့်မဖြစ်စေနှင့်" ဟုမိန့်တော်မူခဲ့ လေသတည်း။

---ooo---

# ဩဇာလွှမ်းမိုးမှုကျယ်ပြန့်သောကျွန်ုပ်တို့၏ စာအုပ်စာပေများ

## ကလောင်စွမ်းအား

ထာဝရဘုရားသခင်အဖို့စိတ်အားကြီးရှိမှုမက အရာရာကိုမျှတစွာ ချင့်ချိန်ဆုံးဖြတ်နိုင်၍ မိမိ၏အတွင်းစိတ်၌အမှန်တရားသာလျှင် အဓိက ဟုခံယူသူတို့သည် လူစွမ်းကောင်းများပင်ဖြစ်၏။ ထိုသူတို့၏လက်ထဲ၌ ရှိသောကလောင်သည် အသွားထက်လှ၏။ ထိုသူတို့၏စာပေတို့သည် အမှန်တရားစစ်စစ်ဖြစ်၍ ကမ္ဘာကြီးတွင်အမှောင်ထုဖုံးလွှမ်းရာထောင့်မှန် သမျှကို အလင်းရောင်ထိုးပေးလေ၏။ ထိုအလင်းရောင်သည်လည်း နေရာအနှံ့ပြန့်ကျဲသွားလေသည်။

## ပုံနှိပ်တိုက်သည်ထာဝရဘုရားသခင်၏အသုံးတော်ခံ တန်ဆာပလာတစ်ခုဖြစ်ခြင်း

စာပုံနှိပ်တိုက်သည် လူ့စိတ်သဘောနှင့်အသိဉာဏ်အလင်းကို ပေးသောအင်အားကြီးတန်ဆာပလာတစ်ခုဖြစ်၏။ ၎င်းကိုနိုးကြားသော ခရစ်ယာန်ဓမ္မဝန်ဆောင်များ၏စွမ်းပကားများနှင့်ပေါင်းစပ်လိုက်သောအခါ အောင်မြင်ခြင်းဖြစ်၏။ လူ့အမျိုးအနွယ်ခပ်သိမ်းနှင့်လူ့အလွှာအသီးအသီးထံ သို့အမှန်တရားသယ်ယူပို့ဆောင်ရေးတွင် အရေးကြီးသည့် ဘုရားသခင် ကိုယ်တော်တိုင်ကပေးအပ်ထားပြီးဖြစ်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

စိတ်နှလုံးတင်းမာသောသူတို့ထံသို့ကောင်းကင်တမန်သုံးပါးသတင်း စကားရောက်ရှိနိုင်ရေးတွင် ဤလုပ်ငန်းထက်ကောင်းသောလုပ်ငန်းဟူ၍ မရှိတော့ပြီ။

တိုင်းခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးအဖွဲ့ခွဲများသည် ကြီးမားသော အောင်မြင်မှုစွမ်းအားကိုဖြစ်စေ၏။ အကယ်၍သာ ခရစ်ယာန်ဓမ္မစာပေ ဖြန့်ချိရေးအလုပ်အမှုတော်ဆောင်တို့သည် မိမိတို့၏တာဝန်ကိုသစ္စာရှိ ပီပြင်စွာထမ်းရွက်သွားပါက ဘုရားသခင်ပေးအလင်းအိမ်အရ မျက်မှောက် ခေတ်ယနေ့ကာလအတွက် အမှန်တရားသိကျွမ်းမှုသည် မြေကြီးပေါ် တွင် နှစ်ဆတိုးပွားလာမည်ဖြစ်ပါသည်။

## ကျွန်ုပ်တို့စာပေများ၏ဩဇာသက်ရောက်မှု

ကျွန်ုပ်တို့၏စာအုပ်စာပေများတို့ကို ဘာသာစကားမျိုးစုံစွာဖြင့် ပုံနှိပ်ထုတ်ဝေကာ တိုင်းပြည်အသီးအသီးသို့ဖြန့်ချိရမည်။ ကုန်ကျစရိတ် ကားအကြောင်းမဟုတ်။ အသက်ဝိညာဉ်များ၏တန်ဖိုးကိုငွေကြေးနှင့် ဆုံးဖြတ်၍ရနိုင်ပါမည်လော။

စာပုံနှိပ်တိုက်သည် အဆိုးအတွက်သော်လည်းကောင်း၊ အကောင်း အတွက်သော်လည်းကောင်းတန်းဖိုးကြီး၏။ ဤအေဂျင်စီထက်လူထု အပေါ်ဩဇာလွှမ်းမိုးနိုင်သောအရာသည် မရှိသလောက်ရှား၏။ သို့ဖြစ်၍ ထာဝရဘုရားသခင်ထံ မိမိကိုယ်ကိုဆက်ကပ်အပ်နှံထားပြီးသူတို့ ဦးဆောင်သောစာပုံနှိပ်တိုက်သည် လူထုအားအမှန်တရားကိုသိနားလည် စေ၏။

## ရပ်ဝေးမြေခြားဒေသများဝယ်

ကျွန်ုပ်သည် အခြားသောတိုင်းပြည်နိုင်ငံများတွင် စာပေ၏ ကောင်းကျိုးသယ်ပိုးမှုရှိနေကြောင်းကို ဘုရားသခင်ပေး၍အကြားအမြင် ရ၏။ ထိုဒေသမျိုးတွင် စာပေကြောင့်အစွဲအလမ်းအယူသီးမှု၊ အမြင် တိမ်းစောင်းမှုတံတိုင်းကြီးများပြိုလဲ၍နေလေပြီ။ ယနေ့အတွက်အမှန် တရားပါဝင်သောစာစောင်ငယ်များကိုဖတ်ရှုလေ့လာနေကြသောလူများ စွာကိုမြင်ရပါ၏။ ထိုမှတစ်ဆင့် သူတို့သည်သမ္မာကျမ်းစာကိုဖတ်ရှု လေ့လာခြင်းများပြု၍ အမှောင်ကိုခွင်းကာအလင်းဇုန်သို့ကူးပြောင်းတက် လှမ်းလာကြပါသည်။ အထူးသဖြင့် စတုတ္ထပညတ်ဖြစ်သောဘုရားသခင် ၏ဥပုသ်နေ့အလင်းကိုတွေ့မြင်လာခဲ့ကြ၏။ ထိုသူတို့သည် ကျမ်းစာကို စေ့စေ့လေ့လာဖတ်ရှုကြပြန်သောအခါ ကောင်းကင်တမန်များ၏ကူညီ မစမှုဖြင့် နှုတ်ထွက်စကားတော်ကိုပိုမို၍ သိနားလည်လာလေ၏။

## မျက်ရည်ကျလျက်ဆုတောင်း၍ရှာဖွေကြခြင်း

ထိုသူတို့သည်လက်တစ်ဖက်တွင် လက်ကမ်းစာစောင်ဝေစာများ၊ အခြားတစ်ဖက်တွင်သမ္မာကျမ်းစာကိုကိုင်ဆောင်လျက်၊ မိမိတို့၏ပါးပြင် ပေါ်၌လည်း မျက်ရည်များစီးရွဲလျက် ထာဝရဘုရားသခင်ထံသို့စိတ်အား ကြီးစွာ၊ စိတ်နှိမ့်ချစွာနှင့် မိမိတို့အားအမှန်တရားအလုံးစုံတို့တွင် လမ်းပြ ပို့ဆောင်ပါမည့်အကြောင်း ဆုတောင်းနေကြသည်ကို ကျွန်ုပ်မြင်ခြင်းတွင် တွေ့မြင်ရပါ၏။

ဤအမှုကိုဘုရားသခင်သည် မိမိအားမတောင်းလျှောက်မီကပင် ကြိုတင်အဖြေပေးခဲ့ပြီမဟုတ်ပါလော။ သူတို့၏စိတ်နှလုံးထဲဝယ် အမှန်

တရားရရှိကိန်းအောင်းနေသောအခါ သမ္မာကျမ်းစာကိုအမြင်သစ်နှင့် မြင်တွေ့လာ၍ ကြီးစွာသောဝမ်းမြောက်ခြင်းနှင့် ထိုကျမ်းစာကိုတယုတယ ပိုက်ထွေးထားလေ၏။ မျက်နှာများတွင်လည်း ကြည်လင်သန့်ရှင်းသော ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့်တောက်ပလျက်ရှိပါသည်။

ထိုသူတို့သည် မိမိတို့ရရှိထားသောအလင်းတရားနှင့်ပီတိဖြစ်ကာ ကျေနပ်ငြိမ်သက်၍မနေဘဲ တစ်ပါးသူတို့အတွက်စတင်၍ ခရစ်ယာန် ဓမ္မဝန်ထမ်းအမှုကိုပြုကြပါသည်။ တချို့လည်း မှောင်ရိပ်တွင်ရှိနေဆဲ ညီအစ်ကိုတော်များကိုကူညီမစရန် အမှန်တရားမျက်နှာနှင့်ကြီးစွာသော ဆက်ကပ်မှုများကိုပြုကြပါသည်။ သို့ဖြစ်၍အခြားသောဘာသာစကားအသီး အသီးဖြင့် လက်ကမ်းစာစောင်ဝေစာများကို ပုံနှိပ်ထုတ်ဝေခြင်းသည် ကြီးမားသောဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတစ်ခုပင်ဖြစ်ချေတော့၏။

## စာအုပ်စင်ပေါ်မှစာအုပ်များ

စာအုပ်စာပေဝယ်ယူသူများတချို့လည်း ဝယ်သာဝယ်၏။ မဖတ်သေး၊ ထားသည့်နေရာ၌နေဆဲဖြစ်သော်လည်း ဘုရားသခင် သည် မိမိ၏အမှန်တရားကိုစောင့်ရှောက်လျက်နေ၏။ တစ်နေ့နေ့တွင် အိမ်သားများရှာဖွေဖက်ရှုရမည့်အချိန်သည်ရောက်လတ္တံ့။ ဖျားနာခြင်း၊ သို့တည်းမဟုတ် အိမ်တွင်းအခက်အခဲတစ်ခုခုပေါ်ပေါက်လာ၍ စိတ်ပူပန် နေသူများကိုငြိမ်သက်ခြင်း၊ မျှော်လင့်ခြင်းနှင့်ချမ်းသာမှုပေးရန် ထာဝရဘုရားသခင်သည် တစ်ချိန်က သူတို့ဝယ်ယူထားရှိသောဝိညာဉ် ရေးစာအုပ်စာပေတို့ကိုဖတ်ရှုရန် နှိုးဆော်တော်မူမည်။ ထိုအခါ စာရှုသူ များသည် ထာဝရဘုရားသခင်၏အဂ္ဂပေမေတ္တာတော်ကိုသိမြင်ခံစား နားလည်လာမည်။ အပြစ်မှဖြေလွှတ်ခံရခြင်းအနှစ်သာရကိုလည်း ခံစား

သိမြင်လာပေလိမ့်မည်။ ဤနည်းဖြင့် ထာဝရဘုရားသခင်သည် မိမိ ကိုယ်ကိုငြင်းပယ်၍ ဆက်ကပ်သူအမှုတော်ဆောင်များနှင့်အတူ ပူးပေါင်း ကာ အမှုတော်ဆောင်လျက်ရှိပါသည်။

### သခင်ခရစ်တော်ထံတော်ပါးသို့ရောက်ရှိလာသောဝိညာဉ်များ

ကျွန်ုပ်တို့၏ခရစ်ယာန်ဓမ္မစာပေများသည် ယခုတွင်ဧဝံဂေလိ တရားမျိုးစေ့ကို ကြဲလျက် တရားဟောသောစကားလုံးအဖြစ် များစွာသော အသက်ဝိညာဉ်ကို သခင်ခရစ်တော်ထံတော်ပါးသို့ခေါ်ဆောင်လာ ပါသည်။ သို့ဖြစ်၍ အသင်းတော်ထုတ်ခရစ်ယာန်ဓမ္မစာပေများဖြင့် အသင်း သူအသင်းသားတိုင်းခရစ်ယာန်သာသနာပြုပါက အသင်းတော်တစ်ခု လုံးသည် နိုးကြားတိုးပွားလာမည်ဖြစ်ကြောင်းမှတ်သားရပေမည်။

### အပိုင်းအစများပင်လျှင်တန်ဖိုးကြီးလှပါ၏

ယနေ့အတွက်အမှန်တရားပါဝင်သောစာကြောင်းတိုင်းကို မွန်မြတ်သောရတနာတစ်ပါးအဖြစ် ကျွန်ုပ်တို့မှတ်ယူအပ်ပါသည်။ လက်ကမ်းစာစောင်ဝေစာသည်ပင်လျှင် တန်ဖိုးရှိပါ၏။ တတိယ ကောင်းကင်တမန်သတင်းစကား၊ သတင်းကောင်းများကိုရှာဖွေလေ့လာ နေသူတစ်ယောက်အဖို့ စုတ်ပြတ်ဟောင်းမြင်းနေသောစာမျက်နှာတစ်ခုသည် မည်မျှသြဇာသက်ရောက်နိုင်ကြောင်း မည်သူသည်ခန့်မှန်းနိုင်ပါသနည်း။ သို့ဖြစ်လျှင် ကျွန်ုပ်တို့ဖြန့်ချိလိုက်သောစာအုပ်စာပေများကို အိမ်ထောင်စု သားတစ်ဦးတစ်ယောက်က ဝမ်းမြောက်ဝမ်းသာစွာဖတ်ရှုလေ့လာမည်ကို သတိရကြပါစို့။ စာမျက်နှာတိုင်းသည် ကောင်းကင်ဘုံအလင်းဖြစ်ပါ၏။

ထိုအလင်းရောင်အားဖြင့် လမ်းကြီးလမ်းငယ်အသွယ်သွယ်သည် အမှန်တရားနှင့်လွှမ်းမိုးနေတော့သည်။

လူယောကျာ်းကြီးငါးထောင်အား မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ဖြင့် ဝမ်းပြည့်စေသောသခင်ယေရှု၏အံ့ဖွယ်အမှုတွင် သခင်ခရစ်တော်ထံမှ မုန့်ကိုလက်ခံရယူသူတိုင်း မုန့်သည်ပွားရှုလာ၏။ ထိုနည်းတူ ကျွန်ုပ်တို့၏စာအုပ်စာပေတို့သည်ဖြစ်၏။ ထာဝရဘုရားသခင်၏သမ္မာတရားကိုလက်ဆင့်ကမ်းဝေငှခြင်းသည် ကြီးစွာသောတိုးပွားခြင်းကိုဖြစ်စေ၏။ သခင်ခရစ်တော်သည် မိမိတပည့်တော်တို့အားအစာ၏အပိုင်းအစများကို စုသိမ်းရန် ညွှန်ကြားလိုက်ခြင်းဖြင့် အလေအလွင့်လုံးဝမရှိစေသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ယနေ့အတွက်အမှန်တရားပါဝင်သောနှုတ်ထွက်စကားတော်အစာဖြစ်သည့် စာစောင်ငယ်များ၊ လက်ကမ်းစာစောင်များမှ အပိုင်းအစတိုင်းကိုတန်ဖိုးထားသင့်လေ၏။

## တစ်နေ့ချင်းတွင်လူတစ်ထောင်

အကယ်၍ကျွန်ုပ်တို့သည် ဘုရားသခင်ကိုစိတ်နှလုံးနှိမ့်ချစွာဖြင့် ယုံကြည်အားကိုးလျက် သခင်ခြေတော်ရင်းတွင်အမြဲခစားနေပါက ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ကြီးစွာသောအမှုကိုမကြာမီပြုတော်မူလိမ့်မည်။--- တစ်နေ့ချင်းတွင်ဝိညာဉ်အလုံးပေါင်းတစ်ထောင်မက ခရစ်တော်၌ပြောင်းလဲလာပေလိမ့်မည်။ ထိုပြောင်းလဲမှုကိုဖြစ်စေသောအရာများထဲတွင်အများစုမှာ ကျွန်ုပ်တို့၏စာအုပ်စာပေတို့ကိုဖတ်ရှုခြင်းကြောင့်ဖြစ်သည်မဟုတ်ပါလော။

## နောက်ဆုံးသတိပေးချက်ကိုပေးပြီးသောအခါ

ကမ္ဘာတစ်ဝန်းထောင်နှင့်ချီသောကြွေးကြော်သံတို့သည် လောကသားတို့အားသတိပေးနေ၏။ အံ့ဖွယ်အမှုများပြသခြင်း၊ မကျန်းမာသူကျန်းမာလာခြင်း၊ အံ့ဖွယ်အမှုများယုံကြည်သူများတွင်ဖြစ်ပေါ်လာမည်။ စာတန်သည်လည်း လောကသားတို့၏ရှေ့မှောက်မှာပင်ကောင်းကင်မှမီးကိုကျဆင်းစေလိမ့်မည်။ ဤသို့ဖြင့်မြေကြီးသားအပေါင်းတို့သည် မည်သူဘက်၌ရပ်တည်နေမည်ကိုဆုံးဖြတ်ရပေလိမ့်မည်။

ထာဝရဘုရားသခင်၏ဝိညာဉ်တော်အလုပ်လုပ်သောအခါ ထိုသတင်းစကားကိုသယ်ဆောင်ရာ၌ များစွာအငြင်းပွားဖွယ်မရှိတော့ပါ။ မျိုးစေ့များကြဲခဲ့ပြီဖြစ်၍ ယခုတွင်အပင်ပေါက်ကာ အသီးဆောင်ဖို့သာကျန်တော့၏။ ခရစ်ယာန်သာသနာပြုဆရာ၊ဆရာမလုပ်ဖော်ဆောင်ဖက်များ၏ဖြန့်ချိလိုက်သောစာအုပ်စာပေကြီးငယ်များ၏ဩဇာသက်ရောက်မှုဖြင့် အမှန်တရားဘက်တွင်ရပ်တည်နေမည်လော၊ (သို့မဟုတ်) မတည်မည်လောဟူသည်ကို လူသားတို့ဆုံးဖြန်ရတော့မည်။ တရားတော်အလင်းသည် နေရာတကာပျံ့နှံ့နေသဖြင့် ကြည်လင်စွာမြင်တွေ့ရလေပြီ။ များစွာသောသန့်ရှင်းသူတို့သည် ဘုရားသခင်ဘက်၌သစ္စာရှိစွာရပ်တည်နေကြမည်ဖြစ်၏။

## သတင်းစကားကြွေးကြော်ရန်အတွက်ဘုရားသခင်အစီအမံ

ထာဝရဘုရားသခင်သည် ရွေးချယ်ခန့်အပ်ထားပြီးသူများအဖြစ်ကျွန်ုပ်တို့ကိုကြီးစွာသောအလင်းပေး၏။ ထိုအလင်းကိုရယူကာ အမှောင်ထုတွင်ထွန်းလင်းရပေမည်။ ကျွန်ုပ်တို့အားဖြင့် မှောင်မိုက်ကမ္ဘာသည်

အလင်းကိုတွေ့စေမည်။ တန်ခိုးတော်နှင့်အမှန်တရားကိုရရှိစေမည်။ ထိုစွမ်းအားတို့ကိုလည်းလက်ဆင့်ကမ်းတိုးပွားစေရမည်။ ထိုတာဝန်ကို မထီမဲ့မြင်မပြုရ။ အကယ်၍သာနေမင်းကြီးသည် မိမိအလင်းကိုထွန်းလင်းရန် ငြင်းဆန်သည်ဖြစ်အံ့၊ ကမ္ဘာမြေကြီးသည် မည်မျှမှောင်မိုက်၍ ရှုပ်ထွေးလိုက်မည်နည်း။ ရလဒ်ကိုမတွေးဝံ့တော့ပါ။ ထိုနည်းတူ ကျွန်ုပ်တို့၏အလင်းကိုအမှောင်ထုတွင်ထွန်းလင်းရန်ငြင်းဆန်ကဖြစ်၏။ အပြစ်နှင့်မကင်းပါချေ။––– "ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုဆိုပါစေ။ ရေငတ်သောသူသည်လာပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ။"

ဤစကားလုံးများသည် ဧဝံဂေလိသတင်းတရားပျံ့နှံ့စေရေးအတွက် ထာဝရဘုရားသခင်၏အစီအစဉ်ဖြစ်၏။ လူသည်ထာဝရဘုရားသခင်၏အသုံးတော်ခံတန်ဆာပလာအဖြစ် ဘုရားသခင်နှင့်ပူးပေါင်းကာဆုံးရှုံးနေသောအသက်ဝိညာဉ်များကိုကြိုးစားကယ်တင်ရန်ဖြစ်၏။ ထိုအသက်ဝိညာဉ်များကိုအပြစ်လှောင်အိမ်ထဲမှ ကယ်နုတ်ရပေမည်။ ထာဝရဘုရားသခင်၏နာမတော်ကိုခိုလှုံသူတိုင်းအား ဤအမိန့်တော်ကိုနာခံရန် ကိုယ်တော်သည် ဖိတ်ခေါ်လျက်နေ၏။ ဘုရားသခင်၏သားစစ်သမီးမှန်အပေါင်းတို့သည် ဤအမှုတော်မြတ်တွင်ပါဝင်အသုံးတော်ခံရန် ဖိတ်ခေါ်ခြင်းခံရသူများဖြစ်ကြပါသည်တကား။

## အမှန်တရား၏ပြောင်းလဲစေသောတန်ခိုး

အသက်တာကိုပြောင်းလဲစေနိုင်သော ဩဇာတန်ခိုးသက်ရောက်မှုသည် ထာဝရဘုရားသခင်၏သနားကြင်နာမှုအားဖြင့်သာဖြစ်၏။ လူ့

စိတ်နှလုံးတွင် ထိုအမှန်တရား၏တန်ခိုးသည် ပေါ်ထွက်လာ၏။ တစ်ကြိမ်တစ်ခါမျှမကြားဖူးခဲ့သောသတင်းကောင်းကိုကြားရသောအခါ စိတ်နှလုံးသည် ယိုဖိတ်မတတ်ခံစားရ၏။ ထိုအခါလူ၏အကျင့်ပါရောဝြ်ပြောင်းလဲလာပြီး ဘဝသစ်သို့ကူးပြောင်းလာလေသည်။ တစ်ကိုယ်ကောင်းစိတ်ရှိသူ၌ကား အမှန်တရားနှင့်သွေးဖည့်လာသဖြင့် ထိုနှလုံးထဲတွင် တန်ခိုးအနည်းငယ်သာခံစားရ၏။ ထိုသို့သောသူများသည် ဘုရားသခင်နှုတ်ထွက်စကားတော်ကို ယုံကြည်ပါ၏ဟုနှုတ်နှင့်ပြော၏။ အသက်တာ၏သန့်ရှင်းမှုနှင့်အသွင်ရုပ်ကိုကား အထောက်အထားအဖြစ် စင်းစင်းမျှမပြကြပါတကား။

တစ်ချိန်က တစ်ကြိမ်မျှမကြားခဲ့ဖူးသောအမှန်တရားကို လူသည် ယခုကြားရသောအခါ အပြစ်၏မိုက်မဲမှုကိုမြင်လျက် ထိုအပြစ်မှနောင်တရကာ ဘဝသစ်ကိုတက်လှမ်းလိုစိတ်ရှိလာသည်။ ဤသည်ကို ထာဝရဘုရားသခင်က လိုသမျှသောခွန်အားကိုပေး၍ဘဝသစ်တွင် ထိုသူအားကျင်လည်စေ၏။ ထိုသူသည်အပြစ်ကိုလည်းရွံ့ရှာလာလေသည်။

သခင်ခရစ်တော်တစ်ဦးတည်းသာလျှင် အပြစ်တရားကိုဆန့်ကျင်အောင်မြင်နိုင်သူဖြစ်၏။ အမှောင်ထုတွင်ရှိနေသူများကို သခင်၏အသက်တာအလင်းတွေ့မြင်စေပါ။ သို့ပြုလျှင် ဧဝံဂေလိတရားတော်၏တန်ခိုးတော်ဖြင့် တစ်နေ့ချင်းတွင်ထောင်နှင့်ချီ၍ ခရစ်တော်၌ဘဝပြောင်းလဲလာကြပေလိမ့်မည်။

အပြစ်သားတစ်ယောက်သည် အရေးကြီးလှသောအချက်ကိုသိမြင်ခံစားလာရသောအခါ ခရစ်တော်တစ်ပါးတည်းအားဖြင့်သာလျှင် ထာဝရအသက်ကိုရရှိနိုင်ကြောင်းသိမြင်၏။ ထိုမှလွန်ပြန်သော် ထာဝရဘုရားသခင်

၏နှုတ်ထွက်စကားတော်ကိုနားထောင်ခြင်းသည် နိုင်ငံတော်သို့ဝင်ရန် အခြေခံတရားဖြစ်ကြောင်းမှတ်သား၏။ သခင်ခရစ်တော်ကို အပြစ်ဖြေပေးသူအဖြစ်မြင်တွေ့လာသောအခါ စိတ်နှလုံးနှိမ့်ချကြေကွဲစွာဖြင့် မိမိအပြစ်ပြေအံ့သောငှာ အပြစ်ဖြေလွှတ်ခြင်းအခွင့်ကို ကိုယ်တော်၌ရှာဖွေတောင်းခံတော့၏။ ထိုအခါထာဝရဘုရားသခင်၏ဘုန်းတော်ကြီးမြတ်ခြင်းကို သိမြင်ခံစားရလေသည်။ ဤနည်းဖြင့် ကိုယ်ကိုးဟူသမျှကိုကိုယ်တော်သခင်ထံအပ်နှံလျက် ထာဝရအသက်၏ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ စင်ကြယ်ခြင်းမင်္ဂလာအနှစ်သာရကိုခံစားရလေတော့သည်။

တစ်ချိန်ကမကောင်းမှုဂိုဏ်းခေါင်းဆောင်နီးပါး၊ ပြင်ပန်းသဏ္ဌာန်တွင် အပြစ်သားကြီးဘဝကိုကျင်လည်ခဲ့သူများသည် အသက်တာပြောင်းလဲ၍ သခင်ခရစ်တော်နှင့်ဆက်ဆံသဖြင့် ဘဝသစ်ကိုရရှိသောအခါ ထိုသူတို့သည် မိမိတို့၏နေရာဟောင်းအတွက် အလွန်အရေးပါ၍ အောင်မြင်သောအမှုတော်ဆောင်များဖြစ်နိုင်ကြလေသည်။

## ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များအတွက်ရေးသားခြင်း

ဤသို့ရေးသားရခြင်းမှာအကြောင်းရှိ၏။ ခရစ်ယာန်ဓမ္မစာပေဖြန့်ချိရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသောခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်များသည် လူများစွာနှင့်တွေ့ရန်တစ်အိမ်တက်ဆင်းအလုပ်လုပ်ကြလေ၏။ တချို့မှာ အမြင်အားဖြင့်ကြမ်းတမ်း၍ မိမိအားမကြည်ဖြူဖွယ်ပုံအသွင်ရှိသော်လည်း ထိုသူတို့သည် အမှန်တရားသို့တိမ်းယိမ်းလာသောအခါ ယုံကြည်ချက်တွင်စွဲမြဲ၍ သစ္စာအရှိဆုံးပုဂ္ဂိုလ်များဖြစ်တတ်ကြလေသည်။ အမှန် တရားကိုမြတ်နိုးတန်ဖိုးထားသူတို့သည် အသင်းတော်တိုင်းတွင်ရှိ၏။ ထာဝရဘုရားသခင်၏အစေကိုခံသောသူအများတို့တွင်

အပြင်ပန်းသဏ္ဌာန်အားဖြင့် ပြောင်လက်ဝင်းပခြင်းမရှိသော်လည်း ထိုသူတို့သည် သစ္စာ၊ ကျက်သရေ၊ ရဲရင့်ခြင်းနှင့်ပြည့်စုံကြပါမူ တန်ဖိုးကြီးပုဂ္ဂိုလ်များဟု ဘုရားသခင်မှတ်တော်မူ၏။

## အချိန်ကုန်ဆုံးလုပြီဖြစ်သဖြင့် ထာဝရဘုရားသခင်၏ အမှုတော်မြတ်သည်ကြီးပွားလာခြင်း

ကမ္ဘာမြေကြီး၏နောက်ဆုံးပိုင်းကာလသို့ ချဉ်းကပ်လာပြီဖြစ်၍ ထာဝရဘုရားသခင်၏အမှုတော်မြတ်သည် အင်အားအပြည့်အဝနှင့်ကြီးပွားလာရမည်။ ဖြူစင်သန့်ရှင်းခြင်းလည်းထင်ပေါ်လာရမည်။ သခင့်အစေကိုခံရာ၌ သခင့်ကိုချစ်သောစိတ်၊ လူသားအချင်းချင်းကိုချစ်သောစိတ်ရှိစေရမည်။ ကျက်သရေရှိ၍ စည်းကမ်းမြတ်နိုးသူဖြစ်ရမည်။ အချိန်တန်လျှင် ထာဝရဘုရားသခင်သည် သနားကြင်နာမှုတရားနှင့်မေတ္တာတရားတွင်မွေ့လျော်သောဘုရားသခင်အဖြစ် မိမိကိုယ်ကိုဘုန်းထင်ရှားပေါ်လွင်စေပါလိမ့်မည်။ ကောင်းကင်ဘုံမှကောင်းကင်တမန်တို့သည်လည်း မြေကြီးပေါ်သို့ကြွဆင်းလာ၍ အသင်းသူအသင်းသားတိုင်းတို့၏လိုရာများစွာကို မစထောက်ပင့်ပါလိမ့်မည်။ သို့ဖြစ်၍ အမြဲထာဝစဉ်သတိရနေရမည်မှာ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်နှင့်အတူတကွအမှုတော်ထမ်းဆောင်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် အမှုတော်မြတ်တွင် ကျွန်ုပ်တို့သည်ပျော်ရွှင်ဝမ်းမြောက်ကြကုန်အံ့။ အသက်ဝိညာဉ်တိုင်းတွင် သန့်ရှင်းသောမီးလျှံသည်တောက်လောင်လျက်ရှိ၏။ ဤကဲ့သို့သောအစုအဝေးတစ်ခုပြီးတစ်ခုသည် အမှောင်ထုကိုခွင်း၍အလင်းဇုန်သို့

ကူးပြောင်းသက်ရှင်ကာ ထာဝရဘုရားသခင်၏အမှုတော်မြတ်၌ အကူတပ်များအဖြစ် စုရုံးလာကြမည်ဖြစ်ပါသည်။

အမှုတော်ဆောင်များသည်အတွေ့အကြုံရင့်ကျက်မှုရှိသင့်ခြင်း

ထာဝရဘုရားသခင်၏အမှုတော်ဆောင်များသည် လေးနက်ရင့်ကျက်သောအတွေ့အကြုံမျိုးရှိသင့်ပါသည်။ ထာဝရဘုရားသခင်ထံတော်သို့ရှိသမျှအားလုံးကိုအပ်နှံလိုက်ပါက ထာဝရဘုရားသခင်သည် ထိုသူတို့ကိုကြီးစွာသောတန်ခိုးတော်နှင့်ကူမတော်မူမည်။ ထိုသူတို့သည် သမ္မာတရားအောင်လံကိုတလူလူလွင့်ကာ ဝမ်းမြောက်ကြပေ၏။ ဝိညာဉ်ရေးတိုက်ပွဲတွင်ဒဏ်ချက်ရာများပြည့်နေသော်လည်း ဘုရားသခင်သည် ရှေ့ဆောင်ကာ တစ်ချီပြီးတစ်ချီအောင်ပွဲခံစေတော်မူမည်။

ထာဝရဘုရားသခင်၏အစေခံကျွန်ုပ်တို့သည် ဆက်ကပ်သောခွဲလုံ့လနှင့်ရှေ့ဆက်ကာ အမှုတော်မြတ်ကိုထမ်းရွက်ပါက ကမ္ဘာမြေကြီး၏အခြေအနေတို့သည်ပြောင်းလဲသွားကြပေလိမ့်မည်။ မြေကြီးဘုရင်မြတ်ကြီးကိုလည်းဝမ်းမြောက်စွာခံယူကြရပေလိမ့်မည်။ ထိုအဖြစ်မှလွန်သော်၊ "ပညာရှိသောသူတို့သည် ကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ကိုဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်။" သင်သည်လည်း ထိုသူတို့အဝင်ဖြစ်ပါစေသော်။ အာမင်။

---ooo---

ကယ်တင်ရွေးနုတ်ခံသူတို့၊ ထာဝရဘုရားသခင်၏မျက်မှောက်တော်တွင်ရပ်နေသောအခါ တန်ဖိုးမဆုံးဖြတ်နိုင်သောအသက်ဝိညာဉ်များလည်းပါဝင်ကြ၏။ သစ္စာရှိစိတ်ရှည်သောသခင့်အစေခံများ၏ မေတ္တာစေတနာလုပ်ရပ်များကြောင့် ထိုသူတို့သည် ဘုရားသခင်၏မေတ္တာတော်ရဲတိုက်ကြီးထဲသို့ပြေးဝင်၍ ခိုလှုံနားနေခွင့်ကိုရရှိကြပါသည်။ ဤနည်းဖြင့်ကမ္ဘာမြေကြီးသားအပေါင်းတို့သည် ထာဝရဘုရားသခင်နှင့် အတူတူအလုပ်လုပ်၍ ကိုယ်တော်ထံမှဆုလာဘ်ကိုမျှော်လင့်နိုင်ကြပါ၏။

ကောင်းကင်ဘုံနန်းတော်ညီလာခံကြီးတွင် ကယ်တင်ခြင်းခံစားရသူတို့တစ်ဦးနှင့်တစ်ဦးဆုံတွေ့ကြသောအခါ ကျေးဇူးတင်မဆုံးဖြစ်၏။ ခရစ်ယာန်ဓမ္မစာပေအမှုတော်ဆောင်တို့၏စေတနာရှေ့ထား၍ ကိုယ်ကျိုးစွန့်အနစ်နာခံမှုကြောင့် ထိုသူတို့ကယ်တင်ခြင်းဆုကျေးဇူးကိုမြည်းစမ်းခံစားခွင့်ရရှိခြင်းပင်ဖြစ်သည်မဟုတ်လော။ ထိုသူအပေါင်းတို့သည် ထာဝရဘုရားသခင်နှင့်ကယ်တင်ရွေးနုတ်ရှင်သိုးသငယ်ကိုဂုဏ်ပြုချီးမွမ်းကာ ဘုန်းတော်ထင်ရှားခြင်းရှိစေသတည်းဟု ကောင်းချီးသြဘာပေးကြကုန်၏။ ဤသို့ဆိုရာ၌ ပျက်စီးလုသူအသက်ဝိညာဉ်များကို ဘုရားသခင်နှင့်ပူးပေါင်းကာ ကယ်တင်ခြင်းလုပ်ငန်းတွင်ဖိတ်ခေါ်ခံရ၍ ပါဝင်လုပ်ကိုင်သောခရစ်ယာန်ဓမ္မဝန်ဆောင်များထံမှဂုဏ်အသရေကိုနုတ်ယူဆုတ်ယုတ်စေခြင်းမဟုတ်ပါ။

ရွေးနုတ်ခံသူတို့တစ်ချိန်က မိမိတို့ကိုကယ်တင်ရှင်အားကြည့်မျှော်ရန်လမ်းညွှန်ပေးခဲ့သူတို့နှင့်ဆုံတွေ့သောအခါ မှတ်မိကြ၏။ မင်္ဂလာရှိသောစကားသံများကိုလည်း ပီတိဖြာဖွယ်ကြားနာရလေသည်။ "တစ်ချိန်က ကျွန်ုပ်ဟာအပြစ်သားတစ်ယောက်ပါ။ ဘုရားသခင်ကိုမသိဘဲမျှော်လင့်ချက်ကုန်ဆုံးနေချိန်မှာ သင်ရောက်ရှိလာပြီး တန်ဖိုးမဖြတ်နိုင်တဲ့ကယ်တင်ရှင်ကြီးကိုမျှော်လင့်ရာ အရှင်သခင်အဖြစ်မှတ်ယူအာရုံပြုဖို့ဆွဲဆောင်ခဲ့တယ်လေ။" ..............

ဤသို့ကောင်းကင်ဘုံတွင်ကယ်တင်ရွေးနုတ်ခံရသူတို့ တစ်ဦးနှင့်တစ်ဦးတွေ့ဆုံနှုတ်ဆက်ကြခြင်းအမှုသည် ကြီးစွာသောဝမ်းမြောက်ခြင်းဖြစ်ပါသည်တကား။